www.burmeseclassic.com

# သိပ္ပံမောင်ဝ

၏

# ဝတ္ထုဆောင်းပါးများ



ကာဇယ်ပုံနှိပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ

၏

# ဝတ္ထုဆောင်းပါးများ

www.burmeseclassic.com

www.burmeseclassic.com

# ဓားပြမှု

တနေ့၌ အထက်အညာ မြို့တမြို့ရှိ နယ်ပိုင် ဝန်ထောက်မင်း ရုံးအနားသို့ မျက်စိလည် လမ်းမှား၍ ရောက်သွားလေသည်။ ဗဟုသုတကို စာဖတ်မှ ရသည်မဟုတ်။ ရုံးတွင် အမှုအခင်း အကြောင်းများကို နားထောင်လျှင်လည်း ရနိုင်၏ဟု စဉ်းစားမိသည်နှင့် ရုံးဝင်းအတွင်းသို့ ဝင်ကာ၊ ရုံးဝရန်တာမှ ရပ်၍ အမှုတမှု အကြောင်းကို နားထောင်၏။

အချိန်ကား ညနေ ငါးနာရီ၊ ခြောက်နာရီခန့်ရှိပြီ။ ရုံးခန်းအတွင်းတွင် ခပ်မှောင်မှောင်နေလေသည်။ မြို့ပိုင်ရုံး အစရှိသော အခြားရုံးခန်းများကို ပိတ်ထားပြီးလေပြီ။ နယ်ပိုင်ရုံးတွင်လည်း လူများစွာ မရှိပေ။ ရုံးအပြင်ဖက် ဝရန်တာတွင် ရပ်သူရပ်၊ ထိုင်သူထိုင်၊ ဖက်ဖြူလိပ်များကို ဖွာသူဖွာနှင့် ငြိမ်သက်စွာ အမှုအကြောင်းကို နားထောင်နေကြသော လူ ဆယ်ယောက်၊ ၁၅-ယောက်ခန့်သာ ရှိလေသည်။

နယ်ပိုင် ဝန်ထောက်မင်းကား တရားခွင်ပေါ်တွင် ထိုင်နေလေသည်။ သူ၏ အသက်ကား ၃၅-နှစ်ခန့် ရှိပေလိမ့်မည်။ သူ၏ ပုံပန်းကား ခပ်ပုပု ခပ်မဲမဲ ဖြစ်၏။ ဆံပင်ရှည်ရှည် ထားသူတည်း။ ရှေးဆန်လှ၏။ မြန်မာဆန်လှ၏။ ခပ်မှောင်မှောင် ဖြစ်နေသော ရုံးခန်းအတွင်းရှိ တရားခွင်ပေါ်တွင် ထိုင်ကာ မိမိအင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စီရင်ချက်ကို ဘာသာပြန်ကာ ရှင်းလင်းလျက် နေလေသည်။ ထိုအမှုကား ဓားပြမှုတည်း။

တရားသူကြီး၏ တရားခွင်ရှေ့၌ ခင်းထားသော ကုလားထိုင်များပေါ်တွင် ထိုင်နေသူတို့ကား မြန်မာ အမိန့်တော်ရ နှစ်ယောက်နှင့် ရုံး အမှုလိုက်တို့ ဖြစ်ကြလေသည်။ ထိုအမိန့်တော်ရ နှစ်ယောက် အနက် တယောက်မှာ အသားဖြူဖြူ ခပ်ပုပုဖြစ်၏။ တယောက်ကား ခပ်မြင့်မြင့် ခပ်ပိန်ပိန် အသားကား လတ်လေသည်။ ရုံးအမှုလိုက် ရာဇဝတ်အုပ်မှာ ခေါင်းပေါင်း အနီကို ပေါင်းထား၏။ ကာကီရောင် ကုတ်အင်္ကျီနှင့် လုံချည်နီတို့ကို ဝတ်ထားလေသည်။ သူ၏ အသားမှာ ခပ်မဲမဲ၊ သူ၏ အရပ်မှာ ခပ်ပုပုတည်း။





ထိုင်စရာ ကုလားထိုင် မရှိသောကြောင့် တရားသူကြီး၏ ယာဖက် ကြမ်းပြင်ပေါ်တွင် ရပ်နေကြသော အမိန့်တော်ရကား နှစ်ယောက် ဖြစ်၏။ နှစ်ယောက်စလုံး အထက်သားများဖြစ်ကြလေသည်။ သူတို့၏ ရုပ်များက သက်သေခံကြ၏။

တရားခွင်၏ ဝဲဖက်ကြမ်းပြင် ပေါ်တွင် ရပ်နေကြသူတို့ကား ပုလိပ်သား နှစ်ယောက်ဖြစ်လေသည်။ တယောက်မှာ ပန်ချာဘီ၊ တယောက်ကား မြန်မာဖြစ်၏။ ပန်ချာဘီ ပုလိပ်ကြီးမှာ ခန့်ခန့် ညားညား မုတ်ဆိတ်ဖားဖားနှင့် မားမားကြီး ရပ်လျက် နေလေသည်။

တရားခွင်နှင့် ဆယ်ပေခန့် အကွာ တရားခံတို့ကို ထားရာ နေရာတွင်ကား ဓားပြမှုနှင့် တရားစွဲခံနေကြရသော တရားခံ ငါးယောက် ရပ်လျက် နေကြကုန်၏။ တရားသူကြီး ရှင်းလင်းလျက်နေသော စီရင်ချက်ကို နားစွင့်ကာ နားထောင် နေကြလေသည်။ ထိုတရားခံ ငါးယောက်အနက် မဲမဲလည်းပါ၊ ဖြူဖြူလည်းရှိ၊ အသားညိုသူကား တယောက် နှစ်ယောက်။ ကြောက်စရာလည်း ကောင်း၊ သနားစရာလည်းဖြစ်၏။ အချို့မှာ ဣန္ဒြေရှိရှိနှင့် ရပ်နေကြ၏။ အချို့ကား မျက်နှာသေကာ ငိုနေကြရှာလေသည်။ တယောက်သောသူမှာ မျက်နှာပြောင်တိုက်ကာ တရားသူကြီးကို အကြောင်သား ကြည့်နေ၏။

ခေါင်းတွင် မျက်နှာသုတ်ပုဝါ ပေါင်းထားသူလည်း ရှိ၏။ လုံချည်ကို ပေါင်းထားသူက တယောက်နှစ်ယောက်။ ပုဝါကို ပေါင်းနိုင်သူမှာ တယောက်မျှသာ ရှိလေသည်။ သူတို့ဝတ်ထားသော အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



တို့မှာလည်း စုတ်စုတ်လည်းရှိ၊ ညစ်ညစ်လည်းပါ။ ဖွာတာကို မမြင်ရပေ။ သူတို့၏လုံချည်တွေမှာလည်း စုတ်စုတ်ပြတ်ပြတ် ညစ်ပတ်သည့်ချည်းဖြစ်၏။

တရားခံ ငါးယောက် စီတန်း၍ ရပ်နေရာ တဖက်တွင် ကုလားပုလိပ်တယောက်မှာ မတုန်မလှုပ် ဣန္ဒြေရစွာနှင့် ရပ်နေလေသည်။ အခြား တဖက်တွင်ကား အသက်အားဖြင့် ၁၇- နှစ်ခန့်သာ ရှိသေးသော မြန်မာ ပုလိပ်ကလေးမှာ တရားသူကြီး ရှင်းလင်း ဖတ်ပြ၍ နေသော စီရင်ချက်ကို နားစွင့်ကာ နားထောင်နေ၏။ သူ၏ စိတ်ထဲတွင် မည်သို့ရှိသည်ကို မည်သူမျှ ပြောနိုင်မည် မဟုတ်ပေ။

တရားခံ ငါးယောက် ရပ်နေရာ၏ ယာဖက် ကြမ်းပြင်ပေါ်တွင် ပုဆစ်တုပ်ကာ ထိုင်နေကြသော မိန်းမ နှစ်ယောက်တို့ကား တရားခံ နှစ်ယောက်မြစ်ကြလေသည်။ အသက် ၁၇- နှစ်၊ ၁၉- နှစ်ခန့်သာ ရှိကြပေလိမ့်ဦးမည်။ အသီးသီး စောင်စိမ်းများကို ခြုံထားကြ၏။ အသွားညီညီများပေတည်း။ ခေါင်းများကိုလည်း မဖြီးနိုင်ကြ။ ဆံပင်ကို နောက်စီအွင် ကုလားမများ ထုံးသကဲ့သို့ ထုံးကြလေသည်။ တရားသူကြီးအား လက်အုပ်ချီကာ စီရင်ချက်ကို နားထောင်နေကြ၏။

ဤတရားခံမ နှစ်ယောက်အနက် အကြီးကား တရားခံ တယောက်၏ မရီး ဖြစ်၏။ အငယ်မှာကား တရားခံ ယောကျ်ားငယ်ငယ် နှစ်ယောက်အနက် တယောက်သော သူ၏ မယား ဖြစ်လေသည်။ ထိုမိန်းမ နှစ်ယောက်တို့၏ လက်တွင် တိုက်ရာပါ ပစ္စည်းများကို တွေ့သောကြောင့် တိုက်ရာပါ ပစ္စည်းကို လက်ခံမှုနှင့် တရားအစွဲကို ခံရသူများ ဖြစ်ကြလေသည်။ ထို နှစ်မှုစလုံးတို့ကို ရောစပ်၍ စီရင်ခြင်း ဖြစ်၏။

ထိုခပ်ငယ်ငယ် တရားခံမ၏ ပေါင်ပေါ်တွင်ကား အသက် တနှစ်ကျော်ကျော်ခန့် ရှိသေးသော သားယောကျ်ားကလေး ထိုင်လျက်





နေ၏။ သူတွင်အင်္ကျီမရှိ။ ခေါင်းကို ပြောင်အောင် ရိတ်ထားလေသည်။ ထိုကလေးမှာ တရားသူကြီး၏ မျက်နှာကို ကြည့်ကာ ဖြီးလိုက်၊ လက်ညှိုးထိုးကာနေလိုက်။ ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်လိုက်။ အပြင်ဖက်တွင် အမှုကို လာရောက် နားထောင်နေကြသော သူတို့ဖက်သို့ လှည့်ကာ ရယ်လိုက်နှင့် အပျော်ကြီး ပျော်လျက် နေလေသတည်း။ မိခင် ဖခင်တို့၏ ဆင်းရဲနေသည့် အရေး၊ ဆင်းရဲရမည့် အရေးတို့ကိုကား လားလားမျှ မသိရှာပေ။

တရားသူကြီးလည်း အမှုကို ရှင်းလင်း၍ လာ၏။ အမှုမှာ ထင်ရှားသည်ထက် ထင်ရှား၍ လာလေသည်။ တရားခံများ၏ စိတ်ထဲတွင် “ငါတို့တော့ ထောင်ကျတော့မှာဘဲ” ဟု အသီးသီး တွေးတောလျက် နေကြဟန် တူလေသည်။ အလင်းရောင်လည်း မှိန်သည်ထက် မှိန်၍ လာလေပြီ။ လာရောက် နားထောင်နေသူတို့မှာလည်း အပြင်ဖက်တွင် စကား တခွန်းကိုမျှ မပြောဘဲ သက်မကြီးများကို ချကာ နားထောင်လျက် နေကြကုန်၏။ တရုံးလုံးတွင် မည်သည့် အသံကိုမျှ မကြားရချေ။ တရားသူကြီး ရှင်းလင်းနေသော အသံကိုသာလျှင် ကြားရလေသည်။

ဤအခိုက်တွင် တရားခံမကလေးမှာ မိမိ၏ ပေါင်ပေါ်တွင် ပျော်ပါးစွာ ထိုင်နေသော သားကလေးကို ကြည့်လိုက်။ မိမိ၏ ခင်ပွန်း တရားခံဖက်သို့ ကြည့်လိုက်။ တရားသူကြီးဖက်သို့ ကြည့်လိုက်နှင့် နေရှာ၏။ မျက်စိမှ မျက်ရည်တို့လည်း တတွေတွေ စီးဆင်းလျက် နေကြလေသည်။ အကယ်၍ မိမိတို့ လင်မယား ထောင်ကျသွားပါက ဤသားကလေးကို မည်သို့ လုပ်ရပါမည်နည်း။ ထောင်အတွင်း၌ မိမိ မည်သို့ နေရပါမည်နည်း။ ထောင်ဆိုသည်ကို မြင်မျှ မမြင်ဘူးပေ။ ကြောက်ဘွယ်ကောင်းလှပေ၏ တကား။ မိမိတို့ လင်မယားမှာ မိမိတို့၏ အပြစ်အလျောက် ထောင်ကျလျှင် တော်ပေသေး၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com

သားကလေးမှာကား ဘာမျှမသိ။ စင်စစ် အပြစ် ကင်းပါလျက် ထောင်အတွင်းသို့ မိမိတို့နှင့် လိုက်ပါရချေတော့မည်တကား။ မိမိကလည်း ထိုသားကလေးကို ထောင်၊ အပြင်ဖက်တွင် ထားခဲ့ရက်မည် မဟုတ်ပေ။

စင်စစ်အားဖြင့် မိမိမှာ အပြစ်ကင်းသည်ဟု ထင်မှတ်မိ၏။ လင်ယောကျ်ားက တိုက်ခဲ့သောကြောင့်သာ သုံးစွဲမိလေသည်။ လင်ယောကျ်ားသာ မတိုက်လာပါမူကား ဤကဲ့သို့ အဖမ်းခံရမည် မဟုတ်ပေ။ မိမိ၏ ယောကျ်ားကို စိတ်ဆိုးရမလိုလို ဖြစ်မိ၏။ မိမိတို့ စားသောက်ရေးအတွက် အသက်ကို စွန့်ကာ ခိုးကျေး၊ တိုက်ကျွေးပါကားဟု စဉ်းစားမိပြန်လျှင် ကျေးဇူးတင်မိပြန်လေသည်။ စိတ်ဆိုးခြင်း ပျောက်သွားပြီးလျှင် သနားစိတ်၊ ကြင်နာစိတ်၊ ချစ်ခင်စိတ်တို့မှာ ပွါးများ၍ တက်လာ၏။ လင်ဖြစ်သူ ထောင်ကျလျှင် မိမိ အဘယ်ကြောင့် ထောင်ထဲသို့ မလိုက်ဝံ့ဘဲ နေအံ့နည်း။ လင်နှင့် ကင်း၍ ထောင်အပြင်ဖက်တွင် နေရခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ သားကလေးမှာကား ဘာမျှမသိ။ ထောင်အတွင်းသို့ ရောက်ရချေတော့မည် စသဖြင့် တွေးတောကာ သားကလေးနှင့် လင်ကို တချက်စီ အပြန်အလှန် ကြည့်ယင်း မျက်စိမှ မျက်ရည်များ စီးဆင်း၍ နေသည်ကို သတိကာ နေ၏။

လင်ဖြစ်သူ တရားခံမှာလည်း မယားနှင့် သားကလေးဖက်သို့ သာလျှင် မကြာ မကြာ ကြည့်လျက်နေလေသည်။ ယောကျ်ားဖြစ်သောကြောင့် မျက်ရည် မထွက်စေရန် တင်းလျက် ထား၏။ မိမိ ထောင်ကျမည်မှာ ရှိစေတော့။ မိမိ၏ အပြစ်အလျောက် ခံရခြင်းဖြစ်လေသည်။ မယားနှင့် သားကလေးတို့မှာမူကား မိမိကြောင့် ထောင်အတွင်းသို့ အသွင်း ခံကြရချေတော့မည်။ မိမိ ဆောင်ယူသွားသောကြောင့်သာ မိမိ၏ မယား သုံးစွဲခြင်း ဖြစ်လေသည်။





မိမိ မဆောင်ယူသွားမူကား ဤသို့ သုံးစွဲမည် မဟုတ်ပေ။ အဖမ်းခံရမည် မဟုတ်ပေ။ အပြစ်ရမည် မဟုတ်ပေ။ သားကလေးမှာမူကား မိမိ ယူဆောင်သွားသော ငွေကို သုံးစွဲသည်ကို မဆိုထားဘိ။ သိပင်မသိရှာပေ။ ထောင်အတွင်းသို့ ရောက်ပြန်လျှင်လည်း မိမိမှာ ယောကျ်ား ဖြစ်သောကြောင့် သည်းခံနိုင်၏။ မိမိ၏ မယားမှာမူကား မိန်းမသား ဖြစ်သောကြောင့် အဘယ်မှာလျှင် သည်းခံနိုင်အံ့နည်း။ မိမိ၏ မယား အပေါ်တွင် သနားသော စိတ်များဖြင့် ပြည့်လျှမ်းလျှက်နေလေသတည်း။

ဤသို့ အသီးသီး မိမိတို့ ထင်ရာကို တွေးတောနေကြတုန်းမှာပင် တရားသူကြီး ဖတ်နေ၊ ရှင်းလင်းနေသော စီရင်ချက်မှာ အဆုံးနားသို့ နီး၍လာ၏။ ဆုံးသောအခါ တရားခံ ယောကျ်ား ငါးယောက်စလုံးအပေါ်တွင် ပြစ်မှုထင်ရှားသောကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်စီ အကျခံစေ။ တရားခံမ နှစ်ယောက်မှာ မိုက်ဒဏ်အလုပ်ကြမ်းနှင့်သုံးလစီ ထောင်အကျခံစေဟု အမိန့်ပေး၏။ စီရင်ချက်ကိုချ၏။

စီရင်ချက်ချပြီးလျှင် ပြီးခြင်း တရားခွင်ပေါ်မှ ဆင်းသွား၏။ တခန်းလုံးလည်း မှောင်နေပြီ။ တရားခံအားလုံးလည်း မျက်နှာပျက်သွားကြလေသတည်း။

တရားခံ လင်မယား နှစ်ယောက်တို့မှာ တယောက် မျက်နှာကို တယောက် စိုက်၍ ကြည့်ကြ၏။ သူတို့၏ မျက်စိများမှ မျက်ရည်တွေမှာ တတွေတွေ စီးဆင်း၍ နေကြလေသည်။ သားကလေးမှာမူကား လက်ကို တုံမြှောက်ကာ ဝမ်းသာလှသဖြင့် လက်ခုပ် လက်ဝါးတီး၏။ လာရောက် နားထောင်နေကြသော သူတို့လည်း ငြိမ်သက်စွာ ထွက်သွားကြလေပြီ။ ပုလိပ်များလည်း တရားခံတို့ကို အချုပ်ခန်းသို့ ဆောင်သွားကြလေသတည်း။

၁၂၉၂-ခု ပြာသိုထဲ။



www.burmeseclassic.com

www.burmeseclassic.com

# ကင်းစောင့်

"ကင်းစောင့်" ကား နယ်ပိုင် ဝန်ထောက်မင်း စီး၍ လာသော အစိုးရ သင်္ဘော ဖြစ်လေသည်။ တဇင်း သက်သက်၊ လုံးချင်း မဟုတ်၊ ဘေးတွင် တဲ့တဲ့ ပါသေး၏။ ဘေးတဲ့ကား အိမ်ကဲ့သို့ပင် ခန်းနား စွာ စီမံထားသော တဲ့ဖြစ်လေသည်။ စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ ခုတင်မှ စ၍ အသုံးအဆောင် အပြည့်အစုံ ပါ၏။ထို့ကြောင့် ယင်းအား "အိမ်သင်္ဘော" ဟူ၍ ခေါ်ဆိုကြသည် မဟုတ်ပါလော။ အလျား ပေလေးဆယ်၊ အနံ ၂၅-ပေခန့် ရှိလေသည်။ နယ်ပိုင် ဝန်ထောက်မင်း တအိမ်ထောင် ကောင်းကောင်း ခရီးသွားနိုင်၏။

ကင်းစောင့်တွင် တပ်၍ ထားသော ဥသြကား ခွေးအူသံကဲ့သို့ မြည်သောကြောင့် ခွေးဥသြဟူ၍ ရွာသူ ရွာသားတို့က အမည် ပေးထားလေသည်။တရွာရွာတွင် ဆိုက်ကပ်ခါနီးတွင် ထိုဥသြကို မှုတ်စမြဲ။ နားကဲ့လှမတတ်။

ဤဥသြသံကိုကြားလိုက်ရသည်နှင့်တပြိုင်နက် နယ်ပိုင်ဝန်ထောက်မင်း လာကြောင်းကို သိကြကုန်၏။ ဝန်ထောက်မင်း၏ ရှေ့တော်ပြေးပေတည်း။ ရွာအတွင်းရှိ ကလေးအပေါင်း သောင်းသောင်း ဖြဖြ၊ ကမ်းနဖူးသို့ ပြေးဆင်း၍ လာကြကုန်၏။ သင်္ဘောကို ကြည့်ကာ အပျော်ကြီး ပျော်ကြလေသတည်း။ တယောက်ကို တယောက် တွဲသူတွဲ၊ ပိုးသူပိုး၊ ချီသူချီ၊ ရယ်သူရယ်၊ လက်ပြသူပြ၊ ပျော်လိုက်တဲ့ ဖြစ်ခြင်း။

ကင်းစောင့်၏ ဥသြသံမှာ ရွာအတွင်းရှိ ကလေးများ၏ ပျော်ပါးရာကြီး ဖြစ်သော်လည်း ရွာသူရွာသား လူကြီးများ၏ ကြောက်ရွံ့စရာကြီး ဖြစ်ပေသည်။ ၁၀၉-၁၁၀ သမားတို့၏ စိတ်ထဲတွင် ထိတ်၍ သွားကြ၏။ လန့်၍သွားကြ၏။ ဘယ်သို့ လုပ်ရမှန်းမသိ။ ပြေးရ





ကောင်းနိုးနိုး၊ ဟုတ်၍ပင် ပြေးသလိုလို၊ ကုန်းမြေမပျက် နေရကောင်းနိုးနိုး၊ အကယ်၍ ဖမ်းက မခက်ပေလော၊ ရွာထဲရှိ ဘိန်းစားများကား နေမထိ ထိုင်မတတ်။ လူကောင်းများ၏ စိတ်ထဲတွင်ပင် ဘာတာ ခု နယ်ပိုင်မင်း အဘယ်ကြောင့် လာပါသနည်း။ အကြောင်းထူး မရှိဘဲ မလာတန်ရာ။ တီးတိုးစကား ပြောကြား ကြ၏။ တအိမ်တက် တအိမ်ဆင်း သတင်းမေးမြန်းကြကုန်၏။

ရွာသူကြီး၏ စိတ်ထဲတွင် မှုကား ဆိုဘွယ် မရှိ။ ထိတ်ထိတ် တလန့်လန့်နှင့် နေ၏။ သူတကာ ရှောင်တိမ်း နေက ရသေး၏။ မိမိကား မရှောင်သာ မတိမ်းသာ။ ဝန်ထောက်မင်း ရှိရာသို့ ရှေးဦးစွာ ဆောက်ရမည့်သူ ဖြစ်လေသည်။ ဘာကြောင့် ဝန်ထောက်မင်း လာပါသလဲ။ မိမိ အပေါ်တွင် စစ်ဆေးရန်ဘဲလား။ ဘာအကြောင်းကြောင့်ပါလဲ။ ဤသို့ တွေးကာ ဒူးတုန်လျက် နေတော့သတည်း။

ဤအကြိမ် နယ်ပိုင် ဝန်ထောက်မင်း၏ ကင်းစောင့် ညံကွင်းရွာသို့ ရောက်ခြင်းကား လူခွန်တော်အတွက် ဖြစ်လေသည်။ ကင်းစောင့်၏ ဥသြသံကို ကြားလိုက်သည်နှင့် တပြိုင်နက် လူခွန်မဆောင်ရသေးသော သူတို့မှာ မျက်လုံးပြူး မျက်ဆန်ပြူးလျက် နေကြကုန်၏။ မနေ့ကပင် မြို့ပိုင်မင်းလာ၍ ကြိမ်းမောင်းသွားချေသည်။ ယနေ့ နယ်ပိုင်မင်း ရောက်၍ လာပြန်ပြီ၊ ယနေ့ လူခွန်မဆောင်လျှင် ဧကန်ပင် အဖမ်းခံရချေတော့မည်။ သူကြီး ဤအကြောင်း နံနက်ခင်းက ပြောသည်ကိုလည်း သဲ့သဲ့ ကြားရ၏။ အဘယ်သို့ လုပ်ရအံ့နည်း။

ရွာသူကြီး သင်္ဘောဆိုက်ရာသို့ ပြေး၍ ဆင်းသွား။ ကလေးများလည်း သူကြီးနှင့် တပျော်တပါး လိုက်ပါ၍ သွားကြကုန်၏။ ရွာသားတို့ကား ငွေအမျိုးမျိုးရှာနေကြကုန်၏။ ချေးသူချေး။ ကြက်ပေါင်သူတို့ ပေါင်။ ဝက်ပေါင်သူတို့ပေါင်။ မိမိတို့ ဝမ်းစာအတွက် ထားသော စပါး ငါးပိတို့ကို ပေါပေါနှင့် ဈေးပေါ စားသူတို့က ဆောင်းစား သား



www.burmeseclassic.com

www.burmeseclassic.com


ကလေး သမီးကလေးများ စော်ဆင်၍ ထားသော ခြေကျင်း လက်ကောက် ကလေးများကိုပြု တံကာ ပေါင်းသူပေါင်း။ ကလေးများသည်း အော်ကာ ဟစ်ကာ ငိုယိုနေကြတုန်၏။ တရွာလုံး ဆူဆူ ညံညံ။ ကျက်စီ ကျက်စီ။

ငွေရှာ၍ ရသူတို့က တော်တော် စိတ်အေး၍ သွားကြကုန်၏။ သူကြီးလည်း လူခွန်တော် ပြေစာများနှင့် တခါတည်း ကင်းစောင့် အထွေးသို့ ဆင်းသွားချေပြီ။ အခန်းထဲတွင် ဘာများပြောနေကြပါလိမ့်။ ဖမ်းမှုများ အမိန့်ချမလား။ ဪ တရွာလုံး ခက်ကုန်တော့မည်။ ဝေးစရာလည်း ငွေမရှိ။ ဟော သူကြီး အခန်းထဲက ထွက်လာပြီ။ မျက်နှာပျက်လှချေတကား။ ဘာများ ပြောလိုက်ပါလိမ့်။

သူကြီးလည်း ဆယ်အိမ်ခေါင်း မောင်သာပြောကို ခေါ်ကာ လူခွန် မဆောင်ရသေးသော သူများ နယ်ပိုင်ဝန်ထောက်မင်းထံ လာကြရန် ဆင့်ခေါ် စေ၏။ ဪဒုက္ခ မချွတ် ဖမ်းတော့မည်။ ငွေရှာ၍ ရသော သူမြတ်၊ ထွန်းသာ၊ အောင်ဆင်းတို့ဆင်း၍သွားကြလေသည်။ ဆောင် နိုင်သူများ ဟာကိုး။

မဆောင်နိုင်သူတို့ကား အခက်ကြီး ခက်နေကြပေသည်။ သဘော ပေါ် ဆင်းသွားလျှင် မတော် နယ်ပိုင်မင်း ဖမ်းသွားက မခက်လော။ လူခွန် ငါးကျပ် အတွက် အဖမ်းခံရမည်မှာ ရှက်၊ ဆောင်နိုင်စရာလည်း အတွက် မပေါ်၊ အခက်ထကာ့အခက် မဟာအခက်တော်ကြီး ဖြစ်နေပြီ။

ထွန်းမောင်နှင့် အောင်ကျော်တို့ ရွာထဲတွင် မရှိ။ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြလေသည်။ ဘယ်ရောက် ကုန်ကြပါလိမ့်။ ခုထိရှိသေး၊ တော်တော့ အကောင်တွေ။ တေနွ ရွာနောက်ဖေး တော ထဲ ရောက်ကြကုန်ပေပြီ။

မောင်သာအေးနှင့် မောင်နီတာတို့ ခရီးလွန် နေကြသည်ဟု သူတို့





အိမ်သားများ ပြောကြလေသည်။ ဘယ်ဟုတ်ရမတုံး။ မနက်ကဘဲ ရွာထဲ လျှောက်နေတာ တွေ့ရသေးတယ်။ အိမ်ထဲ ဝင်ရှာယင် အခုတွေ့ မယ်။

ဟော ကြည့်ပါဦး။ လူတွေ ဝက်ကြီး တကောင်ကို တုန်းယန်း တုန်းလန်နဲ့ ဆွဲလာတာ ဘာ လုပ်မလို့ပါလိမ့်။ ဝက်ကြီးကို လူခွန်တော် အဖြစ် ဆောင်မလို့ ထင်ပါရဲ့။ ဝန်ထောက်မင်း မြင်ယင် အကန့် ခံရ တော့မှာဘဲ။ ဟာ မဟုတ်ဘူး။ တရုပ် ခေါက်ဆွဲဆိုင်ထဲ ဝင်သွားပြီ။ ဆိုင်မှာ သွားရောင်းတယ် ထင်ပါရဲ့။ ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ဟော ငွေ ငါးကျပ် ကိုင်ပြီး ထွက်လာ။ ပြုံးလို့ပါလား။ သဘောထဲ ဆင်းသွား ပေပြီ။

ဦးကျော်ဇကြီးတော့ ခက်တော့တာဘဲ။ မယား သွေးဆုံး မီးယပ် စွဲနေတာလဲ ကြာလှပြီ။ အားကိုး အားထားဆိုလို့လဲ သွေးမျိုးက မရှိ။ သည်လင်နှင့် သည်မယား။ တနေ့ရှာမှ တနေ့စား။ မယား မမာတော့ နပ်မှန်အောင်ပင် မစားနိုင်ရှာကြ။ အသက်အရွယ်တွေကလဲ ကြီးလှ လေပြီ။ လင်က ငါးဆယ်ကျော်။ မယားက ငါးဆယ်နီးပါး။ ချေးငှားလို့ ကလဲ မရ။ ပိုက်ဆံကြေးငွေကလဲ ရှားပါး။ အားကြီး ခက်နေပြီ။ သူ တကာ သနားမှ စားကြရ။

စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ အထဲ မယားကလဲ မမာ။ လူခွန် တော်ကလဲလာ။ ဘယ်လိုမှ မတတ်နိုင်။ သူကြီးကလဲ တောင်းမြဲ မြို့ပင် ကလဲကြိမ်း။ ယခုလဲ ဝန်ထောက်မင်း ရောက်။ ရှောင်တိမ်း နေလို့လဲ ကိစ္စပြီးမှာ မဟုတ်။ ဟာ ဘာဘဲ ဖြစ်ဖြစ် ဝန်ထောက်မင်းထံ အတင်း ဝင်၍ လျှောက်တော့မည်။ ဖမ်းချင်လဲ ဖမ်း။ အော်ချင်လဲ အော်။ ငေါက်ချင်လဲငေါက်။ မကြောက် နိုင်တော့ပြီ။

နယ်ပိုင်မင်း မောင်လူအေး ရှေ့သို့ ရောက်လျှင် မိမိ၏ အဖြစ် ပျက်ကို သွက်သွက်ကြီး ရှိခိုးကာ လျှောက်ထား၏။ ဦးကျော်ဇကြီး၏


www.burmeseclassic.com

 www.burmeseclassic.com 

လျှောက်ထားသောအသံ၊ သူမျက်နှာထားတို့ကို မြင်လျှင် သူဆင်းရဲကြောင်းကို ချက်ခြင်း သိ၏။ ဦးကျော်ဇံကဲ့သို့ မိမိကိုယ်တိုင် ဖြစ်နေပါက မည်သို့ နေအံ့နည်း။ ပေးစရာ စားစရာ ကြေးငွေကလည်း မရှိ။ အခွန်တော်ကလည်း ဖိမည်ဆိုလျှင် မခက်ပေလော။ အတန်ကြာအောင် စကား ဆက်လက်၍ မပြောသေးဘဲ မိမိကိုယ်ကို ဦးကျော်ဇံ၏ နေရာတွင်ထားကာ စဉ်းစား တွေးတော ကြည့်၏။ စိတ်တမျိုး နူးညံ့၍ လာ၏။ သနားစိတ်များ တဖွားဖွား ပေါ်ပေါက်၍ လာ၏။ ချမ်းသာခွင့် ချက်ခြင်း ပေးလိုက်ချင်၏။ သို့သော် အစိုးရဘဏ္ဍာတော်ရေးက ရှိသေးသည်။ ဤတယောက်ပေးလိုက်က အားလုံးဝိုင်းလာပြီးလျှင် ချမ်းသာခွင့် တောင်းကြပေလိမ့်မည်။ ရွာတိုင်းရွာတိုင်း၌ ချမ်းသာသူမရှိ။ ဆင်းရဲသူတို့သာ များလေသည်။ အကယ်၍သာ ချမ်းသာခွင့် လျှောက်၍ပေးမည်ဆိုလျှင် ဘဏ္ဍာအရေး မအေးဘွယ်။ အခွန်တော် ကောက်ခံရန် အစိုးရက မိမိအား ခန့်ထားခြင်း ဖြစ်လေသည်။ ဤသို့ လျှောက်၍ ချမ်းသာခွင့် ပေးနေမည်ဆိုလျှင် မိမိဝတ္တရား အဘယ်မှာ ကျေတော့ အံ့နည်း။ သနားခြင်းစိတ်နှင့် အလုပ်ဝတ္တရားတို့ကို လိုက်နာသော စိတ်တို့သည် သူတပြန် ငါတပြန် အနိုင်လုနေကြကုန်၏။

နောက်ဆုံး၌ ဝန်ထောက်မင်း ဤသို့ ဆို၏။

"ဘယ်လောက် ပေးနိုင် မလဲ။"

ဦးကျော်ဇံ။ ။တပြားမှ မပေးနိုင်ပါ ဘုရား။

နယ်ပိုင်။ ။အစိုးရ အခွန်တော် အားလုံး လျှော့ရမှာ ခက်တယ်။

ဦးကျော်ဇံ။ ။ဘဲတကောင်တော့ဖြင့် ရှိပါဘုရား။

နယ်ပိုင်။ ။ဘဲ အလိုမရှိ။ ငွေတကျပ် ဆောင်နိုင် မလား။ ကျန်လေးကျပ်ကို ချမ်းသာခွင့် ပေးမယ်။

ဦးကျော်ဇံ။ ။တကျပ်လဲ မရှိပါ ဘုရား။



နယ်ပိုင်။ ။ဒါဖြင့် အခက်ဘဲ။

(အနားတွင် နားထောင်နေသော မောင်အိုက ဝင်၍ ဦးကျော်ဇံအတွက် ကျွန်တော်မျိုး တကျပ်ပေးပါမယ် ဘုရား။ ကျန်လေးကျပ်သာ ခွင့်ပေးပါ။)

နယ်ပိုင်။ ။ကောင်းပြီ။ တကျပ်သာပေးတော့။ ကျန်လေးကျပ်ကို ချမ်းသာခွင့် ပေးလိုက်ပြီ။

ဦးကျော်ဇံ၏ မျက်နှာသည် ရွှင်ပြုံး၍လာတော့၏။ ချက်ခြင်းပင် ဝန်ထောက်မင်းအား ရှိခိုး၍ ပြန်လေပြီ။ ဦးကျော်ဇံ၏ စိတ်ထဲ၌ ဝန်ထုပ်ကြီး ကျ၍ သွားသကဲ့သို့ ပေါ့၍သွားလေပြီ။ လွတ်လပ်သော လူကြီးဖြစ်၍ သွားလေပြီ။ ရွာထဲတွင် ဝန်ထောက်မင်း ငွေလေးကျပ် ချမ်းသာခွင့် ပေးကြောင်း သတင်းမှာ ကျော်ကြား၍ သွားလေသတည်း။

ဂန္ထလောက ၁၂၉၃-ခု၊ တန်ခူးလ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၀

ဤနေ့ကား စစ်ကိုင်းမြို့တွင် မိုးရွာသောနေ့ဖြစ်လေသည်။ အလှန်ပူပြီးနောက်၊ ရုတ်တရက် အေးမြသွား၏။ တနင်္လာနေ့တည်း။

မောင်လူအေးကား ထိုနေ့တွင် ရုံးထက်ရမည်ကို ပျင်းတင်းတင်းရှိလှ၏။ အိမ်တွင် ခပ်အေးအေးကလေး အိပ်နေ ကွေးနေ၊ စည်းစိမ်ကလေးနှင့် နေလိုသော်လည်း မနေရ၊ ရုံးသို့ သွားရလေသည်။

ရုံးရောက်သောအခါ နယ်ပိုင် ဝန်ထောက်မင်း ဦးတောက ထိုနေ့ညနေ အင်းတော်တားဦးသို့ နယ်လှည့်သွားရမည့် အကြောင်း ပြောရာ မိမိမှာ သူလက်အောက်တွင် အလုပ် သင်ကြားနေခိုက် ဖြစ်သောကြောင့် သူနှင့် ထိုနေ့ညနေပင် လိုက်ရန် စီမံ၏။ ညနေ လေးနာရီ ရုံးမှ ဆင်း၍ လာခဲ့၏။ အိမ်သို့ ရောက်လျှင် အစေခံ ပြင်ဆင်ထားပြီး ပစ္စည်းများကို ရထားနှင့် တင်ကာ နယ်ပိုင် ဝန်ထောက်မင်း အိမ်သို့ ထွက်ခဲ့လေသတည်း။

ထိုအိမ်သို့ ရောက်လျှင် နယ်ပိုင်၏ ညီသည် လင်မယားနှင့် သူတို့၏ သားကလေး တယောက်ပါ လိုက်မည်ဟု သိရ၏။ ထိုလင်မယားတို့မှာ အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်နီးပါး။ နယ်ပိုင် ဝန်ထောက်မင်းလည်း ထိုအရွယ်ပင်။ ထိုသူတို့၏ သားကလေးကား ၁၂ နှစ်ခန့် ရှိသေး၏။

နယ်ပိုင်မင်းအိမ်မှ ကူးတို့ဆိပ်သို့ ထွက်လာရာ ပစ္စည်းတို့မှာ လှည်းတစီးတိုက် ကျော်ကျော်ခန့် ရှိ၏။ နယ်လှည့် လိုက်သူတို့ကား ညီသည် လင်မယားနှင့် သားကလေး၊ ဝန်ထောက်မင်း နှစ်ယောက်၊ စာရေး နှစ်ယောက်၊ အစေခံ လေးယောက်၊ အားလုံး ပေါင်းလိုက်သော် တပျော်တပါး၊ ပျော်ပွဲစား ထွက်သည်နှင့် တူလှ၏။



ငါးမိနစ်ခန့် ကြာလျှင် ကူးတို့ဆိပ်သို့ ရောက်၏။ ရထားဆိုက်ရာနှင့် ရေစပ်မှာ ကိုက်တရာကျော်ကျော် ဝေးကွာ၏။ သောင်ပြင်ကြီးကို ကျော်ဖြတ်၍ ဆင်းရလေသည်။ ပစ္စည်းများကို ပိုးသူက ပိုး။ ဆွဲသူက ဆွဲ။ ထမ်းသူက ထမ်း။ ရွက်သူက ရွက်။ လက်ဆင့်ကမ်းသူက ကမ်း။ ပယ်ပန်းမည့်အာစား ပျော်ပါးစရာကြီး ဖြစ်လေသည်။ မကြာခင် ပြီးသွား၏။

ပြီးလျှင် ကူးတို့ငှက် သုံးစီးဖြင့် ဧရာဝတီမြစ်ကြီးကိုဖြတ်၍ ကူးကြသတည်း။ အချိန်မှာ ငါးနာရီခွဲ၊ မိုးကလည်း ဖွဲဖွဲ၊ မှောင်ကလည်း ခပ်မှောင်မှောင်၊ နေရောင်ကလည်း မရှိ၊ စစ်ကိုင်း တောင်ပေါ်တွင် မှုန်ဖေးဖေးနေသော စေတီ အဆူဆူတို့ကို မျှော်၍ ကြည့်ကာ ကြည်ညိုစွာ ဖူးရ၏။ မြစ်ရေမှာ စီးခြင်းမရှိ၊ ငြိမ်သက်ဘိ၏။ စိတ်ကြည်နူးရာ၊ ကြည်နူးစရာကြီး ဖြစ်လေသည်။ စကားပြောခြင်း မရှိကြ။ ထိုအချိန်ကာလ ထိုဌာန၏ သာယာလှသော အခြင်းအရာတို့ကို စဉ်းစားကာ စိတ်၏ အရသာကို ခံစား၍ သွားကြလေသတည်း။

မကြာမီ တဖက်ကမ်း ဖြစ်သော အင်းဝဆိပ်သို့ ရောက်၏။ ထိုနေရာကား ခမ်းနားခြင်း မရှိ။ ဧရာဝတီ မြစ်ကမ်းတွင် တည်ထားသော အခြား ရွာကလေးများကဲ့သို့ပင်၊ အင်းဝ ကောင်းစားစဉ်ကမူကား စည်စည်ကားကား ထွေသွားလူလာ ပေါများစွာ ရှိမည်မဟုတ် ထင်မည်။ ထိုအခါက ဘုရင်မင်းမြတ်တို့ သမ္ဘောလား ရေလား ထွက်ကြသောအခါ ဤနေရာမှာပင် ဖြစ်ပေလိမ့်မည်။ လှေယှဉ်သဘင် အမျိုးမျိုး ကျင်းပသည်ကိုလည်း ဤနေရာမှပင် ရှုစားတော်မူကြပေလိမ့်မည်။ မြန်မာ လှေတပ်များ စစ်ရေး ခင်းကျင်းသည်မှာလည်း ဤနေရာပင် ဖြစ်ပေလိမ့်မည်။ ဟံသာဝတီ တလိုင်းများ အင်းဝကို အောင်မြင်ပြီးနောက် စစ်ကိုင်းဖက်သို့ ကူးကာ ရွှေသို၊ ခင်ဦး အစရှိသော နယ်များတွင် သစ္စာတော်ရေတိုက်ရန် သွားမှာလည်း ဤနေရာ



www.burmeseclassic.com

www.burmeseclassic.com

ကပင် ဖြစ်ကြပေလိမ့်မည်။ ထီးနန်း အဆက်ဆက်၊ ဘုရင်အဆက်ဆက် ပျက်စီးခဲ့လေပြီ။ ဧရာဝတီမြစ်ကြီးကား မလှုပ်မရှား၊ သွားမြဲတိုင်းသာ စီး၍ သွားနေလေသတည်း။ အနိစ္စတရားကို မလွန်ဆန်နိုင်ပါတကား။

ဤသို့ တွေးတောသောအခါ မောင်လူအေး စိတ်ထဲတွင် လွမ်းရမလိုလို ဆွေးရမလိုလို ဖြစ်မိ၏။ ပါလာသူတို့လည်း ပစ္စည်းများကို အသီးသီး သယ်တင်ကြပြီးလျှင် လှည်းဖြင့် တန်တားဦး ဗိုလ်တဲရှိရာသို့ ဆောင်ယူသွားကြ၏။ ဝန်ထောက် နှစ်ယောက်နှင့် ဩဿသည် လင်မယားတို့ကား ခပ်နွဲ့နွဲ့ တောမြင်းရထားပေါ်တွင် ခပ်မားမားသားနားစွာ စီး၍လာကြလေသတည်း။

အတန်ကြာလျှင် မြို့ရိုးနှင့် ကျုံးတို့ကို မြင်ကြရ၏။ ကျုံးတွင်းၗ ရေမရှိ။ ချိုင့်ကြီးကဲ့သို့ ဖြစ်နေလေသည်။ ယာခင်းကြီး ဘဝသို့ ရောက်နေရပေပြီ။ ပဲခင်း၊ ငရုတ်ခင်း၊ နှံနှံခင်း၊ ပြောင်းခင်းတို့ဖြင့် ပြည့်တင်း စိမ်းစိုလျက်နေ၏။ မြို့ရိုးကြီးမှာကား ချုံအုပ် ချုံပုတ်တို့ဖြင့် ဖုံးလွှမ်းလျက်နေ၏။ ဩော်-အနိစ္စ၊ အနိစ္စ။

မြင်းရထားကို အတန်ကလေး မောင်းမိပြန်လျှင် မြို့ရိုးကို ဖြတ်ကာ လူဝင်ရန် လမ်းတခုကို မြင်ရသည်နှင့် မြင်းရထားကလေးကို လမ်းတွင် ရပ်စေ၍၊ လေးယောက်သား မြို့ရိုးကို ကျော်၍ မြို့တွင်းသို့ ဝင်ကြည့်ကြလေသည်။

မြို့တွင်းၗ ထန်းရှက်ကာ ထန်းရှက်မိုး တဲအိမ်ကလေး၊ ကိုးအိမ် ဆယ်အိမ်ခန့်ရှိသော ရွာသိမ်ရွာငယ် ကလေးကို မြင်ကြရ၏။ ရွာအမြင်တွင် မိန်းကလေးနှစ်ယောက်ကို တွေ့၍၊ နန်းတော်တည်ရာ ဌာနကို မေးရာ ရွာမှ ခပ်လှမ်းလှမ်းတွင် မျှော်စင်တခု ရှိသေးကြောင်း ပြောကြ၏။ ထိုမျှော်စင်ကို ကြည့်ရန် ရွာကလေးကို ဖြတ်ကြ၏။ ခွေးတစီစီနှင့် ပျော်စရာကြီး ဖြစ်လေသည်။ ရွာသူကြီး အကြောင်းကို မေးရာ ရွာသူကြီး မရှိ၊ အခြား ရွာမှ ရွာသူကြီးက ထိုရွာကို အုပ်ကြောင်း ပြောကြ၏။ မင်းနေပြည်တော်ကြီးမှာ ရွာသူကြီးပင် မရှိသော ရွာသိမ်ကလေး အခြေသို့ ရောက်နေပေပြီ။ တကယ့် အနိစ္စကြီးပါတကား။





ထိုရွာကလေး အနီးအနားတွင် ဘုရားပျက်၊ ကျောင်းပျက်၊ တန်ဆောင်းပျက်တို့ကို မြင်ရ၏။ ရွာစွန်မှ နေ၍ ကြည့်လိုက်သော် မျှော်စင်ကြီးကို မြင်ရလေသည်။ ခပ်ယိုင်ယိုင်၊ ခရီးသွားခိုက်ဖြစ်၍ အနီးအနားသို့ မသွားပြီ၊ ရထားရှိရာသို့ ထွက်ခဲ့ကြလေသတည်း။

ရထားဆိုက်ထားရာ မြို့ရိုး အပြင်ဖက်တွင်လည်း တဲအိမ်ကလေး သုံးလေးအိမ် ရှိသေး၏။ သနပ်ခါး ပိန်းကြမ်းရိုက်ကာ ထွက်၍လာကြရှာသော အပျိုကလေးနှစ်ယောက်ကား အသက်အားဖြင့် ၁၅-နှစ် ၁၆-နှစ်ခန့်သာ ရှိကြသေး၏။ ယခုကား ကျေးတောသူကလေးများသာတည်း။ ရှေးအခါက မေးကြပါမူကား မြို့ကြီးသူများ ဖြစ်ကြပေလိမ့်မည်။ ရန်ကုန်၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်တို့မှ လာကြသူတို့ကား အရိုင်းအစိုင်း ကျေးတောသားတွေ ဟူ၍ မထီလေးစား ပြုလုပ်ကြမည်ကား မလွဲ။

ဘောင်းဘီတိုတို၊ ဗလေဇာအင်္ကျီ ဖားဖားကိုဝတ်၊ ဘွတ်ဖိနပ်ကို စွပ်၊ ဦးထုပ်ကိုဆောင်း၊ လက်ကိုင်တုတ်ကို ဟန်ပါပါ ကိုင်ကာ၊ ရထားကလေးနားတွင် ရပ်သော အင်္ဂလိပ်ယောင်ယောင်၊ တရုပ်ယောင်ယောင် မောင်လူအေးအား ပြုံးသလိုလိုနှင့် ကြည့်ကြ၏။ အချင်းချင်း လက်တို့ကာ ရယ်ကြ၏။ မောင်လူအေးကား ရှက်တက်တက်ဖြစ်သွားပြီးလျှင် ဣန္ဒြေကြီးကြီးထားကာ နေ၏။

နယ်ပိုင် ဝန်ထောက်မင်းနှင့် ဩဿသည် လင်မယားတို့ကား ထိုမိန်းကလေး နှစ်ယောက်အား ပဲပြုတ်ကလေး ရောင်းရန် ရှိသလားဟု မေးမြန်းကြ၏။ မိန်းကလေးတို့လည်း အလိုက်သိစွာ အနီးအနားတဲကလေးများတွင် လိုက်၍ မေးရှာကြ၏။ ရောင်းရန်ရှိသော တဲ၌


www.burmeseclassic.com

www.burmeseclassic.com



ပဲတပြည်ကို ဆယ်ပြားပေး၍ ဝယ်ကြ၏။ တဆယ်တန် အမ်းစရာမရှိ။ (အယ်ရှိနိုင်ပမလဲ)။ ငါးကျပ်တန် အမ်းစရာ မရှိ။ (လာသေးရဲ့)။ တကျပ်တန် အမ်းစရာမရှိ။ (ခက်တော့တာဘဲ)။ ငါးမူးပြား အမ်းစရာမရှိ။ (ပိုက်ဆံရှားတာကိုး)။ အခက်နှင့် တွေ့ကြုံနေကြရရှာ၏။ နောက်ဆုံး၌ မောင်လှအေး၏ ဗလေဇာအိတ်အတွင်းမှ ပဲစေ့ သုံးစေ့ရ၍ ပေးလိုက်ပါလည်း နှစ်ပြားသော ပိုက်ဆံကို အမ်းရန် မတတ်နိုင်သောကြောင့် ထို နှစ်ပြားကို နိဗ္ဗာန ပစ္စယော ဟောတု ခဲ့ရလေသတည်း။

ဝယ်ခြမ်းသောကိစ္စပြီးလျှင် ရထားကလေးပေါ်သို့ လေးယောက်သား တက်ကြပြီးလျှင် တန်တားဦး ဗိုလ်တဲရှိရာသို့ ထွက်ခဲ့ကြ၏။ မှောင်နေပြီ။ ဘာကိုမျှ မမြင်ရ။ တခါတခါ ဘုရားပျက်များ၊ တန်တား ပျက်များကို ကျော်လွန်၍ လာခဲ့ကြလေသည်။ တနာရီခန့်ကြာလျှင် တန်တားဦး ဗိုလ်ဘဲသို့ ရောက်ကြလေသည်။

နယ်ပိုင် ဝန်ထောက်မင်းက အင်းဝ မြို့တွင်းသို့ ဝင်ကြည့်ချင်သည် ပြောသောကြောင့် နောက်ဘနေ့ ညနေခင်း မော်တော်ကားကြီးနှင့် သူကြီးမင်း ပေါက်၍ လာလေသည်။ လေးယောက်သား မော်တော်ကားပေါ်သို့ တက်ကြ၏။ ထိုမော်တော်ကား ကား မှီမော်တော်ကားတည်း။ မော်တော်ကား ပေါ်စက ရောက်လာသော မော်တော်ကားဖြစ်ဟန်တူ၏။ နံပတ်ကား ၁၀၀၀ ကျော်ကျော်မျှသာ ဖြစ်လေသည်။ ဇရာဒုဗ္ဗလ အရွယ်သို့ ကျနေပြီ ဖြစ်သောကြောင့် ငယ်ရုပ်ပေါ်။ ကိုယ်တော်တခုလုံး ပိန်သည့် နေရာက ပိန်၊ ယိုင်သည့် နေရာက ယိုင်၊ ကျိုးသည့်နေရာက ကျိုး၊ ပွဲသည့်နေရာက ပွဲ၊ တကယ့် ကားဟောင်းကြီး ဖြစ်လေသည်။

စက်ကို နှိုး၍ ထွက်သွားပြန်ပါလည်း တဂျုတ်ဂျုတ်၊ တဂျက်ဂျက်နှင့် တလမ်းလုံး မြည်တမ်း၍ သွား၏။ ယင်း၏ အစွမ်းကား လည်းနှင့် သာသာရှိ၏။ မော်တော်ကားရှားသော ဌာနဖြစ်သောကြောင့် ထိုကားအိုကြီးကိုပင် ကလေးများ မြင်လျှင် အထူးအဆန်းလုပ်ကာ ဝိုင်းအုံ၍ ကြည့်ရှာကြ။ ပြေးလိုက်သူက ပြေးလိုက်။ ခေါ်မြူသူက ခေါ်ပြု၊ ပျော်စရာ့ ပျော်စရာကြီး ဖြစ်လေသည်။ လှည်းအနီးအနား ဖြတ်သွားပြန်လည်း နွားများက လန့်ရှာကြ။ မော်တော်ကားပေါ်တွင် လိုက်ပါသွားသူတို့မှာလည်း ဣန္ဒြေရရ နေရမ စည်းစိမ်ရှင်၊ သူဌေးတို့ကဲ့ပင် ဂုဏ်ပြိုင်ချင်သော စိတ်များ ပေါ်ပေါက်၍ လာကြ၏။

သို့နှင့်ပင် အင်းဝသို့ ရောက်ကြလေသတည်း။ ရောက်လျှင် လေးယောက်သား မော်တော်ကား မှယာဖြင့် ပျော်ပါးစွာ မြို့ရိုးကြီးကို ကျော်ကာ တက်ကြ၏။ ရှေးအဆက်ဆက်က ဝေါတို့ ယာဉ်တို့လည်း ရထား မြင်းများ ဆင်များဖြင့် ဝင်ကြ ထွက်ကြလေသည်။ ယခု ငါတို့ကား မော်တော်ကားပျက်ဖြင့် သွက်သွက်ကြီး မြို့အတွင်းသို့ ဝင်ရလေသည် ဟူ၍ ကိုယ်စီ ကိုယ်င သွေးကြီးလျက် နေကြကုန်၏။

မကြာမီ အုတ်ကျောင်းဖြူဖြူကြီးသို့ ရောက်ကြ၏။ အတွင်းသို့ ဝင်ကြည့်ကြ။ ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့၊ အင်မတန်ကျောင်းကြီး ဖြစ်လေသည်။ ပျက်စီး ယိုယွင်းခြင်း မရှိ၊ ပကတိ ခိုင်ခံ့လျက်ပင်။ ကျောင်းထိုင်ဘုန်းကြီးကား ဗလာ။ လင်းနို့ လင်းဝက်တို့၏ ကိန်းအောင်းရာ ဌာနကြီး ဖြစ်လျက်နေပေပြီ။ လင်းနို့ဘို့၏ အနံ့တို့ကြောင့် နံနံစော်စော် ရှိလှ၏။ ကျောင်းအောက် ကျောင်းဖြင် မြဲမြဲစင်အောင် ဝင်လိုဝင်၊ ထွက်လိုထွက်၊ တက်လိုတက်၊ ဆင်းလိုဆင်း၊ ခပ်ပြင်းပြင်းပင် လှမ်းခဲ့ကြလေသည်။

ထို့နောက် အနီးအနားတွင်ရှိသော ရေပ် ကျောင်း ဘုရား တန်ဆောင်းများသို့လည်း လှည့်ပတ် ကြည့်ကြ၊ ဖူးမျှော်ကြနှင့် နေဝင်တော်ပင် အချိန်နှောင်းခဲ့ကြလေသည်။ ချိုကွယ်နေသော ဘုရား





www.burmeseclassic.com

www.burmeseclassic.com



...ထပ်နေသော ဘုရားတို့လည်း မရှား။ ပျက်ပြားနေ...တို့ကလည်း အထွေထွေ။ ရေတွက်၍ပင် မကုန်နိုင်။

ထွက်လာခဲ့ကြပြန်၏။ ယခင်မယ်နု၏ အုတ်ကျောင်းကြီး၏ရှေ့ မနီးမဝေးတွင် ဆရာယုဒသန်ကို အထိမ်းအမှတ်ပြုကာ စိုက်ထူထားသော ကျောက်တိုင်ကြီးကို မြင်၍ ခြံအတွင်းဝင်ကာ ကြည့်ကြသေး၏။ ထိုနေရာကား အင်းဝ လက်မရှိထောင် နေရာတည်း။ မြန်မာနှင့် အင်္ဂလိပ်တို့ ပဌမ စစ်ဖြစ်ကြရာ ဆရာ ယုဒသန် အစရှိသော နိုင်ငံခြားသားတို့အား မသင်္ကာ၍ ထောင်အတွင်း အကျဉ်းထားခြင်း ဖြစ်၏။ ဆရာယုဒသန်မှာ အင်္ဂလိပ် သက္ကရာဇ် ၁၈၂၄-ခုနှစ်မှ ၁၈၂၅-ခုနှစ်ထိ တနှစ်တိုင်တိုင် ထိုထောင်တွင် နေရလေသည်။

ယခုကား ထောင်အဆောက်အဦ အစအနကိုကား မမြင်။ နေရာ မြေပြင်ကိုသာ မြင်ရ၏။ ထိုအခိုက်တွင် ရှေးဟောင်း ဖြစ်ပျက်ပုံအကြောင်း ထောင်အတွင်း အကျဉ်းခံခဲ့ရကြသော သူတို့၏ဒုက္ခအကြောင်းများကို စဉ်းစားမိသဖြင့် တရားရ၏။

မျှော်စင်ကြီးသို့ ထိုနေရာမှ မဝေးတော့ပြီ။ အနည်းငယ်သွားလျှင် ရောက်တော့အံ့။ သို့သော် မှောင်လုပြီ။ လှည်းလမ်းအတိုင်း ထွက်လာရမည် ဖြစ်၍ လမ်းမမြင်က ခက်မည်။ ထို့ကြောင့် ထိုနေရာမှ ခွါခဲ့ကြသတည်း။

လှည်းလမ်းအတိုင်း ထွက်ခဲ့ကြရာ လမ်းထဲတွင် မော်တော်ကား "ပျက်ကျမလား"၊ "ပျက်ကျမလား" ဟု တကြောင့်ကြကြနှင့်ပင် လမ်းမကြီးပေါ်သို့ ရောက်ရ၏။

ထို့နောက် အတန်ကလေးသွားမိပြန်လျှင် ဗားဂရာကျောင်းတိုက်သို့ သွားသော လမ်းခွဲသို့ ရောက်၏။ လမ်းမကြီးမှ မြင်နေရပေပြီ။ ငှက်ကြည့်ချင်သော စိတ်များ ပေါ်ပေါက်လာ၏။ မော်တော်ကား မောင်းသမားအား ဗားဂရာ ကျောင်းတိုက်ရှိရာသို့ အမောင်းခိုင်းကြ၏။ လှည်းလမ်းဖြင့်သွားရ၏။ လမ်းမှာလည်း ချိုင့်ကျင်း ထူထပ်သည်တကြောင်း၊ ဖုံအပေါင်း ထူထပ်သည်က တတန်၊ နဂိုဟန်ကလည်း ခပ်ပျက်ပျက်မို့ တဝက်ခန့် သွားမိလျှင် ကိုယ်တော်မြတ် မော်တော်ကားမှာ မသွားဘဲ ငြင်းဆန်ကာ အတင်းခံနေသတည်း။

မော်တော်ကား မောင်းသမားက အနည်းနည်း အဖုံဖုံ စုံလင်အောင် စမ်းသော်လည်း ဖြန့်တောင်မဖြန့်၊ တန်လုပ်ဖို့ဝေးစွ။ သည်အခါကျမှ အပေါ်က အသီးသီး ဆင်းကြပြီးလျှင် ခဏတဖြုတ် တွန်း၍ ထုတ်ကြရလေသည်။ ဤသို့ မော်တော်ကားယဉ်ပျက ဂုဏ်ခံသည့်အတွက် ဗားဂရာ ကျောင်းတိုက်နှင့် နီးလျက်နှင့် ဝေးခဲ့ရပါကြောင်း။

ဂန္ထလောက ၁၂၉၃-ခု၊ ကဆုန်လ။





www.burmeseclassic.com

www.burmeseclassic.com

# မင်းလတ်

မင်းလတ်ကား မန္တလေးနှင့် ပြည် အပြန်ပြန် အလှန်လှန် သွားနေသော ကူးတို့ သင်္ဘော၏ အမည် ဖြစ်၏။ မင်းလတ် ပြည်မြို့သို့ ရောက်သော အကြိမ်ပေါင်းလည်း များလှလေပြီ။ မန္တလေးမြို့သို့ ပြန်၍ ရောက်သော အကြိမ်ပေါင်းကိုလည်း မရေတွက်နိုင်၊ ယခု မန္တလေးမှ ထွက်၍ လာခဲ့သော အကြိမ်မှာလည်း ထိုမရေတွက်နိုင်သော အကြိမ်ပေါင်း များစွာတွင် တကြိမ်မျှသာ ဖြစ်၏။ ထူးခြားသော အကြိမ် ဟူ၍ကား မဆိုနိုင်။

မန္တလေးမှ နံနက်စောစော ထွက်၍ လာခဲ့၏။ စစ်ကိုင်း၊ အင်းဝ စသော ရှေးအခါက ကျော်စောခဲ့ကြသည့် မြို့တော်ဟောင်းများတွင် ဆိုက်ကပ်၏။ တက်သူတက်၊ ဆင်းသူဆင်း၊ ကူလီတသင်းကလည်း ထွေးပါ၊ ငါ့ငါးပါနှင့် ဆူညံစွာ အော်ဟစ်ကြကုန်၏။

ထိုမှလွန်ပြန်လျှင် ရွာသစ်ကြီး၊ ကျောက်တလုံး၊ ငဆွန်၊ မြင်းမူ စသော ဝါထွက်ရာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ပြန်၏။ အချို့ ကမ်းတွင် သင်္ဘောကပ်၍ ဆိုက်ရန် သမ္ဗန်ကြီးများ ရှိ၏။ အချို့တွင်ကား ကမ်းပါးတွင် ထိုး၍ ဆိုက်ကပ်ရလေသည်။ သင်္ဘောသည် ထို ကမ်းပါး အနီးသို့ ရောက်သည်နှင့် တပြိုင်နက် သင်္ဘောကုလား လေးယောက်သည် အသီးသီး သင်္ဘောပေါ်မှ ခုန်၍ ဆင်းကြပြီးလျှင် ကြိုးကြီး တချောင်းကို ကမ်းခြေသို့ ရေကူးကာ ဆွဲယူကြကုန်၏။ ရောက်လျှင် စိုက်ထားအပ်သော တိုင်တိုတွင် ချည်ကြ၏။ သင်္ဘောမှာလည်း ထိုကြိုးအားဖြင့် ကမ်းပါးသို့ ကပ်၍ သွားရလေသည်။

ကမ်းပါးပေါ်တွင် သင်္ဘောအလာကို အတောင့်သား စောင့်စား၍ နေကြသော လူတို့မှာလည်း ဆူညံလျက်ပင်။ ကူလီတွေက မရှား။





အပျော်အပါး လာရောက် ရှုစားသူတွေကလည်း ရှိ။ အသိ မိတ်ဆွေတို့အား လာရောက်ကာ ပို့ကြသူ ကြိုကြသူတွေကလည်း အများ။ သင်္ဘော ဆိပ်ကမ်းတွင် ကပ်လိုက်သည်နှင့် တပြိုင်နက် တက်မည့်သူတွေကလည်း တိုး၍ တက်ကြ၊ ဆင်းမည့်သူတွေကလည်း တိုး၍ ဆင်းကြ။ ရေထဲကျမှာကိုလည်း စိုးရ၊ ပျော်စရာလည်း မကျတကျ။

ကမ်းခြေတလျှောက်ကို ရှုမျှော်၍ လာပြန်လျှင်လည်း သာယာထင့်တယ် ရှုချင်ဘွယ်ကောင်းလှ၏။ တောင်ထိပ် တောင်ကုန်းကလေးတွေကိုရင်း၊ စိမ်းလန်းလျက်နေသော ယာခင်းများကိုရင်း၊တောင်ထိပ်တွေအပေါ်တွင် ဖြူဖြူဖွေးဖွေး စေတီတော်ကလေးတို့ကိုရင်း၊ ပျက်စီးယိုယွင်း အိုမင်းလျက် နေကြသော စေတီတော်တို့ကိုရင်း၊ သဲအတိပြီး၍ ပျော်ကြီး ပျော်ချင်စဘွယ် ကောင်းလှသော သောင်ပြင်တို့ကိုရင်း၊ တောင်ကမ်းပါး၊ တောင်ပြတ်ကြီးတို့ကိုရင်း တွေ့မြင်ရလျှင် မည်သူစိတ်မချမ်းမြေ့၊ စိတ်မကြည်နူးဘဲ နေနိုင်ပါအံ့နည်း။

မြစ်ကမ်းခြေ တလျှောက်တွင် ရေသောက်ရန် လာကြသော နွားအုပ်ကြီး အပေါ်၌ မင်းလုပ်ကာ နေကြသော နွားကျောင်းသား ကလေးတို့မှာလည်း မိမိတို့အနီးမှ သင်္ဘောဖြတ်သွားသည်ကို မြင်ကြရလျှင် စိတ်ပျော်သလိုလို၊ ဘာလိုလိုဖြစ်၍ ခုန်ပေါက်ကာ ကပြလို ကပြ၊ လက်တွင်ကိုင်၍ ထားသော အဝတ်စ လုံချည်စုတ်တို့ကို လှုပ်ပြလိုလှုပ်ပြ၊ အော်ပြီး နှုတ်ဆက်လိုနှုတ်ဆက်၊ ပျော်စဘွယ်ပါ။ ထိုနွားကျောင်းသားတို့၏ စိတ်တွင်ကား မိမိတို့ အနားမှ ဖြတ်၍သွားသော သင်္ဘောမှာ ဘယ်နေရာကလာ၍ ဘယ်နေရာသို့ သွားသည်ကိုမသိ၊ မန္တလေးနှင့်ပြည်သို့ သွားသော ကူးတို့သင်္ဘောဟူ၍ကား သိချင်သိပေလိမ့်မည်။ သို့ရာတွင် ထိုမန္တလေး၊ ပြည်မြို့တို့သည် မိမိတို့နှင့် မည်မျှကွာဝေးသည်ကိုရင်း၊ ထိုမြို့တို့သည် မည်မျှကြီးကျယ်ကြသည်ကိုရင်း၊ မိုးရထား မော်တော်ကားတို့ ပြည့်နှက်လျက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုဂရုစိုက်၍ အနည်းငယ်မျှ သိရှာကြမည်မဟုတ်၊ သိလည်းမသိလို။ မိမိ၏နွားအုပ်တွင် မင်းလုပ်၍ နေသည်ကိုပင် ကျေနပ်လှလေပြီ။သွေးတကြီးကြီးနှင့် အနည်းနည်း အဖုံဖုံဂုဏ်လုပ်၍ နေကြလေတော့သည်။

ထိုနွားကျောင်းသားတို့အပြင်၊ ကမ်းပါးအနီး တောင်ထိပ်များပေါ်တွင် ကျောင်းကလေး တကျောင်းတလေကို တွေ့မြင်ရပေ၏။ ထိုကျောင်းများ အနီးအနားတွင် ရွာလည်းမရှိ၊ လူသူ မနီးသော တောင်ထိပ်ပေါ်၌ တကိုယ်တည်း တရားအားထုတ်ရန် ထွက်၍လာကြသော ရဟန်း၊ ရသေ့၊ သူတော်ကောင်းများဖြစ်တန်ရာ၏။ ရေအတွက်ကား ဧရာဝတီ မြစ်ကြီးကိုပင် အမှီပြု၏။ အားထား၏။

ထိုကျောင်းကလေး အသီးသီးတို့တွင် သီတင်း သုံးနေတော်မူကြသော သူတော်သူမြတ်တို့ကား ထိုကူးတို့ သင်္ဘောပေါ်တွင် ပါ၍ လာကြသော သူတို့မှာ မည်သူမျှား ဖြစ်ပါလိမ့်မည်ကိုလည်း ဂရုမစိုက်။ မည်သို့သွားကြသည်ကိုလည်း အမှုမထား။ ဤသင်္ဘော သွားသောအချိန်ကား မည်သည့်အချိန်ပေတည်း စသည်ဖြင့်သာ အမှတ် ထားပေလိမ့်မည်။ ဤသင်္ဘော ဧရာဝတီမြစ်ကြော စုန်သွားတိုင်း တရက်၊ တရက် ကုန်လွန်၍ သွားပေပြီ။ ထိုရက်တို့ကား ပြန်၍ မလာ။ လူတို့၏ အသက်သာလျှင် သေရက်သို့ နီးလေပြီတကား။ မည်သည့်အရာမှ မမြဲပါတကား၊ အနိစ္စပါတကား စသည်ဖြင့် တရားတော်ကို နှလုံးသွင်းကာ ကျန်ရစ်နေရှာကြကုန်၏။

"မင်းလတ်"လည်း စုန်မြဲတိုင်း စုန်၍လာခဲ့၏။ မြင်းခြံသို့ မိုးချုပ်မှ ရောက်လေသည်။ မြင်းခြံ၌ တညအမောဖြေ၏။ ခရီးဆက်လက်၍ သွားမည့် သူတို့အနက်လည်း မြို့ပေါ်သို့ တက်၍ လည်လိုလည်၊ မြင်းခြံရှိ အသိမိတ်ဆွေတို့ကလည်း ဆင်းလာပြီးလျှင် နှုတ်ခွန်းဆက်ကြသည်လည်း မရှား။ ညဉ့်နက်လျှင် အိပ်ကြပြန်၏။

နံနက်မိုးမလင်းမီ မြင်းခြံမှထွက်၍ လာခဲ့ပြန်၏။ နေ့ခင်းတွင် ညောင်ဦးသို့ ရောက်၏။ ညောင်ဦး ရောက်သည်မှ ပုဂံလွန်သည်တိုင်အောင် မိုင်ပေါင်း လေးငါးမိုင်ခန့်ရှိ၏။ သင်္ဘောပေါ်မှနေ၍ ဖူးရသော စေတီတော် ပုထိုးတော်တို့ကား မရေတွက်နိုင်ပြီ။ ဖရိုဖရဲ ပြိုလဲ့ ပျက်စီး နေကြသည်လည်း ရှိ၏။ အစိုးရ ကျောက်စာဌာနမှ ပြုပြင်ထားသည်တို့လည်း မရှား။

အနော်ရထာ၊ ကျန်စစ်သားတို့ တည်ထားခဲ့သော ရွှေစည်းခုံစေတီတော်မြတ်မှစ၍ များလှစွာသော စေတီပုထိုးတော်တို့ကို ဖူးမျှော်၍မကုန်နိုင်၊ အရှုံးပေးရ၏။ သည်မှာကား အာနန္ဒာ၊ ထိုမှာကား ဓမ္မရံကြီး၊ ထိုအနီးကား သဗ္ဗညု၊ ထိုရှေ့ကား စူဠာမဏိ၊ ထိုကျွေတွင်ကား လောကနန္ဒာ၊ ထိုထိုသော ဘုရားတို့ကား မမွှရံကြီး၊ မြရာဇီကာ ဒင်္လာစေတီအစရှိသဖြင့် များလှထွေထွေ ရေတွက်၍ပင်မကုန်နိုင်။

ထိုထိုတဝိုက်တွင် ထီးကြီး၊ နန်းကြီး၊ မြို့ကြီး၊ ပြကြီးတို့ ထွန်းထားခဲ့ပေပြီ။ ကာလကြာလျှင် ထိုထိုတဝိုက်မှာပင် ထိုထီးကြီး၊ နန်းကြီး၊ မြို့ကြီး၊ ပြကြီးတို့ ပျက်စီးယိုယွင်းခဲ့ကြပေပြီ။

ထိုပုဂံ ကမ်းပေါ်တွင် မားမား စွင့်စွင့် မြင့်မြင့် စောက်စောက် ကျောက် အုတ်တို့ဖြင့် ပြီးသော စေတီ ပုထိုးတို့ကား ကူးတို့သင်္ဘောကလေး ဖြတ်၍ သွားသည်ကို အမှုမထား၊ ဣန္ဒြေသိက္ခာတော် ကြီးမားစွာနှင့် တည်နေတော်မူကြကုန်၏။ ထိုစေတီ ပုထိုးတော်ကြီး တို့ကား ပုဂံပြည်ကြီး စည်ကားကြီးကျယ် သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ ထို့နောက် တရုပ်ပြေးမင်း လက်ထက် တရုပ် စစ်တပ်ကြီးချီတက် လာသည်ကိုလည်း ကြုံတော်မူခဲ့ ကြပေပြီ။ ထိုတရုပ်စစ်ကိုခံ ကာကွယ်ရန် မိမိတို့နှင့် အတူ တည်ထားခဲ့သော စေတီ ပုထိုးတော်တို့ကို ဖျက်ဆီး၍ မြို့ရိုးခံတပ်ကြီး တည်လုပ်သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ မိမိနှင့် ဖွားဖက် ဖြစ်ကြကုန်သော စေတီ ပုထိုးတော်များ မိုးလေဝဿအတွက် ပျက်စီးကုန်ကြသည်ကိုလည်း ကြုံ





www.burmeseclassic.com

 www.burmeseclassic.com 

တော်မူခဲ့ကြပေပြီ။ မိမိတို့သာလျှင် ကျန်ရစ်တော့၏။ မိမိတို့ ကိုယ်တိုင်လည်း အမြဲတည်မည် မဟုတ်၊ တနေ့နေ့၌ အမှန် ပျက်စီးရပေဦးမည်။ မိမိတို့သာ မဟုတ်၊ လောကတွင် မြင်မြင်သမျှ လူသူ သတ္တဝါ အရာဝတ္ထုတို့လည်း ပျက်စီးကြရမည်သာဘည်း ဟူ၍ မဆိုကြသော်လည်း ဆိုတော်မူကြဘိသို့ မတုန်မလှုပ် ကျန်ရစ် ရှာတော်မူကြကုန်၏။

သင်္ဘောလည်း တနေ့ပတ်လုံး စုန်မြဲဘိုင်း စုန်၍ လာခဲ့၏။ နေမင်းလည်း ညနေ ခြောက်နာရီ အချိန် ရောက်လျှင် နီသော အရောင်တို့ကိုလွှတ်၏။ ထိုနီသောအရောင်တို့ကား ရောဝတီမြစ်ကြောပေါ်သို့ ကျလျှင် မြစ်တမြစ်လုံး နီနီရဲရဲကြီးနေပေ၏။ စိတ် ကြည်နူးဘွယ် ကောင်းလှပေ၏။ အတန် ကြာလျှင် နေမင်းသည် အနောက်ရိုးမ တောင်အကြားသို့ ဝင်၍ သွား၏။ အလင်းရောင်လည်း ပျောက်၍ သွား၏။ ရောဝတီ မြစ်ကြီးလည်း နီရာမှဝါ၊ ဝါရာမှ ခရမ်းရောင်၊ ခရမ်းရောင်မှအပြာ၊ အပြာမှ အနက်ရောင်သို့ ကူးပြောင်း၍ သွားတော့သတည်း။ သင်္ဘော၌ မီးထွန်းကြရ၏။

အတန်ကြာလျှင် ခပ်လှမ်းလှမ်းမှ ထိန်ထိန် လင်းလင်း ဝင်းဝင်း ပြောင်ပြောင် ခတ်မီးရောင် တို့ကို မြင်ရလေသည်။ အံ့သြကာလှမ်း၍ ကြည့်ကြ၏။ တယောက်ကို တယောက် မေးမြန်းကြကုန်၏။ ထို တဝင်းဝင်း တပြောင်ပြောင်နှင့် နေသော ဌာနရာကား ရေနံချောင်း မြို့ပေတည်း။ အဝေးက မြင်ရလျှင် သာက သာယာပါဘိ၊ ရှုချင်ဘွယ် ကောင်းလှပေ၏။

မကြာမီ ရေနံချောင်း ဆိပ်ကမ်း၌ သင်္ဘောဆိုက်၏။ အချိန်မရှိတော့သဖြင့် ထိုနေရာမှာပင် တညစခန်း ချရပြန်၏။ မြင်းခြံမှာ တုန်းကကဲ့သို့ပင် ဆင်းသူက ဆင်း၊ တက်သူက တက်၊ နှုတ်ဆက်ရန် လာသူတွေကလည်း မရှား၊ နံနက်စောစော ရေနံချောင်းမှ ထွက်လာ



ပြီးလျှင် မကွေး၊ မင်းဘူး အစရှိသော ဆိပ်ကမ်းတို့တွင် အစဉ်အတိုင်း ဆိုက်ကပ်၍ လာခဲ့၏။

သင်္ဘောအတွင်း၌ ပါလာသူတို့ကား မိမိတို့ ရောက်လိုရာ အရပ်၊ မိမိတို့ ကိစ္စ အမျိုးမျိုး၊ ဆွေမျိုး အပေါင်းတို့၏ အကြောင်းများကို သာ ပြောဆို၍ လာကြကုန်၏။ စိတ်ကူး၍ လာကြကုန်၏။

အချို့မှာ အိပ်လျက်၊ အချို့ကား သားကလေး သမီးကလေးတို့ကို ချော့နေ၊ ထမင်းဆိုင်တွင် ထမင်းဝယ်၍ စားလာသူ လေးယောက်မှာ တိုင်းရေး ပြည်ရေး ဆန်ရေး စပါးရေးတို့ကို ပြောကြား ဆွေးနွေး၍ လာကြကုန်၏။ ထိုသူတို့ အနား ပက်လက် ကုလားထိုင်ပေါ်တွင် ဖိုး သင်္ကန်းဖြင့် ဦးခေါင်းတော်ကို အုပ်ကာ ကျိန်းနေရှာသော ဦးပဉ္စင်း ကား အိပ်ပင် ပျော်နေသလော၊ ထိုလူလေးယောက်၏ တိုင်းရေး ပြည်ရေး အကြောင်းကိုပင် နားထောင်ကာ ထောင်နေပါသလော။

ထိုပိုးသင်္ကန်း ကိုယ်တော်၏အနီး ကော်ဇောပေါ်၌ သီတင်းသုံး လာတော်မူသော ကိုယ်တော် ဦးပဉ္စင်းကလေးကား ဒဂုန် မဂ္ဂဇင်းတွင် ပါသော ဝတ္ထုတပုဒ်ကို မြိန်ရှက်စွာဖတ်၍နေရှာတော်မူပေ၏။ ထိုကိုယ်တော် နှစ်ပါးတို့၏ အနားတွင်ကား အဖိုးကြီး နှစ်ယောက် ဓားပြမှု အကြောင်း ပြောကြား၍ နေကြလေသည်။ သူတို့ နှစ်ယောက်နှင့် ထပ်နေသော လူခပ်လတ်လတ် ခပ်ဝဝမှာကား မည်သူကိုမျှ ဂ ဆိုက်၊ မည်သူ့စကားကိုမျှ အရေးမလုပ်၊ စာရင်းစာအုပ်တအုပ် အထဲတွင် ရေးသားထားသော စာရင်းများကိုသာလျှင် ရှင်းလင်း၍ နေ၏။

ထိုလူ၏ နောက်ဖက်တွင် အလွန်တရာမှ ညစ်ထေးလှစွာသော လင်မယား နှစ်ယောက်သည်ကား၊ ဖက်ပြုလိပ် တလိပ်စီ ဖွာကာ စကားမပြော၊ ဆေးလိပ်၏ အရသာကို ခံနေရှာကြကုန်၏။ အနား တွင်ကား သုံးလေးနှစ်၊ လေးငါးနှစ်အရွယ် သားကလေး သမီးကလေး

www.burmeseclassic.com

သုံးယောက်မှာ ထမင်းအိုး တလုံးမှ ထမင်းကျန်များကို လုယက်ကာ စားသောက်နေကြကုန်၏။ သူတို့ ရွှေနား အဝတ်သစ် အစားသစ်နှင့် သင်ပြူးပေါ်တွင် ထိုင်နေသူကား သူ့ရိယ သတင်းစာကို ခပ်ကျယ်ကျယ်ကြီး ဖတ်လျက်နေလေသတည်း။

နေဝင်၍ အလင်းရောင် ပျောက်လျှင် "မင်းလတ်" လည်း ပြည်မြို့ ဆိပ်ကမ်း၌ ကပ်လေ၏။ လိုက်ပါလာသူတို့လည်း တယောက်မျှမကျန် ဆူညံစွာ သူ့ထက်ငါ ဆင်းတဲ့၍ သွားကြကုန်၏။ အတန်ကြာလျှင် သင်္ဘောမှာ ဆိတ်ငြိမ်၍ နေတော့သတည်း။

ဂန္ထလောက ၁၂၉၃-ခု၊ သီတင်းကျွတ်လ။



# ဗေဒါ

မောင်လူအေးသည် စိတ်အေး လက်အေးနှင့် နေထိုင်လိုသော ထည်း အစိုးရဖက် ဝင်မိလျက်သား ဖြစ်သောကြောင့် မောင်လူပူ ဖြစ်လျက် နေတော့၏။ မောင်လူအေး အလုပ်ဝင်၍ မျှားမကြာမီပင် စပါးဈေးတော့ကျ၊ သာယာဝတီတွင် သူပုန်တွေက ထ၊ အမြို့မြို့ အနယ်နယ်တွင် လူဆိုးတွေက ကြွနှင့် အလွန်ထူးသောခေတ်ကြီးနှင့် ကြုံကြိုက်လျက် ရှိပေ၏။

မိမိ အုပ်ထိန်းရသော နယ်ကား အခွန်တော် တောင်းရ ခက်သောထည်း တိုင်းရေး ပြည်ရေး အတွက် မျှားစွာ မပူရ။ ဘေးပတ်လည် နယ်များက ဆူပူကြသောကြောင့် မောင်လူအေးတို့လည်း ထိတ်ထိတ်နှင့်ဝင် နေကြရ၏။

အရေးပိုင်မင်းက အမိန့်ပေးသောကြောင့် မောင်လူအေးမှာ နယ်စမ်းသို့ ပြေးခဲ့ရ၏။ အစိုးရသင်္ဘောပေါ်တွင် မိမိစာရေးနှင့် အစေခံများအပြင် အခြား သင်္ဘောသားတို့သာ ပါ၏။ မိမိ ပိုင်နယ်ဖြစ်သော ရွာစဉ်လျှောက်၍ သတင်းကို ထောက်၏။ အခွန်တော်ကို ကောက်၏။ ထင်းတင်း ပျော့ပျော့၊ ချော့တန်ချော့၊ ချောက်တန် ချောက်၊ ဆူတန် ဆူ၊ ပူတန် ပူ လုပ်၍ လာခဲ့၏။ ၁၀၉၊ ၁၁၀-လုပ်ရန် စစ်ဆေးသည့် ရွာ၌လည်း စစ်ဆေး၏။

ဤသို့ လာခဲ့ရာ မိမိ၏ နယ်အဆုံး အစုကလေး ဆိုသော ရွာသို့ နေဝင်ချိန်၌ ဆိုက်ရောက်၍ လာ၏။ ရွာနှင့် သင်္ဘော ဆိုက်ရာကား တော်တော် လှမ်းသေး၏။ ရွာရောက်အောင် အစိုးရသင်္ဘောမဝင်နိုင်။ မော်တော် သင်္ဘောကလေးသာ ဝင်နိုင်၏။

ဝန်ထောက်မင်း လာသည် ကြားသောကြောင့် ရွာသူကြီး မောင်

www.burmeseclassic.com

www.burmeseclassic.com

စစ်ဆိုက်သည့် ရွာမှ မော်တော် သင်္ဘောကလေးနှင့် ထွက်၍ လာလေသည်။ မောင်လူအေးအား မိမိအိမ်သို့ လာရန် တောင်းပန်ရွာ၏။ မောင်လူအေးလည်း ထမင်း စားသောက်ပြီးလျှင် မိမိ စာရေးကိုပါ ခေါ်ကာ အစုကလေး ရွာသို့ သူကြီးနှင့်အတူ လိုက်ပါသွား၏။

တပေါင်း လပြည့်နေ့ ဖြစ်သောကြောင့် လမင်းက သာပါပေ၏။ ချောင်းတချောင်းလုံး ဖွေးနေလေသည်။ ကွင်းများကား နီကြန့်ကြန့် နေ၏။ လေပြေကလေးက တိုက်ခတ် နေသောကြောင့် ခပ်အေးအေး အထူးသဖြင့် မောင်လူအေးမှာ ဘောင်းဘီ တိုတို ကလေးကို ဝတ်ထား သောကြောင့် ဒူးနှစ်လုံးလုံးမှာ ပိုမို၍ အေးရှာ ကြပေသည်။ မခံနိုင် အောင်လည်း မအေး၊ မအေးဘဲလည်း မဟုတ်၊ မခံချိ မခံသာ နေ၏။

အတန်ကြာလျှင် အစုကလေး ရွာသို့ ရောက်လေသည်။ ဘုရားပွဲ ကျင်းပနေရာမှ ဆိုင်းသံ ကြားရ၏။ ဆိုင်းသံ၏ သာယာခြင်းကို နား မထောင်နိုင်၊ တိုင်းရေးပြည်ရေးအကြောင်းကို သူကြီးနှင့်ဆွေးနွေး၏။ ရွာ စာရင်း စာအုပ်များကို ကြည့်ရှု စစ်ဆေး၏။ လူဆိုး လူမိုက်များ အကြောင်းကို မေးမြန်း၏။ လူခွန်တော် အကြောင်းကို စုံစမ်း၏။

ဆိုင်းတီးသော အသံကိုလည်း တရံမစဲ ကြားမြဲတိုင်း ကြားနေ ရလေသည်။ ဘုရားပွဲ လာသူတို့ကား ပျော်ပါးကြမည် မုချ။ သူကြီး၊ စာရေး၊ ဝန်ထောက်တို့ကား ခေါင်းချင်းဆိုင်ကာ ဆွေးနွေး၍ နေကြ ရကုန်၏။ ဘယ်ဆိုင်းသံကိုမျှ နားမထောင်နိုင်။ ဘယ်ဘုရားပွဲကိုမျှလည်း ဂရုမစိုက်။ လပြည့်နေ့ ဟူ၍ သတိမရ။ မိမိ၏ အလုပ်ဖြင့်သာလျှင် ရှုပ်ထွေး၍ နေကြလေတော့သတည်း။

မကြာမီ မော်တော် သင်္ဘောကလေးနှင့်ပင် ထွက်၍ လာကြပြန် ၏။ သင်္ဘောကြီး ဆိုက်ထားရာ ချောင်းဝသို့ ရောက်လျှင် သူကြီးအား နှုတ်ဆက်၍ မိမိ၏ အခန်းထဲသို့ ဝင်၏။ စားပွဲပေါ်တွင် တင်ထားသော နာရီကို ကြည့်လိုက်ရာ သန်းခေါင် ကျော်နေပြီ ဖြစ်ကြောင်းကို သိ ရှိ၏။

အခွန်တော် အတွက်၊ တိုင်းရေး ပြည်ရေး အတွက်၊ တနေ့လုံး ကြိုး စား၍ လာရသောကြောင့် မောပန်းလှသဖြင့် ကုလားထိုင်ပေါ်တွင် အောမောနှင့် ပစ်၍ ထိုင်လိုက်လေ၏။ စားပွဲပေါ်သို့ ခြေနှစ်ချောင်း လုံး လွှဲ၍ တင်ကာ ဆောင်ရွက်ရန် ကိစ္စများကို စဉ်းစား၏။ အနား တွင် ရှိသော စီးကရက်ဗူးမှ စီးကရက်တလိပ်ကို မီးညှိကာ ဖွာ၏။ ထို အခန်းထဲမှာ ဖြစ်သောကြောင့် ကိစ္စမရှိ၊ ရန်ကုန်လမ်းတွင် ဤသို့ စီးကရက်သောက်မှုကား လောကလေး၏ ဘေးမှ ကင်းပမလား။ လူငယ်များ အသင်း တောင်းပန်ရေး အဖွဲ့နှင့် တွေ့လေမလားဟု တွေး တောဖြင့် ပြုံး၏။

မနက်ဖြန် စောစောတွင်လည်း အခွန်ကိစ္စတွေနှင့် သွားရပေဦး မည်။ ယခုလည်း သန်းကောင်ကျော်နေပြီ။ အိပ်လေဦးမှဘဲ။ ဘောင်း ဘီကိုချွတ်၊ လုံချည်ကို ဝတ်၊ အိပ်ရာသို့ ကပ်၏။ အိပ်ရာဘေးတည့်တည့် တွင် ပိုးရောင် ဝင်နေသောကြောင့် လင်းလျက် နေ၏။ စုံစမ်းသော အခါ ထိုနေရာ ပြတင်းပေါက်မှာ မှန်တပ်ထားသောကြောင့် ဖြစ်လေ သည်။ အခြားပြတင်းပေါက်တို့ကဲ့သို့ သစ်သား ပြတင်းမဟုတ်။ အိပ်ရာ ပေါ်တွင် လှဲ၍ အိပ်လိုက်မည် ဆိုလျှင် မိမိနှင့် ကပ်လျက် နေ၏။ ထို ပြတင်းပေါက်မှ လက်လှမ်း လိုက်မည် ဆိုလျှင်လည်း မိမိအား မှီလျက် နေလေသည်။

ညနေက သူကြီး ပြောထားသော စကား များကို တွေးမိ၏။ သင်္ဘောဆိုက်ထားရာနှင့် မနီး မဝေး အခြား ဖက်ကမ်းတွင် လူဆိုး ဆယ်ယောက်ခန့်တဲကလေးများနှင့်နေထိုင်ကြကြောင်းကို သတိရ၏။ ထိုမှန်ပြတင်းမှ ထိုတဲကလေးများ ရှိရာသို့ လှမ်း၍ ကြည့်၏။ ထိုတဲ ကလေးများကို မြင်ရလေသည်။ ကြည့်၍ဘဲကောင်းသေးတော့။ လူဆိုး

www.burmeseclassic.com

 

www.burmeseclassic.com

ဆို၍လည်း မကြားရ။ တရွာလုံး တိတ်၍ နေလေပြီ။ ထိုတဲကလေးများမှလည်း ဘာသံမျှ မကြားရ။ ရွာအစွန်းမှ ခွေးဟောင်သံကိုသာလျှင် တခါတခါ ကြားရလေသည်။

မိမိ သေနတ်ကို ရှာ၏။ မတွေ့။ အိမ်တွင် မေ့နေခဲ့လေသည်။ မိမိအစေခံလည်း အိပ်နေပေပြီ။ အခြားဖက်မှလည်း မိမိစာရေးနှင့်သဘော်သားတို့၏ အသံကို မကြားရ။ စိတ်အိုက်လျက် နေ၏။ ထိုတဲကလေးများကိုသာလျှင် စိုက်၍ ကြည့်နေပေ၏။ ထိုလူဆိုးများ မိမိရောက်ကြောင်းကို သိမည်ကား မလွဲ။ မိမိကို ကြောက်၍ ပြေးကြကုန်မည် ဖြစ်လေသည်။ ပြေးကြကုန်လျှင် တော်ပေ၏။ မပြေးဘဲ မိမိထံသို့ လူစု လူဝေးနှင့် လာက မခက်ပေလော။ ခုခံစရာ သေနတ်လည်း အိမ်၌ ကျန်နေခဲ့ လေပြီ။

ဟာ ကိစ္စ မရှိ။ သေတန္နေ့ မွေးတန္နေ့။ မင်းဖြစ်နေမှ လူဆိုးကြောက်စရာမရှိ။ မိမိ စိတ်ကို ရဲဆေးတင်၏။ ဂုဏ်တော်ကို ရွတ်၏။ အဋ္ဌရာယ်ကင်း ဂါထာကို ရွတ်၏။ ရုပ်အင်္ကျီလက်တိုကိုမကာ အပြန်ပြန်အလှန်လှန် အခန်းတွင်း၌လျှောက်၏။ အတန်ကြာလျှင် အိုက်စ ပြု၍လာ၏။ ချွေးတွေ တကိုယ်လုံး ရွဲ၍ နေလေပြီ။

လေအေး ကလေးကို ခံလိုသောကြောင့် အခန်းတံခါးကို ဖွင့်ပြီးလျှင် သဘော်ဦး၌ ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်၏။ ဆေးလိပ်ကို ညှိ၍ သောက်၏။ လမင်းကို မော်၍လည်း ကြည့်၏။ ကြည်လင်စွာ သာလျက်နေတော့သတည်း။ ခုနစ်စဥ်ကြယ်ကို ရှာ၏။ တွေ့၏။ အမြီးပင် ကောက်နေလေပြီ။ ဖျောက်ဆိပ်၊ မောင်ရှင်ဆိုင်းထမ်း စသော ကြယ်များကို ရှာပြန်၏။ တွေ့ပြန်၏။

ကမ်းခြေ တလျှောက်တွင် ပေါက်နေသော သစ်ပင်တွေကို မျှော်၍ ကြည့်၏။ လေညင်းတွင် သာယာစွာ လှုပ်ရှား၍ နေကြလေသည်။ ရွာဖက်သို့ မျှော်၍ ကြည့်ပြန်၏။ တိတ်ဆိတ်လျက်ပင်၊ အခြား ဖက်





ထမ်းသို့ မျှော်၍ ကြည့်ပြန်ရာ ယခင် လူဆိုးတို့၏ တဲကလေး များကို မြင်ရပြန်၏။ အသာ အခြားဖက်သို့ လှည့်လိုက်လေသည်။ စိတ်မရဲ၍ ထင့်။ ထိုတဲများမှ ဘာသံမျှ မကြား။ မီးလည်း မရှိ၊ အိပ်နေကြပလား။ ပြေးကုန်ကြပလား။ ဆွေးနွေး တိုင်ပင် နေကြသလား မည်သူသိနိုင်အံ့နည်း။

ရေတက် နေသည်မှာ တော်တော်ကြာပြီ ဖြစ်သောကြောင့် မြစ်ထမြှင်လုံး ပြည့်လျက် နေ၏။ ထိုင်နေရာနှင့် ရေ၏ မျက်နှာပြင်ကား နှစ်ပေခန့်သာ ဝေး၏။ လရောင်တွင် ဖြူဖြူ ဖွေးဖွေး နေလေသည်။ ထကကလေးများထနေသည်မှာတဖျတ်ဖျတ်နှင့်ကြည့်၍ဘဲ ကောင်းသေးတော့၏။

ဤသို့ ရေပြင်ကို ငေး၍ ကြည့်နေခိုက် ဘေဒါပင် ကလေးတို့သည် လေညင်းတွင် ရွက်တိုက်ကာ တက်၍လာကြကုန်၏။ ထိုဘေဒါပင်၏ ထောင်နေသော အမွှက်ကလေး တို့သည် ရွက်များနှင့် တူလှပေ၏။ လေတိုက်ရာတွင် ပါ၍ ပါ၍ လိုက်လာ ကြကုန်၏။ အချို့မှာ တပင်ချင်း ထက်လာ ကြလေ၏။ အချို့ကား တသိုက်တပုံကြီး စုရုံး၍ လာကြလေသည်။ အချို့သည် အလယ်ခေါင်တွင် ခပ်မားမား၊ ဘေးကအပင်ကလေးများက ခြံရံ၍လိုက်လာကြကုန်၏။ ဘေဒါဘုရင်မင်းမြတ်အား ခစား၍ လိုက်လာသော ဘေဒါမှူးမတ်များ ပေတည်း။ ယင်းတို့၏ အကြားတွင် အပွင့်နှင့်ဘေဒါတို့လည်း ကွက်ကျားကွက်ကျားတွင်ပါ၍ လာကြလေသည်။ ပြာသာဒ်ကလေးများနှင့် တူလှ၏။ လသာသာတွင် အထူးသဖြင့် ကြည့်၍ ကောင်းလေသည်။ အပြာရောင် ဘေဒါပန်းကိုလည်း အဖြူရောင်က အုပ်လိုက်သောအခါ ကြည့်ရှုသူ၏ စိတ်ကို ကြည်နူးစေ၏။

ထိုဘေဒါတို့ကား မိမိတို့ ဘာသာအလိုက် ပျော်ပါးစွာ လှည့်လည်ကျက်စား၍ နေကြကုန်၏။ ရေတက်လျှင်ရေတက်နှင့် လိုက်ပါ၍ လာ



www.burmeseclassic.com

www.burmeseclassic.com

ကြကုန်၏။ ရေကျလျှင် ရေကျနှင့် အတူ ဆင်း၍ ပါလာ ကြပြန်၏။ ကုန်းပေါ်တွင် တင်နေပြန်လျှင်လည်း ကုန်းပေါ်မှာပင် ကြီးပွားလျက် နေကြ၏။ စုန်ချည် ဆန်ချည် အပြန်ပြန် နေထိုင် ကျက်စား ကြလေသည်။

ရောက်လိုရာရောက်၊ ဘာကိုမျှ မကြောက်သော အပင်မျိုးပေတည်း။ မည်သူ့ အားမျှ မရှုံး။ လေ၊ သဘော်၊ လူ၊ မည်သူမျှ မနိုင်။ တပင်ကို ဖျက်ဆီးလျှင် နှစ်ပင် ပေါက်၍ လာ၏။ နှစ်ပင်ကို ဖျက်ဆီးလျှင် လေးပင်၊ လေးပင်မှ ရှစ်ပင်၊ ကြာလျှင် ဖျက်ဆီးသူတို့ လက်လျှော့ကြကုန်၏။ ထိုသို့ လက်လျှော့လိုက်လျှင် ထင်တိုင်းသွား ထင်တိုင်းလာ ပျော်ပါးလိုက်သည့် ဖြစ်ခြင်း။ လောကတွင် လူတို့ မနိုင်သော အရာများတွင် ဗေဒါလည်း တပါး အပါအဝင် ဖြစ်လေသည်။

ဤသို့အတည်မကျ ရောက်လေရာတွင်ပျော်ကြသောဗေဒါပင်တို့ အဆက်မပြတ် မျော၍ လိုက်လာကြသည်ကို မြင်လျှင် အားကျမိ၏။ ထိုဗေဒါတို့ကား လွတ်လပ်ကြပေ၏။ မိမိမှာကား ထိုကဲ့သို့ သွားချင်ရာသွား လာချင်ရာ မလာနိုင်။ မိမိနယ်အတွင်း ကွက်ကွက် ကလေးမှာသာ နေရ၏။

အတန်ကြာလျှင် အနီးနားရှိ ဆန်စက်မှ နာရီပြန် နှစ်ချက် ထိုးသံကို ကြားမှ အိပ်ရမည်ကို သတိရလေသည်။ တခါတခါ သမ်းစပြုလာ၏။ ကောင်းကင်သို့ မော်၍ ကြည့်လိုက်ရာ လမင်းမှာ သာမြဲတိုင်းပင်။ ပတ်ဝန်းကျင်တွင်လည်း တိတ်ဆိတ်။ လူဆိုး တို့ကိုလည်း သတိ မရပြီ။ အခန်းတွင်းသို့ ဝင်၍ အိပ်ရာ နံနက် အစောခ နိုးမှ နိုးတော့၏။

ဂန္ထလောက ၁၂၉၃-ခု၊ ပြာသိုလ၊



# တရာ့တဆယ်

နယ်ပိုင်ဝန်ထောက်မင်း၏ သဘော် ကျွဲခြံရွာ၌ ဆိုက်ကပ်လေသည်။ ကျွဲခြံ တရွာလုံး ကျက်ကျက်စီစီဖြစ်သွား၏။ အဘယ်ကြောင့် နယ်ပိုင် ဝန်ထောက်မင်း ပေါက်လာသနည်း။ အခွန်တော် ကောက်ချိန်လည်း မဟုတ်။ အမှုအခင်း စစ်ဆေးရန် အကြောင်းလည်း မရှိ။ ဘာသံမျှလည်း မကြားရ။ ရွာသူကြီး အကြောင်း ဘယ်ရောက်လောင်းကမျှ လျှောက်ထား ပြန်သလဲမသိ။

ရွာတွင်းရှိ ကလေး အပေါင်းတို့မှာလည်း နှစ်ထောင်းအားရ ဝမ်းမြောက်လျက် ရှိနေကြကုန်၏။ ကမ်းဘေးသို့ ပြေးဆင်းပြီးလျှင် သဘော် ဆိုက်သည်ကို ဝိုင်းအုံကာ ကြည့်နေကြလေသည်။ ဝမ်းမြောက် ဝမ်းသာ ရယ်မောကာ အချင်းချင်း စကားပြောနေကြ၏။ ထိုတိုက်ကောင်းသောကြောင့်သာ အစိုးရမင်း မိမိတို့ရွာသို့ ရောက်ရှိလာပေသည်။ ခါတိုင်းကား မိမိတို့ ရွာကို ဖြတ်ကျော်၍ သွားသည်သာ များလေသည်။ သည်တခါမှ ဝင်လေတော့၏။ တယ်ကောင်းပါလား။ ယနေ့ကား မိမိတို့ရွာအတွက် ထူးခြားသော နေ့ကြီးဖြစ်ပေသည်။ အစိုးရဆိုသည်မှာ အဘယ်သို့ နေသနည်း။ အယင်မနှစ်က လာသော အစိုးရဘဲလား။ ကြည့်ချင်စမ်းပါဘိ။ အယင် အစိုးရ ထို ရွာပေါ် မတက်ဘဲ ပြန်သွားမလား။ သည်လိုဖြင့် အလကားဘဲ-သည်ဖြင့် တွေးတောကာ ဝမ်းအမြောက်ကြီး မြောက်လျက်နေကြကုန်၏။

ဘိန်းစားမောင်ကြီးကား သဘော်၏ ဥဩသံကို ကြားကတည်းက မယောင်မလည်နှင့် ရွာနောက်ဖေး တောထဲသို့ ရှောင်တိမ်း၍ သွားလေပြီ။ အခြားအကြောင်းနှင့် လာလျှင် တော်လေရဲ့။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝ များ လုပ်မှဖြင့် မတော်တဆ ငါပါ ပါနေမည်ဟု တွေးတော ကာ ရှောင်သွားခြင်းပင်တည်း။ လူဆိုး မောင်ဘိုးမှန်နှင့် မောင်ပန်း လှိုင်တို့ကား ထမင်းစားနေခိုက် ဖြစ်လေသည်။မိမိတို့၏မိတ်ဆွေ ဘိန်း ပန်းစား စာဖြူက ပြေးလာပြီးလျှင် နယ်ပိုင်သဘော် ရွာတွင် ဆိုက် ကပ်ကြောင်းကို ပြော၏။ သုံးယောက်သား ပျာရိပျာရာနှင့်ရွာတောင် ဖက်သို့ ထွက်၍ သွားကြကုန်၏။ မြင်သူတို့လည်း ပြုံးကြ၏။ ထိုသူ တို့ကား ရွာသူကြီးကို လူမထင်သူများ ဖြစ်ကြ၏။ ရွာသူရွာသားတို့ အား ညှဉ်းပန်းသူများ ဖြစ်ကြ၏။ ရွာထဲတွင် မူးပြီးလျှင် အလကား သက်သက် လျှောက်ဆဲနေသူများ ဖြစ်ကြ၏။ အစိုးရလာတော့ ကြောက်ကြပေတယ် ဟူ၍ လက်တို့ကာ ပြုံးကြခြင်း ဖြစ်လေသည်။

ရွာလယ်ရှိ ကုန်စုံဆိုင်ရှင် တရုပ်အပြန့်ကား မိမိဘိန်းများကို သိမ်း ဆည်းလျက် နေ၏။ အချို့ကို အိမ်ခေါင်မိုးပေါ်တွင် ဝှက်လေသည်။ အချို့ကိုကား အိမ်အောက်ရေထဲသို့ ပစ်၍ချ၏။ သူ၏ ဆိုင်အနီး အရက်ခိုးရောင်းနေကျ ကဇော်မောင်မြကား မိမိ၏ အရက်ပုလင်းများ ကို သွန်ပစ်နေလေသည်။

ဘာမျှ အပြစ်မရှိသော သူများပင်လျှင် ဝန်ထောက်မင်း လာခြင်း ၏ အကြောင်းရင်းကို သိလိုသောကြောင့် နားစွင့်ကာ ထောင်နေ ကြ၏။ သတင်းမေးကြ၏။ ဘာမျှ မကြားရ။ သဘော် ဆိုက်နေသည် မှာ ၁၅-မိနစ်ခန့်ကြာလေပြီ။ ဝန်ထောက်မင်းလည်း သဘော်ထဲမှာပင် ရှိသေး၏။ မျက်နှာကိုပင် မပြ။ ဘာကြောင့် လာပါလိမ့်။

ရွာသူကြီး ဆင်းသွားလေပြီ။ ယခုတောင် မပြန်လာသေး။ ကေန္တ အကြောင်းထူးတခုရှိရမည်။ ရွာသူကြီး ပြန်အလာကိုသာလျှင် စောင့် စား၍ နေကြလေသည်။ ဟော-ထွက်လာပြီ။ ပျာရိ ပျာရာနဲ့ ပါက လား။ ဆယ်အိမ်ခေါင်း ဦးထွန်းလှင် အိမ်ထဲသို့ဝင်သွားပြန်ပြီ။ ဟော- ရွာသူကြီးနှင့်ဦးထွန်းလှင်ပါ ထွက်၍လာကြပြန်၏။ဘာကိစ္စလဲဟု မေး





ကြ၏။ ရွာသူကြီးလည်း ဘာမျှ မပြော။ ရွာတောင်ဖက်ဝ ဆယ်အိမ် ခေါင်းနှင့်အတူတူ ထွက်၍ သွားကြသည်။ ဟော-ကြည့်စမ်း။ဘိုးချစ် အိမ်သို့ ဝင်သွားကြပြီ။ဘိုးချစ်တော့ ဒုက္ခဘဲ။ သည်အကောင် နယ်ပိုင် သာသာမသိဘူး ထင်ပါရဲ့။ သင့်အဖော် မောင်ကြီး၊ ဘိုးမှန်း၊ ပန်းလှိုင် တို့ ပြေးကြကုန်ပြီ။ သည်အကောင်ကို မိတာကောင်းတယ်။ သူရှိလို့ ရွာ အားကြီး ပူနေတယ် မဟုတ်လား။

ဘိုးချစ်ကား သမီးကလေးနှင့် ထမင်း စားနေခိုက် ဖြစ်လေသည်။ အစိုးရသဘော် ဆိုက်သည်ကို မသိရှာ။ အကယ်၍ သိပါမူကား သူတ ကာထက် ဦးစွာပြေးမည့်သူ ဖြစ်၏။ သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့ ဝင်လာ ကြလေသည်။ ဘာကြောင့် လာကြသလဲ မသိ။ ထမင်း စား ကြပါလားဟု ထမင်းစားခေါ်၏။သူကြီးကလည်း စားပြီးပြီဟု ဆိုကာ ဘိုးချစ်အနား၌ သွား၍ ထိုင်၏။ ဆယ်အိမ်ခေါင်းလည်း သူ့ အနားမှ ခေါ် ခက်တော့တာဘဲ။ ဘာများ လုပ်ကြမလို့ပါလိမ့်။ ထူးထူး ဆန်း ဆန်းဘိန်းများဖမ်းမလို့လား။ဘိန်းဖမ်းလို့ဘာရမလဲ။မနေ့ကပင် အား လုံးရောင်းလိုက်ပြီ။သူကြီးလောက်များပါးလျှင် လူမိုက်တောင်မလုပ်။ ခေါင်းငုံ့ပုံး ကလေး နေ၏။ သူကြီးလည်း ဟိုပြော သည်ပြောနှင့်ပင်။ သို့ရာတွင် သူ၏ မျက်နှာ ဘာတာတာနှင့်။ နေရာမကျ၊ အကြောင်းထူး တခု ရှိလိမ့်မည်။

ဘာကိစ္စ လာပါသလဲ ဟု သူကြီးအား မေး၏။ နယ်ပိုင်က တွေ့လို၍ ခေါ်ကြောင်းနှင့် ပြန်ပြော၏။ ခက်ပြီ။ ဘယ်တော့များ ရောက်နေ ပါလိမ့်။ သူကြီးလိမ်သလားမသိ။ အတည်ပြောနေပုံရသည်။ ဘိုးချစ် လည်း ဘယ်သို့ လုပ်ရမည်မသိ။ တွေဝေလျက် နေ၏။ မျက်နှာတွင် သွေးတစက်မျှမရှိ။ ဝန်ထောက်မင်း ခေါ်သည်မှာ အကြောင်းတ ကြောင်းသာ ရှိ၏။ ဘယ်သူများ သွားတိုလိုက်ပါလိမ့်မလဲ။ သူကြီး ပင် ဘယ်သူမျှမရှိ။ သူကြီးသာလျှင် မိမိ၏ပျက်စီးရာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြောနေယင်း ရုတ်တရက် ထကာ အိမ်အပြင်ဖက် ထွက်၏။ သူကြီးလည်း ဘိုးချစ်ကဲ့သို့ပင် ထကာ ဘိုးချစ်၏ လက်ကို ဆွဲ၏။ ဘိုးချစ်လည်း သူကြီး၏လက်ကို ဖယ်ကာ လက်သီးဖြင့် တချက်ထိုး၏။ ထို့နောက် အိမ်အောက်သို့ ဆင်း၏။ သူကြီးလည်း ဆင်း၍ လိုက်ကာ ဆံပင်ကို ဆွဲ၍ ထား၏။ သူကြီးအား တချက် ကန်ပြန်၏။ ရွှံ့ဗွက်ထဲတွင် သူကြီးလိမ့်နေလေသည်။ သို့သော် ဘိုးချစ်၏ဆံပင်ကို မလွှတ်။ ဆယ်အိမ်ခေါင်းလည်း လက်ကျဉ်းခတ်ရန် အိတ်ထဲမှ လက်ကျဉ်းကို ယူထုတ်၏။ ဘိုးချစ်၏ သမီးကလေးက လှု၍ ပြေးလေသည်။

ဤသို့ လုံးထွေးနေသည် အတွင်း ဘိုးချစ်အား ဖမ်းပြီ ဆိုသော သတင်းမှာ တရွာလုံး ပြေး၍ သွားလေသတည်း။ ဘိုးချစ်နှင့်သူကြီး တို့ ထွေးလုံး၍နေကြသည်ကို ရပ်ကြည့်နေသူတို့ကလည်း ရပ်ကြည့်နေကြကုန်၏။ဆယ်အိမ်ခေါင်းတယောက်ကပြေးလာပြီးလျှင် သူကြီးဖက်က နေ၍ ကူ၏။ ဘိုးချစ်၏ မယား နှင်းမှိုင်ကား ရွာအစွန်အဖျားမှ သတင်းကြား၍ ပြေးလာပြီးလျှင် မိမိ၏ လင်ဖက်မှ ဝိုင်း၍ သတ်၊ ဝိုင်း၍ ခုခံ၏။

သူတို့ လုံးထွေး သတ်ပုတ် ခုခံနေသည့် အကြောင်းကို နယ်ပိုင်အား မိန်းမတယောက် လာရောက်၍ ပြောကြားလေသည်။ နယ်ပိုင်မောင်လှအေးလည်း ခြောက်လုံးပူးသေနတ်ကို ခါးကြားတွင် ညှပ်ကာ သင်္ဘောမှ တက်၍ လာ၏။ ဝန်ထောက်မင်း တက်၍ လာသည်ကို မြင်ကြလျှင် တရွာလုံး စိတ်အေး၍ သွားကြ၏။ အားရ၍ သွားကြ၏။ ဝမ်းမြောက်၍ သွားကြ၏။

ဘိုးချစ်နှင့် သူကြီးတို့ လုံးထွေးနေကြသည့် နေရာသို့ ရောက်လျှင် ဘိုးချစ်အား အဖမ်းခံရန် ပြော၏။ ဘိုးချစ်လည်း ဝန်ထောက်မင်းနှင့် ပက်ပင်းပါ တွေ့နေပြီ ဖြစ်သောကြောင့် မပြေးသာ မရှောင်သာပြီ။ အဖမ်းခံရ၏။ မိမိ၏ သမီး လှု၍ ပြေးသော လက်ကျဉ်းနှင့်ပင် လက်





ကျဉ်း အခတ်ကို ခံရလေသည်။ သူကြီးလည်း မကျေမချမ်း ဖြစ်လျက် နေ၏။ ထကိုယ်လုံး ရွှံ့တွေပေလျက် လူရုပ်ပင်မပေါ်။ ကိုယ်တော် ထကိုယ်လုံး ရွှံ့ပင် မကောင်း။

လက်ကျဉ်း ခတ်ပြီးလျှင် သင်္ဘောထဲသို့ ခေါ်ခဲ့ရမည် အမိန့်ရှိသောကြောင့် ဆယ်အိမ်ခေါင်းတို့က ဘိုးချစ်အား ဆောင်ယူ ခဲ့ကြလေသည်။ တရွာလုံး နောက်က ဆူညံဆူညံ၊ ကျက်စီ ကျက်စီနှင့် ကျိုက်ကြသည်ပြော တသောသော လိုက်၍ လာကြကုန်၏။ မယား နှင်းမှိုင်နှင့်သမီး မယ်တို့လည်း ထိုလူစုထဲတွင် ပါ၍ လာကြလေသည်။

သင်္ဘောသို့ ရောက်လျှင် ပုဒ်မ ၁၁၀ အရ ဘိုးချစ်အပေါ်၌ စွဲချက်တင်၏။ သက်သေများကို စစ်ဆေး၏။ အာမခံ မပေးနိုင်လျှင် ထောင်အတ် နှစ်-နှစ်ခံစေဟု စီရင်ချက်ချ၏။တနှစ်သာ အပြစ်ပေးမည်ကြံစည်ထားသော်လည်း သူကြီးအားခုခံသောကြောင့် နှစ်-နှစ်အပြစ်ဒဏ်ပေးသည်ဟု၍ ပြောဆို ကြ၏။ သူကြီးလည်း မိမိအား ခုခံသောကြောင့် ဘိုးချစ်အား ထောင်ဒဏ် တနှစ် ပို၍ ကျလေပြီဟု၍ အားရ ဝမ်းသာ မြူးထူးလျှင်နေ၏။

ဘိုးချစ်ကား အာမခံ မပေးနိုင်။ မှိုင်၍ သွားရှာ၏။ သမီးကလေး မယ်၊ မယား နှင်းမှိုင်တို့နှင့် ခွဲခွါ၍ သွားရချေတော့မည်။ ထောင်ထဲတွင် သုံးရန် ငွေတောင်း၏။ နှင်းမှိုင်လည်း အိတ်ထဲမှ ငွေနှစ်ဆယ်ကိုထုတ်၍ ပေးလေသည်။ နှင်းမှိုင်၏မျက်စိတွင်မျက်ရည်များ ထည့်၍ လာ၏။ နှစ်-နှစ် ဆိုသည်မှာ များလှချေသည်။ ဤအတွင်း ငါတို့ မည်သို့ နေရအံ့နည်း။ မိမိ လင် ဘိုးချစ်နှင့် တခါမျှ မခွဲဘူး။ ဇနီး ယူစဉ်အခါက ဘိုးချစ်မှာ အကောင်း။ မိမိ လက်ထဲတွင်ပင် ဘိန်းစားသာဝသို့ ရောက်၏။ မိမိ လက်ထဲတွင်ပင် လူဆိုးဘဝသို့ ရောက်၏။ ယခု လက်ထဲတွင်ပင် သူခိုးဘဝသို့ ရောက်၏။ ပြော၍ မရ၊ ဆို၍ မရ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျော်စောသတင်း ထွက်လေသည်။ ဩော်- ခက်လိုက်ပ
ဘိတော့။

ဘိုးချစ်နှင့်နှင်းမြိုင်တို့၏ အဖြစ်အပျက်ကို မြင်သော ဝန်ထောက်
မောင်လူအေးမှာ သူတို့အား သနားမိလေသည်။ သို့သော် ဘာမျှ မ
တတ်နိုင်။ မိမိဝတ္ထုရားကိုဆောင်ရွက်ခြင်းသာ ဖြစ်လေသည်။ ထောင
သို့ သွားရမည့်သူ သွားပြီးနောက် အပြင်ကျန်ရစ်ခဲ့သော နှင်းမြိုင်နှ
မေယ်တို့ ဘယ်သို့ ရှိကြမည်နည်း။ ဤ စားရမဲ့သောက်ရမဲ့ နှင်းမြို
နှင့် သူ၏ သမီးကလေးမှာ မည်မျှပူဆွေး၍ နေကြမည်နည်း။ သနား
သောကြောင့် ထောင်မချပြန်လျှင် ဝတ္တရား မကျေရာကျပေမည်။
မိမိဝတ္တရား အတိုင်း ဆောင်ရွက်ပြန်ပါကလည်း သနားစရာကြီးနှ
ကြုံတွေ့နေရပေသည်။ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်နိုင်။
ဤအကြောင်းများကို တွေဝေစဉ်းစားလျက် နေယင်းပင် သဘော
လည်း ကျွဲခြံမှ ထွက်လာခဲ့၏။ နှင်းမြိုင်တို့လည်း ကျန်ရစ် ကြလေ
သတည်း။

ဂန္ထလောက ၁၂၉၃-ခု၊ တပို့တွဲလ



# မြင်းတွေ

"မြင်းတွေ၊ မြင်းတွေ" ဟူ၍ ကျောင်းကုန်းရွာရှိ ကလေးတတွေ သည် အော်ဟစ်ကာ နေကြလေသည်။ မိဖမျှားအား ခေါ် အချင်းချင်း လက်ညှိုးထိုးကာ ပြသူပြ။ လမ်းဘေးမှ အိမ် တွင်း ဝင်ပြေးသူပြေး။ လမ်းထဲတွင် ပြေးလွှား ကစားနေကြ သော ကလေးများကို မနိုင့်တနိုင်နှင့် ချီပွေ့သွားသူသွား။ ပျော် ပျော်ကြ။ အံ့လည်း အံ့သြကြ။ ကြောက်လည်း ကြောက်ကြ သည်။ ထိုကလေးတွေ၏ စိတ်ထဲတွင် မည်သို့နေမှန်း မသိပေ။

ထိုမြင်းတွေကား လေးကောင်မျှသာတည်း။အားလုံးမြင်းနီချည်း လေသည်။ ရှေ့ဆုံးတွင် ခပ်မှန်မှန် ပြေးလာသော မြင်းကား ဘော်ပင် အရပ်အမောင်း ကောင်း၏။ ပြေးပုံ ခပ်ကြမ်းကြမ်း၊ ကြီးကို မော်၍ လာလေသည်။ ထိုမြင်းကြီးကား မြန်မာ ဖွား မဟုတ်။ ရှမ်းပြည်ဖွား မဟုတ်။ အိန္ဒိယပြည်ဖွား မဒရပ် ထဲက ဖြစ်လေသည်။

ထိုမြင်းကြီးပေါ်တွင် ပါလာသူကား တရှပ် ဘောင်းဘီ အနက်၊ ရောင် ရှပ်အင်္ကျီ၊ ဗလေဇာ အနက်တို့ကို ဝတ်ထား၏။ ဦး ကား ကာကီရောင် ဦးထုပ်ကို ဆောင်းထားလေသည်။ ထဲတွင် မည်သည့်အရာမျှ မပါ။ ပါးစပ်တွင်ကား စီးကရက် ထားသော စုပ်တံကို ခဲ၍ ထား၏။ မီးမညှိရသေး။ မြင်းပေါ်တွင် သောကြောင့် မီးညှိ၍ မရသောကြောင့် ဖြစ်ဟန် တူလေသည်။ ကား မိမိ ဖြတ်၍သွားသော ကျောင်းကုန်း ရွာသားများကို ထား၊ ခပ်တည်တည် မြင်းကို စီး၍ သွား၏။ ရွာသားတို့၏ တွင်ကား ထိုသူသည် ဝန်ထောက်လော၊ မြို့အုပ်လော၊

www.burmeseclassic.com

www.burmeseclassic.com

လော၊ ညာလော စသဖြင့် အမျိုးမျိုး တွေးတော ကြံဆလျက် နေကြလေသည်။

ထိုမြင်းကြီး၏နောက် မြင်းမကလေးပေါ်တွင် ပါလာသူကား စမာရှာသူကြီးမင်း မောင်ဘိုးရင် ဖြစ်၏။ သူ၏ လက်တဖက်က ဇက်ကြိုးကိုဆွဲ၊ ကျန်တဖက်က နှစ်လုံးပူး သေနတ်ကြီးကို ကိုင်လာလေသည်။ မည်သူ့ကို ပစ်မည်မသိ။ ယခင်လကပင် လူတယောက်ကို သေနတ်ဖြင့် ပစ်၍ အချုပ်ခံရ၏။ ကံကောင်းသောကြောင့်သာ လွတ်၍ သွားလေသည်။ သူ၏ မျက်နှာမှာ လွန်စွာမှပင် ကြောက်စရာကောင်း၏။ အသားက မဲမဲ၊ ဆံပင်က တိုတို၊ သူဝတ်ထားလိုက်သည်မှာလည်း တရုပ် ဘောင်းဘီအနက်၊ ကာကီရောင် ရှပ်အင်္ကျီများ ဖြစ်လေသည်။ လူကလည်း ကြမ်းကြမ်း၊ စိတ်ကလည်း ထန်ထန်၊ အင်မတန်မှ တန်ခိုးကြီးသော သူကြီး ဖြစ်လေသည်။

သူကြီးမင်း၏ နောက်မှ မြင်းပေါ်တွင်ကား မောင်ဘိုးရွှေ ဖြစ်ပါသည်။ မောင်ဘိုးရွှေကား နယ်ပိုင်မင်း၏ ရုံးပျော်တာ ဖြစ်၏။ သူ၏ အရပ်ကား ခြောက်ပေနီးပါး။ သူ၏ ကိုယ်လုံးမှာ သေးသေး။ သူ၏ အသားမှာ မဲမဲ ဖြစ်လေသည်။ ဗိုလ်ကေမှာ ဖိုးရှိုးဖားဆုး။ ဝတ်ထားသော လုံချည်မှာ အနက်။ လွယ်လာသော လွယ်အိတ်မှာလည်း အနက်ပင်။

မောင်ဘိုးရွှေကား မည်သူ့ကိုမျှ အမှုမထား၊ ဝန်ထောက်နှင့် သူကြီးတို့၏ ရှေ့မှ ပြေး၍ မသွားရသည်ကိုသာလျှင် မကျေမနပ် ဖြစ်၍ လာ၏။ ရှေးဟောင်း နှောင်းဖြစ်တို့ကို တွေးတောယင်း မြင်းပေါ်တွင် သေးကြီးကာ လာလေသည်။ မိမိ ပခုက္ကူနယ်တွင် နေထိုင်စဉ်က ပခုက္ကူမြို့ မြင်းပြိုင်ပွဲတွင် ဝင်၍ နွှဲခဲ့သည်များကိုဎင်း၊ သူစီးသော မြင်း ပဌမရ၍ မြင်းရှင်က ဆုကောင်းကောင်းပေးသဖြင့် ငင်းငွေနှင့် ပျော်ပျော်ပါးပါး သွားလား၊ လာလား လုပ်ခဲ့သည်များကိုဎင်း၊ စဉ်း





စားမိ၏။ ရှေးအခါက သူတကာ၏ ရှေ့မှ စီးခဲ့ရဘူးသော်လည်း ယခုကား သူတကာ၏ နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာရလေသည်။ ကျေနပ်ဘွယ်ရာ မရှိပေ။ မိမိ၏မြင်းကို စိုင်းကာ သူကြီးတို့၊ ဝန်ထောက်တို့ ရှေ့ကို တက်သွားချင်၏။ သို့သော် မတက်ဝံ့ရှာပေ။ သူတို့မှာကား သူကြီးဖြစ်၏။ ဝန်ထောက်ဖြစ်၏။ မိမိကား မျှာတာမျှသာ ဖြစ်လေသည်။ သို့သော် မြင်းစီးရာတွင် သူတို့ထက် မိမိက သာ၏။ မိမိနှင့် ပြိုင်၍ စီးဝံ့ကြမည် မဟုတ် စသဖြင့် တွေးတောကာ စိတ်ကြီးဝင်လျက် လိုက်ပါလာလေသတည်း။

မောင်ဘိုးရွှေ၏ နောက်မှ လိုက်လာသူကား နယ်ပိုင်ရုံးစာရေး မောင်ဖျန်စိန် ဖြစ်လေသည်။ သူကား တရုပ် ကပြား၊ ရိုးသားသူ ဖြစ်၏။ ကြောက်လည်း ကြောက်တတ်။ စကားလည်းနည်း။ နေးလည်း နေးကွေးသူတည်း။ မောင်ဖျန်စိန်မှာ မိမိ၏ မြင်းကို နိုင်အောင်သာလျှင် ကြိုးစား အားထုတ်ကာ နေရရှာ၏။ ဝါတော် ဖိတ်မှုးသား ဘုန်းတော်ကြီးကဲ့သို့ စက္ကူနွေ့ကို ချကာ မြင်း၏ ဦးခေါင်းထိုးသော်လျှင် စိုက်၍ ကြည့်လာ၏။ မြင်း၏ ဇက်ကြိုးကိုလည်း လက်နှစ်ဘက်ဖြင့် စုကိုင်ကာ ခပ်တင်းတင်း ဆွဲထားလေသည်။ နဖူးမှ ချွေးထုံးကြီးများ စီးဆင်း၍ နေသည်ကိုပင် လက်ဖြင့် မသုတ်နိုင်ရှာပေ။ အကယ်၍ မြင်းဆွဲပြေးမှဖြင့် ခက်လေတော့မည်။

မောင်ဖျန်စိန်ကား မြင်းကျော ပေါ်သို့ တခါမျှ မရောက်ဘူးချေ။ ယခုမှသာလျှင် ဝန်ထောက်ကို ကြောက်သောကြောင့် အရဲစွန့်ကာ လိုက်ပါလာရခြင်း ဖြစ်လေသည်။ မြင်း၏စိတ်တွင်ကား မိမိ၏ ကျောပေါ်၌ ပါလာသူမှာ မည်သို့သောသူနည်းဟု တွေးတော၍ နေ၏။ မိမိကို စီးဘူးသူ များလှလေပြီ။ ဤသူကဲ့သို့ တယောက်မျှ မတွေ့ဘူးသေးပေ။ ဇက်ကြိုးကို တင်းတင်းကြီး ဆွဲထားသောကြောင့် အသွားရ ခက်လှပေသည်။ စိတ်ပေါက်ပေါက် ရှိလှသဖြင့် ထွေ



www.burmeseclassic.com

အတင်း ရုပ်လျက်နေ၏။ မောင်ဖျန်စိန်ကား မည်သို့မျှ မလှုပ် တတ်တော့ပေ။ မြင်းရုပ်နေသောအခါ အနီးအနားတွင် ရှိကြသော ကလေးများအား အမောင်းခိုင်းမည် ကြံသေး၏။ အကယ်၍ မိမိ၏ မြင်း တအားကုန်လွှတ်၍ ပြေးမည်ဆိုက ခက်လေတော့မည်။ မြင်း နှင့် ဖျန်စိန်၊ ဖျန်စိန်နှင့်မြင်း၊ စစ်ခင်းနေကြလေပြီ။ ကြာလျှင် မတတ်နိုင်၊ ရွှေကစီးသွားသော ပျာတာမောင်ဘိုးရွှေအား ဟစ်၍ ခေါ်ရရှာ၏။ မောင်ဘိုးရွှေ လာ၍ ဇက်ကြိုးကို ဆွဲကာ ခေါ်သွား တော့မှ ကိုယ်တော်မြတ်မြင်းမှာ လိုက်ပါသွားလေသည်။

သို့နှင့်ပင် ရွာအပြင်ဖက် ကွင်းကြီးထဲသို့ ရောက်သွားကြကုန် ၏။ အချိန်ကား နံနက်ခင်း ရှစ်နာရီခန့်သာ ရှိသေးသည်။ မိုးတွင်း အခါ ဖြစ်သောကြောင့် မိုးအုံ့လျက်နေ၏။ မအေးမပူ၊ နေ၍ကောင်း ရုံကလေး ဖြစ်လေသည်။ ကွင်းထဲတွင် မြင်း လေးစီးတို့ကို စီးကာ ဖြတ်သွားကြရာ ခပ်လှမ်းလှမ်းတွင် ကောက်စိုက်နေကြသော မိန်းမ တတွေကို မြင်ရပေ၏။ သူတို့ကား သီချင်းတကြော်ကြော်နှင့် ပျော်လှ ပေသည်။ နံနက်ခြောက်နာရီမှ ညနေ ငါးနာရီတိုင်အောင် တကုန်း ကုန်းနှင့် ကောက်စိုက်ရှာကြ၊ တနေ့လုံးမှ တနာရီ အနားရကြ၏။ အခကျပြန်လျှင် တနေ့မှ ငါးမူးမျှသာ ရကြလေသည်။ သူတို့တတွေ မှာ မသြောင်းကြယောင်တကား၊ တကိုယ်လုံးလည်း ရွှံ့တွေပေ ထိုင်စရာလည်း နေရာမရှိ။ ထိုကောက်စိုက်သမတွေကား ပျော်လှ ပေသည်။ ကံစီမံရာ ပျော်ကြစမြဲ ဖြစ်သောကြောင့် သူတို့အတွက် ဝိုင်းဝန်းကာ ပူပေးသော်လည်း သူတို့ကမူကား အမှုပင်ထားကြမည် မဟုတ်ပေ။

ထိုကောက်စိုက်သမတို့သည် မိမိတို့ အနီးအနားတွင် ဖြတ်သွား ကြသော မြင်းလေးစီးတို့ကိုမြင်လျှင် ပျော်ရွှင်ကြသောကြောင့် လက် တို့ကာ ပြကြ၊ ရယ်ကြ၊ မောကြ၊ တဟားဟားနှင့် နေကြလေတော့ သည်။ ထိုမြင်းနိရှင်လေးဦးတို့ကို စောင်းကာ သီချင်းဆိုကြသေး၏။ မောင်ဘိုးရွှေက လက်သီးပြလေသည်။ သူကြီးနှင့် ဝန်ထောက်တို့ ကား ဣန္ဒြေမပျက် သွားမြဲတိုင်းသာလျှင် သွားကြ၏။ မောင်ဖျန်စိန် ကား မိမိ၏ မြင်းကို မနိုင့်တနိုင်၊ မြင်းပေါ်မှ မကျစေရန် များစွာ ကြိုးစားနေရရှာလေသည်။

ဤသို့ ရွှံ့တွေ၊ ဗွက်တွေ၊ နွံတွေ ထူထပ်လှသော ကွင်းပြင်ကြီး အတွင်း မြင်းလေးစီးနှင့် တဖြည်းဖြည်းလာနေကြခိုက် ကောင်းကင် တွင် မိုးသားတွေ ဆိုင်း၍ တက်လာကြကုန်၏။ ခက်လေပြီ။ ထိုတ ကွင်းတွင် မိုးခိုစရာ မရှိ။ ရွာနှင့်လည်း မနီး။ သစ်ပင်ကြီးကြီး ဟူ၍ တပင်မျှ မမြင်။ စိုးရိမ်မကင်း ဖြစ်မိကြကုန်၏။

မကြာမီ မိုးကြီး သည်းထန်စွာ ရွာသွန်း၍ ချလိုက်လေသည်။ ပေါက်ဆွဲရထား မိုးဖြစ်လျှင် ကောင်းလေစွ ဟု တောင့်တ မိကြကုန်၏။ ပေါက်ဆွဲရထား မိုးတို့၏ သဘောကား စိုစွတ်လိုသူတို့ကိုသာ စိုစွတ်၍ စိုစွတ်လိုသူတို့ကိုကား မစိုစွတ်ဘဲ နေလေသည်။ ဤမိုးကား ပေါက်ဆွဲ ရထား မဟုတ်သောကြောင့် မစိုစွတ်လိုသော မြင်းနိရှင်လေးဦးတို့မှာ တကိုယ်လုံး ရွဲရွဲစို၍ သွားကြကုန်၏။ မိုးချည်း ရွာသည်မဟုတ်။ လေတလည်း အပြင်းအထန် တိုက်ခတ်ပြန်သောကြောင့် မြင်းများ ပေါ်မှာပင် ကျ မယောင်ယောင် နေကြသည်။ စာရေး မောင်ဖျန် စိန်သား မြင်းစီး မတတ်ရသည့်အထဲတွင် မိုးကြီးကလည်း သည်း၊ လေတလည်း တိုက်လှသဖြင့် များစွာ အခံရ ခက်၏။ မိုးကရွာ၊ လေက တိုက်သောကြောင့် ခမျာ မြင်းနီ လေးစီးတို့လည်း ချမ်းရှာလွန်း၍ တုန်တက်သာ တုန်နေကြလေတော့သည်။ နားရွက်ထဲ ရေဝင်မည် စိုး ရိမ်သောကြောင့်လည်း နားရွက်များကို ကပ်ကာ ခပ်ဖြည်းဖြည်း လျှောက်၍ လာကြကုန်၏။

ရွှံ့တွေ စဉ်လှသောကြောင့် ဘောင်းဘီ အနက်တွေမှာ ရွှံ့ကွက်




www.burmeseclassic.com

www.burmeseclassic.com

တွေ ထူထပ်နေလေတော့သည်။ အင်္ကျီတို့မှာလည်း ဆိုစရာ မရှိ ဦးထုပ်များမှာပင် ရှုံ့ကွက်တွေ မကင်းပေ။ မြင်းတွေ တကိုယ်လုံး မှာလည်း ရွှံ့တွေ အလိမ်းလိမ်း ကပ်နေပေ၏။ မြင်းရော လူပါ၊ နဂို ရုပ်ပင် မပေါ်၊ တော်တော်ပင် အကြည့်ရဆိုးလေသည်။ နဂိုရုပ် မပေါ်သည်က မခက်၊ ချမ်းလှသဖြင့် ခိုက်ခိုက်တုန်နေကြသည်က ခက်လေသည်။

လူအများကား ဝန်ထောက်မင်း တရားခွင်ပေါ်တွင် ပုဆိုးသစ် အင်္ကျီသစ်၊ ဖိနပ်သစ်တို့ကို ဝတ်၊ ခေါင်း ပေါင်းကို ကြော့ကြော့ ကလေး ပေါင်းကာ၊ တရားစီရင်နေသည်ကိုသာ တွေ့ဘူး၊ မြင်ဘူး ကြုံဘူးကြပေလိမ့်မည်။ နံနက်ဆယ်နာရီခွဲ၊ ၁၁-နာရီမှ ရုံးတက်၊ ညနေ လေးနာရီမတိုင်မီ စတိုင်တင်းတင်းနှင့် ရုံးမှဆင်းလာသည်များကိုသာ မြင်ဘူးကြပေလိမ့်မည်။ ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲတွင် ပွဲလမ်းသဘင်ရှိက ရှေ့ဆုံး နေရာတွင် ခန့်ခန့်ညားညား ထိုင်နေသည်များကိုသာ ကြုံဘူး ကြပေလိမ့်မည်။ သူကြီးတတွေက 'မှန်ပါဘုရား၊ မှန်ပါဘုရား' နှ ပြားပြားဝပ်ကာ နေကြသည်ကိုသာ မြင်ဘူးကြပေလိမ့်မည်။ ဝ ထောက်မင်း ယခု ကြုံရသော အဖြစ်အပျက်မျိုးကိုကား မြင်ဘူးက မည် မဟုတ် ဟူ၍ မောင်လူအေးသည် မိမိ၏ အဖြစ်အပျက်ကို တွေ့ တောလျက် လာရာ ဖျင်းချောင်းရွာသို့ ရောက်မှသာလျှင် စဉ်းစာ ခန်း ဖြတ်သွားလေသတည်း။

၁၂၉၄-ခု၊ တော်သလင်းလ



# နယ်ပိုင်မင်း

ဆယ်ပေပတ်လည် အခန်းကလေးအတွင်း စိတ်ရှုပ်၍ နေသူကား နယ်ပိုင်မင်း မောင်လူအေးဖြစ်၏။ ထိုဆယ်ပေပတ်လည် အခန်းက လေးကား နယ်ပိုင်မင်း၏ ရုံးခန်းဖြစ်လေသည်။ ထိုအခန်းနှင့်မျက်နှာ ချင်းဆိုင် အခန်းကား နယ်ပိုင်မင်း၏ တရားခွင်ဖြစ်၏။ ဘေးချင်းကပ် လျက်နေသော အခန်းကား နယ်ပိုင်စာရေးများ၏ အလုပ်ခန်း၊ ကျော ချင်းကပ်အခန်းကား ရာဘက်တရားသူကြီး ဦးဘသော်၏ အခန်း တည်း။ အောက်ထပ်တွင်ကား တရားခံများ ချုပ်ထားရာ အခန်း၊ ဘီလစ်၏အခန်း၊ ရှေ့နေများ နေရာအခန်းများ ရှိလေသည်။ ဤမျှနှင့် နယ်ပိုင်ရုံးတော်၏ ပုံပန်းပေါ်လောက်ပြီ။

မောင်လူအေးသည် မိမိရုံးခန်းအတွင်း အလုပ်ရှုပ် စိတ်ရှုပ်နေ ခိုက်တွင် ရာဘက်တရားသူကြီး ဦးဘသော်က သက်သေများအား ခေါ်နေသောအသံကို အတိုင်းသားကြားရ၏။ "မောင်မင်းကို မေး တာကတခြား၊ မောင်မင်း ဖြေတာကတမျိုး၊ ငါ့ဘာကို ရေးရမလဲ၊ ရုံးတော်ကို မောင်မင်းစိတ်ထဲမှာ ဈေးထင်သလား၊ အောင်မယ် ပြုံး နေပြန်ပြီ။ ငါ့များ မင်းရည်းစား ထင်နေသလား၊ သက်သေလိမ်ပြီး ထောက်မယ်မကြံနဲ့။ အခုထောင်ကျသွားမယ်" စသော အသံများသည် တံခါးပေါက်ကို ထိုးဖောက်ပြီးသကာလ မောင်လူအေး၏ နားထဲသို့ ရောင်၍ သွားတော့၏။

အခြားဖက်အခန်းတွင်ကား နယ်ပိုင်စာရေးကြီး ဦးဘတိုးက အ ခွင့်လာသွင်းသူများ နောက်ကျသောကြောင့် ဆူပူကြိမ်းမောင်းလျက်နေ၏။ ခင်ဗျားတို့ကိုချိန်းထားတာ လေးငါးရက်ရှိပြီ။ အခုမှလာလို့ ကျုပ် အလုပ်တက်မှာတုံး။ ဒင်္ဂါးငွေသာပေးပေတော့။ ခင်ဗျားတို့ဖိုးဆော

www.burmeseclassic.com

www.burmeseclassic.com


နယ်ပိုင်က တောင်းပန်လို့ ရမှာ မဟုတ်ဘူး” စသော အသံများသည် လည်း မောင်လူအေး၏ ရှုပ်နေသော နားအတွင်းသို့ ချင်းနင်းဝင် ရောက်လျက်နေ၏။

ဒုတိယစာရေး ဖန်ကတုံး မောင်ဖုန့်စိန်ကား မိမိရှေ့စားပွဲပေါ် တွင် တင်ထားသော စာရင်းစာအုပ်တွေ အမှုတွဲတွေတပုံကြီးနှင့် အ လုပ်ရှုပ်လျက်နေ၏။ ဤမျှအလုပ်ရှုပ်နေစေကာမူ ဆေးလိပ်ကိုကား လက်မှမချ။ စီးကရက် တလိပ်ပြီးတလိပ် ဖွာလျက်နေ၏။ တတိယ စာရေး ဘကွန်းကား ဘာအလုပ်ရှုပ်နေမှန်းမသိ။ အခန်းထဲတွင် ဟို လျှောက် သည်လျှောက်နှင့်နေ၏။

ရှုံးပျာတာဖြစ်ကြကုန်သော ပန်ဒစ်နှင့် မဟာရန်တို့ကား နယ်ပိုင် အခန်းထဲသို့ အမှုတွဲတွေ စာရွက်တွေ ယူကာ ဝင်လာ၊ အခန်းထဲမှ ယူသွားစရာရှိတာတွေကို ယူသွားကာနှင့် အလုပ်များနေရှာကြကုန် ၏။ ခုဝင်ခုထွက်နှင့် ခြေသြောင်းစရာ။ နယ်ပိုင်စားပွဲပေါ်တွင်ကား စာရွက်တွေ အမှုတွဲတွေနှင့် ရှုပ်နေလိုက်သည်မှာ အပ်ချစရာပင် နေရာ လပ်မရှိ။ စားပွဲပေါ်တွင်မျှ မကသေး။ အနီးရှိ ကုလားထိုင်တွေမှာ လည်း အလွတ်မရှိ။ အနားရှိ ဘီရိုပေါ်တွင်လည်း အလွတ်မရှိ။ ကြမ်း ပြင်ပေါ်တွင်လည်း အလွတ်မရှိ။ များလိုက်တဲ့ဖြစ်ခြင်း၊ မောင်လူအေး ယင်းတို့ကိုမြင်လျှင် စိတ်အပင်ပန်းကြီး ပင်ပန်းလျက်နေတော့၏။

ဤသို့ စိတ်ပင်ပန်းစွာနှင့် အလုပ်တွေကို ကြည့်နေစဉ် အပြင် ဖက်မှ ပျာတာ မောင်ဘိုးရွှေသည် အသံဝါကြီးဖြင့် ကျယ်လောင်စွာ “လျှောက်လွှာလျှောက်လွှာ နယ်ပိုင်မင်း လျှောက်လွှာ” ဟူ၍ သုံး ကြိမ်တိုင်တိုင် အော်လိုက်ပေ၏။ သူ၏အသံကြီးကို ကြားလိုက်သည် နှင့်တပြိုင်နက် တရုံးလုံး တိတ်ဆိတ်၍သွားလေတော့၏။ ထိုအသံ ကြီးမှာ ပွဲတင်ထပ်၍ သွား၏။ ဂိုက်တရာ အတွင်းမှပင် ကြားရ၏။ တကယ့် အသံကြီး ဖြစ်ပေသည်။



ပျာတာမောင်ဘိုးရွှေ၏ “လျှောက်လွှာ” ဆိုသော ပွဲတင်သံကြီး ဆုံးပြီ၊ အကျီညစ်ညစ်၊ လုံချည်ညစ်ညစ် ဆံပင်စုတ်ဖွားနှင့် လျှောက် ထား တစောင်ကိုကိုင်ကာ အခန်းတွင်းသို့ မိန်းမတယောက် ဝင်၍လာ ၏။ အသူနည်း။ မဘမဖြစ်ပါသည်။ အဘယ်ကြောင့် လာပါသနည်း။ မရွှေသောင်း၏ခွေးနက်ကြီးက မိမိအား ကိုက်သောကြောင့် တရားစွဲရန်ဖြစ်ပါသည်။ ကိုက်တတ်သောခွေးကို မွေးထားပြီး အဘယ့် ကြောင့် ကောင်းစွာ မသိမ်းထားပါသနည်း။ ဤအမှုကား လူကြီးရုံး နှင့် သင့်တော်၏။ လူကြီးရုံးသို့ လွှဲလိုက်လေသည်။

ထိုမဘမှ ထွက်သွားမည် မလုပ်သေး။ ခေါင်းပေါင်းစ ထောင် ထောင်၊ မျက်နှာပြောင်နှင့် လူတယောက် လျှောက်လွှာကလေးကိုင် ကာ ဝင်လာပြန်၏။ လူကြီးလူကျယ် တယောက်နှင့် တူလေသည်။ အဘယ်ကြောင့် လာပါသနည်း။ အင်္ဂလာသူကြီးနှင့် ပတ်သက်၍ လျှောက်ထားရန် ဖြစ်ပါသည်။ အင်္ဂလာ သူကြီးသည် မိမိအား မတ ရားဒဏ်ရိုက်လိုက်သဖြင့် ထိုသူကြီးအား စစ်ဆေးပြီး အပြစ်ပေးရန် လျှောက်ထားခြင်း ဖြစ်လေသည်။ မောင်လူအေးလည်း မိမိ၏ နေ့ စဉ်မှတ်တမ်း စာအုပ်ကို ဖွင့်၍ကြည့်၏။ ရက်ချိန်းတွေ ပြည့်နေပြီဖြစ် သောကြောင့် ဆိုင်ရာ မြို့ပိုင်ထံ စစ်ဆေးရန် ပို့လိုက်၏။

ထိုသူထွက်သွားသည်နှင့် တပြိုင်နက် ဝင်၍လာသူကား တရုပ် ကုလားကြီး၏။ တနေ့က အင်းမရွာတွင် အလုပ်မရှိ လူမိုက်ဘဲ့ရ ဘိုး ဒိုင်က အလကား သက်သက် နေ့လယ်ကြောင်တောင်တွင် လမ်း လျှောက်နေခိုက် ပါးနားရိုက်သဖြင့် နာကျင်စေမှုနှင့် တရားစွဲရန်ဖြစ် ၏။ ထိုအမှုကား ဒုတိယ မြို့ပိုင်ကလေးနှင့် သင့်လျော်လေသည်။ သူ့ ထံ လွှဲပေးလိုက်၏။

အောင်မယ် ဗျင်းစွဲသူကြီး ဘိုးရွှေအုပ်ပါကလား။ ဘာကိစ္စပါ လဲ။ လျှောက်လွှာကြီးကို ဆုပ်ထားလိုက်သည်မှာ ကျေမွ၍ပင်သွား

www.burmeseclassic.com

www.burmeseclassic.com


ပေပြီ။ နောက်နားကလဲ လူလေးငါးယောက်။ ရွာကော်မီတီဘိုးလှ ဘသောင်းဦးကုလားတို့ပါကလား။ အကြောင်းများ ထူးလာကြသလား။ အဦး-လှ ဆိုးဘိုးမောင် ရွာထဲတွင် သောင်းကျန်း နေသော ကြောင့် ၁၁၀ လုပ်ရန် လျှောက်ထားကြပေသကိုး။ လျှောက်တာက တော့ ကောင်းပါရဲ့။ သည်အကောင် တကယ်ဘဲ ဆိုးသလားသူကြီး မင်းရဲ့။ ဆိုးမှလဲ လုပ်ကြပါ။ မတော်တဆ လူကောင်း ဖြစ်နေပါမယ်။ သူတို့အားလုံးကို စစ်ဆေး၏။ ပြီးလျှင် ဘိုးမောင်ကို ဖမ်းရန် ဝရမ်း ထုတ်ပေးလိုက်လေသည်။ သူကြီးလည်း ပြုံးလျက် ထွက်သွား၏။ ငါလို့ သူကြီးကို ဘယ်လိုအကောင် မှတ်သလဲဟု ကြိမ်းဝါးသွားပုံ ရလေသည်။

ထိုနောက် ဝင်လာကြသူတို့ကား ဆယ့်ငါးယောက်ခန့်ရှိလေသည်။ အသက်ခပ်ကြီးကြီးလည်းပါ၏။ အသက် ခပ်ငယ်ငယ်လည်းပါ၏။ အဝတ်အစားပြောင်ပြောင်နှင့်လည်းပါ၏။ အဝတ်အစား ညစ်ထေးစွာ နှင့်ယောကျ်ားက အများ၊ မိန်းမက သုံးလေးယောက်၊ ကလေးသုံး ယောက်လည်း သူတို့၏ မိဖများနှင့် ပါလာ၏။ ဘုမသိ ဘမသိ။ ကြောက်ရမှန်းမသိ။ လန့်ရမှန်းမသိ။ မျက်လုံးကလေးများ ကြောင် တောင်တောင်နှင့် နယ်ပိုင်မောင်လူအေးအား ကြည့်နေကြကုန်၏။ ထိုလူစုတွင် ခေါင်းဆောင်ဟူ၍ မှတ်ထင်ရသော အသက် ငါးဆယ်ခန့် လူ၏ လက်ထဲတွင် လျှောက်လွှာ တစောင်ပါ၏။ ထိုလျှောက်လွှာက အခြားမဟုတ်။ မကြာမီက ဓားပြတို့ကို မခုခံသောကြောင့် အစိုးရ မင်းက ဒဏ်ရိုက်ထားသည်ကို ချမ်းသာပေးရန် ဖြစ်၏။ အဘယ်ချမ်း သာပေးနိုင်မတုံး။ အထက် အစိုးရမင်းကြီးက ဒဏ်ရိုက်သည်ကို မိမိ က အဘယ်မှာလျှင် ချမ်းသာခွင့် ပေးနိုင်ပါအံ့နည်း။ ကျေနပ်အောင် ပြော၍လွှတ်လိုက်ရ၏။ ထိုလူဆယ့်လေးငါးယောက်တို့မှာလည်း မ ကျေနပ်။ စိတ်ပျက်ပျက်နှင့်ပင် ထွက်၍ သွားကြတော့၏။



သူတို့ လူသိုက် ထွက်သွားပြီးနောက် လျှောက်လွှာကိုင်၍ ဝင်လာ သူ မရှိ။ ရှင်း၍ သွားပေပြီ။ သက်မကြီးကို ချကာ နာရီ မော်၍ကြည့် ၏။ တော်တော် အချိန်နှောင်းသွားပေပြီ။ စားပွဲပေါ်တွင် ပုံနေသော အလုပ်တို့ကို လုပ်ရတော့အံ့။ ဝမ်းမြောက်စွာ စီးကရက် တလိပ်ကို မီး ညှိ၍ ဖွာ၏။ ပြီးမှ မပြီးသေးမီ ပျာတာမောင်ဘိုးရွှေ ဝင်လာပြီးလျှင် လေးထောင့် စာရွက်ကလေးတခုကို ပေး၏။ ဝိဇ္ဇာဘွဲ့ရ မောင်စံသိန်း ဆိုသူက တွေ့လိုကြောင်း စာရွက်ကလေးတည်း။ ဝင်လာရန်အမိန့်ပေး လိုက်၏။ ဝိဇ္ဇာဘွဲ့ရ မောင်စံသိန်း ဝင်၍ လာလေသည်။ ဝိဇ္ဇာတို့ဘာဝ သန့်ခန့် ညားညား ပေပင်။ ဝန်ထောက် စာမေးပွဲ ဝင်လိုသော ကြောင့် အကျင့်စာရိတ္တ ကောင်းကြောင်း လက်မှတ်တောင်းရန် ဖြစ် ၏။ ထိုဝိဇ္ဇာကလေးနှင့် တခါ နှစ်ခါ တွေ့ကြုံဘူး၏။ လက်မှတ်ကို ရေး ပေးလိုက်လေသည်။ မပြန်သေး။ ကျေးဇူးတင်စကား ပြောနေသေး ၏။ အောင်မယ်လေးဟဲ့နော်။ ရယင်တော်ရော့ပေါ့။ စကား ရှည်နေ ရသေး။ ငါ့အလုပ်တွေ ကြည့်ပါပေတော့လား။ အလုပ်တွေ များနေ သောကြောင့် စကားရှည်ရှည် မပြောနိုင်၍ ဝမ်းနည်းကြောင်း ပြော ၍ လွှတ်လိုက်ရ၏။

ထွက်သွားလေပြီ။ အလုပ် လုပ်ရတော့အံ့။ အဘယ်မှာ လုပ်ရဦး မည်နည်း။ ရာဇဝတ် ဝန်ထောက် ပေါက်လာ ပြန်ပြီ။ ၁၀၉၊ ၁၁၀ လုပ်ရန် လာရောက် တိုင်ပင်ခြင်း ဖြစ်လေသည်။ စီးကရက် သောက်ရန်ပေးပြီး တော်တော်ကြာအောင် ဆွေးနွေးနေရ၏။ မောင် လူအေးကား များစွာ စိတ်မပါလှ။ မိမိရှေ့တွင် ပုံ၍ နေသော အလုပ် များ ဘယ်သို့ ကုန်အောင် လုပ်ရမည်နည်းဟူ၍သာ စိတ်ကူးထုတ်လျက် နေ၏။

ရာဇဝတ် ဝန်ထောက်မင်းနှင့် စကားပြော၍မှ မပြီးသေး၊ ပျာတာ ယန်ဒစ် ဝင်လာ၍ ကြေးနန်းစာတစောင်ကို ပေး၏။ ဖွင့်၍ ဖတ်လိုက်ရာ


www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ရေတိုးသဖြင့် အစိုးရ တာများ ပြိုမှာကို စိုးရိမ်ရသော ကြောင့် ချက်ခြင်း သွား၍ စီမံရန် ဖြစ်လေသည်။ အဘယ်သို့ လုပ်ရအံ့ နည်း။ ခက်တော့တာဘဲ။ မနက်ဖြန်လည်း အမှုတွေ ချိန်းထား၏။ ယနေ့လည်း အမှုတွေ စစ်ရန် ရှိသေးသည်။ အလုပ်များရတဲ့ အထဲ ဒါတွေက လာရှုပ်ပြန်ပြီ။ တာခေါင်းတို့၊ တာဗိုလ်တို့၊ တာဝန်ထောက် တို့၊ တာအရေးပိုင်တို့ ရှိပါလျက် မိမိတို့လို ဘာမဆိုင်ညာမဆိုင် အလုပ် များပြီးသား သူတို့ကို အဘယ်ကြောင့် အလုပ်ပေးရပြန်ပါသနည်း။ မနက်ဖြန်ကို သွားရန် စီမံရ၏။ ချိန်းထားသော အမှုများကို ပြန်၍ ရက်ရွှေ့ရပြန်၏။ ဤသို့ အလုပ် ရှုပ်နေသည်ကို မြင်လျှင် ရာဇဝတ် ဝန်ထောက်မင်းလည်း အားနာလာသဖြင့် နှုတ်ဆက်ကာ ထွက်၍ သွား တော့၏။

ဤကိစ္စတော့ဖြင့် ပြီးသွားပြီ။ ရှေ့တွင် ပုံနေသော အလုပ်များကို စ၍ လုပ်ရတော့အံ့။ အမှုတွဲ တခုကို ဖွင့်၏။ ကလောင်ကို ကိုင်၏။ စာတလုံး နှစ်လုံးကို ရေး၏။ ရေး၍မျှ မပြီးသေး။ မြို့ပိုင်မင်း ပေါက်၍ လာလေသည်။ လက်ထဲတွင် အမှုတွဲတွေ တပုံကြီးနှင့်၊ ဘာကြောင့် လာပါလိမ့်။ လူခွန်၊ မြေခွန်၊ ကိုင်းခွန်၊ ဂရန်စသော အခွန်တော် အမျိုး မျိုးအတွက် တိုင်ပင်ရန် လာခြင်းဖြစ်လေသည်။ အတော်ကြာအောင် နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ အကြံထုတ် ဉာဏ်ထုတ် နေ ကြ၏။ အကြံရခက်သဖြင့် ခေါင်းကိုက်လုမတတ်။

ဤသို့ ခေါင်းရှုပ် နေကြသည်အတွင်း ကြေးနန်းစာ တစောင် ရောက်လာပြန်၏။ လန့်၍ သွားလေသည်။ ဖောက်၍ ဖတ်လိုက်ရာ စစ်ကွင်းသူကြီးအား ဓားပြများ သတ်သွားကြောင်း ချက်ခြင်း လိုက် သွားရန် ပါလေသည်။ "ချက်ခြင်း" ဆိုသော စကားသည် ခက်လှပေ ၏။ အမိန့်ပေးသော သူ၌ကား လွယ်ကူ၏။ လိုက်နာရသော သူအဖို့ ကား မည်မျှ ခက်နေရပါသနည်း။ ယခုချက်ခြင်း ထွက်သွားပါက ယနေ့ချိန်းထားသော အမှုတွေ၊ ရှေ့တွင် ပုံနေသော အမှုတွဲကို မည်သို့ လုပ်ရပါအံ့နည်း။ မနက်ဖြန်ဆိုလျှင် အစိုးရတာအတွက်သွားရဦးမည်။ ထိုနှစ်မျိုးစလုံး အရေးကြီး၏။ အဘယ်သို့ လုပ်ရအံ့နည်း။ မနက် ဖြန် ဓားပြမှု ဖြစ်ရာသို့ သွားလျှင် ကောင်းလေရဲ့။ အကယ်၍ တာကျိုး သွားက မခက်ပေလော။ ဤသို့ တွေးတောယင်း အချိန်ကုန်ခဲ့၏။ မြို့ပိုင်မင်းလည်း အကြံမပေးတတ်။ အလိုက်သိစွာ နှုတ်ဆက်၍ ထွက် သွားခဲ့ဘိ၏။ ဓားပြမှု ရှိရာသို့ နောက်တနေ့မှ သွားမည်ဟု ဆုံးဖြတ် လိုက်လေသည်။ နာရီကို ကြည့်လိုက်ရာ နှစ်ချက်ထိုးနေပြီ။ ဘာအလုပ် မျှလည်း မပြီးသေး။

သည်တခါ အသေအချာ လုပ်တော့မည် ဟူသော မျက်နှာထားနှင့် ကလောင်ကို တင်းတင်းကြီး ကိုင်၏။ ကလောင် လက်ထဲသို့ ရောက်၍ မျှ မကြာသေးမီ ခေါင်းပေါင်းစ တထောင်ထောင်နှင့် လူနှစ်ယောက် အကြောင်းမကြား ဘာမကြား ရှေ့သို့ရောက်၍လာကြ၏။ ကုလား ထိုင်တွင် ဆွဲ၍ ထိုင်ကြ၏။ ဆေးတံကြီးများ ကိုက်လို့။ ဘယ်သူတွေ ပါလိမ့်။ တော်တော် ရဲတဲ့လူတွေပါကလား။ အောင်မယ် လက်ထဲမှာ ထဲ စာအုပ်ကြီးတွေနဲ့ ပါကလား။ ဖြတ်ပိုင်း စာအုပ်တွေလဲ ပါရဲ့။ ထီ လက်မှတ် ရောင်းသူတွေလော။ အလှူခံတွေလော။ အောင်မယ်လေး ...ဲ့ လူတွေ အလုပ်များတုန်းမှ ရောက်လာကြတယ်။ ကိုင်းကိုင်း ဘာ ...လာကြပါလိမ့်။ ကြို့ပင်ကောက် မိဘမဲ့ကျောင်းအတွက် အလှူခံ ပုဂ္ဂိုလ်များ ပေတည်း။ အော် တော်တော် အားကြပါပေရဲ့နော်။ ...ကား နဲလိုသဖြင့် ချက်ခြင်းပင် ငွေ နှစ်ကျပ် အိတ်ထဲမှထုတ်၍ ပေး လိုက်၏။ ပြန်ကြပါတော့။ အောင်မယ်လေးဟဲ့ မောင်မင်းကြီးသား တွေ ဘယ်ပြန်ကြအုံးမလဲ။ နှစ်ကျပ်ဟာ နည်းပြန်သတဲ့။ အနည်းဆုံး ဘယ်လောက် ထည့်ဖို့ကောင်းတယ် ဆိုကိုး။ သူတို့ကတော့ အားနေ ကြတဲ့လူတွေ။ တရားကျအောင် ပြောနိုင်ကြမပေါ့။ သည်မှာ မအား





www.burmeseclassic.com

www.burmeseclassic.com



တဲ့လူမှာတော့ အခက်ကြီးခက်နေပြီ။ ဘယ်လိုပြောလို့မှမရ။ တောက်
တဲ့ကပ် ကပ်နေတော့တာဘဲ။ နောက်ဆုံး၌ အားမနာ ပါးမနာ နိုင်
တော့ဘဲ နှစ်ကျပ်ယူချင် ယူ၊ မယူချင်နေဟူ၍ ခပ်ဆတ်ဆတ်ကလေး
ပြောတော့မှ ငွေနှစ်ကျပ်ကို စားပွဲပေါ်မှ ကောက်ယူ သွားကြလေ
တော့သတည်း။ ဖြတ်ပိုင်းကိုပေးရန်ပင် သတိ မရကြ။

အဉ်း-အေးပြီ။ အလုပ် လုပ်ရတော့မလား အောက်မေ့ပါ။ အပြင်
ဖက်က ဆူညံဆူညံနဲ့ ဖြစ်နေကြတာ ဘယ်သူတွေပါလိမ့်။ အစိုးရ မြေ
သိမ်းလို့ လျော်ကြေးလာယူကြသူများ ဖြစ်လေသည်။ ငွေမရကြသေး
လို့ စုရုံးစုရုံးနှင့်၊ ညနေလေးနာရီ သဘောမမှီလျှင် ခက်မည် စိုးသော
ကြောင့် စုရုံးစုရုံးနှင့် ဆူညံနေသူများ ဖြစ်ကြလေသည်။ ချက်ခြင်း ငွေ
တိုက်တွင် ငွေသွားထုတ်စေ၍ အလှည့်ကျ မိမိတို့ ရထိုက်သော ငွေများ
ကို ဝေပေး၏။ လျော့နေ၍ ပြန်ပြောသူကပြော။ ပိုသွား၍ ပြန်ပေး
သူကပေး။ ငွေ အ နေသဖြင့် ပြန်လဲသူကလဲ၊ မနည်းပင် အချိန်ကုန်၍
သွားလေတော့သည်။ ထိုအထဲ လျော်ကြေးပေးတာ နည်းသည် ဟု
ကျိန်ဆဲသွားသူတွေကလဲ ရှိသေး။ အောင်မယ်လေးဟဲ့ ဒုက္ခ။ ငွေတော
ဝေပေးနေသည်နှင့် သုံးနာရီခွဲ၍ သွား၏။

လုပ်စရာ တွေလဲ အများကြီး ရှိသေး။ ဘယ်ဟာကို စ၍ ကိုင်
မည်ပင် မသိတော့ပြီ။ ဝမ်းထဲတွင် ဟာတာတာ ဖြစ်၏။ ဆေးလိပ်
တလိပ်ကို ညှိမည်အလုပ်တွင် အင်္ဂလိပ်ယောင်ယောင် ကုလားယောင်
ယောင် အမောင် ဘောင်းဘီဝတ် တယောက် ပေါက်၍ လာပြန်၏။
မောင်လူအေးကား ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ စလိုက်သည်
နှင့် တပိုင်နက် မောင်လူအေး စကားမပြောရ။ သူကသာ ပြောလိုက်
သည်မှာ မောင်လူအေး ငေး၍သာ နေရ၏။ အသူနည်း။ အသက်အ
မခံတိုက်က နယ်လှည့် ကိုယ်စားလှယ် ဖြစ်လေသည်။ ပြောလိုက်တဲ့
စကား အတောမသတ်ပြီ။ သူ၏ကုမ္ပဏီကောင်းကြောင်း ထိုကုမ္ပဏီ



တွင် အသက်ပေါင်ထားလျှင်အတိုးများစွာရမည့်အကြောင်းတို့ကိုစိတ်
ပါလောက်အောင် ပြောရှာ၏။ မောင်လူအေးနားထဲသို့ တခုမျှ မဝင်။
အပြင်သို့သာ ထွက်တော့၏။ နောက်ဆုံး၌ "အသက် မပေါင်ဘူး" ဟူ၍
တခွန်းတည်းသာ ပြောပြီး၊ မိမိလုပ်လိုသော အလုပ်ကိုသာ ကောက်၍
လုပ်တော့၏။ ထိုသူလည်း အံ့အား သင့်စွာ ထိုင်နေ၏။ နောက်မှ
ထွက်သွား လေတော့သည်။

လေးနာရီခွဲပြီ။ ဘာအလုပ်ကိုမျှလည်း ဟုတ်ဟုတ်ဟတ်ဟတ်
လုပ်ရသေး။ စိတ်ပျက်မိ၏။ စိတ်တိုမိ၏။ စိတ်ကောက် မိ၏။ ဤသို့
နေခိုက် ကျယ်လောင်စွာသော သီချင်းသံကို တရုံးခွင် အခန်းဆီမှ
ကြားလိုက်ရ၏။ စိတ်ပေါက်ပေါက်နှင့် ထွက်ကြည့်လိုက်ရာ ဘကြီးသား
လိပ်နှစ်ယောက်အကြားတွင် လက်ထိပ်နှင့် ရပ်နေသည်ကို မြင်ရ၏။
သည်တော့မှ အရှုံးမောင်အောင်လှ၏အမှုကို ချိန်းထားကြောင်း သတိ
ရတော့၏။

အချိန်လည်း နှောင်းပြီ။ ဤအမှုကိုပင် ပြီးအောင် စီရင်မည်ဟူ
၍ အမှုတွဲကို ယူကာ တရုံးခွင်ပေါ် တက်၏။ ရှေးဦးစွာ ထိုသူ ရူး မရူး
စမ်းရန် ဖြစ်၏။ အောက်ပါ အတိုင်း မေးခွန်းများကို ထုတ်၏။
အောက်ပါ အတိုင်း အဖြေများကို ရလေသည်။

မေး။ ။မောင်မင်း ဘယ်သူလဲ။
ဖြေ။ ။တန်ဆောင်မုန်းလမီးထွန်းပွဲအလှူန်စည်ကားမှာဘဲနေဒ်။
မေး။ ။မဟုတ်ဘူး။ မောင်မင်း အမည်ကို မေးတယ်။
ဖြေ။ ။ဟုတ်ကဲ့။ ပန်းမြိုင်လယ် အိုလေသာနယ်ဘွေ။ မျှော်လေ
တိုင်း။
မေး။ ။မောင်မင်း ဘယ်သူ့သားလဲ။
ဖြေ။ ။မိဖနှစ်ပါးရှဲ သားပေါ့။ ဗာလီကို သုကျိတ်မြင်တော့
လိုက်ကိုက်။

www.burmeseclassic.com

www.burmeseclassic.com


မေး။ ။ဟုတ်ပြီ။ မောင်မင်း အဖေ ဘယ်သူလဲ။

ဖြေ။ ။အဖေပေါ့ဗျာ။ မေးနေရသေးသလား။ အို-လေ တော
မြို့ပိုင်စွန်းက။

မေး။ ။မောင်မင်းအဖေနာမည် ဘာလဲ။

ဖြေ။ ။ဦးအောင်ဇေယျပေါ့ဗျာ။ ဘာမှတ်လို့ မေးတာတုံး။
ကျုပ် စိတ်ဆိုးလာပြီ။ ကောင်းကောင်း သိချင်း မဆို
ရဘူး။
(ပုလိပ်များက ဟန့်ထားရ၏။)

မေး။ ။မောင်မင်း အဖေက ဦးအောင်ဇေယျ ဆိုလျှင် မောင်
မင်း အမေနာမည် ဘာခေါ်သလဲ။

ဖြေ။ ။အောင်မယ် လာသေးရဲ့။ သိလိုယင် ပြောမပေါ့။ လို
ထိပ်ခေါင်တင် မဟုတ်လားဗျ။ ကျုပ်အမေဟာ စုံဆယ်
ဖြာ ပန်ထွာ ဦးတင်။

မေး။ ။ဟော့ နေပါအုံး၊ မင်း ဘယ်မှာ နေသလဲ။

ဖြေ။ ။အခုအခါ ရေသိပ်ကြီးတယ်လို့ ဆိုကြတယ်။

မေး။ ။မောင်မင်းဘာဖြစ်လို့ သည်ကို ရောက်လာသလဲ။

ဖြေ။ ။ခင်ဗျား ဘာလုပ်စားသလဲ။ ဟိုမေး သည်မေးနဲ့။ ကြာ
ကြာတော့ စိတ်မရှည်နိုင်တော့ဘူး။

မေး။ ။မောင်မင်းနားမှာ ရပ်နေကြတာ ဘယ်သူတွေလဲ။

ဖြေ။ - ။တချက်တော့ ကြဲလိုက်ချင်သေးတယ်ကွဲ။ တို့အမေ မ
သေခင်က မှာသွားတယ်။

မေး။ ။မောင်မင်း အသက် ဘယ်လောက် ရှိပြီလဲ။

ဖြေ။ ။မင်းနှင့် ဘာဆိုင် သလဲ။ ငါနေတဲ့အိမ်ဟာ ငါ့အိမ်ပေါ့
ဘယ်သူဆိုင်သေးသလဲ။



မေး။ ။ကောင်းပြီ။ မောင်မင့် အိမ်ပါဘဲ။ မောင်မင်း ဆွေမျိုး
သားချင်း မရှိဘူးလား။

ဖြေ။ ။ကျုပ်တို့ ငယ်ငယ်က တယ်ပျော်စရာ ကောင်းသဗျာ။
ဟား-ဟား-ဟား-ဟား။
(ပုလိပ်များက တားရ၏။)

မေး။ ။မောင်မင်းတို့ ငယ်ငယ်က ပျော်တာ ထားလိုက်ပါအုံး။
မောင်မင်းကို ဘယ်သူအုပ်ထိန်းသလဲ။

ဖြေ။ ။သည်အင်္ကျီ သုံးမတ်ပေးရတယ်။ ငထူးတို့မင်းတို့ ဝတ်နိုင်
မှာ မဟုတ်ဘူးကွယ်။ အိုဖော်ကွာဝေးသူမို့။

ခြောက်နာရီလည်း ထိုးတော့မည်။ တရုံးလုံးလည်း မှောင်နေပြီ။ လူသံသူသံလည်း မကြားရ။ မီမီနှင့် အရှုံးအောင်လှတို့သာ ကျန်တော့သည်။ ဤအရှုံးမှုနှင့်ပင် အဆုံးသတ်ရတော့မည်။ အလုပ် တွေလည်း တောင်ပုံ ရာပုံ။ အဘယ်နည်းနှင့် ပြီးအောင် လုပ်မတုံး။ အရှုံးအောင်လှနှင့် အလုပ်ချင်းလွဲလိုက်ချင်သောဆန္ဒ များများကြီး ပေါ်ပေါက်ပြီးလျှင် တရားခွင်မှ ဆင်းခဲ့၏။ တောင်ပုံ ရာပုံသော အလုပ်တို့ကို အိမ်သို့ ယူလာရန် မှာထားပြီး ရုံးဆင်း လာခဲ့သတည်း။

ဂန္ထလောက ၁၂၉၄-ခု၊ သီတင်းကျွတ်လ။


www.burmeseclassic.com

www.burmeseclassic.com

# မရွေးမီ

တရုံရောအခါ ဘီလပ် ရွှေမြို့တော်ကြီး၌ မြန်မာပြည် မျက်နှာစုံညီ အစည်းအဝေးကြီးကို ကျင်းပလေသည်။ တိုင်းပြည် ခေါင်းဆောင်ဟူ၍ အခေါ်ခံကြသော သူတို့ကို ဖိတ်၏။ သွားလိုက်ကြသည်မှာ တပျော်တပါး၊ အားကျစရာကြီး ဖြစ်လေသည်။ အစိုးရငွေနှင့် အင်္ဂလန်ပြည်သို့ သွားရသည်ကို မည်သူ သဘောမကျဘဲ နေအံ့နည်း။

ထိုမျက်နှာစုံညီ အစည်းအဝေးပွဲ၌ တိုင်းရေးပြည်ရေး အကြောင်းများကို ဆွေးနွေးကြလေသည်။ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ရန်၊ အိန္ဒိယပြည်နှင့် တွဲထားရန် တို့ကိုလည်း တိုင်ပင်ကြလေသည်။ နောက်ဆုံး၌ အင်္ဂလိပ် နန်းရင်းဝန် အမတ်ကြီးက ခွဲရေး၊ တွဲရေး ဆိုသည်မှာ ခေါင်းဆောင်တို့၏ အရာမဟုတ်၊ တိုင်းသူ ပြည်သားတို့၏ အရာသာ ဖြစ်သည် ဟူ၍ ထုတ်ပြန် ကြေညာခြင်းကို ပြု၏။

ခေါင်းဆောင် အပေါင်းတို့လည်း မြန်မာပြည်သို့ ခပ်သုတ်သုတ် ပြန်၍ ကြွလာကြကုန်၏။ သူတို့တတွေ မြန်မာပြည်သို့ ရောက်သည့်နေ့မှ အစပြု၍ ခွဲရေး၊ တွဲရေး စခန်း ထလေတော့သည်။ သတင်းစာ၊ မဂ္ဂဇင်းတို့တွင် ခွဲရေး၊ တွဲရေး အကြောင်း မပါလျှင် မပြီးတော့ပြီ။ ငြီးလောက်အောင်ပင် ရေးသားကြလေသည်။ ခွဲရေး တရားဟောဆရာတွေလည်း မနည်းပြီ။ တွဲရေးတရား ဟောဆရာတွေလည်း အနန္တ၊ ကြုံကြ၊ စည်ကြ၊ ပလီကြကုန်၏။

၂၀-ဦး ခေါင်းဆောင် ဦးဘဘောနှင့် ဦးစောတို့က ခွဲရေးတရားကို ဟောလိုက်ကြသည်မှာ မြို့တကာ၊ ရွာတကာ နှံ့လေတော့သည်။ ဒေါက်တာ ဘမော်နှင့် ဦးကျော်မြင့်တို့က တစင်ထောင်ပြီးလျှင် တွဲရေးတရားကို ဟောကြပြန်၏။ ထိုတွဲရေးဖက်မှာပင် နှစ်သင်း ကွဲပြားပြီးလျှင် ဦးချစ်လှိုင်နှင့် ဦးပေါ်ထွန်းတို့က တစင် ထောင်ကြ ပြန်လေသည်။ ခွဲရေးဖက်မှာလည်း ဆာဂျေ-အေတို့က တသင်းထောင်ပြန်၏။ သို့နှင့် တွဲရေးက နှစ်သင်း၊ ခွဲရေးက နှစ်သင်း၊ အသင်းကြီး လေးသင်း ပေါ်၍ လာလေသည်။ တောင်တွင်းကြီးမှာလိုများ ပေပင်လေးပင်ပေါက်သလား မပြောတတ်ပေ။ စုံစမ်းရန် သင့်၏။

ကံ၊ ဒွါရ ကွဲကြသည်နှင့်လည်း တူ၏။ ငှက်တွင်း၊ သုဓမ္မာ ကွဲကြသည်နှင့်လည်း တူလေသည်။ ခွဲရေး၊ တွဲရေး အကြောင်း ဟောလိုက်၊ ပြောလိုက်ကြသည်မှာ တသောသောနှင့် နေတော့၏။ ထိုခွဲရေး၊ တွဲရေး တရားပွဲ၊ စကားပွဲတို့မှာ ရှေးဦးစွာ မြို့များတွင် ခေတ်စား၏။ နောက် တောသို့ရောက်ရလေသည်။ တလ၊ နှစ်လ အတွင်း တနိုင်ငံလုံး နှံ့၍သွားလေသည်။ အခွဲသမားကလည်း အခွဲကောင်းကြောင်း၊ အတွဲ သမားကလည်း အတွဲကောင်းကြောင်း ဟောကြကုန်၏။ မည်သည်ကို ယုံရမည် မသိ။ တောသူ တောင်သားတို့၏ နားတွင် ဝါးတားတား နေလေသည်။ အခွဲ သမားတို့၏ စကားကို ကြားလိုက်ရပြန်လျှင် အခွဲကပင် ကောင်းနိုးနိုး၊ အတွဲသမားတို့၏ စကားကို ကြားလိုက်ရပြန်လျှင် အတွဲကပင် ကောင်းနိုးနိုး၊ ထိုသို့သော တနိုးနိုးတို့နှင့်ပင် ရက်တွေ၊ လတွေ အတော်ညောင်း၍ လာခဲ့၏။

ရပ်ထဲ၊ ရွာထဲတွင် ခွဲရေး၊ တွဲရေး အကြောင်း အငြင်းအခုံ ဖြစ်ကြသည်မှာလည်း ဆူညံ၍ နေတော့သည်။ ကံနှင့် ဒွါရ အငြင်းအခုံ ဖြစ်တုန်းက လိုလို၊ ကမ္ဘာစစ်ကြီး အတွင်းက အင်္ဂလိပ် နိုင်မည်၊ ဂျာမန် နိုင်မည် စသဖြင့် ငြင်းကြသလိုလို၊ ခွဲရေး၊ တွဲရေး အငြင်းပွဲများတွင် ရန်ပင် ဖြစ်ကြလေသည်။ အဖေက တွဲရေး၊ သားက ခွဲရေး၊ အမေက ခွဲရေး၊ သမီးကတွဲရေး၊ အိမ်တွင်းမှာပင် အငြင်းမစဲပြီ။

ကံ၊ ဒွါရ အငြင်းအခုံသည် ရဟန်းတော်များမှ စလိုက်ရာ လူတော်





www.burmeseclassic.com

www.burmeseclassic.com



ကြောင်များသို့ နှံ့၍ သွားလေ၏။ ခွဲရေး၊ တွဲရေးမှာ လူဝတ်ကြောင်များမှ စလိုက်ရာ ရဟန်းတော်များသို့ ရောက်၍ သွားလေသည်။

ဤခွဲရေး၊ တွဲရေး စစ်ပွဲများတွင် ရဟန်းတော်များ ဝင်၍ နွှဲလိုက်သည်နှင့် တပြိုင်နက် ထိုအရေးမှာ ရှေးကထက်ပင် ကြီးကျယ်၍ လာလေသည်။ ရှေးကထက်ပင် ရှုပ်ထွေး၍ လာလေသည်။ ကျောင်းတကာနှင့် ဘုန်းကြီး၊ ဘုန်းကြီးနှင့် ကျောင်းတကာ များစွာ အငြင်းပွါးကြလေသည်။ တောင်တလုပ်ရွာ ဘုန်းတော်ကြီး ဦးဂန္ဓမာက တွဲရေး၊ သူ၏ ကျောင်းတကာ ဦးလူလှက ခွဲရေးကို အသီးသီး ကိုက်ကြကုန်၏။ ဦးလူလှက ဘုန်းတော်ကြီး ဦးဂန္ဓမာအား ကျောင်းပေါ်မှ နှင်၍ ချ၏။ ဗလီကျောင်းမှာ ကျောင်းသွားထိုင်ချေဟု ဆိုလေသည်။ ဘုန်းတော်ကြီး ဦးဂန္ဓမာက ဦးလူလှအား သပိတ်မှောက်လေတော့၏။ တောင်တလုပ် ရွာသားများကား အနေကျပ်လှ၏။ အချို့က ဘုန်းကြီးဖက်ဝင်။ အချို့မှာ ကျောင်းတကာနှင့်တွဲ။

ခွဲရေး ဘုန်းကြီးများအား တွဲရေးသမားတို့က ဆွမ်းမလောင်း။ တွဲရေး ဘုန်းကြီးများအား ခွဲရေးသမားတို့က မလှူ။ အလွန် စိတ်ပျက်စရာ ကောင်းသည့် အရေးကြီး ဖြစ်လေသည်။

လက်သမားဆရာ ဦးအောင်လှက အိမ်ဆောက်ယင်း ခွဲရေးတရားကို ဟောလေသည်။ အိမ်ရှင် ဒေါ်ညိမ်းမယ်က မကြိုက်သောကြောင့် တွဲရေး ကောင်းကြောင်း ပြန်ပြော၏။ ဦးအောင်လှက ကုလားနှင့် တွဲလျှင် မြန်မာ မိန်းမတွေအားလုံး ကုလားမယားတွေ ဖြစ်ကုန်မည်ဟု ဟော၏။ မြန်မာမိန်းမတွေက ကုလားကို ယူမှ ကုလားမယားဖြစ်မည်ဟု ဒေါ်ညိမ်းမယ်က ပြန်၍ ချေလေသည်။

မော်တော်ဘတ် မောင်းသမား မောင်မင်းဟန်က မြန်မာပြည်ကို အိန္ဒိယနှင့် တွဲထားလျှင် ကုလားတွေ အများအပြား မြန်မာပြည်သို့ လာသောကြောင့် မြန်မာများ အလုပ် လက်မဲ့ ဖြစ်မည်ဟု ပြော၏။ မော်တော်ဘတ်ပေါ်တွင် စီးကာ လိုက်ပါလာသူ မောင်သာလှူက မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်လိုက်လျှင် အင်္ဂလိပ်တွေ သင်္ဘောကြီးများနှင့် လာကြသောကြောင့် မြန်မာတွေ ယခုထက် ဆိုးမည်ဟု ပြောလေသည်။ မောင်မင်းဟန်က ဟားဟားဟားဟား ဟူ၍ ရယ်ကာ မော်တော်ဘတ်ကို ရပ်ပြီးလျှင် မောင်သာလှူကို နှင်ချ၏။ မောင်သာလှူကလည်း မဆင်း။ လမ်းခုလတ်မှာ မဆင်းနိုင်ဟု ဆိုကာ ထိုင်နေလေသည်။ ပိုက်ဆံလည်း ပေးပြီးပြီ။ အခြားသူများက တောင်းပန်ကြရကုန်၏။

ဦးပဏ္ဍိနှင့် ဦးဘိုးမောင်တို့သည် ရေဝတီ သင်္ဘောပေါ်တွင် ခွဲရေး၊ တွဲရေး ငြင်းကြရာက ခိုက်ရန် ဖြစ်ပွါးကြ၏။ ထောင်းမည်၊ ကြိတ်မည် လုပ်ကြ၏။ ဦးပဏ္ဍိက သင်းပိုင်ကို မ၏။ ဦးဘိုးမောင်က ခါးတောင်းကျိုက်လေသည်။ ဦးပဏ္ဍိ၏ လက်ထဲတွင် ဝါးတောင်ဝှေးတချောင်းကို ကိုင်ထား၏။ ဦးဘိုးမောင်၏ လက်ထဲတွင်ကား ဘိလပ်ရည် ပုလင်းများကို မြင်ရလေသည်။ တသင်္ဘောလုံး ဆူညံဆူညံ။

ယူနီဘာစီတီ မြသန်းကြည်တို့၏ အငြိမ့်ပွဲတွင် ခေတ်စန်နှင့် ဦးဘောဒါကြီးတို့ ခွဲရေး၊ တွဲရေး ငြင်းကြ၏။ ခွဲရေး၊ တွဲရေး အကြောင်း ပြက်လုံး ထိုးကြ၏။ တရှိုးရှုံးနှင့် နေလေသည်။ တဟားဟားနှင့် နေလေသည်။

မောင်သာဟန်၏ ဇာတ်ပွဲတွင် တွဲရေး အကြောင်း ပြက်လုံးထိုးမိသောကြောင့် အုတ်ပိုင်း သုံးပိုင်းကျ၍ ပွဲပျက်သွားလေသည်။

ငါးစိမ်းသည် မသာအိသည် ဟင်းရွက်သည် ဒေါ်စာဥအား ပါးနား ရိုက်နေသည်ကို မြင်ရ၍ တရွာလုံးက ဝိုင်းဖျဉ်ကြရလေသည်။ အဘယ်ကြောင့် ပါးနားရိုက်ပါသနည်းဟု သူကြီးမင်းက မေးသောအခါ ခွဲရေး၊ တွဲရေး ငြင်းကြရာက ဖြစ်ကြောင်း ပြောကြ၏။ မသာအိ ဒဏ်ငွေ သုံးကျပ် အတပ်ခံရ၏။





www.burmeseclassic.com

www.burmeseclassic.com


ကာကာကလေးဆိုင်တွင် လူပျိုခေါင်း မောင်ပန်းအောင်တို့ လူစု တွဲရေး စကားတွေကို ပြောပြီးလျှင် လက်ဖက်ရည် အကြွေး ဝယ်သောက်ကြလေသည်။ ခမျာ ကာကာကလေးမှာ အကြွေးကျလွန်း၍ ဆိုင်ကို ပိတ်ထားရမလောက် ဖြစ်၏။ တနေ့က ရွှေမျက်မှန်နှင့် ကိုယ်တော် တပါးသည် ကာကာကလေးဆိုင်တွင် ကာဖီသောက်ယင်း တွဲရေး တရားကို ဟောကြားနေလေသည်။

ကျုံးတန်ရွာသို့ တွဲရေး တရားဟောဆရာများ ရောက်လာကြ၏။ သူတို့၏ တရားပွဲသို့ သွားကြသူတွေမှာ မနည်းပေ။ ပြန်လာကြသော အခါ ရွာသား အချို့က ခွဲလိုက်လျှင် ချဉ်ပေါင်တပင်လျှင် အခွန်တပဲ ကောက်မှာကိုစိုးသည်ဟု ညည်းကြလေသည်။ဆယ်အိမ်ခေါင်းမောင်သာလှက “ဒါဖြင့် ဘယ်သူ ချဉ်ပေါင်စိုက်မှာတုံး” ဟုဆို၏။ သူကြီးမင်းကား အခွဲသမားလိုလို၊ အတွဲသမားလိုလို၊ အနေရ ကျပ်လှ၏။

မကြာမီက အတွဲသမားတွေ သရက်ပင်ရွာသို့ တရားဟောရန် လာကြရာ ခဲနှင့် အပေါက်ခံကြရသည်ဟု ကြားရ၏။ မောင်အောင်ဇံတို့လူသိုက်ကို ငွေတဆယ်ပေးလိုက်မှ အေးသွားလေတော့၏။မောင်အောင်ဇံတို့ လူစု တွဲရေးဖက် ပါတော့မည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

လယ်သမား မောင်အောင်ဖြိုးတို့ လူစု ချစ်တီးတိုက်တွင် ငွေသွားချေးရာ တွဲရေးဖက် မဲထည့်မှ ချေးမည်ဟု ပြောသောကြောင့် ရန်ဖြစ်ပြီး၊ ပြန်လာကြ၏။ မောင်နီတာ တယောက်သာ တွဲရေးဖက် မဲပေးမည်ဟု ဝန်ခံသောကြောင့် ငွေ ၁၀ဝိ-ရခဲ့လေသည်။

တနေ့က သွဲကျိုးရွာတွင် ဘုန်းတော်ကြီး ဦးဝိဇယက မိမိ၏ တပည့်များအား တွဲရေးဖက် ခဲပြားထည့်ရန် သစ္စာရေ တိုက်၏။ ဘုန်းတော်ကြီးကို ကြောက်သောကြောင့် သောက်ခဲ့ကြလေသည်။ တရွာလုံး ဆူနေလေပြီ။



ထိုခွဲရေး၊ တွဲရေး ပေါ်လိုက်သည်မှာ မြန်မာပြည်တွင် အတော်ပင် ရှုပ်ပွေ၍ သွားလေသည်။ ရန်သူ မဖြစ်သင့်ဘဲ ဖြစ်ကြ၏။ စကားမများသင့်ဘဲ များကြ၏။ အငြင်း မပွါးသင့်ဘဲ ပွါးကြ၏။ အမှု မရောက်သင့်ဘဲ ရောက်ကြ၏။ အဘယ်ကြောင့် ဤသို့ ပြုလုပ်ကြသည် မသိ။ အေးအေးဆေးဆေး ခွဲလိုက်လျှင် မည်မျှ ကောင်းမည်နည်း။

နယ်ပိုင် မောင်လူအေးကား မိမိနယ်အတွင်း မည်သည့် အရပ်တွင် ခိုက်ရန် ဖြစ်ပွါးမည်နည်း။ မည်သည့်နေရာတွင် အကြီးအကျယ် အဓိကရုဏ်း ဖြစ်မည်နည်း ဟူ၍သာလျှင် နားစွင့်ကာ နားထောင်နေရလေသည်။

မိမိကား အစိုးရ အမှုထမ်း ဖြစ်သောကြောင့် အာစေးမိလျက် နေတော့၏။ ခွဲရေးဖက် မပါရ။ တွဲရေးဖက်ကိုလည်း မပါရ။ ခွဲရေးကိုလည်း အားမပေးနိုင်။ တွဲရေးကိုလည်း အားမပေးနိုင်။ သို့သော် စိတ်ထဲ၌မူကား ခွဲရေးဖက်ကို စိတ်သန်သည် မှန်၏။ စိတ်ထဲ၌ ခွဲရေး၊ တွဲရေးဖက်ပါသည်ကိုကား အစိုးရမင်းက ပိတ်ပင်ခြင်း မပြု။ အစိုးရ မင်း၏ အပြစ်လွတ်ရုံ စိတ်ထဲတွင်သာ ခွဲရေးဖက် ပါလျက်နေလေသည်။ သို့သော် နှုတ်ကမူကား မှား၍မျှ မထွက်မိ။ တွဲရေးသမားတို့ ဟောသမျှကိုလည်း နားထောင်၏။ ခွဲရေးသမားတို့ ဟောသမျှကိုလည်း နားထောင်လေသည်။

ထိုခွဲရေး၊ တွဲရေးတွင် ဝင်စွက်ခြင်း မပြုရသော်လည်း ယင်းအရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရသည်မှာလည်း အားလှသည် မရှိပြီ။ ရွေးကောက်ပွဲကို မကျင်းပမီ လေးငါးရက်ကပင် ရွေးကောက်ပွဲ ကျင်းပရာ နေရာများကို စီမံရ၏။ ရွေးကောက်ပွဲတွင် ကြီးကြပ်မည့်သူများကို နေရာချရ၏။

အင်္ဂလိပ် သက္ကရာဇ် ၁၉၃၂ ခု၊ နိုဝင်ဘာလ ၇-ရက်နေ့ ၁၂ နာရီ

www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် ရွေးကောက်ပွဲတွင် ကြီးကြပ်ရမည့်သူများ မြို့ပိုင်ရုံးတွင် စုဝေးကြရလေသည်။ မြို့ပိုင်မင်း ဦးဘလှိုင်ကား မောင်လူအေးထက်ပင် အလုပ် များသေး၏။ ရွေးကောက်ပွဲတွင် လိုက်နာရန် စည်းကမ်းများကို ရှင်းလင်း၍ ပြရရှာလေသည်။

ရာဘက်ကြီး ဦးဘသော်လည်း ဦးဘလှိုင် ရှင်းလင်း၍ ပြနေသည်ကို မကျေနပ်။ အထပ်ထပ် ရှင်းလင်းပါဟု ကျယ်လောင်စွာ ပြော၏။ ပိုက်က ပူရသည့် အထဲတွင် သူ့အသံကလည်း နားကွဲလုမတတ် ကျယ်လေသည်။ မည်သူသည် သူ့အား မကြောက်ဘဲ နေအံ့နည်း။ ဟုမေး သည်မေးနှင့်သာ နေလေတော့သည်။

ယစ်မျိုးအရာရှိ ဦးဘမောင်ကား ဦးဘလှိုင် ရှင်းလင်း၍ ပြနေသည်ကို နားမထောင်နိုင်။ မိမိအတွက် ယူရန်ရှိသော မဲစက္ကူများကိုသာလျှင် ကျကျနန်ရေတွက်၍ နေ၏။ မဲပြား သုံးပြား လိုနေသေးသည်ဟု ဆိုလေသည်။ မြို့ပိုင် ဦးဘလှိုင်မှာလည်း ရှင်းလင်း၍ ကောင်းတုန်းပင်။

ပညာအုပ် ဦးတင်မောင်ကား မဲစက္ကူများကိုလည်း မရေတွက်။ မြို့ပိုင်မင်း ရှင်းလင်း၍ ပြနေသည်ကိုလည်း နားမထောင်။ ကုလားထိုင်ပေါ်တွင် အိပ်ငိုက်လျက် နေလေသည်။

နယ်ပိုင် ရုံးစာရေး မောင်ဖျန်စိန်နှင့် မောင်ဘကွန်း တို့ကား မောင်လူအေး၏ အနားတွင် မဲစက္ကူများကို ရေတွက်၍ နေကြလေသည်။

ဘိလပ် မောင်ဘဆန်းနှင့် မြေစာရင်း အင်စပိတ်တော် ဦးဘိုး တို့မှာ ဦးဘလှိုင် ဖတ်ပြ၊ ရှင်းပြနေသော စည်းကမ်းများကို နားမလည်နိုင်ကြသဖြင့် ခေါင်းကို ကုတ်နေကြကုန်၏။

ဒုတိယ မြို့ပိုင် ဦးလူခင်ကား မိမိ၏ စာရေးများနှင့်အတူ မဲစက္ကူများကို ရေတွက်နေလေသည်။





စည်းကမ်းချက်များကို ရှင်းလင်း၍ ပြီးလျှင် မဲပုံးများကို ဦးဘလှိုင်က ထုတ်၍ ပေးလေသည်။ တယောက်လျှင် ခြောက်လုံးကျ ဖြစ်၏။ ကရင်အတွက် သုံးလုံး၊ မြန်မာအတွက် သုံးလုံး ဖြစ်လေသည်။

မဲပုံးများကို ရသောအခါ အရာရှိ တသိုက်မှာ တညည်းညည်း တညူညူနှင့် မြို့ပိုင်မင်း၏ ရုံးမှ ထွက်ခွါလာကြလေသတည်း။

၁၂၉၄-ခု၊ နတ်တော်လ။


www.burmeseclassic.com

www.burmeseclassic.com

# လေလံပွဲ

ဘာလေလံပွဲလဲ။ အင်းလေလံပွဲ ဖြစ်ပါသည်။

ယနေ့ကား အင်းလေလံပွဲနေ့ ဖြစ်၏။ အင်းသားကြီးတို့ အဖို့ နေ့ ထူး နေ့မြတ်ကြီး ဖြစ်လေသည်။ မောင်လူအေး၏ နယ်အတွင်းရှိ ငါ မျှား အဖို့ကား နေ့ဆိုး နေ့ယုတ်ကြီးပေတည်း။

နံနက်စောစောကပင် နယ်ပိုင် ရုံးတော်ဝင်းအတွင်းသို့ အင်းသာ ကြီး၊ အင်းသားလတ်၊ အင်းသားကလေး၊ အင်းသားမကြီး၊ (ဝါ) အင် သမီးကြီး၊ အင်းသားမလတ်၊ (ဝါ) အင်းသမီးလတ်၊ အင်းသား ကလေး၊ (ဝါ) အင်းသမီးကလေး၊ လက်ထောက် အင်းသား၊ လက် ထောက် အင်းသမီး၊ (ဝါ) လက်ထောက်အင်းသမ၊ အချုံ အင်းသမီး (ဝါ) အချုံ အင်းသမ၊ အင်းသားယောင်၊ အင်းသမီးယောင် (ဝါ) အင်းသမယောင် အင်းကူလီမှ စ၍ အင်းနှင့် အသက်မွေးသူတို့ ရော နှင့်ကြလေပြီ။

တမြို့လုံးလည်း သူတို့ချည်း။ ဟိုသွားလည်း သူတို့နှင့် တွေ့။ သ သွားလည်း သူတို့နှင့်တွေ့။ ဈေးထဲမှာလည်း သူတို့။ တရုပ်ခေါက် ဆိုင်မှာလည်း သူတို့။ ကုလား ထမင်းဆိုင်မှာလည်း သူတို့။ အပြ အရက်ဆိုင်မှာလည်း သူတို့။ ကုလား မူဆာ၏ ကဇော်ဆိုင်မှာလည် သူတို့။ မောင်တူ၏ ဖဲဝိုင်းမှာလည်း သူတို့။ တမြို့လုံး အနှံ့အပြား အင် သားတတွေ လှုတ်၍ နေကြလေသည်။

အင်းသားကြီး တယောက်မှာ နောက်လိုက်က အထွေထွေ။ ခေါ် ပေါင်းစကြီးတွေကတထောင်ထောင်နှင့် ဟိုသွား သည်သွား။ အိတ် များမှာ ငွေသံတွေ တချွင်ချွင်။ မယားခမျာမှာလည်း အပါးကမခွ မျက်နှာထား ခပ်မာမာ။ အချို့မှာ အသင်း အပင်း အစုအဝေး





နယ်ပိုင် ရုံးဝင်း အတွင်း ကုက္ကိုပင်ကြီး အောက်တွင် ကော်ဇောတွေ ခင်းလျက် ထမင်းစားပွဲကြီး ကျင်းပ နေကြလေတော့သည်။

ကိုသာလူကား အင်းခွန် မကျေသောကြောင့် အင်းဆွဲရန် လက် မှတ် မရနိုင်။ မိတ်ဆွေ မောင်ဘိုးအောင်အား ထောင်၍ အင်းအဆွဲ ခိုင်းရန် ကြံ၏။ သို့သော် မောင်ဘိုးအောင်လည်း လက်မှတ် မရနိုင်။ မှုစွဲ့ည်းရှိသူ မဟုတ်။ ကိုသာလူကား အနည်းငယ်မျှ မစိုးရိမ်။ အင်းမ သူကြီး ဦးဘိုးရှင်ထံ သွား၍ မောင်ဘိုးအောင်၌ ပစ္စည်း ရှိကြောင်း လက်မှတ် အထိုး ခိုင်းရပေမည်။ ကိုယ်တော်မြတ် သူကြီးမှာ မျက်နှာ ထား တည်တည်နှင့် အမြင်ကတ်စရာ။ သို့သော် သူ့နေရာနှင့် သူ့ အောက်မကြို့က မဖြစ်။ တောင်းပန်စကား သွား၍ ပြော၏။ အဖက် မလုပ်။ တော်တော် လူဝါးဝဘဲ့သူကြီး။ သူ့ကိုယ်ကိုသူ သိကြွားများ မှတ်နေလေရော့ သလား။ သို့သော် ကိုသာလူတို့ မည်သို့ လုပ်လိုက် သည်မသိ။ ခဏကြာလျှင် သူကြီးလည်း ပြုံးပြုံး ရွှင်ရွှင်နှင့်ပင် လက် မှတ်ကို ထိုး၍ ပေးလိုက်၏။

မောင်ဘိုးအောင် လက်မှတ် ရသွား လေပြီ။ အကယ်ပင် ကိစ္စ ထုံးပြီလော။ မတုံးသေး။ မြို့ပိုင်မင်းထံ ပြေးရဦးမည်။ သူကြီး၏ လက် မှတ်ကား ပစ္စည်း ရှိကြောင်း လက်မှတ်သာတည်း။ အင်းဆွဲရန် လက် မှတ်ကား မြို့ပိုင်မင်း၊ အင်းခွန်ဝန်မင်း၊ နယ်ပိုင်မင်းတို့ကသာ ပေးနိုင် လေသည်။

မြို့ပိုင်မင်းထံ ဝင်ရန်မှာလည်းမလွယ်ကူ။ အင်းလက်မှတ်အတွက် စောင့်စား နေကြသော လူထုကြီးကား မနည်း။ မောင်ဘိုးနီ၊ မောင် သာဟန်၊ မောင်မြို့၊ မောင်နီတာတို့လည်း ချွေးတလုံးလုံးနှင့် အင်းသား ကြီး မောင်ကြိုင်လည်း လူထုထဲတွင် ဟိုတိုး သည်တိုးနှင့်နေပါကလား။ သည်အကောင် မနစ်က အင်းဖိုးငွေမကျေထာတောင် မျက်နှာပြောင် တိုက်ပြီး လာသေးသကိုး၊ တကဲ့အကောင်။



www.burmeseclassic.com

www.burmeseclassic.com


မြို့ပိုင်မင်းကား စောစောကပင် ရုံးသို့ ရောက် နေလေသည်။ သူ၏ အခန်းထဲတွင် ရှိ၏။ မြို့ပိုင်မင်းထက် ကြောက်ရသူကား မြို့ပိုင် မင်း၏ ယပ်ဆွဲသူ မောင်ခင် ဖြစ်လေသည်။ ကိုယ်တော်မြတ်မှာ မြို့ပိုင် မင်းထက်ပင် အဝတ်အစား ပြောင်သေး၏။ စီးကရက်ကို လက်ကြား ညှပ်၊ ဖိနပ်ဖြူကို စီးလျက်၊ ဟိုလူကို အော်၊ သည်လူကို မာန်နှ အင်မတန် ဂိုက်ထုတ် နေလေသည်။ သူနှင့်သင့်သူကား ရှေ့ကနေရ၏။ မသင့်သူတို့ကား နောက်သို့ ဆုတ်ရလေသည်။ သူ့ကိုယ်ကိုသူ မြို့ပို မင်း ထင်နေလေရော့သလား။ အင်းကိုပင် မဆွဲ ရသေး။ ဇေ ရောက်ကြရပေပြီ။

မောင်ခင်က မျက်နှာသာ ပေးလိုက်သော သူတို့ တယောက်ပြီ တယောက် အစဉ် အတိုင်း ရုံးခန်းထဲ ဝင်ကြရ၏။ မြို့ပိုင်မင်းနှင့် တွေ့ လော။ မတွေ့ရသေးပါ။ ရုံးစာရေးကြီး၊ ရုံးစာရေးကလေး၊ အသင်ရုံ စာရေးများ၊ ရုံးစာရေးကြီး၏ လက်ထောက်များ၊ အကူရုံးစာရေးမျာ နှင့် တဆင့် တဆင့် တွေ့၍ သွားရလေသည်။ သူတို့လည်း အမျိုးမျိ သော မေးခွန်းတွေ ဘာတွေနှင့် အနှောင့် အရှက် ပြုကြလေသည် ဩော်ဒုက္ခ၊ ကျားကြီးလဲ ကြောက်ရ၊ ကျားကလေးလဲ ကြောက် ဘယ်နေရာမှ ဟန်မကျပါကလားနော်။

နောက်ဆုံး၌ မြို့ပိုင်မင်း ထံသို့ ရောက်ကြ၏။ မြို့ပိုင်မင်းလည် မေးခွန်း အမျိုးမျိုး ထုတ်လျက် နေလေတော့သည်။ ငါ့မှာ စာမေး တွင် မေးသောမေးခွန်းတို့ထက်ပင် အင်းသားကြီးတို့အဖို့ ခက်သေး၏ အားလုံး မမှန်သည်ကိုချည်း ဖြေကြလေသည်။ နှစ်ဆယ်တန် အိမ် နှစ်ထောင်တန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ ငါးကျပ် တန်သော ငွေ တစင်းကို တရာတန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ တဆယ်တန်သော နွားတကောင်ကို တရာတန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ ကျမ်းစူးသည် ဆိုသော စကားကို မကြားဘူး သကဲ့သို့ ညာနိုင်သမျှ ညာသော ဟူ၏

သေသေချာချာ ကျကျ နန စစ်ဆေးသော သူကိုပင် ယောင်လည်လည် ဖြစ်အောင် ဖြေကြလေသည်။ တော်လဲ တော်ကြပါပေရဲ့။

နောက်ဆုံး၌ မြို့ပိုင်မင်းလည်း အချို့ကို ပယ်၍ အချို့ကို လက်မှတ် ထုတ်၍ ပေးလိုက် လေသတည်း။ လက်မှတ် ရလာသူများအနက် ဘိုး အောင်၊ ထွန်းစိန်၊ စံဦး၊ မောင်မြ လုံထော်တို့လည်း ပါကြလေသည်။ လက်မှတ်ကလေးတွေ ကိုယ်စီနှင့် ထွက်လာကြကုန်၏။ မျက်နှာတွေ ကား မို့ရသလို။ ကိုစံပကြီးကား မောင်ခင်နှင့် မသင့်သူ ဖြစ်သော ကြောင့် ရုံးအပြင်ဖက်တွင် ဟိုတိုးသည်တိုးနှင့် နေရရှာ၏။ သနားစရာ အမျှမှာ လက်မှတ် မရမှဖြင့် အခက်။

အင်းသားကြီးဟောင်း ဦးငွေရ၊ ဦးစံဖူး၊ ဦးဘိုးထွန်း၊ ဦးဘသာ တို့ကား စောစောပင် လက်မှတ် ရထားသူများ ဖြစ်ကြသောကြောင့် တိုးဝှေ့ နေကြသူများတွင် မပါဝင်။ ခပ်အေးအေးပင် ကုက္ကိုပင်ရိပ် တွင် ဆေးလိပ် ဖွာကာ ကွမ်းစားကာနှင့် ထိုင်နေကြလေသည်။ သူတို့ ၏ နေ့ခက်လိုက်များကား ဝိုင်းလျက်။

မောင်မြကား လက်မှတ် ရလာသည်နှင့် တပြိုင်နက် အင်းသား ကြီး ဦးငွေရတို့ ထိုင်နေရာသို့ ရောက်လာလေသည်။ မျက်နှာထား ရွှင် ပျစွာ ထားလျက် နေ၏။ မောင်မြ ရလာသော လက်မှတ်ကား ပန်း လှိုင်ရေကျော် အင်းအတွက် လက်မှတ် ဖြစ်လေသည်။ ပန်းလှိုင် ရေကျော် အင်းသားကြီးဟောင်း ဦးငွေရကား လက်မှတ်ကို မောင်မြ လက်ထဲ မြင်လိုက်သည်နှင့် တပြိုင်နက် မျက်နှာပျက်လျက် သွားတော့ ၏။ ထိုအင်း မိမိလက်မှ လွတ်သွားက ခက်လေတော့မည်။ ဦးငွေရ၏ မယား ဒေါ်ရှုကား မျက်နှာကြီး စူလျက်။

မောင်မြကား ပန်းလှိုင် ရေကျော် အင်းကို နှစ်ထောင် အထိ တက်ပေးမည်ဟု ဦးငွေရ မကြား တကြားပြောလျက် နေ၏။ ဦးငွေရ မျက်နှာ နီ၍ လာလေပြီ။ မိမိက တထောင်ထက် ပို၍ မပေးနိုင်။ တ



www.burmeseclassic.com

www.burmeseclassic.com



ထောင်နှင့် ရမှ ငွေနှစ်ရာလောက် မြတ်မည်။ မောင်မြကား ပစ္စည်း မရှိသူ မှန်၏။ သို့သော် အင်းဆွဲရန် လက်မှတ် ရသူ ဖြစ်လေသည်။ နောင်ခါမှ ဖြစ်ချင်ရာဖြစ်၊ နှစ်ထောင်များ ပေးလိုက်မှဖြင့် မိမိတို့ အလုပ်လက်မဲ့ ဖြစ်လေတော့မည်။ အခက်ကြီးနှင့် ကြုံရပေ၏။ မောင်မြကား လက်မှတ်ကို ဝင့်ကာ ဝင့်ကာနှင့် စကားများလျက် နေလေတော့သည်။ ဦးငွေရတို့ လင်မယားကား ချွေးပြိုင်ပြိုင် ယိုကာ ကျ လေပြီ။

နောက်ဆုံး၌ ဦးငွေရက မောင်မြအား မိမိအင်းကို ဝင်၍ လုမဆွဲ ရန် တောင်းပန် ရှာ၏။ မောင်မြကား တောင်းပန်၍ မရ။ ခရီးစရိတ် ငွေအစိတ်ကိုထုတ်၍ပေး၏။ နည်းသေးသည်။ မယူ။ သုံးဆယ်ပေး၏။ နည်းသေးသည်။ မယူ။ လေးဆယ်ပေး၏။ နည်းသေးသည် မယူ။ ငါးဆယ်ပေးမှ ကျေနပ် လေတော့၏။ ငွေငါးဆယ်ရလျှင် မောင်မြ လည်း မောင်တူ၏ ဖဲဝိုင်းသို့ စိုင်းလေပြီ။ ဦးငွေရကား အင်းမှ မဆွဲရ သေးမီ ငွေငါးဆယ် ထွက်ရရှာ၏။ ဤနည်းအတိုင်း ဘိုးနီနှင့် သာဟန် တို့လည်း အင်းသားကြီးဟောင်း ဦးဘိုးနေနှင့် ဦးဘသာတို့ထံမှ ငွေသုံး ဆယ်စီ ရခဲ့ကြလေသည်။ တရှပ် အပြန့်၏ အရက်ဆိုင်သို့ ခြေဦးလှည့် ကြလေပြီ။

ရန်ကုန်မှ ယနေ့ နံနက် ရောက်၍လာသော ငါးပွဲစား မောင်ကန် မှာလည်း ခေါင်းပေါင်းစ တထောင်ထောင်နှင့်ပင်။ သူ၏ နောက်မှ အင်းသားကြီးဟောင်းများ၊ အင်းသားကြီး လောင်းများ တကောက် ကောက်နှင့် မခွါနိုင်ကြ။ သူ၏ အိတ်ထဲတွင် ငွေ နှစ်ထောင် ပါလာ သည်ဟု ကြားရ၏။ စပေါ်ငွေ ပေးရန် သူ့ထံမှ မျက်နှာသော လေးများနှင့် ငွေ တောင်းနေကြလေသည်။ အင်းဂရန်ကို ပေါင်ထား မည် ဆိုသူကဆို။ အင်းမှထွက်သော ကုန်များကို ပေါပေါနှင့် ပေးမည် ဆိုသူက မရှား။ အမျိုးမျိုး ချော့ကာ မော့ကာ မောင်ကန် ထံမှ





ငွေထွက်အောင် ညှစ်၍ နေကြကုန်၏။ ဤအခါတွင် မောင်ကန်ကား တသိကြားထက်ပင် တန်ခိုးကြီးပေသေး၏။ ယပ်ခတ်ပေးသူကပေး။ ရယူ ပေးသူတွေကလည်း အများ။တော်တော်ပင် ခမ်းနားပေသည်။

သို့နှင့်ပင် နယ်ပိုင်ရုံးဝင်း တဝင်းလုံး ဟိုစုရုံး သည်စုရုံး၊ ဟိုလူးလာ ခပ်၊ သည်လူးလာခပ်၊ ဟိုပြော သည်ပြောနှင့် တသောသော နေကြ လေတော့သည်။ ရုံးအောက်က လက်ဖက်ရည်ဆိုင်ရှင် ဒေါ်သိန်းခင် မှာလည်း အရောင်းရ တွင်သောကြောင့် တပြုံးပြုံး။ လက်ပင်မလည် နိုင်။ နယ်ပိုင်ရုံးတွင် တနှစ်ပတ်လုံး ဤအခါကဲ့သို့ လူစည်ကားခြင်း မျိုးမျှ မရှိခဲ့ဘူး။ အင်းဆွဲရန် လက်မှတ် ရသူတို့ကား တရှင်ရှင်။ မရ သူတို့က တမှိုင်မှိုင်။ မောင်ကုလားတို့ လူစုကား အင်းဆွဲနိုင်သူတွေ လည်း မဟုတ်။ လက်မှတ်ရနိုင်သူတွေလည်း မဟုတ်။ ငွေကြေး ဆို၍ ဒင်္ဂါးပြား တချပ်မျှ ရှိသူတွေလည်း မဟုတ်။ သို့ပါလျက် ခုနစ်မိုင် ခရီးမှ လာ၍ သူတကာ အင်းလေလံ ဆွဲသည်ကို သွားရည် ယိုကြသည်မှာ အံ့သြဖွယ်ရှိ။

သို့နှင့်ပင် ဆယ်နာရီ ထိုး၏။ ထိုနောက် ဆယ်နာရီခွဲ၏။ နယ် ပိုင် မောင်လူအေး လာလေပြီ။ အားလုံး ငိုင်း၍ ကြည့်ကြ၏။ "တယ် ဟီးတဲ့ နယ်ပိုင်" "တယ်ကြမ်းတဲ့ နယ်ပိုင်" စသည်ဖြင့် တီးတိုး စကား ပြောကြလေသည်။ (မောင်လူအေးကား ရှေးအခါက လူအေး ဖြစ် သည် မှန်၏။ ယခု လူသရမ်းတွေနှင့် လုပ်နေရသောကြောင့် လူကြမ်း ဖြစ်နေလေပြီ။)

အရေးပိုင်ကား သူ၏ သင်္ဘောထဲတွင် ရှိသေး၏။ အရေးပိုင်လာမှ လေလံပွဲ စသည်။ အရေးပိုင်မင်း အလာကိုသာလျှင် စောင့်စား၍ နေကြကုန်၏။ လေလံ ဆွဲမည့် သူများ၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် ရှိနေလေတော့သည်။

လေလံ ပစ်မည့် နေရာကား နယ်ပိုင်မင်းရုံး အောက်တွင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၏။ အရေးပိုင်မင်း ထိုင်ရန် ခုံမြင့်ကလေး ပြုလုပ်၍ ထားလေသည်။ အခြားအရာရှိများကား မြေပြင်၌ ကုလားထိုင်များပေါ်တွင် ထိုင်ကြ ရမည်။

ဆဲ့တနာရီ ထိုးသည်နှင့် တပြိုင်နက် အရေးပိုင်မင်း ပေါက်ရ လာလေသည်။ နယ်ပိုင် မောင်လူအေးလည်း ခရီး ဦးကြို ပြု၍ ခုံမြင့် ရှိရာသို့ ခေါ်ခဲ့၏။ ရောက်လျှင် နှစ်ယောက်သား ခုံမြင့်ပေါ်ရှိ ကုလား ထိုင်နှစ်လုံးတွင် ယှဉ်ကာ ထိုင်ကြလေသည်။ မြို့ပိုင်၊ အခွန်ဝန်၊ အင ခွန်ဝန်တို့လည်း အသီးသီး မိမိတို့နေရာများတွင် ထိုင်ကြလေသည်။

အင်းဆဲ့မည့် သူများနှင့်တကွ မိမိတို့၏ နောက်လိုက်များပါ ထိုနေ ရာသို့ ဝိုင်း၍လာကြ၏။ ထိုသူတို့ ရောက်သည်နှင့် တပြိုင်နက် အခွန်ဝ မင်းက အင်းအမှတ်ခွဲ တတ်ခွဲကို ကိုင်ပြီးလျှင် "ပန်းလှိုင် ရေကျော်အင်း ဟူ၍ အော်လိုက်လေသည်။ အနားတွင် ထိုင်နေကြသော သူတို့လည် ဟိုကြည့် သည်ကြည့်နှင့် လုပ်နေကြ၏။ အတန်ကလေး ကြာလျှ ထောင့်တထောင့်မှ ဦးငွေရကြီး ထ၍ လာလေသည်။ အားလုံးသော ပရိသတ်တို့ သူ့အား စိုက်၍ ကြည့်နေကြလေသည်။ အခြား မည်သ ထမည်နည်း။ မည်သူ တဦးမျှ မထ။ ဦးငွေရ စိတ်အေး သွားလေ တော့သည်။ မောင်မြအား ငွေငါးဆယ် ပေးလိုက်ပြီမဟုတ်ပါလော။

ဦးငွေရလည်း အရေးပိုင်မင်းတို့ ရှေ့သို့ ရောက်လေပြီ။ အင်းအ ရန် လက်မှတ်ကို အခွန်ဝန် မင်းအား ကမ်းပေး လိုက်၏။ အခွန်ဝ မင်းလည်း အမှတ်ခွဲနှင့် လက်မှတ်ကိုပါ အရေးပိုင်မင်းထံ ကမ်း၍ ပေးပြ ၏။

အရေးပိုင်မင်း။ ။သည်အင်းကို ဘယ်လောက် ပေးမလဲ ဦးငွေရ။
ဦးငွေရ။ ။ငါးရာ ပေးပါမည် ဘုရား။
အရေးပိုင်။ ။မရောင်းနိုင်ဘူး။ မနှစ်က တထောင်နဲ့ ရောင်း တယ်။





ရ။ ။မနှစ်က ရှုံးပါ ဘုရား။
နယ်ပိုင်။ ။မနှစ်က ရှုံးပေမဲ့ သည်နှစ် မြတ်မယ်။
ရ။ ။မြတ်မှာ မဟုတ်ပါဘူး။ ဆားဈေး တွေက တက် နေပါဘုရား။
အင်းခွန်ဝန်။ ။ခင်ဗျား တထောင်နဲ့တောင် မြတ်သေးတာ ကျုပ် အသိ သားနဲ့။ လာညာနေပြန်ပြီ။
ရ။ ။ရှုံးပါ ဘုရား။ ဘယ်အကျိန်မျိုးဘဲ ပေးပေး။
အခွန်ဝန်။ ။သည်ထက် တက်မပေးနိုင်ဘူးလား။
ရ။ ။ခုနစ်ရာ့ငါးဆယ် ပေးပါမယ် ဘုရား။ သည့်ထက် တက်မပေးနိုင်တော့ပါ။ ဒါအများဆုံးပါဘဲ။
အရေးပိုင်။ ။သည်ဈေးနဲ့ မရောင်းဘူး။ နည်းတယ်။
ရ။ ။မနည်းပါ ဘုရား။ များတောင် နေပါသေးတယ်။ (ပရိသတ်က ရယ်ကြ၏။)
နယ်ပိုင်။ ။များတယ် ထင်ယင် လေလံ ချိုးထားလိုက်မယ်။ တက်မလား၊ မပေးဘူးလား။
ရ။ ။ရှစ်ရာ ပေးပါမယ် ဘုရား။ သည်ထက်တော့ မပေး နိုင်တော့ပါ။
အရေးပိုင်။ ။ကောင်းပြီ။ ရှစ်ရာနဲ့တနှစ်ရောင်းမယ်။ အင်းသား ကြီးဟောင်းဖြစ်လို့ လျှော့ပေးတယ်။ သိလား။ စပေါ်ငွေ ရှစ်ဆယ်ပေးရမယ်။
ရ။ ။"ပေးပါ့မယ်" ဆို၍ အခွန်ဝန်ကို ငွေထုတ်ပေး ၏။

အခွန်ဝန်က ငွေတိုက်တွင် သွား၍ အသွင်း ခိုင်းလေသည်။ ဦးငွေရ လည်း ပြုံး၍ ထွက်သွား လေတော့၏။ မနှစ်ကထက် နှစ်ရာတောင် ကျသွားလေသည်။ သူ၏ သား မယား ဆွေမျိုး နောက်လိုက် တို့

www.burmeseclassic.com

www.burmeseclassic.com

လည်း တပြုံးပြုံးနှင့် နောက်က လိုက်လာကြလေသည်။ အထက်ပါ နည်းအတိုင်း လုသူ မရှိဘဲ လျှော့ဈေးနှင့် ရောင်း လိုက်ရသော အင်း ပေါင်း ဆယ်အင်းခန့် ရှိလေပြီ။

အခွန်ဝန် မင်းက "တပေ ကုလားအင်း" ဟု အော်လိုက်သည် နှင့် တပြိုင်နက် ဘိုးအောင်နှင့် ကုလားကြီးတို့ ထောင့်တထောင့်စီမှ ထ၍ လာကြ လေသည်။ ပရိသတ်လည်း အုတ်အုတ်ကျက်ကျက် ဖြစ် သွား၏။လက်မှတ်အသီးသီး ကမ်းပေးကြ၏။ ကုလားကြီးကား အင်း သားကြီးဟောင်း။ သူတို့၏အမည်များကို အရေးပိုင်မင်း အမှတ်တွင် မှတ်လေပြီ။ ပြီးသည်နှင့် တပြိုင်နက် လေလံ ပစ်တော့မည် လုပ်၏။ ကုလားကြီးက "လျှောက်ပါရစေ" ဟု ဆို၏။

အရေးပိုင်။ ။ဘာ လျှောက်လိုသလဲ။

ကုလားကြီး။ ။အခု လေလံမှာ ဝင်လုတဲ့ မောင်ဘိုးအောင်ဟာ အခွန် မကျေတဲ့ အင်းသားကြီးဟောင်း ဂ သာလူက ထောင်ဆွဲသူ ဖြစ်ပါတယ် ဘုရား။

(အထက်ပါ အတိုင်း မောင်ကုလားကြီးက ပုတ်လိုက်လျှင် ပ သတ်ကြီးလည်း အုတ်အုတ် ကျက်ကျက် ဖြစ်သွား၏။)

အရေးပိုင်။ ။မောင်ကုလားကြီးပြောတဲ့အတိုင်း မှန်သလား မောင်ဘိုးအောင်။

ဘိုးအောင်။ ။မဟုတ်ရပါ ဘုရား။

ကုလားကြီး။ ။မယုံလျှင် သူကြီးကို မေးပါ။

သူကြီးကို ခေါ်၏။ သူကြီးဦးဘိုးရှင် နေရာမှထ၏။

အရေးပိုင်။ ။မောင်ကုလားကြီး ပြောတဲ့အတိုင်း မှန်သလ သူကြီးမင်း။

သူကြီး။ ။မှန်ပါတယ် ဘုရား။

(ခက်ပြီ၊ ခက်ပြီ။ ခွေးမသား သူကြီး။ ငါတို့ကို သတ်ပြီ။ ေ





စောကတော့ လက်မှတ်ပေးပြီး အခု အချက်ထဲကျမှ ဂွလုပ်လေတယ်။ နေနှင့်အုံး။ တနေ့တော့ တွေ့ရမပ။)

အရေးပိုင်။ ။မောင်ဘိုးအောင် လေလံ မဆွဲနိုင်ဘူး။

မောင်ဘိုးအောင်လည်း သူကြီး အပေါ် တွင် အခဲ မကျေဘဲ မျက်နှာသေကလေးနှင့် လေလံပွဲမှ ထွက်ကြွ၍ သွားလေပြီ။ ပရိသတ် ထဲမှ အချို့က ဝမ်းသာ၏။ အချို့က ဝမ်းနည်း လေသည်။

တပေကုလား အင်းကို မောင်ကုလားကြီးအား တထောင့်ခြောက်ရာနှင့် ရောင်းလိုက် လေပြီ။ ကုလားကြီးတို့ လူစု ဝမ်းမြောက် ဝမ်းသာနှင့် ထွက်၍ သွားကြ၏။

ပြီးလျှင် အခွန်ဝန် မင်းက "မက်ခင်းကြီးအင်း"ဟူ၍ အော် လိုက်၏။

မောင်ပန်းဦးနှင့် မောင်သိန်းမောင်တို့ တထောင့်စီမှ ထ၍ လာကြလေသည်။ အသီးသီး လက်မှတ်များကို ကမ်း၍ ပေး၏။ မောင်ပန်းဦးကား ဣန္ဒြေရရ၊ မောင်သိန်းမောင်ကား အရက် မူးလျက် ယိုင်တိ ယိုင်တိုင်။

အရေးပိုင် မင်းလည်း ထိုသူတို့၏ နာမည်များကို အမှတ်တွဲတွင် ရေးပြီးနောက် ပန်းဦးဖက်သို့လှည့်လျက်"သည်အင်းကို ဘယ်လောက် ပေးမလဲ" ဟု မေး၏။

ပန်းဦး။ ။၂,၅၀၀ိ-ပေးပါမယ် ဘုရား။

အရေးပိုင်မင်း။ ။သိန်းမောင်ကော။

သိန်းမောင်။ ။၂,၇၅၀ိ-ပေးပါမယ်။

ပန်းဦး။ ။၃,၀၀၀ိ-

သိန်းမောင်။ ။၃,၅၀၀ိ-

ပန်းဦး။ ။၄,၀၀၀ိ-

သိန်းမောင်။ ။၄,၅၀၀ိ-

www.burmeseclassic.com

www.burmeseclassic.com


(အရေးပိုင်မင်းက "မန်စ်က ၂,၅၀၀ နဲ့ ရောင်းတယ်။ စဉ်းစားပြီး ဆွဲကြ။ အမြတ်မရှိဘဲ မခံချင်လို့ ဆွဲယင် အလကားဘဲ" ဟုဆို၏။)

ပန်းဦး။ ။၅,၀၀၀။

သိန်းမောင်။ ။၅,၅၀၀ိ။

ပန်းဦး အား သူ၏ မိတ်ဆွေများက ဆွဲ၍ထားကြ၏။ ရုန်း၍ ထ၏
မထနိုင်။

အရေးပိုင်မင်း။ ။၅,၅၀၀ိ- တခါ။

၅,၅၀၀ိ။

ပန်းဦး။ ။၆,၀၀၀ိ (ဆွဲထားရာမှ)

သိန်းမောင်။ ။၆,၅၀၀ိ။

ပန်းဦးကား မူးနေသူ မဟုတ်။ သို့သော် မခံချင်သော စိတ်မိုက်က သွေးဆောင်လျက် နေ၏။ မိမိ မယားက မိမိ၏ လုံချည်စကို ဆွဲထာ လေသည်။ အကယ်၍ ၆,၅၀၀ိ ထက်ပို၍ပေးလိုက်လျှင် ၃,၀၀၀ိ ကျေ ရှုံးပေလိမ့်မည်။ မိမိ၌ စိုက်ဆောင်စရာ ငွေသုံးထောင်လည်း မရှိ ၆,၅၀၀ိ ထက်ပို၍ တက်ပေးလိုက်လျှင် မိမိထောင်ကျမည်မှာ ကေန္တ ထောင်ကျ၍ မကာ မိမိ၏ သားမယားတို့လည်း အတိဒုက္ခ ရောက်ကြ လိမ့်မည်။ မျက်စိတဖက်တွင် ထောင်ကြီးကို မြင်လျက် နေ၏။ အခြာ တဖက်တွင်ကား သိန်းမောင်က မိမိအား လူကြောက်ဟု ခေါ် နေသည ကိုငှင်း၊ ပရိသတ်တို့က သတ္တိကြောင်သူဟူ၍ ခေါ် နေသည်ကိုငှင်း မြ လျက် နေလေသည်။ ထောင်ကို ကြောက်သော စိတ်ကောင်းနှ မခံချင်သော စိတ်ရိုင်းတို့၏ အကြားတွင် ပန်းဦးကား မှိုင်တွေတွေ နေလေတော့သည်။

အရေးပိုင်မင်း။ ။၆,၅၀၀ိ-တခါ။

၆,၅၀၀ိ-နှစ်ခါ။

၆,၅၀၀ိ-နှစ်ခါ။



ပန်းဦး။ ။၇,၀၀၀ိ။

သိန်းမောင်ကား မထနိုင်ပြီ။ သူ၏ ပါးစပ်ကို မယားနှင့် ဆွေမျိုး တွက ပိတ်၍ ထားကြလေသည်။

ရေးပိုင်မင်း။ ။၇,၀၀၀ိ-တခါ။

၇,၀၀၀ိ-နှစ်ခါ။

၇,၀၀၀ိ-သုံးခါ။

ပန်းဦး မက်ခင်းကြီး အင်းကို ၇,၀၀၀ိ နှင့် ရသွား လေပြီ။ ကျိုးရှိသော ရခြင်းမျိုးမဟုတ်။ ကေန္တ ထောင်ကျမည့် ရခြင်းဖြစ် လသည်။ မခံချင်သော စိတ်ရိုင်းက ချယ်လှယ်သောကြောင့် အင်း ားကြီးတွေ ထောင်နန်း စံဘူးကြသည်မှာ များလေပြီ။

ပရိသတ် အထဲမှ အချို့က ပန်းဦး၏ သတ္တိကို ချီးမွမ်း ကြ၏။ အချို လူမိုက်၊ အရူးဟု ခေါ် ဆိုကြလေသည်။ ပန်းဦးကား အင်းကို သော်လည်း ဝမ်းမသာပြီ။ မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်း အင်း ကြီးပေတည်း။ တသက်လုံး စုဆောင်း၍ ထားသော ငွေကလေး ၁၅ နှစ်အတွင်း ပျက်စီးခြင်းသို့ ရောက်ရပေတော့မည်။ ပစ္စည်း ပျက်စီး င်းကား မထောင်းတာ။ ထောင်အတွင်းသို့ ရောက်ခြင်းကား မခံ သာရာ။ ဤလူ့ငွေမပျက်ရန် ဟန်ဆောင် ပါသော်လည်း မျက်နှာမူကား ငွေ ပျက်ကြောင်း သက်သေခံလျက်ပင်။ ဤကား မခံချင်သော တ်၏ တာသွားပုံတည်း။

အရေးပိုင်မင်းနှင့် အရာရှိများလည်း အစဉ် အတိုင်း အင်းများကို လလံတင်လျက် သွားကြ၏။ လေးနာရီထိုးလျှင် အင်းပေါင်း ၉၀ ပြီး လပြီ။ ဤမျှနှင့် လေလံပွဲကြီး ပြီးဆုံးခြင်းသို့ ရောက်တော့သတည်း။

ဂန္ထလောက ၁၂၉၅-ခု၊ ကဆုန်လ။



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စန္တရစ်

တပေ ကုလား ဆိုသော အမည်သည် ဆန်း၏။

ထိုအမည်ကား မောင်လူအေး၏ နယ်အတွင်းရှိ တံငါ ရွာကလေ
တရွာ၏ အမည် ဖြစ်လေသည်။ တပေကုလားရွာသာ မဟုတ်။ တ
ကုလား အင်း ဟူ၍လည်း ရှိသေး၏။ တပေ ကုလားကွင်း ဟူ၍လ
ရှိသေး၏။ တပေကုလားချောင်း ဟူ၍လည်း ရှိသေး၏။

တပေကုလားအင်းကို အကြောင်းပြု၍ တပေကုလားရွာ ဟူ၍
ခေါ် ဆိုသလော။ တပေကုလားရွာကို အကြောင်းပြု၍ တပေကုလ
ချောင်း၊ တပေကုလားအင်း၊ တပေကုလားကွင်း ဟူ၍ပင် ခေါ်ဆို
လောဟု မည်သူမျှ မပြောပြနိုင်။ တပေကုလားရွာသားတို့အား
သော အခါကား ရှေးအတိတေ ပဝေဏီကပင် ရှိခဲ့သည်ဟု ပြော
ဆိုကြကုန်၏။ ကမ္ဘာဦးအခါကပင် ဆင်းသက် ပေါ်ပေါက်လာသ
ဟူ၍များ ထင်မှတ်နေကြလေရော့သလား။

တပေ ကုလား ဆိုသော စကား၏ အဓိပ္ပါယ် မည်သို့နည်းဟု
နိူက် ချွတ်ချွတ် မေးလေ့ရှိသူတို့က မေးကောင်း မေးကြပေလိမ့်မ
ရွာတွင် အသက်အကြီးဆုံး အဖိုးကြီး ဦးနောက်တိုးအား မေးကြ
သော အခါ "တပေကုလား" ဆိုသော စကားမှာ "တပေကုလား"
အဓိပ္ပါယ်ရကြောင်းနှင့် ပြောပြလေသည်။ သူ၏စကားကို ယုံမှား
မရှိ။ ဦးနောက်တိုးကား အသက် ၇၅ နှစ်ပင် ကျော်ပြီ ဖြစ်
ကြောင့် ရှေးမှီ နောက်မှီ အဖိုးကြီး ဖြစ်လေသည်။ အချို့ အ
ကောင်းသော သူတို့ကမူကား တပေကုလား ဆိုသည်မှာ တပေ
ရှိသော ကုလားပုကလေးတယောက်က စတင်တည်ထောင်၍ ထ
သော ရွာဖြစ်သောကြောင့် တပေကုလားရွာဟု အမည်တွင်ကြေ





းတောကောင်း တွေးတော ကြပေလိမ့်မည်။ သို့သော် ဦးနောက်
ပေးသော အဓိပ္ပါယ်လောက် မကြိုက်။

တပေ ကုလားဆိုသော စကား၏ အဓိပ္ပါယ်ကို ရှင်းလင်းပြီးသည်
အခြားမဲ့၌ တပေကုလား ဟူသော အကြင်တံငါရွာကလေး၏ တည်
အခြေနှင့် သာယာပုံကို ရေးသားဦးအံ့။ ထိုရွာကလေးကား အလွန်
ာက်ကျိ၍ ရှုံအတိ ပြီးသော တပေကုလားချောင်းကလေး၏ ဘေး
င် တည်ရှိလေသည်။ ဤချောင်းကလေးမှ တပါး အခြား ဘေးပတ်
ည်ဘွင် ကွင်းပြင် လဟာကြီးဖြင့် ခြံရံလျက် တရွာလုံးပင် ကုက္ကိုပင်
လေးပင် အပြင် အခြားအပင် ဟူ၍ မရှိ။ ကွင်းခေါင်ခေါင်ကြီးတွင်
ည်ထားသော ရွာကလေးတည်း။ နွေဥတုတွင် ပူပြင်းလိုက်သည်မှာ
ာဆရာမရှိ။ရွာထိပ်တွင် ဘုန်းတော်ကြီးဦးဇာဝနကျောင်းတကျောင်း
း အင်းသားများ သေခါနီး ဆည်းကပ်ရာ ကျောင်းပေတည်း။
ဘောင်ဖက်စွန်းတွင် ဦးဘိုးထွန်း တူးထားသော ရေကန် တကန်
သသည်။ ရွာသားတို့ သောက်ရေ ခပ်ယူရာတည်း။ ထိုရေကန်နှင့်
ချက် အန္တရာယ်ကင်း ကိုးတောင်ပြည့်ဘုရား၊ ကွင်းခေါင်ခေါင်
း

ရွာတွင် အိမ်ခြေကား သုံးလေးဆယ်ခန့်။ သက်ကယ်မိုး၊ ဝါးကပ်
ဝါးခြမ်းခင်း၊ ဝါးတိုင်တွေနှင့်အိမ်များသာ။ အိမ်နှစ်ဆောင်ပြိုင်
ကျယ်ဆောက်ကာ ထားသောအိမ်ကား နတ္ထိ။ ပျဉ်ထောင်အိမ်
ကား မရှိ။ တအိမ်လျှင် အလွန်ဆုံး ငွေ ၁၀ ခန့်တန်၏။ သို့သော်
ပန်ပေးကြသော အခါ ငါးရာတန်သည်ဟု ကျမ်းကိုင်ကာ ဆိုကြ
သည်။

အိမ်အောက်များတွင် ဝက်တွေ ကြက်တွေ ဘဲတွေ အန္တိအပြား
၍ ထားလေသည်။ ဆူဆူညံညံနှင့် အိမ်ရှေ့ အိမ်နောက်ဖေး
ဝန်းကျင်များတွင် ငါးပိအိုးတွေ ငံပြာရည်အိုးတွေ အနန္တနှင့်



www.burmeseclassic.com

 www.burmeseclassic.com 

နံလိုက်တဲ့ ဖြစ်ခြင်း၊ သင်းတို့ရွာသားတွေ ဘယ်လို နေကြသည် မသ
ရောဂါလဲ မရ၊ ဒုက္ခလဲ မဖြစ်။

တရွာလုံးတွင် အိမ်သာ တလုံးမျှ မရှိ။ တကွဲ့ရွာသားတွေ။ ရှ
လမ်းကား ကျယ်ပါ၏။ နွေအခါတွင် ဖုံတထောင်းထောင်း။ မိုးအ
တွင် ရေမြုပ်။ လမ်းချည်းသာရေမြုပ်သည်မဟုတ်။ အိမ်များလည်း
မြုပ်၏။ ရွာသားများအိမ်အပေါ်ထပ်တွင်တက်၍ နေကြရလေသည်
ကြက်လည်းသည်မှာ၊ ခွေးလည်းသည်မှာ၊ ဝက်လည်းသည်မှာ၊ ဘဲလည်း
သည်မှာ၊ ကြောင်လည်း သည်မှာ၊ တော်တော် ပျော်စရာကောင်း
အိပ်လည်း သည်မှာ၊ စားလည်း သည်မှာ၊ ထမင်းဟင်း ချက်လည်း
သည်မှာ၊ 'ကျန်းမာရေး ဆရာများအတွက် သင်ခန်းစာ တခုရပြီ
မိုးတွင်း အခါတွင် မြွေပွေးတွေ ပေါလိုက်သည်မှာလည်း
စရာမရှိ။ ဝါခေါင်လ အတွင်းက မောင်ဘိုးသောင် ဇနီး အပေါ်ထ
တွင် အိပ်နေခိုက် မြွေပွေးခဲ၍ သေရှာလေပြီ။

ဤမျှနှင့် တပေကုလား ရွာကလေး၏ သာယာပုံအကြောင်း
လောက်ပြီထင့်။ ရွာသား ရွာသူတို့အကြောင်း ရေးသား ပါရစေ
တရွာလုံး ရေနှင့် အသက်မွေးသူချည်း။ ရွာပတ်ဝန်းကျင်
အင်းပေါင်း ခြောက်အင်းခန့် ရှိ၏။ ထိုအင်းတို့တွင် ရှိသော ငါးမျ
အပေါ်၌ အုပ်ချုပ်ကာ မင်းလုပ်၍ နေကြသော အင်းသား
ကား ခြောက်ယောက်ခန့်ပင် ရှိလေသည်။ တပေကုလား သူ
ဦးငွေလှလည်း တယောက် အပါအဝင် ဖြစ်၏။ ထိုအင်းသား
ခြောက်ယောက်တို့မှ အပ ဖြစ်သော အခြားရွာသားတို့ကား အ
အင်းသား ကလေးများနှင့် အင်းကူလီများသာတည်း။ လယ်သမ
ဟူ၍ အောင်ဖေနှင့် ဦးဘိုးဆင်တို့ နှစ်ယောက်သာ ရှိလေသည်။ သ
နှစ်ယောက်ကား တရွာလုံးနှင့် မသင့်။ နှစ်ယောက်နှင့် တရွာ
ဖြစ်သော်လည်း အောင်ဖေတို့တွင် အနည်းငယ်မျှ ကြောက်စိတ် မ



အောင်ဖေ သတင်း ပေးချက် အရ၊ ယစ်မျိုး အရာရှိ ဦးဘမော်
ဘ်ပူကြီး ရွာသို့ တိတ်တဆိတ်လာ၍ မွေနှောက် သွားလေသည်။
ကြီးသား မောင်ပြားလက်ထဲမှ ဘိန်းငါးကျပ်သား မိ၏။ သူကြီး၏
ထွန်းတင်၏ အိမ်မှ ချက်အရက် ခြောက်ပုလင်း မိလေသည်။ ဒဏ်
၇၅ ကျပ်စီ အရိုက်ခံကြရ၏။ မောင်ပြားနှင့် ထွန်းတင်တို့မှာ အခဲ
ကျကြ။ သူကြီးမင်း ဦးငွေလှမှာလည်း အောင်ဖေ အပေါ်တွင်
ျက်ရှာလျက်နေလေတော့သည်။ အောင်ဖေမှာလည်း ခေါင်းမာသူ
ယောက် ဖြစ်၏။ လူခွန်ကို မဆောင် ကတ်ဖဲ့လုပ်၍ နေလေသည်။
ကြီးမင်း၏ အချက် ပေါ်ပြီ။ မြို့ပိုင်မင်းထံ တိတ်တဆိတ် သွား၍
မ်းစာ တစောင် ထုတ်ခဲ့လေသည်။ ညတိတ်တဆိတ် အောင်ဖေ၏
ကို ဝိုင်း၍ အောင်ဖေကို ဖမ်းကြကုန်၏။ အောင်ဖေလည်း မပြေး
ဝ အဖမ်းခံရရှာ၏။ သူကြီး မင်းလည်း ဝရမ်းစာကို ပြပြီးလျှင်
ာင်ဖေအား လက်ထိပ်ခတ်လေတော့သည်။ ပြီးလျှင် မီးတုတ်တွေ
ရွာလယ်ခေါင်တွင် လျှောက်၍ပြလေသည်။ တရွာလုံးတအုံးအုံးနှင့်
၏။ အောင်ဖေ၏အရှက်ကား ဆိုစရာမရှိပြီ။ သူ၏မယားကနောက်
နေတွင် လူခွန်ငါးကျပ်နှင့် စရိတ်ငါးကျပ် ပေါင်း ငွေတဆယ်ဆောင်
ာမှ အောင်ဖေအား ရွာသူကြီးမင်း လွှတ်လိုက် လေတော့သည်။
မိမိ၏တပည့်ကို အရှက်ခွဲသောကြောင့် ဦးဘိုးဆင်မှာ အသည်းနာ
ာ်နေ၏။ တနေ့သော် ပုလိပ် အရာရှိများနှင့် ပူးပေါင်းပြီးသကာ
ဆယ်အိမ်ခေါင်း ဘိုးထင်တို့ အိမ်တွင် ဖဲဝိုင်းကိုဖမ်း၏။ ဘိုးထင်
အောင်ဖေအား သူကြီးဖမ်းစဉ်က ရှေ့ဆောင် ဖြစ်လေသည်။
ိုင်း ဖမ်းရာတွင် အင်းသားကြီး ထွန်းစိန်၊ အင်း လက်ထောက်
စိန်ဘိုး၊ သူကြီးကတော် ဒေါ်ရှင်၏ တူ မောင်အောင်တို့လည်း
ခံကြရလေသည်။ တရားသူကြီးက တယောက်လျှင် ဒဏ်ငွေ
ဆီ ရိုက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဤအမှု အတွက် ဦးဘိုးဆင် အပေါ်၌ သူကြီးမင်း စိတ်ခုပြန်
ပြီ။ အချက်ကို ရှာပြန်၏။ ဦးဘိုးဆင်ကား လူခွန်လည်း ဆောင်ပြီးပြ
မြေခွန်လည်း ဆောင်ပြီးပြီ။ ဖဲရိုင်း ထောင်သူလည်းမဟုတ်။ ဘိန်း
အရက်တို့ကိုလည်း မရောင်း။ အကြံရ အိုက်လျက်နေ၏။ သို့သေ
အကြံကို မလျော့။ ဦးဘိုးဆင်မှာ သစ်ပင် ပန်းပင် စိုက်ပျိုးခြင်း
ဝါသနာ ပါ၏။ သူ၏ အိမ်ရှေ့တွင် ပန်းခြံကြီးကို ခမ်းနားစွာ ပြုစုပ
ထောင်၍ထားလေသည်။ ထိုပန်းခြံအတွင်းရှိ ပန်းပင်၊ သစ်ပင် ကတေ
တို့ကို သာလျှင် အရိပ် တကြည့်ကြည့်နှင့် နေ၏။ ထို ဦးဘိုးဆင်
ဥယျာဉ်မှာ ရွာလမ်းထဲသို့ ဆယ်ပေခန့် ကျူးလွန်၍ နေလေသည်
သူကြီးမင်း၏ အချက် ပေါ်ပေပြီ။ ဦးဘိုးဆင်သည် ရွာလ
အပေါ်၌ ကျူးလွန်နေကြောင်းကို အရေးပိုင်မင်းထံ အစီရင်ခံ
ရေးသား ဆက်သွင်းလိုက်၏။ မကြာမီ အရေးပိုင်မင်းထံမှ ထိုကျ
လွန်၍နေသော မြေပေါ်ရှိ သစ်ပင် ပန်းပင်တို့ကို ခုတ်ပစ်ရန် အမ
ရောက်ရှိလေသည်။ သူကြီးမင်း၏ ဝမ်းမြောက်ခြင်းကား ပြောမ
နိုင်ပြီ။ မိမိအိမ်ဦးခန်းတွင် ဆွဲ၍ထားသော မောင်းကွဲကြီးကို အက
ပေါင်း မျှားစွာထု၏။ ရွာသား ၃၀- ခန့် ဓားကိုယ်စီ၊ တုတ်
ကိုယ်စီနှင့် ရောက်ကြလေပြီ။ သူကြီးမင်းလည်း ထိုရွာသား ၃
ကျော်တို့နှင့် ဦးဘိုးဆင်၏ အိမ်ရှေ့သို့သွား၍ လမ်းတွင် ကျူးလွန်
နေသော ဥယျာဉ်တွင်းရှိ သစ်ပင် ပန်းပင်တို့ကို သိသိသာသာ
ကျေအောင် ဖျက်ဆီးလိုက်ကြလေပြီ။ ဦးဘိုးဆင်က တား၏။
ကြီးမင်းက အရေးပိုင်မင်း၏အမိန့်စာကိုပြ၏။ ဦးဘိုးဆင်၏ အသ
ကို ကျွဲဝင်၍ ခတ်လေပြီ။ အဘယ်မှာ အခဲကျေနိုင်အံ့နည်း။
တနေ့သော် မောင်ဟန်ကြီးနှင့် မပန်းစိန်တို့၏ မင်္ဂလာဆေ
အိမ်တွင် ဦးဘိုးဆင်၏ သမီး မပန်းအောင်က သူကြီးမင်း ဦးဖေ
သည် မတရားသော သူကြီး၊ ရွာသား ရွာသူတို့အား နှိပ်စက်သေ



ကြီး၊ ဘိန်းစားသောသူကြီး ဟူ၍ ခပ်ကျယ်ကျယ်ကလေး ဆိုလိုက်
နေလေသည်။ သူကြီးကတော်ကြီး ဒေါ်ရှု ကြားလျှင် မခံနိုင်။ မင်္ဂ
လာဆောင် အိမ်တွင် ရန်ပွဲကြီး စလေတော့၏။ ဒေါ်ရှု၏ အဒေါ်
တော်စပ်သူ ဒေါ်ရွှေခက်က ထမီတတောင်လောက် မြှင့်ကာ သူကြီး
ကတော်ဖက်မှ ဝင်၍ ကူ၏။ ဦးဘိုးဆင်၏ တူမ မပန်းရီက မပန်း
အောင်ဖက်မှ ဝင်၍ ရန်တွေ့၏။ ဤရန်ပွဲကား မိန်းမတွေနှင့်သာ ကိစ္စ
ပြီးကား ကောင်းလေစွ။
ဟော ဟော- သူကြီးသား မောင်ပွါးနှင့် သူကြီးတူ ထွန်းတင်တို့
ပါက်၍လာကြလေပြီ။ မောင်ပွါး လက်ထဲတွင် ဓားမြှောင်နှင့်။
ထွန်းတင် လက်ထဲတွင် သံတုတ်နှင့်။ မိန်းမအချို့ မင်္ဂလာဆောင်
အိမ်မှ ဆင်း၍ ပြေးကြလေပြီ။ သို့သော် မပန်းအောင်နှင့် မပန်းရီတို့
ကား ထိပင် မထိ။ ဂရုပင် မစိုက်။ အရေးပင် မလုပ်၊ ဆဲမြဲတိုင်း၊ တိုင်း
မြဲတိုင်း၊ ဆိုမြဲတိုင်း။
မောင်ပွါးနှင့် ထွန်းတင်တို့ ဒေါ်ရှုဖက်မှ ကူ၍ ဆဲကြလေပြီ။ ရွာ
သားများ မည်သူမျှ မကပ်ငုံကြ။ တော်တော်ဆိုးတဲ့ အကောင်တွေ။
ပန်းအောင်၏ ယောကျ်ား မောင်သာအိက အိမ်မှ ပြေးလာပြီးလျှင်
ထွန်းတင်အား ဓားနှင့် ခုတ်လေပြီ။ မောင်ပွါးက သာအိအား ဓား
မြှောင်နှင့် ထိုး၏။ ထွန်းတင်နှင့် သာအိ နှစ်ယောက်သား ပုံလျက်
လဲနေကြလေပြီ။ ဟော- ဟိုမှာ သာအိညီ ကဇန်းနှင့် ဘိုးကျားတို့
ရောက်လာကြပြီ။ ဆွဲကြပါအုံး။ ဆွဲကြပါအုံး။ သည်တခါ ခက်တော့
မည်၊ လှံတွေ ကိုယ်စီနှင့်။ ဆွဲသူကဆွဲ။ ဖက်သူက ဖက်ထားကြ၏။
တင်၊ မောင်ပွါးဖက်မှ ကူညီရန် ထွန်းအောင်နှင့် ထွန်းမောင်တို့ ညီ
အကိုလည်း မိန်းကြီးတွေ ကိုယ်စီနှင့်။ ခက်ကုန်ပြီ။ ခက်ကုန်ပြီ။ လုပ်
ပါအုံး။ သူကြီးကို အကြောင်းကြားမှပေါ့။ သူကြီးအိမ်မှ မောင်း
သံကြီး ဆူညံနေပြီ။ တရွာလုံး အုတ်အုတ်ကျက်ကျက်။ သူကြီး


www.burmeseclassic.com

www.burmeseclassic.com


လည်း မနိုင်တော့ပြီ။ သူကိုယ်တိုင်ပင် ဤစစ်ပွဲတွင် ပါဝင်နေသလား မပြောတတ်။ ဆွေမျိုးတွေ အားလုံး မီးစက်ကုန်ကြလေပြီ။ အနား အနီး ရွာများကပင် ဆူညံနေသော အသံကြီးကို ကြားကြရကုန်၏။ ဤရန်ပွဲကြီး မည်မျှ ကြာမည် မသိ။ နောက်တနေ့၌ တပေကုလား ရွာသူရွာသား ၂၀ ခန့် ဆေးရုံသို့ ရောက်၍နေကြလေသည်။

တရွာလုံး တိတ်လျက်နေပေပြီ။ ဘုန်းတော်ကြီး ဦးဇဝနကျောင်း တွင် မွေးထားသော အောင်နက်၊ ဂျိုကာ၊ အာဝါဒေး စသော ခွေး များလည်း ထမင်းငတ်ကြကုန်၏။ ဘုန်းတော်ကြီး ဦးဇဝန ကိုယ် တိုင်ပင် ဆွမ်း မဝတသော ဘုဉ်းပေးမည် ဟူသော စူတင်ကို ကျင့် လေ၏။ ဆွမ်းပို့သူမရှိ။ ဆွမ်းခံ၍ ရသမျှနှင့်သာ တင်းတိမ်ရရှာလေ တော့သည်။ အဆိုပါ ရန်ပွဲကြီးကား ရွာသူ ရွာသားတို့ကိုသာ ထိခိုက် သည် မဟုတ်။ ဘုန်းတော်ကြီး ဦးဇဝနကိုပင် ထိခိုက်သော ဟူ၏။

ဘုန်းတော်ကြီး ဦးဇဝန တပေကုလားရွာသို့ ရောက်သည်မှာ သုံးဝါပင် ရှိလေပြီ။ ယခုကဲ့သို့ တခါမျှ ခေါင်းပါးခြင်း မဖြစ်ခဲ့ဘူး။ မိမိ တပေကုလားသို့ မကြွလာမီ ထိုကျောင်းတွင် ထိုင်ခဲ့သော ဘုန်း ကြီး ဦးဝိဇယလက်ထက်တော် အခါကမူကား ရွာသားများနှင့် မသင့် သောကြောင့် တော်တော်ပင် ခေါင်းပါးခဲ့လေသည်။ အကြောင်း ကား ဦးဝိဇယ ကိုယ်တော်က ငါးဖမ်းခြင်း၊ ငါးပိ လုပ်ခြင်းတို့ဖြင့် အသက်မွေးခြင်းသည် မကောင်းသော အသက်မွေးခြင်း ဖြစ်သည် ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်လေသည်။

ဘုန်းတော်ကြီးဦးဇဝနကား ဘုန်းတော်ကြီးဦးဝိဇယကဲ့သို့မဟုတ်။ အင်းသားတွေနှင့် ဆန့်ကျင်ဖက်ဖြစ်သော တရားကို မဟော။ တသက် ပတ်လုံး သူတကာ၏ အသက်များကို သတ်ဖြတ်၍ နေသော်လည်း သေခါနီး ကောင်းသောဇောကို ဝင်လိုက်လျှင် ကောင်းရာ သုဂတိ လားရသည် ဟူ၍ ပုံတွေ ဝတ္ထုတွေနှင့် ဟောလေ့ရှိ၏။ ထိုတရားကို



ဟောကြားသည့် နေ့မှစ၍ ဘုန်းတော်ကြီး ဦးဇဝနကျောင်းတွင် ဆွမ်း အုပ်တွေ မနည်းပြီ။ ကန်တော့ပွဲတွေ မနည်းပြီ။ ကျောင်းသားလည်း မနည်းပြီ။

ဘုန်းတော်ကြီး ဦးဇဝနမှာ တရားဟောသော နေရာတွင်သာ ခေတ်ဆန်သည် မဟုတ်၊ ကျောင်းသားများအား စာသင်ကြားသော နေရာတွင်လည်း ခေတ်ဆန်လေသည်။ ကျောင်းသားများ၏ စိတ်ကို ချုပ်ချယ်ခြင်းမပြု၊ သူတို့အား လွတ်လပ်စွာ ထား၏။ ကျောင်းသား များ ကျောင်းတက်ချင်သော အခါတွင် ကျောင်းတက်နိုင်၏။ အ ချင်း ကျောင်းမတက်ဘဲ နေလိုက နေနိုင်၏။ သင်ကြားလိုသော စာကို သင်ကြားနိုင်၏။ ထင်သလိုနေနိုင်သော ကျောင်းတည်း။

ထိုသို့ လွတ်လပ်ခွင့်ကို ပေးထားသောကြောင့် မဟုတ်လော။ ကျောင်းသားများ ထမင်းဟင်း စားသောက်ပြီးကြလျှင် ကျောင်း တွင် တယောက်မျှ မရှိ။ တပေကုလား ချောင်းထဲတွင် ရေကူးသူကူး။ ငါးဖမ်းသူက ဖမ်း။ ဂဏန်း နှိုက်သူကနှိုက်။ လွတ်လပ်လိုက်တဲ့ကျောင်း သားတွေ။ အင်္ကျီလုံချည်ဆို၍ မကပ်ကြ။ ခေါင်းတုံးပြောင်ပြောင်၊ ကိုယ်ရောင်မဲမဲ၊ သားရဲကလေးတွေနှင့် မခြား။ ဆေးပြင်းလိပ်တွေ ပါးစပ်ထဲ ခဲထားကြသေး။ အရွယ်ကလေးတွေက ကိုးနှစ် ဆယ်နှစ် သာ။

ထိုကျောင်းသားများ အနက် နောင် နှစ်ပေါင်း လေးငါးဆယ် လွန်မြောက်လျှင် တယောက်တလေ မြန်မာပြည် သမတ မဖြစ်ဘူး ဟူ၍ မည်သူ ပြောကြားနိုင်အံ့နည်း။ သမတ ဆိုသည်မှာ အများ သဘောတူလျှင်ဖြစ်စတမ်း။

ဂန္ထလောက ၁၂၉၅-ခု၊ ဝါဆိုလ။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေကျက်သရေ

ကကြီးရရစ် ကသတ် ကြက်၊ ကကြီး ရရစ် သေတ်ကြင်။ ၂-တလ
၂၂ ၂-နှစ်လီ....၄၊ ၂-သုံးလီ....၆။

သဝေထိုး ငရေးချ ကသတ် ငေါက်၊ သဝေထိုး ငရေးချ၊ သေ
ငေါင်....။

ကကြီးရေးက၊ ကကြီးရေးချကာ၊ ကကြီးရေး လုံးကြီးတင်ကိ....

မ ရရစ် လုံးတင် ချောင်းငင် ကသတ် မြိုက်၊ မ ရရစ် လုံးတ
ချောင်းငင် သေတ် မြိုင်....။

ဝံမေသုတ်၊ ကံသမယံ....။

ကကြီး၊ ခကွေး၊ ဂငယ်၊ ဃကြီး....အစရှိသော အသံများသည်
မိုးသံနှင့် လုံးထွေးပြီးသကာလ ကုက္ကိုဝသူကြီးမင်း ဦးဘိုးထုံး၏ အိ
မြောက်ဖက် အရပ်တွင် ထကြွသောင်းကျန်းလျက် နေကြလေသည်
အချိန်ကား နံနက်ခြောက်နာရီခန့်သာ ရှိသေး၏။ အဆိုပါဆူညံလှစွ
သော အသံတို့ကား ကုက္ကိုဝရွာအဖို့ မင်္ဂလာရှိသော အသံ၊ သာယ
သော အသံ၊ ကျက်သရေရှိသော အသံများ ဖြစ်ကြ၏။ ရွာသူကြီး
အိမ်တွင် မိုးအေးအေးနှင့် ကွေး၍ အိပ်ပျော်နေသော မောင်လူအေ
အဖို့ကား ငှက်ဆိုး၏ အသံနှင့် ခပ်ဆင်ဆင် တူလျက် နေ
သည်။

ထိုအသံများ၏ ပိုင်ရှင် ကျောင်းသား၊ ကျောင်းသူကလေးတ
စုဝေးရာ ရွှေကျောင်းကား ဒိစတြိတ်ကောင်စီ၏ အထောက်အပံ့
ကျောင်းမဟုတ်။ အစိုးရ မင်းက အသိအမှတ်ပြုသော ကျောင်းလည်း
မဟုတ်။ အမျိုးသား ပညာရေး အဖွဲ့က အားပေးသော ကျော
လည်း မဟုတ်ပေ။ ထိုကျောင်းသား၊ ကျောင်းသူကလေးများ





တယောက်လျှင် တနှစ်အတွက် ၈ပါး သုံးတင်းမျှသော အထောက်အပံ့ကိုသာ ခံယူကာ တည်ထောင်ထားသောကျောင်း ဖြစ်လေသည်။

ဤသို့ ကျောင်းသားကလေး၊ ကျောင်းသူကလေးများမှတပါး အခြား မည်သူ၏ အထောက်အပံ့ကိုမျှ ခံယူသောကျောင်း မဟုတ်သောကြောင့် ပညာအုပ်၊ ပညာဝန်ထောက်၊ မညာဝန်၊ ဒိစတြိတ်ကောင်စီ လူကြီးမင်းတို့၏ စစ်ဆေးခြင်းမှ လုံးလုံးကင်း၏။ ထိုကျောင်းကို အုပ်ချုပ်ကာ မင်းလုပ်၍နေသော ဆရာစောပင် ပညာအုပ်၊ သူပင် ပညာဝန်ထောက်၊ သူပင် ပညာဝန်၊ သူပင် ပညာမင်းကြီး၊ သူပင် ပညာရေး အမတ်ချုပ်ကြီး ဖြစ်လေသည်။

နွေအခါ မေမြို့၌ ရုံးစိုက်၍ မိုးအခါ ရန်ကုန်မြို့တွင် ရုံးစိုက်တော်မူသော ပညာရေး အမတ်ချုပ်ကြီးထက်ပင် ဆရာစောမှာ လွတ်လပ်ခွင့် ရသေး၏။ ပညာရေး အမတ်ချုပ်ကြီးမှာ မင်းတိုင်ပင် အမတ်တို့၏ အမေးများကို ဖြေကြားရသေး၏။ ကုက္ကိုဝရွာ ဆရာစောကား မည်သူ၏ အမေးကိုမျှ ဖြေကြားရန် မလို။ မိမိ စိတ် ထင်တိုင်း သင်ကြားနိုင်သော ဂုဏ်ထူး ရှိ၏။ မိမိသင်ကြား လိုသော စာပေတို့ကို သင်ကြားနိုင်၏။ မိမိ ကျောင်းလွှတ်ချင်သော အချိန်တွင် လွှတ်နိုင်၏။ မိမိ ကျောင်းပိတ်ချင်သော အချိန်တွင် ပိတ်ထား နိုင်၏။ သူအား မည်သူမျှ လာ၍ ဒုက္ခမပေးနိုင်။ ပညာအုပ် မင်းများလာလျှင် ဆင်းကြိုရသော ဒုက္ခ၊ သူတို့အတွက် လှည်းတို့၊ လှေတို့ကို စီမံပေးရသော ဒုက္ခမျိုးမှလည်း လုံးလုံး ကင်းပေ၏။

ကျောင်း၏ ပုံပန်းကို အနည်းငယ် ရေးပါရစေဦး။ ဆရာစော၏ ကျောင်းမှာ ခနိကာ၊ ခနိမိုး၊ ဝါးလုံးတိုင်၊ ဝါးခြမ်းခင်း၊ ပြတင်းပေါက် နှစ်ပေါက်၊ တံခါး နှစ်ပေါက်မျှသာ ရှိလေသည်။ ဤမျှနှင့် ကျောင်း၏ ပုံပန်း ပေါ်လောက်ပြီ။

ဆရာစော၏ အကြောင်း ရေးသားရန် လိုသေး၏။ ဆရာစော



www.burmeseclassic.com

www.burmeseclassic.com


ကား အထက်သား ဇာတိ၊ ဘုန်းကြီးလူထွက် ဖြစ်လေသည်။ မည
သည့်မြို့၊ မည်သည့်အရပ်မှ ရောက်လာသည် ဟူ၍ကား မည်သူမျှ
မပြောပြနိုင်။ ရဟန်းဘဝက မည်သည့်စာအထိ ပေါက်ခဲ့သည် ဟူ၍
လည်း မည်သူမျှ မသိ။ ဆရာစော၏ အပြောအတိုင်းကား သင်ရိုး
ပေါက်ခဲ့သူ တယောက် ဖြစ်လေသည်။ ရဟန်း ဘဝတွင် မပျော်ပိုက်၍
လူထွက်ရသည် မဟုတ်။ ဝိနည်းအတိုင်း မကျင့်နိုင်သောကြောင့်သာ
လူထွက်၍ လာရခြင်း ဖြစ်လေသည်။

ဆရာစော၏ ပုံပန်းကား အသားနက်နက်၊ မျက်လုံးကျယ်ကျယ်
နှုတ်ခမ်းတွဲတွဲ၊ နှာတံကောက်ကောက်။ သို့သော် ကြောက်စရာကား
မကောင်းပေ။ တထွာခန့် ရှည်သော ဆံတို့များကို သိမ်းရုံးကာ မျက်
နှာသုတ် ပုဝါဖြင့် ပေါင်း၍ ထား၏။ အင်္ကျီကား မရှိ။ လုံကွင်းမှာ
လက်နှီးရောင်၊ ဖာထေးရာတွေမှာ အနန္တ၊ အောက်ဖက် အစတွင်
အကွဲက နှစ်ကွဲ၊ လက်ထဲတွင်ကား ကြိမ်လုံးတလုံးကို ကိုင်လျက်၊ ပါး
စပ်တွင်မူ ဆေးတံကြီးကို ခဲထားလေသည်။ ထိုဆေးတံမှာ အရိုးကျိုး
နေပေပြီ။ "သစ်မရှိခင် စပ်ကြား၊ ဝါးပေါင်းကွပ်" ဆိုသော စကား
နှင့် အညီ ကျိုး၍ သွားသော သစ်သားရိုး၏ နေရာတွင် ဝါးရိုးက
တပ်၍ထား၏။

ထိုဆေးတံကြီးကို ဖွာကာ၊ ဖွာကာ ဆယ်အိမ်ခေါင်း ဦးလူမော
နှင့် တဲ့ရေး၊ ခဲ့ရေး အကြောင်း ဆွေးနွေးနေကြလေသည်။

ဤသို့ ဆွေးနွေး၍ ကောင်းနေကြခိုက်တွင် မောင်တင်နှင့် မယ
အေးတို့သည် တယောက်ကို တယောက် ဆဲရေး နေကြ လေသည်
ထွန်းကား စာမအံ။ ယင်ကောင်တွေကို ဖမ်းပြီးလျှင် နောက်တိုး
နားထဲသို့ လွှတ်သွင်းသဖြင့် နောက်တိုးနှင့် ထွန်းတို့ တယော
နှင့် တယောက် စကားများကြပြီးနောက် တယောက် တချက်စီ ထိ
နေကြ လေပြီ။ စိန်ဘောကား ဘေသန်းနှင့်အတူ ကျောင်းနော



ဖေး ကွင်းပြင်ထဲတွင် ပြေးလွှားကစားကာ ဖားကလေးများကို ဖမ်း
လျက်နေကြလေသည်။ နောက်ဖေး အိမ်သာတွင်ကား ဘထွန်း၊
သာအေး၊ ငွေလှိုင်၊ စံမြတို့လူစု ဦးတာတေ၏ ကျွဲများကို ဖမ်း၍
စီးရန် တိုင်ပင်နေကြလေသည်။ ထွန်းဝေနှင့် စံသိန်းတို့ကား ကျောင်း
အောက်တွင် နပန်းလုံးနေကြကုန်၏။ သာထွန်းနှင့် ညွန့်မောင်တို့က
ဒိုင်လုပ်ကြလေသည်။ ဝေလင်းကား မိမိ၏ ကျောက်သင်ပုန်းပေါ်
တွင် ခွေးရုပ်၊ ကြောင်ရုပ်ကြက်ရုပ်များကို ရေးပြီးလျှင် တင်အေးအား
ပြလျက်နေလေသည်။တင်အေးကား ဝေလင်းအားချီးမွမ်း၍မဆုံးပြီ။
မိခွေးနှင့် မယ်သိန်းတို့ ထောင့်တထောင့် ခရားစေ့တောက်တမ်း ကစား
နေကြလေသည်။ ဆရာစောကား စကားပြော၍ ကောင်းတုန်းပင်။

သို့နှင့် ယခင်က ဆူညံ၍နေသော စာအံသံကြီးမှာ တစတစ
တိုး၍ တိုး၍ သွားတော့၏။ နောက်ဆုံး၌ စာအံသံဟူ၍ မကြားရ
တော့ပြီ။ ဆော့နေကြသော အသံ၊ ရန်ဖြစ်နေကြသော အသံ၊ ရယ်
နေကြသော အသံတို့ကိုသာ ကြားရလေသည်။

ထိုအခါကျမှ ဆရာစောလည်း မိမိ၏ ညာလက်တွင် ကိုင်၍ထား
သော ကြိမ်လုံးဖြင့် ကြမ်းပြင်ကို ဘမ်း-ဘမ်းမြည်အောင် သုံးလေး
ချက် နှက်လေ၏။

ကျောင်းသား ကျောင်းသူ အပေါင်းတို့လည်း ရမိရရာကို နားကွဲ
လုအောင် ဟစ်အော်ခြင်း ပြုကြလေသည်။ အိမ်သာတွင် တိုင်ပင်နေ
သူတို့သည်၎င်း၊ ကျောင်းအောက်တွင် နပန်းလုံးနေသူတို့သည်၎င်း၊
ကွင်းပြင်တွင် ကစားနေသူတို့သည်၎င်း မိမိတို့၏ နေရာများသို့ ရောက်
ကြလေပြီ။ သူတို့လည်း ထင်မိထင်ရာကို ကောက်ကာ အော်ဟစ်နေ
ကြကုန်၏။

ဆရာစောကား တိုင်းရေး၊ ပြည်ရေး အကြောင်း ဆက်လက်၍
ဆွေးနွေးလျက် နေပြန်သေသည်။


www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာလျှင် စာအံသံကြီး တိတ်လျက်သွားပြန်၏။ ဆရာ စော၏ ကြိမ်လုံးနှင့် ကျောင်းတော်၏ ကြမ်းပြင်တို့ စကားပြောကြ ပြန်၏။ ဤနည်းအတိုင်း တိတ်ချည်၊ ဆူချည်နှင့် နေလေတော့သည်။

စာအံခြင်း သုံးကြိမ်မြောက် တိတ်၍သွားသောအခါ အေးမောင် နှင့် လူလှတို့ ကျောက်တံလုရာမှ ရန်ဖြစ်ကြ၏။ အေးမောင်က ကျောက်တံဖြင့် ထိုးလိုက်ရာ လူလှလက်မှ သွေးဖြန်းဖြန်း ထွက်လေ သည်။ လူလှက ပြန်၍ ကျောက်သင်ပုန်းစောင်းဖြင့် ခုတ်လိုက်ရာ အေးမောင်၏ နဖူးတွင် ကွမ်းသီးလုံးခန့် ဖူး၍လာ၏။

အချို့က အေးမောင် လွန်သည်ဟု ဆိုကြလေသည်။ အချို့ကမူ ကား လူလှလွန်သည်ဟု ဆိုကြ၏။ အချို့က အေးမောင်အား သနား ကြ၏။ အချို့ကမူကား လူလှအား သနားကြလေသည်။ တိုးတိုး တိုးတိုး-စုရုံး-စုရုံးနှင့် နေကြကုန်၏။ အေးမောင်နှင့် လူလှတို့မှာ ကျိတ် ကာငိုနေကြရှာလေသည်။ နှစ်ယောက်စလုံး လွန်သူချည်း ဖြစ်ကြ၏။ ဆရာစော သိသွားမှဖြင့် ကြိမ်လုံးခါတ်စာ ကျွေးမည်ကို ကြောက်ကြ လေသည်။

အောင်သိန်းကား သူတကာ အရိုက်ခံရသည်ကို မြင်လိုသူ ဖြစ်၏။ သူ၏ ပယောဂကြောင့် အေးမောင်တို့၏ ရန်ပွဲ အကြောင်း ဆရာ စော၏ နားသို့ ပေါက်သွား၏။

အေးမောင်နှင့် လူလှတို့အား ဆရာစော ခေါ်လေပြီ။ ရောက်ကြ ကုန်၏။ အကြောင်းကို မေးလေပြီ။ ဟုတ်မှန်သည့် အတိုင်း ဖြေကြ ကုန်၏။

အေးမောင်၏ ကျောပေါ်သို့ ဆရာစော၏ ကြိမ်လုံးစကြာ ငါး ချက် ခ လေပြီ။ အေးမောင်မှာ တော်တော်နှင့် မထနိုင်။

လူလှ၏လက်ဝါးပြင်ပေါ်သို့လည်း ထိုကြိမ်လုံးစကြာပင် ငါးကြိမ် တိုင်တိုင် ဆင်းသက်လေပြီ။ လူလှလည်း စာအုပ်ကိုပင် မကိုင်နိုင်။





အောင်သိန်းကား စုတ်တသပ်သပ်နှင့် ဝမ်းနည်းလျက်နေ၏။ သို့သော် သူ၏ စိတ်ထဲတွင်ကား ဝမ်းသာ၍ မဆုံးပြီ။ အလွန် ညစ် သော အောင်သိန်းပါတကား။

ဟော- ဟိုမှာ ကြည့်ကြပါဦး။ လား-လား စံအောင်တို့ လူစု ကျောင်းပြေး ဘိုးအောင်ကို ဖမ်းလာကြလေသည်။ ဘိုးအောင်ကား မလိုက်ချင့် လိုက်ချင် လိုက်ပါလာရရှာ၏။ သူ့အား ကြိုးများဖြင့် တည်းထားသောကြောင့် ပါလာရခြင်း ဖြစ်လေသည်။ စံအောင်တို့ လူစုကား ပုံးစိ၊ ပုံးစိနှင့် နေကြလေသည်။ သူတို့ တကိုယ်လုံးလည်း ရွှံ့ရှံ့စိုနေတော့၏။ ဘိုးအောင်ကို မိုးရေထဲတွင် ဆွဲလာကြလေသည်။

ဘိုးအောင် ကျောင်းပြေး၊အိမ်ပြေး လုပ်နေသည်မှာ လေးရက်ပင် ကြာလေပြီ။ ဘုန်းတော်ကြီး ဦးဝိမလ၏ကျောင်းတွင် ခိုကပ်ကာ နေ လေသည်။ စံအောင်တို့ လူစု ဘိုးအောင်ကို သွား၍ အဖမ်းတွင် ဘုန်း ကြီး ကျောင်းသားများနှင့် စစ်ဖြစ်ခဲ့ကြရသေးသည်။ စံအောင်တို့က မိုက်အား ကောင်းသောကြောင့်သာ ဘုန်းကြီး ကျောင်းသားများ လက်လျှော့ကြရလေသည်။

ဆရာစော၏ ကျောင်းတကျောင်းလုံးတွင် စံအောင်ထက် မိုက် သောသူ မရှိ။ စံအောင်အား ဗိုလ်တင်၍ ထားကြရလေသည်။ တကျောင်းလုံးတွင် ဆရာစောအပြင် သူ့ကို အကြောက်ရဆုံး ဖြစ် ၏။ ဆရာစော ကိုယ်တိုင်ပင် စံအောင်အား ခပ်ရှိန်ရှိန်။ သူ့အား အလို လိုက်၍ ထားလေသည်။ ကျောင်းသားများ မုံ့ဝယ်စားလျှင် စံ အောင်အား တဝက် ဝေ၍ စားကြရ၏။ စံအောင် တည်းဟူသော နတ်ဆိုးကို မပသ မတင်မြှောက်ဘဲ မစားဝံ့ကြချေ။

စံအောင်တို့ လူစုလက်တွင် ရှုန်းကန်၊ ရှုန်းကန်နှင့် ပါ၍လာသော ဘိုးအောင်ကား ဆရာစော၏ ရှေ့မှောက်သို့ ရောက်လာလေပြီ။ ဆရာစော ဒေါသထွက်ခိုက်၊ ဆရာစော၏ ကြိမ်လုံးစကြာမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သေွးစွန်းခိုက် ဘိုးအောင်ကိုလည်း မိရှ်လာခိုက်နှင့် ကြုံကြိုက်လေပြီ။ ကျောင်းသား အပေါင်းတို့ တန့်လျက်နေကြကုန်၏။ ရင်ထဲတွင် တ ထိတ်ထိတ်နှင့် နေကြလေသည်။ အောင်သိန်းမှာ ဘိုးအောင်ကို သနားယောင်ယောင်နေ၏။ သို့သော် စိတ်ထဲတွင်ကား ဝမ်းသာ၍ မဆုံးပြီ။ သူတကာ အရိုက်ခံရလျှင် အောင်သိန်း ဝမ်းမသာသည်မရှိ။

ဘိုးအောင် ကျောင်းပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် မမေး မမြန်းဘဲ ဆရာစောသည် မိမိ၏ ကြိမ်လုံးစကြာဖြင့် လှမ်း၍ နှက် တော့၏။ အချက်ပေါင်း မရေတွက်နိုင်ပြီ။ ဘိုးအောင်လည်း ဆရာ စော၏ ရင်ခွင် အတွင်းသို့ တိုး၍ တိုး၍ ဝင်သောကြောင့် အနည်းငယ် သက်သာရာ ရလေသည်။

နောက်ဆုံး၌ ဘိုးအောင်လည်း မော။ ဆရာစောလည်း မော လေတော့သည်။ သည်တော့မှ ရိုက်ပွဲကြီး ပြီးသွားလေသတည်း။ ကျောင်းသား အပေါင်းတို့က ဘိုးအောင်၏ ရှောင်တိမ်းပုံကို သဘော ကျကြကုန်၏။ အောင်သိန်း တယောက်သာ မကျေမနပ် ဖြစ်လျက် နေလေသည်။

ဆရာစောမှာ မော၍ အထိုင်လိုက်၊ အင်းသားကြီးကတော် ဒေါ် သာအိလည်း သားကလေး ရွှေလှနှင့် ရွှေစတို့ကို လက်ဆွဲကာ ရောက် လာခိုက်နှင့် တပြိုင်တည်း ကျလေသည်။

ဒေါ်သာအိကား သားကလေး ရွှေသွေး နှစ်ယောက်တို့အား ဆန်နှစ်ပြည် ငွေနှစ်မတ်တို့နှင့် ကျောင်းအပ်ရန် လာခြင်း ဖြစ်လေ သည်။ ဆရာစောလည်း ပြုံးရွှင်စွာ စကားပြောပြီးလျှင် ရွှေလှနှင့် ရွှေစတို့အား လက်ခံလိုက်လေသည်။ ဒေါ်သာအိမှာ သားကလေး နှစ်ယောက်တို့အား ကျောင်းတွင် ထားခဲ့ပြီးလျှင် ဆင်း၍သွား၏။

ရွှေလှနှင့် ရွှေစတို့လည်း ကျက်ကျက်ညံအောင် ငိုကြွေးကြလေ သည်။ မငိုဘဲ နေကြမည်လော။ ရွှေလှမှာ ခြောက်နှစ်၊ ရွှေစမှာ



လေးနှစ်မျှသာ ရှိကြသေး၏။ အိမ်တွင် ဆော့ကြလွန်း၍ တယောက် လျှင် ဆန်တပြည်၊ ငွေတမတ်နှင့် ဆရာစောအား ကလေးလာ၍ အထိန်းခိုင်းခြင်း ဖြစ်လေသည်။ ရွှေလှနှင့် ရွှေစတို့ ငို၍ ကောင်းတုန်း မှာပင် ဒေါ်သာအိ မိမိ၏အိမ်သို့ ပြန်ရောက်၏။

ရွှေလှတို့၏ ငိုချင်းလည်း မဆုံးသေး။ ဆရာစော၏ ကြိမ်စကြာ ကျောင်းတော်၏ ကြမ်းပြင်ပေါ်သို့ ဘမ်း-ဘမ်း ဟူသော အသံဖြင့် ကျဆင်းလေမှ ရွှေလှတို့၏ ငိုချင်း ဆုံးလေသတည်း။

ထို့နောက် ဒေါ်သာအိ ပူဇော်၍သွားသော ဆန်နှစ်ပြည်၊ ငွေနှစ် မတ်တို့ကို အပ်ရန် ဆရာကတော်ကြီးအား ဆရာစောက ခေါ်လေ သည်။ ထူးသာ ထူးနိုင်သည်။ မလာနိုင်သေး။ အဘယ် လာနိုင်အံ့ နည်း။ ကျောင်းသား၊ ကျောင်းသူတို့အား ရောင်းရန် ပဲလှော်ကို လှော်လျက်နေလေသည်။

ဆရာစော၏ ကျောင်းသား ကျောင်းသူတို့ကား ဆရာကတော် ကြီးရောင်းသောပဲလှော်အပြင် မည်သည့်မုန့်ကိုမျှ ဝယ်စားခြင်းကို မပြု ရ။ ကျောင်းသားများနှင့် သင့်လျော်လေအောင် အထူး စီမံထား သော ပဲလှော် ဖြစ်လေသည်။ (ဤကား ဆရာကတော်ကြီး၏ အဆို တည်း။)

ဆရာကတော်ကြီး ပဲလှော်နေခိုက်တွင် မြစိန်က ထမင်းအိုးတည် ၏။ သန်းမြက ငါးလုပ်၏။ မယ်သင်က ကင်ပွန်းရွက် ချွေ၏။ သူတို့ သုံးယောက်ကား သင်ပုန်းကြီးကိုပင် ကုန်အောင် မသင်ကြားရသေး ပေ။ သို့သော် ဆရာကတော်ကြီး၏ အချစ်တော်များ ဖြစ်ကြလေ သည်။ ဆရာကတော်ကြီး၏ အချစ်တော်ဆိုလျှင် ဆရာစော၏ အချစ် တော်လည်း ဖြစ်ရပေမည်။ ဆရာစောနှင့် ဆရာကတော်ကြီးတို့မှာ နှစ်ကိုယ့်တစိတ် ဖြစ်ကြသောကြောင့်ပေတည်း။

ဆရာကတော်ကြီး၏ အလိုအားဖြင့် မိန်းကလေးတို့ မည်သည်



www.burmeseclassic.com

www.burmeseclassic.com

မှာ စာတတ်ရန် မလို။ စာတတ်လျှင် ရည်းစားထားလေ့ ရှိကြကုန်၏။ က-ကြီး၊ ခ-ကွေးနှင့် ဘုရားရှိခိုးတတ်လျှင် တော်ပြီ။ မိမိမှာ ဆရာကတော်ပင် ဖြစ်စေကာမူ စာဖတ်၍ မတတ်။

မိန်းကလေး ဟူက အချက်အပြုတ်တတ်ရမည်။ အချက်အပြုတ် မတတ်ပါက ရှက်စရာကောင်းလေသည်။ ထို့ကြောင့် မိမိ၏ အချစ်တော် မယ်သင်၊ သန်းမြ၊ မြစိန်တို့အား ချက်ပြုတ်နည်း အမျိုးစုံ အောင် သင်ကြား ပြသလျက် နေလေသည်။

ဆရာကတော်ကြီး၏ လှုံ့လကြောင့် မြစိန်တို့သုံးယောက်မှာ ထ မင်းချက်လည်း တတ်ကြလေပြီ။ ချဉ်ပေါင်ဟင်း၊ ကင်ပွန်းရွက်ဟင်း၊ ကန်စွန်းရွက်ဟင်း ချက်နည်းတို့ကိုလည်း တတ်ကြလေပြီ။

ကြက်သား၊ ဘဲသား၊ ဝက်သား ဟင်းချက်နည်းတို့ကိုကား မသင် ကြားရ သေးချေ။ ဆရာကတော်ကြီး မချက်တတ်သောကြောင့် မ ဟုတ်ပါ။ ကြက်သား၊ ဘဲသား၊ ဝက်သားတို့ကို မဝယ်နိုင်သေးသော ကြောင့်သာ မသင်ကြားရခြင်း ဖြစ်လေသည်။

ဟော ဟော- ဆရာကတော်ကြီး ထွက်လာပြီ။ ဆံပင်မှာ ဆိမရှိ ခေါင်းပွကြီးနှင့် ဖြစ်၏။ အင်္ကျီမှာ လက်နှိုးရောင်၊ ထမီမှာ ဖာထေးရာ တွေ အနန္တ၊ ညစ်ထေးတော်မူလှသော ဆရာကတော်ကြီး ဖြစ်လေ သည်။

အင်းသားကြီးကတော် ဒေါ်သာအိ ပူဇော်ခဲ့သော ဆန်နှစ်ပြည် နှင့် ငွေနှစ်မတ်တို့ကို သိမ်းကာ နောက်ဖေးသို့ ဝင်သွား၏။

ဆရာစောလည်း ကျောင်းလွှတ်လိုက်ပြီ။ ကျောင်းသား အပေါင်း တို့လည်း နှစ်ထောင်းအားရ အိမ်သို့ ပြန်ကြလေသတည်း။

ကျောင်းသားများကို ကြည့်ကာ "သည်ကျောင်းဆရာ သင်ပုံ မျိုးနဲ့ ကျောင်းသားတွေ စာမှ တတ်ပမလား သူကြီးမင်း" ဟု မောင် လူအေးက သူကြီးမင်း ဦးဘိုးထုံးအား မေး၏။





"တတ်သင့်သလောက်တော့ တတ်တာပါဘဲ" ဟု ဦးဘိုးထုံးက ပြလေသည်။

"တတ်မယ် မထင်ပါဘူးဗျာ" ဟု မောင်လူအေး ဆိုပြန်လေ သည်။

ဤသို့ မှတ်ချက်ချသော မောင်လူအေးမှာ မိမိငယ်စဉ်က ဤ ကျောင်းမျိုးမှာပင် ပညာသင်ကြားပြီးနောက် တစတစ တိုးတက် ာ ယခု အခြေအနေသို့ ရောက်နေရသည်ကို အမှတ်ရဟန် မတူ။ ာင် နှစ်ပေါင်း ၄၀-၅၀-ခန့်ကြာလျှင် ဤရွာကျောင်းမှပင် မြန်မာ ည် သမတ ထွက်ချင်ထွက်နေမည်ကိုလည်း စဉ်းစားမိပုံမပေါ်။

၁၂၉၅-ခု၊ ဝါဆိုလ။



www.burmeseclassic.com

www.burmeseclassic.com

# ရွေးကောက်ပွဲ

ဤဒီမိုကရေစီ ခေတ်တွင် ရွေးကောက်ပွဲတွေကား များလှ... တော့သည်။ မင်းတိုင်ပင် ရွေးကောက်ပွဲ၊ မျူနီစီပယ် ရွေးကောက်ပွဲ ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲ၊ သူကြီး ရွေးကောက်ပွဲ၊ ကျေးရွာ... ကော်မီတီ ရွေးကောက်ပွဲ၊ များလိုက်သည့် ရွေးကောက်ပွဲတွေ၊ ... တွက်၍ပင် မကုန်နိုင်ပြီ။

ယခု ရေးသားမည့် ရွေးကောက်ပွဲကား သူကြီး ရွေးကောက်... ဖြစ်လေသည်။ မည်သည့်ရွာက သူကြီး ရွေးကောက်ပွဲပေနည်း။ လင်... လွန်းပင်ရွာက သူကြီးရွေးကောက်ပွဲ ဖြစ်လေသည်။

လင်းလွန်းပင် သူကြီး ဦးဘိုးဆောင်ကား လူဆိုး ဓားပြတို့... ကြောက်သောကြောင့် သူကြီးအလုပ်မှ နုတ်ထွက်သည်မှာ နှစ်လ... ကြာလေပြီ။ သူ၏သား မောင်သာပန်းက ရွာကို ခေတ္တ အုပ်ချုပ်... လျက်နေ၏။ ရွေးကောက်ပွဲတွေ ထွန်းကားနေသော ခေတ်ကြီး... တွင် သူကြီးရွေးကောက်ပွဲကို ပြုလုပ်ရပေမည်။ ရွေးခေတ်ကမူကာ... သူကြီးသားမှာ မပင်ပန်းဘဲ သူကြီး ဖြစ်သွားမည်မှာ မုချပင်။

လင်းလွန်းပင်ရွာတွင် ကျက်စီ၊ ကျက်စီ ဖြစ်လျက်နေလေပြီ... မောင်ရွှေကျေးလည်း အရွေးခံမည်ဟု အများက ပြောနေကြ... သည်။ ဟုတ်မှန်စရာ အကြောင်းရှိ၏။ မောင်ရွှေကျေးကား အ... သားကြီး ဖြစ်လေသည်။ ပစ္စည်း ခိုင်လုံ၏။ အသောက်အစား က... ၏။ လူရည်လည်၏။ သို့ရာတွင် ရွာသားများနှင့် မသင့်ဟု ပြော... ကြားရလေသည်။ ရွေးကောက်ပွဲ ခေတ်စားနေသောအခါတွင် ရွာ... သားများနှင့် မသင့်လျှင် အဘယ်မျှပင် အရည်အခြင်း ရှိစေကာ... ရွာသူကြီး ဖြစ်ရန် ခဲယဉ်း၏။



မောင်သာပန်းကား သူကြီးသားဖြစ်၏။ သူကြီးသား ဖြစ်သော ...ကြောင့် မျက်နှာရှိပြီးသား ဖြစ်လေသည်။ သူကြီးဟောင်း ဦးဘိုး ...ဆောင်မှာလည်း ကျေးရွာ အုပ်ချုပ်ခြင်းတွင် ညံ့၏။ အခွန် ကောက် ...ခြင်းတွင် ဖျင်း၏။ တရားစီရင်ခြင်းတွင် ဘာတခုမျှ မတတ်။ သို့ ...သော် ရွာသားတို့၏ မျက်စိနှင့် ကြည့်လျှင် ဦးဘိုးဆောင်မှာ သူကြီး ... အရည်အခြင်းနှင့် များစွာ ပြည့်စုံသော သူတယောက် ဖြစ်လျက် ...နေ၏။ သူကြီးညံ့လေ၊ ရွာသားကြိုက်လေ၊ နှစ်သက်လေ၊ မြတ်နိုး ...လပင်။

မောင်ရွှေကျေးဖက်မှ လူများနှင့် မောင်သာပန်းဖက်မှ လူများ ...လုပ် ရှုပ်နေကြလေပြီ။ သူ့ဖက် ခဲပြားထည့်ပါ။ ငါ့ဖက် ခဲပြား ...ထည့်ပါနှင့် ဟောပြောနေကြကုန်၏။ မင်းတိုင်ပင် ရွေးကောက်ပွဲ ...နှင့်ကထက်ပင် အရေးကြီးကြလေသည်။ တရွာလုံး ဆူညံ ဆူညံ၊ ...ကျက်စီ ကျက်စီ ဖြစ်နေကြပြီ။

ဆယ်အိမ်ခေါင်း ဦးဘမောင်က မောင်သာပန်းဖက်က ထိုက် ...နှင်း၏။ ကျေးရွာကော်မီတီ ဦးထွန်းအောင်က မောင်ရွှေကျေးဖက် ... အားပေးလေသည်။ သူတို့ နှစ်ယောက် လယ်ထွန်ရာတွင် စကား ...းရာက ထိုးကြ သတ်ကြကုန်၏။ နှစ်ယောက်စလုံး ဖူးဖူးရောင် ...ောင် ဖြစ်ကုန်ကြလေပြီ။ ဦးဘမောင်အိပ်ရာမှ မထနိုင်သည်မှာ လေး ...ကမျှ ကြာ၏။ ဦးထွန်းအောင် ဖျားနေသည်မှာ ခြောက်ရက်ခန့် ...ကြာလေသည်။

တနေ့သော် လင်းလွန်းပင်ရွာသို့ သမ္မန်ပျာတာ မောင်စု ရောက် ... လာလေသည်။ မောင်စု၏ လက်ထဲ၌ ဝါဆိုလဆန်းရှစ်ရက်နေ့တွင် ...သူကြီးရွေးကောက်ပွဲကို ကျင်းပမည် ဟူသော နယ်ပိုင်မင်း၏ အမိန့် ...ပါလာ၏။ မောင်သာပန်းနှင့် မောင်ရွှေကျေးတို့ တစောင်စီ ရကြ ...လသည်။ မောင်စုလည်း မောင်သာပန်း၏ အိမ်တွင် ဟိုပြော သည်...

www.burmeseclassic.com

www.burmeseclassic.com

ပြောနှင့် ထမင်းဝအောင် စားသွားလေသည်။ ဆေးလိပ်တွေကိုလည်း နိုက်ယူသွားသေး၏။ အလွန် ညစ်သော သမ္မန် ပျာတာတွေပ တကား။

ထိုနေ့တွင် တရွာလုံး ဆူနေတော့၏။ လယ်ထွန်ရာမှာလည်း ရွေး ကောက်ပွဲ၊ ကြက်ဝိုင်းတွင်လည်း ရွေးကောက်ပွဲ၊ ငါးများရာမှ လည်းရွေးကောက်ပွဲ၊ ရွာ့ရေတွင်းမှာလည်း ရွေး ကောက်ပွဲ၊ ဦးရာဇိန္ဒ ကျောင်းတွင်လည်း ရွေးကောက်ပွဲ၊ ဥပုသ်စရပ်တွင်လည်း ရွေး ကောက်ပွဲ ရွေးကောက်ပွဲ အကြောင်းကိုသာလျှင် တရွာလုံး ပြော ကြားနေကြလေသည်။

ထိုရွေးကောက်ပွဲမှာ လင်းလွန်းပင် ရွာသူရွာသားတို့အဖို့ အလွ ပင် အရေးကြီးပေ၏။ မြန်မာပြည်သို့ ဘုရင်ခံ အသစ်တပါး ရောက် လာသည်မှာ သူတို့အတွက် အရေးမကြီး။ အိန္ဒိယပြည်တွင် ဘုရင် ချုပ်ကြီးတွေ ပြောင်းလဲသွားသည်မှာ သူတို့အတွက် အရေးမကြီး အင်္ဂလန်ပြည်တွင် နန်းရင်းဝန်ကြီးတွေ ပြောင်းလဲသည်မှာ သူ အတွက် အရေးမကြီး။ သူတို့ရွာမှာ သူကြီးအသစ် လဲသည်ကသ အရေးကြီးလေသည်။

ယနေ့ကား ဝါဆိုလဆန်း ၈-ရက်နေ့တည်း။ တရွာလုံးရှိ ရွာသ ရွာသားတို့ အလုပ်မဆင်းကြတော့ပြီ။ နွားများ အားလပ်ခွင့် ရကြ ကုန်၏။ ငါးများ ချမ်းသာခွင့် ရကြကုန်၏။

မောင်သာပန်းနှင့် မောင်ရွှေကျေးတို့ကား တညလုံး အိပ်မပျော် ကြချေ။ နံနက်လေးနာရီအချိန်တွင် အိပ်ရာမှ ထကြပြီးလျှင် အမျိုး မျိုး စီမံလျက် နေကြလေသည်။ ခပ်လှမ်းလှမ်းမှ လာကြသော မဲဆ ရှင်တို့အား ထမင်းကျွေးရန် စီမံကြ၏။ သို့သော် မဲဆန္ဒကို မတရာ ဝယ်ယူသည်ဟု တဖက်က လျှောက်ထားလျှင် ခက်လေတော့မည် မခက်ပါ။ ထိုနေ့တွင် ရဟန်းတော်တို့အား ဆွမ်းကျွေးသည်ဟု ဆိုကာ





နည်းရှောင်က လွယ်၏။ ဆွမ်းကျွေးကာ တရားနာခြင်းသည် မတ ား လက်ဆောင် ထိုးသည်မဟုတ်။ မည်သူမျှ မတားနိုင်။ ကုသိုလ် ယ်ခြင်းနှင့် မဲဝယ်ခြင်းသည် မည်သို့မျှ မသက်ဆိုင်။ နယ်ပိုင်လည်း ပ်စွဲနိုင်မည်မဟုတ်။ ဤသို့ ရဟန်းတော်များကို ဆွမ်းကျွေးလျှင် ွာသူရွာသားတို့ကိုပါ ကျွေးမွေးသည်မှာ ထုံးစံဖြစ်လေသည်။ ထိုသို့ ကျွေးမွေးသည်ကို မဲဝယ်သည် ဟူ၍ မည်သူ ဆိုနိုင်အံ့နည်း။

ထိုနေ့တွင် ရွှေကျေးအိမ်၌ ဆွမ်းကျွေးပွဲတပွဲ၊ သာပန်းအိမ်၌ လည်း ဆွမ်းကျွေးပွဲတပွဲ ပြုလုပ်ကြလေသည်။ ဥာဏ်များသော ုဂ္ဂိုလ်တို့ပေတည်း။ နှစ်အိမ်လုံးမှာ လူစည်ကားလျက်ပင်။

ဆယ်နာရီထိုးပြီ။ ဘုန်းတော်ကြီး ဦးရာဇိန္ဒကျောင်းဝိုင်း အပြင် က် စရပ်တွင် ရွေးကောက်ပွဲ ကျင်းပရာ နေရာများကို ပြင်ဆင်ကြ ကုန်၏။ မဲပုံးများ ထားရာ မဲရုံကလေးကိုလည်း စီမံကြလေသည်။

လူပျိုခေါင်း မောင်ကာလီတို့ လူစုကား မောင်ရွှေကျေး၏ အိမ် တွင် ထမင်း စားသောက်ရန် သွားကြကုန်၏။ ထမင်းစားရုံမျှမက၊ လက်ဖက်ရည်တို့၊ ကွမ်းယာတို့ကိုလည်း ပိုက်ကားအောင် စားသောက် ကြသေးသည်။ ထိုမျှမကသေး၊ မဲတမဲလျှင် ငွေတကျပ်ကျပေးမည် ကာ မလိုသလောက်ရအောင် လုပ်ပေးနိုင်သည်ဟူ၍လည်း ဆိုသေး ။ မောင်ကာလီ အပြောကောင်းသောကြောင့် မောင်ရွှေကျေး၏ သေတ္တာထဲမှ ငွေ ၂၀-ထွက်လေပြီ။

၁၁-နာရီထိုးသော် မောင်လူအေးနှင့် သူ၏ စာရေး မောင်ဖျန် င်တို့ ရောက်လာကြကုန်၏။ ရွေးကောက်ပွဲ ကျင်းပရာ စရပ်သို့ ခြေ းသုတ်ကြလေသည်။ မောင်ရွှေကျေးနှင့် မောင်သာပန်းတို့လည်း ီးဦးကြိုပြုကာ နောက်မှ လိုက်လာကြကုန်၏။ ရွာထဲတွင် ရှိကြ သော ရွာသူ ရွာသား ကလေးများပါမကျန် ရွေးကောက်ပွဲ ကျင်းပ ာ စရပ်သို့ လိုက်ပါလာကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com


စရပ်သို့ ရောက်ကြသောအခါ စရပ် ပတ်ဝန်းကျင်တွင် ဆူဆူညံညံ နှင့် နေကြ၏။ တကျွန်းပြန် ဦးသာအေးကား အရက်မူးပြီးလျှင် ဟ ပြော သည်ပြောနှင့် လုပ်နေလေသည်။ တကျွန်းပြန် တည်းဟူသော ဘွဲ့ထူးကြီးကို ရထားသူ ဖြစ်သောကြောင့် ရွာထဲတွင် တံခွန်မှန်ကင် ကဲ့သို့ ထောင်လွှားခြင်း ပြုလျက်နေ၏။ မောင်ရွှေကျေး၏ ပုံးထဲ ခဲပြား မထည့်သူအား မှတ်ထားမည်ဟု ဆိုလေသည်။ သို့သော် ခဲပြား ထည့်သည်ကို မည်သူမျှ မမြင်နိုင်အောင် မဲပုံးများ ထားရာ ရုံကလေး ကို အလုံကာထားသောကြောင့် ဤသို့ မှတ်ထားရန် ခဲယဉ်းလှပေ၏။

ဦးသာအေး နှောင့်ယှက်နေသည်ကို မခံနိုင်ရှာသော မောင်သာ ပန်းက နယ်ပိုင်အား တိုင်ကြားလေသည်။ တကျွန်းပြန် ဦးသာအေး နယ်ပိုင်ရှေ့သို့ ရောက်လေပြီ။ မူးနေ၏။ ငြိမ်ငြိမ်သက်သက် မနေလျှင် ခေတ္တသူကြီး မောင်သာပန်း၏ အိမ်တွင် ၂၄-နာရီချုပ်ထားမည်ဟု ပြောလိုက်တော့မှ ဦးသာအေး ငြိမ်သွားသတည်း။ တကျွန်းပြန်မော မင့် ၂၄-နာရီ အချုပ်ကိုကား ကြောက်လှပေ၏။ ဦးသာအေး၏ ကိစ္စ ပြီးသွားလေပြီ။ ရွေးကောက်ပွဲ ကျင်းပရန်သာ လိုတော့၏။

နေပါဦး၊ နေပါဦး။ စစ်ကိုင်းသူကြီးမင်းသည် လျှောက်လွှာတ စောင်ကို ကိုင်ကာ နယ်ပိုင်နားမှာ ရပ်နေပြန်ပြီ။ အဘယ်သို့သော လျှောက်လွှာပါနည်း။ မိမိအား အထူးအာဏာကိုပေးရန် လျှောက် ထားသော လျှောက်လွှာ ဖြစ်လေသည်။ အရေးပိုင်မင်းထံ အစီရင် စာရေးမည်ဟု ပြောပြီးလျှင် ရွေးကောက်ပွဲကို စမည်ပြု၏။ စ၍ မ သေးပေ။ ဇလုပ်ကြီး ရွာသူကြီး မောင်သာလင်းသည် လျှောက်လွှာ တစောင်နှင့် သူ၏ နေရာမှ ထလာပြန်၏။ ခြောက်လုံးပူး သေနတ် ကိုပေးရန် လျှောက်လွှာဖြစ်လေသည်။ ဆုများအကြောင်း ရေးသည့် အခါ စဉ်းစားမည်ဟု ပြောပြီးလျှင် လျှောက်လွှာကို စားပွဲပေါ် တင်ထားလိုက်လေသည်။



ရွေးကောက်ပွဲကို အကယ်ပင် စတော့မည်။ အဘယ်မှာလျှင် စ၍ ရသေးအံ့နည်း။ ကျေးရွာ ကော်မီတီ မောင်လူကြီးသည် ထောင့် တထောင့်မှ ထ၍ လာပြန်၏။ ရွာမြေအသစ် ရှာပေးရန် လျှောက် လွှာ ဖြစ်လေသည်။ ရွေးကောက်ပွဲ လုပ်ရာမှာ သူတို့တတွေကတမျိုး အလွန် ရှုပ်ထွေးလှ၏။ မောင်လူအေး စိတ်မရှည်တော့ပြီ။ လျှောက် စရာရှိလျှင် ရွေးကောက်ပွဲပြီးမှ လျှောက်နိုင်၏ဟု ပြောလိုက်တော့မှ အေးသွားလေတော့သတည်း။

လျှောက်လွှာကိစ္စတွေကား ပြီးသွားလေပြီ။ ရွေးကောက်ပွဲကို စရန်သာ လိုတော့၏။ မောင်ရွှေကျေးနှင့် မောင်သာပန်းတို့၏ အရည် အချင်းများကို စစ်ဆေးပြီးလျှင် မောင်သာပန်းအား ပုံးအနီ၊ မောင် ရွှေကျေးအား ပုံးအစိမ်းတို့ကို ပေးလေသည်။ မောင်လူအေးက ပရိ သတ်ကြီးအား မောင်သာပန်းကို သဘောကျလျှင် ပုံးအနီထဲတွင် ခဲပြား ထည့်ကြပါ။ မောင်ရွှေကျေးကို သဘောကျလျှင် ပုံးအစိမ်း ထဲတွင် ခဲပြား ထည့်ကြပါဟု ပြောကြား၏။ အားလုံးတိတ်လျက် နားထောင်နေကြလေသည်။

မောင်သာပန်း အနီ၊ မောင်ရွှေကျေး အစိမ်း။

မောင်ရွှေကျေး အစိမ်း၊ မောင်သာပန်း အနီ။

ထိုခဏတွင် အနီ အစိမ်း၊ အစိမ်း အနီ ဆိုသော အသံများအပြင် မည်သည့်အသံကိုမျှ မကြားရချေ။

ဆယ်အိမ်ခေါင်း ဦးလူမောင်က ချောင်တချောင်မှ ထ၍ "မောင် သာပန်းက ရဲရင့်လို့ နီသဗျ။ ကျေးငှက်ရဲ့ အမွေးအတောင်က စိမ်းလို့ မောင်ရွှေကျေးက စိမ်းသဗျ။ ဘာမျှ မှားစရာ မရှိဘူး" ဟု ဆို၏။

"ခင်ဗျားတို့ရဲ့ ကျေးငှက်ကို ကျုပ်တို့ လေးတချက်တည်းနဲ့ ခွင်းမယ်ဗျ" ဟူ၍ ကော်မီတီ ဦးဒါလီက ဆိုလေသည်။

ပရိသတ်ကြီးသည်း အတောမသတ်အောင် ရယ်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com


မောင်လူအေးသည် ပုံးစိမ်းနှင့် ပုံးနီတို့ကို မဲဆန္ဒရုံ ကလေး အခ
တွင် သွား၍ ထားပြီးနောက် လူခွန်စာရင်းကို ဖွင့်ကာ "မောင်က
လီ" ဟု ခေါ်လိုက်၏။ မောင်ကာလီ တက်၍ လာလေပြီ။ မော
သာပန်းနှင့် မောင်ရွှေကျေးတို့ နှစ်ယောက်စလုံး သူ့ကို ပြုံး၍ ကြ
ကြလေသည်။

မောင်ကာလီ၏ ပုံပန်းကို ကြည့်ကြပါဦး။ မန္တလေး လုံချ
အသစ်ကိုဝတ်၊ လက်နှီးရောင် ခေါင်းပေါင်းကို ပေါင်းထား၏။ အင်္
ကား မရှိပေ။ ဘွတ်ဖိနပ် တရံကို လက်တဖက်ကကိုင်၊ လက်တဖက
တွင်ကား ထီး။ ရှုပ်ပွေ၍ နေလေတော့သည်။ စိတ်ရှုပ်စရာ လွန်စွ
ကောင်း၏။ သို့သော် ရွာသူရွာသားတို့ကမူကား မောင်ကာလီမှ
အလွန်ဂိုက်ကျသည်ဟု တီးတိုးစကား ပြောကြားနေကြလေသည်
မောင်ကာလီကား ပြုံးပြုံးပြုံးပြုံးနှင့် ဝင်လာ၏။

မောင်လူအေး၏ အနီးသို့ ရောက်လျှင် ရပ်လျက်နေလေသည်
မောင်လူအေးလည်း စစ်မေးစရာ ရှိသည်တို့ကို မေး၊ စစ်ဆေးစရ
ရှိသည်တို့ကို စစ်ဆေးပြီးလျှင် ခဲပြားတပြားကို လှမ်း၍ ပေး၏။ လှမ
ယူရန် မောင်ကာလီတွင် လက်ပိုမပါ။ လက် နှစ်ဖက်စလုံး မအားရှ
ပေ။ ပရိသတ်ကြီးက ဝါးခနဲ ရယ်ကြပြန်လေသည်။ နောက်မှ ဘွ
ဖိနပ်များကို ပခုံးတွင် ချိတ်ကာ ခဲပြားကို လှမ်း၍ ယူ၏။ ပရိသ
ကြီးလည်း အတောမသတ်အောင် ရယ်လေတော့သတည်း။

မောင်ကာလီ မဲဆန္ဒရုံမှ ထွက်လာလေပြီ။ မောင်ရွှေကျေး
သူ့ပုံးထဲ မဲထည့်ခဲ့သည်ဟုထင်၏။ မောင်သာပန်းကလည်း သူ့ပုံး
ထည့်ခဲ့သည်ဟု ထင်မှတ်လေသည်။ မောင်ကာလီကား မောင်
ကျေးထံမှ ငွေ ၂ဝိ၊ မောင်သာပန်းထံမှ ငွေ ၂ဝိ-ရပြီးလေပြီ။ အလွ
အလှော်ကောင်းသော မောင်ကာလီပါတကား။

လူခွန်စာရင်းတွင် ပါသောသူတို့အား တယောက်ပြီးလျှင် တ



ယောက်ကို ခေါ်လာရာ လူ ၂ဝ-ခန့် ဆန္ဒပေးပြီးလေပြီ။ ထို့နောက်
မောင်လူအေးက "မြေဟောက်" ဟု ခေါ်လိုက်ရာ လူအများ ရယ်ကြ
ပြန်၏။ "မြေဇုဟောက်" ဆိုသူသည် အဘယ်သို့သော သူနည်းဟု သိ
လို၍ မောင်လူအေး လှမ်း၍ ကြည့်လေသည်။

ဟော-ဟော "မြေဟောက်" ဝင်လာလေပြီ။ အင်္ကျီမပါ။ ခေါင်း
ပေါင်းလည်းမရှိ။ မျက်နှာသုတ်ပုဝါ ညစ်ပေပေကို လုံချည်လုပ်၍
ဝတ်လာရရှာလေသည်။ လွန်စွာ လွန်စွာမှပင် ဆင်းရဲဟန်တူ၏။
မောင်လူအေး သနားမိလေသည်။ သို့သော် "မြေဟောက်" ကား
အရယ်ပင် မပျက်။ ရွာသားတို့ကလည်း ရယ်လျက်ပင်။ သတ္တဝါတို့၏
မမွတာ ဖြစ်လေရာမှာ ပျော်စမြဲ ဖြစ်သည်ဟု မောင်လူအေး တွေး
တောမိပြန်လေသည်။

"မြေဟောက်" မဲဆန္ဒရုံတွင်းမှ ထွက်လာသောအခါ "ဟေ့
သာပန်း၊ မင်းပုံးထဲမှာ ထည့်သကွဲ" ဟု ဆိုကာ ဆင်းသွားလေသ
တည်း။ ကြားရသူတို့လည်း ရယ်လျက် ကျန်ရစ်ကြလေသည်။

"မြေဟောက်" မဲထည့်ပြီးသည့်နောက် ရယ်စရာ အချက် မပေါ်
သေးပေ။ လူပေါင်း ၉ဝ-ကျော် မဲပေးပြီးလေပြီ။ သုံးလေးယောက်
သာ ကျန်တော့၏။ လူခွန်စာရင်းတွင် နောက်ဆုံး အမည်ကား
"ကဇန်း" ဖြစ်လေသည်။ "ကဇန်း" ဟူ၍ မောင်လူအေးက ခေါ်
လိုက်ရာ ရွာသူ ရွာသားတို့ ရှုတ်ရှုတ်-ရှုတ်ရှုတ် ဖြစ်ပြန်၏။ ဟိုကြည့်
သည်ကြည့် လုပ်ကြပြန်၏။ အဘယ်ကြောင့်ပါလိမ့်။ ထူးဆန်းသော
ကြောင့် ဖြစ်ဟန်တူလေသည်။

ဟော-ဟိုမှာ ကြည့်လော့။ လူ နှစ်ယောက် တက်လာကြလေပြီ။
တယောက်ကား ရှေ့က၊ တယောက်မှာ နောက်မှ လိုက်လာလေ
သည်။ ရှေ့လူက နောက်လူကို တွဲ၍ လာခြင်း ဖြစ်၏။ "ကဇန်း"
မျက်စိ ကွယ်သွားသည်မှာ လေးလမျှသာ ကြာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဇန်း" မိမိအနားသို့ ရောက်လျှင် မောင်လူအေးက "ဘယ်သူ့ပုံးထဲ ထည့်ချင်သလဲ" ဟု မေး၏။

"မောင်သာပန်း ပုံးထဲ ထည့်ချင်သယ်" ဟု ဖြေလေသည်။

မောင်လူအေး ကိုယ်တိုင် မဲဆန္ဒရုံထဲသို့ ဝင်ကာ ခဲပြားကို မောင်သာပန်း၏ ပုံးထဲသို့ "ကဇန်း" အစား ထည့်ပေးရ၏။

"ကဇန်း" တို့ ဆင်းသွားလျှင် မဲဆန္ဒပေးသောကိစ္စကြီး ပြီးသွားလေတော့သတည်း။

မောင်လူအေးလည်း မောင်သာပန်းနှင့် မောင်ရွှေကျေးတို့အား မေးစရာ ရှိသည်တို့ကို မေး၊ စစ်ဆေးစရာ ရှိသည်တို့ကို စစ်ဆေး၏။ အုပ်စုသူကြီးတို့အားလည်း စစ်ဆေးလေသည်။

ဤသို့ စစ်ဆေးပြီးလျှင် ပုံးစိမ်းနှင့် ပုံးနီတို့ကို မဲဆန္ဒရုံကလေးအထဲမှ ယူထုတ်ပြီးလျှင် လူကြီးများ စုံရာ ရှေ့တွင် ပုံးများကို ဖွင့်ကာ ခဲပြားများကို ရေတွက်၏။ ပရိသတ်ကား ငြိမ်လျက်ပင်။

မဲကို ရေတွက်ပြီးလျှင် မောင်လူအေးက ဤသို့ ကျေညာ၏။

မောင်သာပန်း ၇၅-မဲ။

မောင်ရွှေကျေး ၁၅-မဲ။

ပရိသတ်ကြီး ဆူညံ၍ သွား၏။ မောင်ရွှေကျေးကား ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်သွားလေပြီ။ ကောင်းကင်သို့ပင် ပျံသွားလေရော့သလား။ ရွာသူ ရွာသားတို့လည်း စကား တပြောပြောနှင့် ရွာသို့ ပြန်သွားကြကုန်၏။

လင်းလွန်းပင် ရွေးကောက်ပွဲကြီး ဆုံးခန်းတိုင် ရောက်လေပြီ။

၁၂၉၅-ခု၊ ဝါခေါင်လ။



# နိမ္မာန်ဆော်

မောင်လူအေးကား အအိပ် ကြီးသူ တယောက် ဖြစ်လေသည်။ တက္ကသိုလ် ကျောင်းမှာတုန်းက နံနက် လက်ဖက်ရည်ကို ဘယ်အခါမျှ မသောက် ရချေ။ နံနက်စာ စားရန် ခေါင်းလောင်းထိုးမှ အိပ်ရာမှ ထလေ့ ရှိလေသည်။ သူတကာ နံနက်စာ စားပြီးမှ ထမင်းစားပွဲသို့ ရောက်၏။ မကြာ မကြာ နံနက်စာ ငတ်လေသည်။ ခေါက်ဆွဲနှင့်သာ ကျေနပ်ရသည်များ၏။

မောင်လူအေး လေး ငါး ခြောက်တန်းမှာ တုန်းကမူကား ဖွားဒွေးကြီး သုံးကြိမ်တိုင်တိုင် နှိုးမှ အိပ်ရာမှ ထ၍ ကျောင်းသို့ သွားလေ့ရှိ၏။

ပဌမ အကြိမ်နှိုးလျှင် မထသေး။ ကိစ္စမရှိ။

ဒုတိယ အကြိမ် နှိုးလျှင် မထသေး။ ဖွားဒွေးကြီး ဆူလေသည်။

တတိယ အကြိမ်နှိုးလျှင် မထဘဲမနေဝံ့တော့ပြီ။ တတိယအကြိမ်နှိုး၍မှ မထဘဲ နေလျှင် ဖွားဒွေးကြီး စိတ်ဆိုးသဖြင့် ဝါးခြမ်းဖြင့် ဆော်လေတော့၏။

ဤကား မောင်လူအေး၏ အအိပ်ကြီးသော ဂုဏ်ထူး ဝိသေသပေတည်း။

မောင်လူအေး ကျောင်းမှ ထွက်၍ အလုပ်အကိုင်နှင့် ဖြစ်လာသောအခါ ထိုဂုဏ်ထူးကြီးမှာ အနည်းငယ်လျော့၍သွားလေသည်။ ကျောင်းသား ဘဝတုန်းက တာဝန်တွေမှာ မများသေးပေ။ ယခုကား တာဝန်တွေမှာ များလာလေပြီ။ ငယ်ငယ် တုန်းက ဖွားဒွေးကြီး၏ ဝါးခြမ်းကို ကြောက်သောကြောင့် အိပ်ရာမှ စောစောထခဲ့ရ၏။ ယခုမူကား တာဝန်ဝါးခြမ်းကို ကြောက်သောကြောင့် စောစော

www.burmeseclassic.com

အိပ်ရာမှ ထလေ့ ရှိလေသည်။ တာဝန်ဝါးခြမ်းက ဖွားဒွေးကြီး၏ ဝါးခြမ်းထက် အဆတရာမက တန်ခိုးကြီးမားပေသေး၏။ အိပ်မောကျနေယင်း ဆတ်ခနဲ လန့်၍ နိုးအောင်ပင် တတ်နိုင်သော တာဝန် ငါးခြမ်းပေတည်း။

မနက်ဖြန် နံနက် စောစော ငါးနာရီ ထွက်သော သင်္ဘောဖြင့် မြန်မာပြည်သာရွာသို့ မောင်လူအေး သွားရပေမည်။ နံနက် စောစော လေးနာရီ အချိန်တွင် အိပ်ရာမှ ထရမည် ဖြစ်၏။ မောလွန်းလှသည်။ မထချင်။ သို့သော် သင်္ဘောမမှီမည်ကို စိုးရလေသည်။

နံနက်စောစော လေးနာရီ ထိုးသည်နှင့် တပြိုင်နက် နာရီနှိုးစက်၏ ပယောဂကြောင့် မောင်လူအေး အိပ်ရာမှ ထရ၏။ အိပ်ရာမှထ၍ မကြာမီမှာပင် အနီးအနားရှိ ဘုန်းကြီးကျောင်းမှ ကုလားတက်သံကို ကြားရလေသည်။

အသံကား လက်ဦးတွင် ခပ်လေးလေး၊ ထို့နောက် တဖြည်းဖြည်း မြန်၍ မြန်၍ လာ၏။ နောက်ဆုံး၌ တချက်နှင့် တချက် ဆက်၍သွားလေသည်။

ပြီးပြန်လျှင် လေးသော အသံများ ပေါ်၍ လာပြန်၏။ ယခင်နည်းအတိုင်း မြန်၍ မြန်၍ လာပြီးလျှင် တချက်နှင့် တချက် ဆက်၍ သွားပြန်၏။

မောင်လူအေးမှာ မျက်နှာ မသစ်နိုင်သေးဘဲ ထိုကုလားတက်၏ တူရိယာသံကို စိုက်ကာ နားထောင် နေ၏။ မည်မျှ သာယာသော အသံပေနည်း။ မည်မျှ ကြည်နူးဘွယ်ကောင်းသော အသံပေနည်း။ မည်သည့် တူရိယာ သံသည် ဤကုလားတက် သံထက် သာနိုင်ပါအံ့နည်းဟု တွေးတောကာ နေမိ၏။

ယခင် အခါက ကုလားတက် အသံများကို ကြားခဲ့ဘူးသည်မှာ မရေတွက်နိုင်ပြီ။ သို့သော် မည်သည့် အခါကမျှ ကုလားတက်သံ





သာယာသည်ဟု မထင်မှတ်မိခဲ့ပေ။ နားငြီးစရာ ကောင်းသော အသံဟူ၍ပင် ကဲ့ရဲ့မိခဲ့ပေသည်။

"ဒေါင်-ဒေါင်" ဟူသော ကုလားတက်သံ၏ သာယာခြင်းမှာ မဆိုလောက်သေး။ ထိုအသံတွင် ပါ၍ လာသော အဓိပ္ပါယ်ကား မည်မျှ နက်ပါသနည်း။ မည်မျှ လေးပါသနည်း။ မည်မျှ နူပါသနည်း။ စဉ်းစားကြည့်ပါက ကောင်းစွာ သိရပေလိမ့်မည်။

ထို "ဒေါင်-ဒေါင်"အသံကား နေမင်း၏ ရှေ့တော်ပြေးကြီးပေတည်း။

"နေမင်းကြီး မကြာမီ ထွက်ပေါ်လာတော့မည်။ အို - သတ္တဝါ အပေါင်းတို့၊ ထကြလော့၊ ထကြလော့။ နေမင်းကြီးကို ထ၍ ဖူးမျှော်ကြပါကုန်လော့။ ရောင်ခြည် တထောင် အလင်းကိုဆောင်ကာ နေမင်းကြီး ထွက်ပေါ်လာပုံကား ဆန်းကြယ်လှပေ၏။ ဤသို့ ဆန်းကြယ်စွာ ထွက်ပေါ်လာပုံကို မမြင်လိုက်မရှိရလေအောင် ထကြကုန်လော့၊ ထကုန်လော့" ဟူ၍ တိုက်တွန်း နေသော ကုလားတက်သံကို ကြားရလျှင် မည်သူ မကြည်နူးဘဲ နေအံ့နည်း။

ကုလားတက်သံနှင့် အတူပါ၍ လာသော အဓိပ္ပါယ် တမျိုးလည်း ရှိသေး၏။ "ဒေါင်-ဒေါင်" ဟူသော အသံကို စေ့စေ့ နားထောင်ကြည့်ကြပါဘိ။ ဤသို့ ဆိုနေပေသည်။

"အို - သတ္တဝါ အပေါင်းတို့။ ထကြလော့၊ ထကြလော့။ အလုပ်ခွင်သို့ ဝင်ကြလော့။ သူတကာထက် အလျင် အလုပ်ခွင်သို့ ဝင်လျှင် သူတကာထက် ပို၍ ကြီးပွါး တိုးတက် ပေလိမ့်မည်။ ဤခေတ်သည် သူတကာနှင့် အပြိုင် ဆောင်ရွက် လုပ်ကိုင် နေရသော ခေတ် ဖြစ်၏။ ဤအချိန်တွင် အိပ်နေလျှင် သူတကာ ဦးသွားပေမည်။ ဤခေတ်ကား မသိသူ ကျော်သွား သိသူ ဖော်စားသော ခေတ် ဖြစ်၏။ ထိုသူတို့သာ စားကြရပေလိမ့်မည်။ ထကြလော့။ သိသူများ ဖြစ်ကြကုန်



www.burmeseclassic.com

www.burmeseclassic.com

လော့။ လောကီ အလုပ်ကို အားမထုတ်လိုလျှင် လောကုတ္တရာ အလုပ်ကို အားထုတ်ကြကုန်လော့။ နိဗ္ဗာန်သို့ သူတကာထက် အလျင် ရောက်အောင် ကြိုးစားကြကုန်လော့။ ကမ္မဋ္ဌာန်းကို စီးဖြန်းကြပါ ကုန်လော့။ အိပ်နေခြင်းကား အကျိုး မရှိ။ ကျန်းမာခြင်း ကိုလည်း မရ။ လောကီစီးပွါးလည်း မဖြစ်ထွန်း။ လောကုတ္တရာ စီးပွါးလည်း မဆောင်။ အို-သတ္တဝါ အပေါင်းတို့၊ အိပ်ရာမှ ထကြ၍ အလုပ်ခွင် သို့ ဝင်ကြကုန်လော့။ ဝင်ကုန်လော့။"

ဤသို့ နှိုးဆော် နေသည့် ကုလားတက်သံကို ကြားရသော မောင်လူအေး၏ စိတ်မှာ လှုပ်လှုပ် ရှားရှား၊ ထထ ကြွကြွ ဖြစ်၍ လာ၏။ မောင်လူအေးတွင် တက်ကြွသော စိတ်များ တဖွားဖွား ပေါ်၍ လာကြကုန်၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေခဲ့ သည်များကို နှမြောမိပေ၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော် နေတုန်း ဖြစ်သောကြောင့် ကုလားတက်သံ၏ နှိုးဆော်ချက်များကို မကြားခဲ့ ရပေ။ တခါ တရံ ကြားခဲ့ရဘူးသော်လည်း "ဒေါင် - ဒေါင်" ဟူသော အသံကိုသာ ကြားခဲ့ရ၏။ နှိုးဆော်သော အဓိပ္ပါယ်ကိုကား မစဉ်းစားမိခဲ့ပေ။ ယခုမှသာ ထိုနှိုးဆော်သော အဓိပ္ပါယ်ကို ကွက် ကွက် ကွင်းကွင်း ကြားရပေသည်။

"ဒေါင်-ဒေါင်" ဟူသော ကုလားတက်သံကား အဓိပ္ပါယ် ကင်းမဲ့ သော အသံမဟုတ်။ ခြောက်သွေ့သော အသံလည်း မဟုတ်။ အဓိပ္ပါယ်နှင့် ပြည့်စုံ၍ စိုပြည်သော အသံဖြစ်လေသည်။ ဤအသံကား စင်စစ်အားဖြင့် "နိဗ္ဗာန်ဆော်ကြီး" ဖြစ်၏။ မည်သည့် တေးကဗျာ သည် ကုလားတက်သံထက် လေးနက်ပါအံ့နည်း။ သာယာပါအံ့နည်း။ နူးညံ့ပါအံ့နည်း။

ထိုကုလားတက်သံ၏ အပေါ်တွင် စဉ်းစားခန်း ထုတ်နေသည် နှင့်ပင် အချိန် အတော် နှောင်းသွား၏။ ခရီးသွားစရာ မရှိဘဲ ထို အသံအပေါ်တွင်သာ ကြာကြာကလေး စဉ်းစားခန်း ထုတ်နေမည် ဆိုပါမူ မည်သို့သော စိတ်ကူးမျိုး ပေါ်လာဦးမည် မသိ။ သို့သော် သွားစရာက ရှိနေသေးသောကြောင့် စဉ်းစားခန်းကို ဖြတ်လိုက်ရ လေသတည်း။

ထို့နောက် အဝတ်အစားလဲ၊ ကာဖီ သောက်ပြီးလျှင် သင်္ဘော ဆိပ်သို့ ထွက်လာခဲ့၏။ လမ်းထိပ်သို့ ရောက်သော အခါ 'နှောင်- နှောင်' ဟူသော ကြေးစည်သံကို ကြားရလေသည်။ ထိုအသံနှင့်အတူ ခပ်လေးလေး ဆွဲကာရွတ်လိုက်သော သူတယောက်၏ အသံကို ကြား ရသဖြင့် စိုက်ကာ နားထောင်မိ၏။ ဘုရားကိုးဆူ ဆရာ၏ အသံနှင့် ခပ်ဆင်ဆင် တူ၏။ သို့သော် ဘုရားကိုးဆူ ဆရာ၏ အသံလည်း မ ဟုတ်ပေ။ နံနက်စောစော အိပ်ရာမှထကာ ဘုရားရှိခိုးသော အဖိုး ကြီးများ၏ အသံမျိုးနှင့်လည်း မတူ။

ဟိုမှာ ရှုလော့။ ဝတ်ဖြူစင်ကြယ်ကို ဝတ်ကာ လျှောက်၍ လာ လေသည်။ လက်က ကြေးစည်ကိုဆွဲထား၏။ နှုတ်ကမူကား သာယာ ကြည်နူးဘွယ်ရာ ရွတ်ဆို၍ လာလေသည်။

ဤသူကား နိဗ္ဗာန်ဆော်ပေတည်း။

စောစောစီးစီး၊လေးနာရီအချိန်တွင် သူတကာ၏အကျိုးအတွက် ဆောင်ရွက်၍ နေပေ၏။ ကောင်းပေစွ။ ကောင်းပေစွ။ သာဓု။ သာဓု။

ထိုအခိုက် ထိုအခါ၌ ထိုသူတွင် မကောင်းသော စိတ်ထားရှိမည် မဟုတ်။ သူသည် မည်မျှ စိတ်ကြည်နူး နေပေမည်နည်း။ ထိုသူ၏ စိတ်ထဲသို့ ခေတ္တမျှ ဝင်၍ ကြည့်ကြပါကုန်လော့။ အလွန် ကြည်နူး နေသည်ကို သိရပေလိမ့်မည်။ သူကား အပျော်ကြီး ပျော်နေပေလိမ့် မည်။

ထိုသူနှင့် ကြေးစည် တို့၏ နှိုးဆော်သော အသံကြောင့် နံနက်



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းချက်ရန် အိပ်ရာထဲမှ လူးလှိမ့်၍ ထကြလေပြီ။ လမ်းထောင့်အိမ်မှ ဒေါ်စာဥကြီး မျက်နှာသစ်နေ၏။ အိမ်ရှေ့အိမ်မှ ဦးဂေါရာ ကြီးလည်း အော်ကျယ် အော်ကျယ်နှင့် ဘုရားရှိခိုးစ ပြုလေပြီ။

ထိုသူနှင့် ကြေးစည်တို့၏ အသံကား မင်္ဂလာ ရှိသော အသံများဖြစ်ကြကုန်၏။ မကြာမီက ကြားခဲ့ရသော ကုလားတက်သံကဲ့သို့ပင် နေမင်း၏ ရှေ့တော်ပြေးများပေတည်း။

သူတို့၏ အသံများကို ကြားရသောကြောင့် အိမ်ဖောက်ထွင်းရန် ကြံစည် နေကြသော သူတို့ အိမ်ပြန် ကြလေပြီ။ ထိုအသံတို့ကား မကောင်းမှုကို တားဆီးသော အသံတို့ ဖြစ်ကြလေသည်။ ထိုသူခိုးလောင်းတို့၏ စိတ်တွင် ရုတ်တရက်သော် ငှက်ဆိုးသံကဲ့သို့ ထင်မိကြပေလိမ့်မည်။ သို့သော် စေ့စေ့ တွေးကြည့်မည်ဆိုလျှင် ထိုအသံတို့ကို ကျေးဇူးတင်ကြမည်ကား မလွဲတည်း။ ထိုအသံများကြောင့်သာ မိမိတို့ မကောင်းမှုကို မပြုမိခြင်း ဖြစ်လေသည်။ ထိုအသံများ ကယ်သောကြောင့်သာ ထောင်နန်းသို့ ရောက်ပြီးမှ ထောင်ထဲသို့ မရောက်ဘဲ ရှိရလေသည်။

ထိုသာယာသော အသံတို့ကား ဝေးသည်ထက် ဝေးသွားလေပြီ။ မောင်လူအေးမှာ စဉ်းစားယင်း လျှောက်၍ လာလေသည်။ မြစ်ဖက်မှ လေပြေကလေးကလည်း တိုက်ခတ်လျက် နေ၏။ ဤအခါမျိုးကို မကြုံဘူးသူသည် လူဖြစ်ကျိုးမနပ်ဟူ၍ စဉ်းစားမိ၏။ သို့နှင့် သင်္ဘောဆိပ်သို့ ရောက်လေသတည်း။

၁၂၉၅-ခု၊ ပြာသိုလ။



# ညနေခင်း

ယနေ့ကား မောင်လူအေး အဖို့ အလုပ်များသော နေ့ပေတည်း။ နံနက် ဆယ်နာရီမှ စ၍ ရုံးခန်းထဲတွင် ထိုင်နေသည်မှာ ညနေလေးနာရီ တိုင်အောင် နေရာမှ မထရသေးချေ။ အကျဉ်းသမားထက်ပင် ဆိုးနေပေပြီ။ အမှုတွဲများနှင့် ရှုပ်ထွေးနေသောကြောင့်ပေလော။ မဟုတ်ပါ။ နေ့ကား တနင်္ဂနွေနေ့ ဖြစ်၏။ ရိုးရိုး အလုပ်မဟုတ်တန်ရာ။ ရိုးရိုး အလုပ် မဟုတ်လျှင် အဆန်း အလုပ်ဖြစ်ရမည်။ အဘယ်သို့သော အဆန်း အလုပ်ပါနည်း။ မျူနီစီပယ်ရွေးကောက်ပွဲအတွက် ခဲပြားများကို တံဆိပ်ရိုက်သော အလုပ်ဖြစ်ပါသည်။ ဤရွေးကောက်ပွဲ ခေတ်ကြီးထဲတွင် စာရေးကိုလည်း မယုံရ၊ ပျာတာကိုလည်း မယုံရ၊ ကိုယ်တိုင် ကြဲနေရခြင်း ဖြစ်လေသည်။

ဒီမို ကရေစီ ခေတ်ကြီး ထဲတွင် ရွေးကောက်ပွဲတွေမှာ မနည်းပြီ။ တော်တော်ကြာ မင်းတိုင်ပင် ရွေးကောက်ပွဲ၊ တော်တော် ကြာ ဆီကြိုတ် ကောင်စီ ရွေးကောက်ပွဲ၊ တော်တော်ကြာ မျူနီစီပယ် ရွေးကောက်ပွဲ၊ တော်တော်ကြာ သူကြီး ရွေးကောက်ပွဲ၊ တော်တော် ကြာ ကျေးရွာ ကော်မီတီ ရွေးကောက်ပွဲ၊ နောင်အခါ များတွင် ယားယူရာမှာလင်နေရာမှာပင် ရွေးကောက်ပွဲလုပ်ရမလားမသိပေ။

ယခုခေတ်တွင် ရွေးကောက်ပွဲတွေ များသလောက် အလိမ်အကောက်တွေကလည်း များလေသည်။ ဤအလိမ်အကောက် တွေကို ကြောက်လှသော မောင်လူအေးသည် နံနက် ဆယ်နာရီမှ ညနေလေးနာရီတိုင်အောင် တနင်္ဂနွေနေ့တွင် မိမိ၏ရုံးခန်းအတွင်း၌ အလုပ်များလျက် နေတော့၏။ ခဲပြား ၆,၀၀၀ ကျော် တို့ကို တံဆိပ်ရိုက်ရသည်မှာ တော်တော်နှင့် မပြီးနိုင်။


www.burmeseclassic.com

www.burmeseclassic.com

ညနေ လေးနာရီထိုးပြီးမှ နေအိမ်သို့ ပြန်ရ၏။ အိမ်ပြန်ရောက်
လက်ဖက်ရည် သောက်ပြီးလျှင် ခပ်အေးအေး ကလေး အမေ
ဖြေကာ နေရလျှင် ကောင်းပေလိမ့်မည်။ သို့သော် မနေရ။ တေ
သွားရန် ရှိသေး၏။ စိတ်ပျက် စရာ၊ စိတ်ရှုပ်စရာလွန်စွာမှပင်ကောင
လှပေတော့သည်။ သို့သော် "သူဆန်စား ရဲမှ" ဆိုသောစကာ
အဘိုင်း ရွှေဆိုင်း ထား၍မဖြစ်။ ယနေ့ညနေပင် သွားရပေမည်
ရေမိုးချိုး၊ အဝတ်အစားလဲ၊ ပြင်စရာ ရှိသည်ကိုပြင်၊ ထုပ်စရာ
သည်ကို ထုပ်၊ ယူစရာရှိသည်ကို ယူ၊ မှာစရာ ရှိသည်ကို မှာပြီးလျှ
နေအိမ်မှ ထွက်ခဲ့လေသတည်း။ နေကား ဝင်တော့မည်။

နေအိမ်နှင့် မြစ်ဆိပ်ကား မဝေးလှ။ ပေ ၂၀၀-ခန့်သာ ရှိပေလိ
မည်။ မြစ်ဆိပ်တွင် အဗ္ဗဒူရာမန်၏ သမ္ဗန် စောင့်နေ လေသည်
သမ္ဗန်ဖြင့် ခရီး သွားခြင်းသည် သင်္ဘောဖြင့် သွားခြင်းထက် ကောင
၏။ လှေဖြင့် သွားခြင်းထက် သာ၏။ မီးရထားဖြင့် သွားခြင်းထ
နေရာ ကျ၏။ လေယာဉ်ပျံဖြင့် သွားခြင်းထက် စည်းစိမ် ရှိ၏။

မောင်လူအေးသည် မိမိ၏ တပည့်များနှင့် သမ္ဗန်ဆိပ်မှ ထွက်လ
၍ မကြာမီပင် "ကျွိ ကျွိ-အီး.... ဖတ်ဖတ်၊ ကျွိ ကျွိ-အီး ....ဖတ်ဖတ်
ဆိုသော တူရိယာအသံကို ကြားရလေတော့သည်။ ထိုအသံကာ
နာရီ၏ စက်သံကဲ့သို့ မနှေးမမြန်၊ မပေါ့ မလေး၊ မှန်လျက် နေ၏
ဤကဲ့သို့ မှန်လျက် နေခြင်းသည်လျှင် မောင်လူအေး၏ နားအရသာ
ကိုတိုးပွါးစေ၏။ "ကျွိ ကျွိ-အီး" ကား အဗ္ဗဒူရာမန်၏ တက်သံ ဖြ
လေသည်။ "ဖတ်ဖတ်" ကား တက် ရေပေါ် ကျသော အသံတည်း

ကျွိ ကျွိ-အီး.... ဖတ်ဖတ် အသံကိုပင် တူရိယာအသံဟူ၍ ဆို
မည်လောဟု ရယ်မောကောင်း ရယ်မော ကြပေလိမ့်မည်။ ဤအသ
ကို တရံတခါသာ ကြားဘူးကြသော သူတို့၏ နားတွင်ကား ခါးနေ
ပေလိမ့်မည်။ အကြားရ ကတ်နေပေလိမ့်မည်။ နားငြီးနေပေလိ





သည်။ ဤအသံကို အဖန်ဖန် ကြား နေရသော မောင်လူအေး၏ နား
တွင်ကား သာယာလျက် နေလေတော့သည်။

တူရိယာ အသံ မည်သည်ကား ကြားရဖန် များမှ သာလျှင်
သာယာခြင်း အရသာ ပေါ်၏။ ကုလားဗုံသံကို မြန်မာများ ခံ၍မရ၊
မြန်မာ ဆိုင်းသံ၊ နှဲသံတို့ကို အင်္ဂလိပ်များ ကြား၍ မရ။ တရုတ်နှဲသံ၊
ဆိုင်းသံတို့ကို ကုလားများ မခံနိုင်၊ တရံတခါသာ ကြားရသော
ကြောင့် ဖြစ်လေသည်။ ကြားနေကျ ဖြစ်သော မိမိတို့၏ တူရိယာ
အသံများကို မူကား နားထောင်၍ မငြီး၊ ကြားပြီးယင်း ကြားချင်
သေး ဖြစ်၏။ တူရိယာ တမျိုးက အခြားတမျိုးထက် သာသည် ဟူ၍
အဘယ်မှာ ဆိုနိုင်အံ့နည်း။ ကြိုက်ရာ ကောင်းစမြဲ၊ နားရည်ဝရာ
ကောင်းစမြဲ ဖြစ်လေသည်။

တူရိယာ အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်း လိုက်ရသည်
မှာ အတော်ပင် အချိန်ကုန်သွားလေပြီ။ မောင်လူအေးတို့ စီး၍
သွားကြသော သမ္ဗန်ရှိရာသို့ ပြန်ကြဦးစို့။

သမ္ဗန်ဦးတွင် ထိုင်နေကြသော သူ နှစ်ယောက်ကား စာရေး
မောင်ဖျန်စိန်နှင့် ပျာတာ မောင်ဘိုးရွှေတို့ဖြစ်ကြလေသည်။ စကား
တခွန်းကိုမျှ မပြောကြ။ မည်သည့် အကြောင်းတွေကို တွေးတော
နေကြသည် မသိပေ။ သမ္ဗန်၏ပဲ့ဖက် အဗ္ဗဒူရာမန်၏ အနားတွင်
ထိုင်နေသူကား မောင်လူအေး၏ တပည့် ထွန်းဖေတည်း။ တ
ယောက်တည်း စကား ပြောဖော် မရှိသောကြောင့် သူလည်း တခုခု
ကို စဉ်းစားနေပေလိမ့်မည်။ သမ္ဗန်ဝမ်းထဲ၌ ခင်းထားသော ပက်
လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသူကား မောင်လူအေး ဖြစ်လေ
သည်။ သူ၏ လက်ထဲတွင် မကြာမီက ရောက်လာသော အင်္ဂလိပ်
စာအုပ် တအုပ်ကို မြင်ရ၏။ ထိုစာအုပ်ကို မဖတ်နိုင်။ ငေးလျက်နေ
လေသည်။ "ကျွိ ကျွိ-အီး....ဖတ်ဖတ်" တူရိယာ၏ အသံ၊ ညနေခင်း



www.burmeseclassic.com

www.burmeseclassic.com


၏ သာယာသောအခြေအနေ၊ မြစ်ရေ၏ ကြည်လင် ငြိမ်သက် သော အခြင်းအရာ၊ လေပြေ၏ ဖြည်းညင်းစွာ တိုက်ခတ်နေသော အရသာ တို့ကို ခံစားကာနေသော မောင်လူအေးကား ထိုစာအုပ် အဘယ်မှာလျှင် ဖတ်ရန် သတိရနိုင်ပါအံ့နည်း။ နေမင်းလည်း ဝင်လ ပြီ ဖြစ်သောကြောင့် နေရောင်ခြည် ရေပြင်ကို ဟပ်သဖြင့် တဖျတ် ဖျတ်နှင့် နေသည်မှာ ရှု၍မငြီးနိုင်အောင်ဖြစ်၏။ အဖြူရောင် တိ တိုက်တို့ကို နေရောင်ဖျန်းလိုက်သဖြင့် မရန်းရောင်တလှည့်၊ အဝ ရောင်တခါ၊ အပြာရောင်တမျိုး၊ မီးခိုးရောင် တသွယ်၊ တင့်တယ်အ တောင်း။ မြင်ရသူအပေါင်းမှာ အဘယ်မှာလျှင် နှစ်ထောင်းအား တင်းတိမ် နိုင်အံ့နည်း။

ထိုအခိုက် ထိုအခါတွင် ဤကမ္ဘာလောကကြီးကို အေးမြခြင် တည်းဟူသော ကွန်ချာဖြင့် အုပ်၍ ထားပေ၏။ မည်သူမျှ မကြည်နူ ဘဲ မနေနိုင်။ မည်သူမျှ မနှစ်သက်ဘဲ မနေနိုင်။ စိတ်ပူခြင်း၊ စိတ် နောက်ခြင်း၊ စိတ်ရှုပ်ခြင်းတို့ ပျောက်ကင်း ရမည်ပင်။ "ကျွိကျွိ အီး....ဖတ်ဖတ်"တူရိယာဆရာကြီး အဗ္ဗဒူရာမန်ပင်လျှင် စိတ်ထဲတွင် ကြည်နူးရွှင်ပျ၍ နေပေလိမ့်မည်။ စစ်တကောင်းတွင် ကျန်ရစ်ခဲ့ရှာ သော ဇနီးခမျာကို သတိရကာ ပီတိသောမနသာတွေ ပွါး၍ နေပေ လိမ့်မည်တကား။

"ကျွိကျွိ-အီး.......ဖတ်ဖတ်" "ကျွိကျွိ-အီး.......ဖတ်ဖတ်" နှ လာရာ လမ်းတလျှောက် ကမ်းခြေတွင် ရေဆင်းချိုးနေကြသော သူတို့ကို အဆက်မပြတ် မြင်ရ၍သွား၏။ ကလေးလူကြီး၊ ယောကျာ်း မိန်းမ၊ အပျိုအအို၊ ကုလား မြန်မာ၊ ဖြူဖြူ မဲမဲ၊ ပိန်ပိန် ဝဝ၊ မြင့် မြင့် ပုပု အမျိုးမျိုး အစားစား အားလုံးပင် ပျော်ပျော် ရွှင်ရွှင် ရေ ဆင်းချိုး နေကြလေသည်။ သူတို့တတွေမှာ သီချင်းဆိုသူဆို၊ စကား များသူ များ၊ လိုက်တမ်း ပြေးတမ်း ကစားသူ ကစား။ ရေကူးနေသူ

တွေကလည်း အများ၊ ဂွမ်းပစ်နေသူတွေကလည်း မရှားပေ။ ဤအချိန် ဤအခါ ဤနေရာမျိုးတွင် အဘယ်သူသည် မပျော်ရွှင် ဘဲ နေနိုင်ပါအံ့နည်း။ ထိုကမ်းခြေတွင် ပျော်ပါးစွာ ရှိနေကြကုန် သော သူတို့၏ စိတ်ထဲသို့ စိတ်ညစ်စရာတွေ မဝင်နိုင်၊ စိတ်ပျက်စရာ တွေ မလာနိုင်။ စိတ်ရှုပ်စရာတွေ မတိုးနိုင်၊ အပြင်ဖက်တွင် ခေတ္တမျှ ငေးမိုင်ကာ နေကြရရှာပေသည်။ ထိုသူတို့၏ စိတ်အတွင်းသို့ ကြည် လင်ခြင်း စိတ်တို့သာလျှင် ဝင်နိုင် ပေ၏။

ထိုရေချိုးနေသူတို့ကို လွန်လျှင် မြို့ပြင်သို့ ရောက်၏။ "ကျွိကျွိ အီး....ဖတ်ဖတ်" ဆရာကြီး ကလည်း တကျွိကျွိ၊ တအီးအီး၊ တဖတ် ဖတ်နှင့် အတောပင် မသတ်ပြီ။ မကြာမီပင် ပဲ၊ ပြောင်း၊ ဆေး၊ မုန် လာတို့ကို စိုက်ပျိုးထားရာ ယာခင်းများသို့ ရောက်၍ လာ၏။ ကမ်း ခြေသောင်စပ်တွင် စိမ်းစိမ်းလန်းလန်း ရှုမခန်းပေ။ အထက်ကောင်း ကင်ပြင်တွင်လည်း တိမ်တိုက်တို့မှာ အမျိုးမျိုး ပြောင်းလဲကာ မျက် လှည့်ပြ နေကြကုန်၏။ ဝါရာမှ နီ၊ နီရာမှ ပြာ၊ ပြာရာမှ မီးခိုးရောင်၊ "တိမ်တောင် သဖွယ် မင်းရေးကျယ်" ဆိုသော ရှေးလူကြီးတို့၏ စကားအတိုင်းပင်တည်း။

အလို ဟိုမှာ ရှုလော့၊ ဆေးတံကြီးကို ခဲကာ လက်ပိုက်လျက် ယာခင်း များကို အားပါးတရ ကြည့်၍ နေပေသည်။ မိမိ၏ ယာခင်း များကို ကြည့်ပြီးလျှင် အားရ၍ မဆုံးနိုင်။ နှစ်သက်၍ မဆုံးနိုင်။ သဘောကျ၍ မဆုံးနိုင်ပြီ။ မိမိ၏ ယာအပြင် မည်သည့် အရာကိုမျှ မခင်မင်။ ထိုယာသမား၏ စိတ်ထဲတွင် မိမိ၏ယာအပြင် မည်သည့်အ ရာကိုမျှ မစုံမက်၊ မိမိ၏ယာအပြင် မည်သည့်အရာကိုမျှ မမြတ်နိုးပေ။ နယ်ပိုင် အလုပ်ကို အလိုမရှိ။ အရေးပိုင် အလုပ်ကို မလိုချင်။ မင်းကြီး အလုပ်ကို မနှစ်သက်။ ဘုရင်ခံ အလုပ်ကို မစွဲလမ်း။ ဘုရင်မင်းမြတ် ဖြစ်ရန်ကိုပင် စက်ဆုပ်နေပေလိမ့်မည်။ ပုဂံ တောင်သူကြီးအား



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်ပါမည့် အကြောင်း တောင်းပန်ကြ
သော အခါ ခွေးမကြီး၏ နို့ကို ခွေးသားကလေးများ ဝိုင်းစို့ကြသက
သို့ တွဲရရွဲ၊ စီရရီ သီးနေကြသော သခွါးခင်းကို ပစ်၍ အဘာယ်မှ
လျှင် မင်းလုပ်ရပါအံ့နည်းဟု ငေါက်လိုက်ရာ မှူးမတ်များက ဝိုင်း
ထောင်းကာမှ မင်းလုပ်သော တောင်သူကြီးမင်း၏ အကြောင်း
မောင်လူအေး သတိရမိပေသည်။ ထိုအကြောင်းကို ရာဇဝင် စာအု
များတွင် ဖတ်ခဲ့စဉ်က အလွန် အ,သော တောင်သူကြီးပါတကားဟ
များများကြီး ကဲ့ရဲ့ မိခဲ့ပေ၏။ ရှုတ်ချ မိခဲ့ပေ၏။ ရယ်မိခဲ့ပေ၏
ယခုကား မကဲ့ရဲ့၊ မရှုတ်ချ၊ မရယ်လိုပြီ။ တောင်သူကြီးမင်းဖက်က
ပင် ရှေ့နေလိုက်ပေဦးမည်။

၁၂၉၅ - ခု၊ ပြာသိုလ



# စေတနာ

နယ်ပိုင် မောင်လူအေးသည် ယခုအခါတွင် ကြေးတိုင်ဖက်သို့ ပြောင်းသွားပြီ ဖြစ်သောကြောင့် ကြေးတိုင် မောင်လူအေး ဖြစ်သွားလေပြီ။ နယ်ပိုင် အလုပ်နှင့် ကြေးတိုင် အလုပ်တို့မှာ မည်သို့ ကွာခြားသည်ကို စောင့်စား၍ ကြည့်ကြဦးစို့။

မောင်လူအေးမှာ ဖွားအေးကြီး၏ လက်အောက်တွင် ကြီးပြင်းလာရသောကြောင့်လား မသိ။ အဖိုးကြီး အမယ်ကြီးများကို တွေ့မြင်လျှင် ခင်မင်လေ့ ရှိလေသည်။ နယ်ပိုင် ဘဝတုန်းက တောရွာများသို့ နယ်လှည့်ထွက်သောအခါများတွင် အဖိုးအို အမယ်ကြီးတို့နှင့် တွေ့ရမြင်ရ နှုတ်ဆက်ရပါ၏။ သို့ရာတွင် နယ်ပိုင် ,အလုပ်တွေမှာ များပြားလှသောကြောင့် ကြာကြာ စကားမပြောနိုင်။ အသိမိတ်ဆွေမဖြစ်နိုင်ပေ။ တရွာတရွာတွင် တညဉ့်အိပ်သာလျှင် တည်းခိုလေ့ရှိ၏။ အလုပ်ကိစ္စများ ပြီးစီးသွားပြန်လျှင်လည်း အဖိုးအို၊ အမယ်ကြီးများနှင့် စကားမပြောအား။ အခြားရွာသို့သွားကာ အမှုကိစ္စများကို ဆောင်ရွက်ရပေသေးသည်။

ကြေးတိုင်ဖက်တွင်ကား ဤသို့မဟုတ်ပြီ။ တရွာတရွာရောက်မှဖြင့် ရက်ထည်ရုံထိုးကာကိုးရက်၊ ဆယ်ရက် စသဖြင့် စခန်းချ၍နေရလေသည်။ နံနက်ခင်းတွင် ကွင်းစစ်၊ နေ့ခင်းတွင် စာရင်းစစ်ပြီးလျှင် လုပ်ဘွယ်ကိစ္စမရှိတော့ပြီ။ ညနေခင်း ညဉ့်ဦးအခါများတွင် ရွာသားများနှင့် ထွေရာလေးပါး စကားတို့ကို ပြောဆိုနိုင်လေသည်။ ဤနည်းအားဖြင့် သူကြီးမင်း၊ ဆယ်အိမ်ခေါင်း၊ သမား၊ ကော်မီတီမှစ၍ ရွာထဲတွင်ရှိသမျှသော ရွာသားများနှင့် ခင်မင်၍ သွားလေ့ရှိလေသည်။ ဤကား ကြေးတိုင် မောင်လူအေး၏အလုပ်ပေတည်း။



www.burmeseclassic.com

 www.burmeseclassic.com 

တရံရောအခါ ပျံချီဆိုသောရွာကလေး၏ နောက်ဖေး၊ ကုန်းတန်
ကလေးပေါ်ရှိ ညောင်ချဉ်ပင်တပင်အောက်တွင် ရှက်ထည်တဲကို ထို
ကာမောင်လှအေးတို့လုစု စခန်းချ၍နေကြလေသည်။ ထိုလုစုတွင် ပ
ဝင်သူတို့၏အကြောင်းကို အနည်းငယ် ရေးသားလိုသေး၏။ မောင်လ
အေး၏ စခန်း စာရေးတို့ကား မောင်ဟန်စိန်နှင့် မောင်အုံးပွင့်တ
တည်း။ နယ်ပိုင်လုပ်စဉ်က တောလိုက်စာရေးကား မောင်ဖျန်စိန
ကြေးတိုင်ဖက်ရောက်သောအခါ စခန်းစာရေးကား မောင်ဟန်စိ
ကာရန်ဘဲ ကိုက်သေးတော့။ နာမည်တွင်သာ ကာရန်ညီသည် မဟုတ
သေး။ သူတို့ နှစ်ယောက်စလုံး တရုပ်ကပြားချည်းပင်။ ရှေးအကျို
ဆက် အတော်ပင် ထူးပေသည်ဟု တွေးတောမိလေတော့သည်။

အခြားတပည့်များ၏ အမည်တို့ကို နားထောင်ပါဦး။ စခန်းပျ
တာကား မောင်ထွန်းကျင်၊ စာပို့ပျာတာကား မောင်ထွန်းရှိန်၊ မော
လှအေးကိုယ်ပိုင်တပည့်ကား မောင်ထွန်းဖေ၊ သို့နှင့် မောင်လှအေး
စခန်းတွင် ထွန်း သုံးလုံးတပြိုင်နက် ထွန်းကားပြီးလျှင် ထွန်းလင
တောက်ပလျက် နေကြကုန်၏။ သူတို့သုံးယောက်စလုံးစနေသားချည
ပင်။ ထွန်းသုံးထွန်းပေါင်းသော် လောင်းကျော်မည့် အရေးကိုဋ
ဂ-ငယ်သုံးခု ဥည့်စုထု ဟူသော ရာဇဝင် သင်္ကေတနှင့် အညီ ထွန်းသ
ထွန်းစုလျှင် စခန်းပုသွားမည့် အရေးကိုရင်း တွေးလိုက်တိုင်း စိုးရိ
မကင်း ဖြစ်မိ၏။

တခုသော နံနက် ခြောက်နာရီအချိန်တွင် လယ်မြေများကို အ
ယူတ်၊ အလတ်၊ အမြတ်၊ ခွဲခြားရန် လေးဦးသော သမာဓိတို့နှင့်အတ
မောင်လှအေး၊ စာရေး မောင်ဟန်စိန်တို့သည် ကွင်းဆင်း၍ သွားကြ
ကုန်၏။ အဆိုပါ လေးဦးသော သမာဓိတို့အနက် သုံးဦးမှာ ခပ်ငယ
ငယ်၊ ခပ်လည်လည်၊ ခပ်ညာညာ၊ ခပ်ဝါဝါများ ဖြစ်ကြလေသည်
သို့ရာတွင် မိမိနယ်ပိုင်လုပ်စဉ်က တွေ့မြင်ခဲ့ရသော အင်းသားကြီးတ



သက်ကား အညာ၊ အလိုင်း၊ အလိမ်၊ အကောက်၊ မကောင်းလှပေ။
ကျန်တဦးသော သမာဓိကား အသက် ၆၀-ကျော်ပြီ။ ခါးကုန်းကုန်း၊
း ပေါ် နံငယ်တဆည်ကို တင်ထား၏။ အင်္ကျီကိုကား မဝတ်နိုင်ရှာ
။ ထိုသမာဓိအဖိုးကြီးကား ညာခြင်း၊ ဝါခြင်းမရှိ။ အမှန်အတိုင်း
ပြောဆိုလေ့ရှိသောကြောင့် မောင်လှအေး၏ မျက်စိက တန်းမှန်းမိ
လသည်။ သူ၏အမည်ကား ဦးသာရတည်း။

ကွင်းစစ်ပြီး၍ စခန်းသို့ပြန်လာသောအခါ လမ်းတွင် မောင်လှ
အေးနှင့် ဦးသာရတို့မှာ လေပေးဖြောင့်လျက် လာကြလေသည်။
သာရ၌ သားသမီး ခြောက်ယောက် ထွန်းကားရာ နှစ်ယောက်မှာ
ငယ်ငယ်ကတည်းကပင် သေဆုံးသွားပြီဖြစ်၍ လေးယောက်သာ ကျန်
သော၏။ ထို လေးယောက်သော သားသမီးတို့မှာလည်း အသီးသီး
မ်ထောင်ရက်သား ကျပြီးလျှင် သားတွေ သမီးတွေနှင့် ဖြစ်နေကြ
သောကြောင့် အဖေဦးသာရနှင့် အမေအိုဒေါ်စိလိတို့အား မကြည့်ရှု
ရှာကြချေ။ ဦးသာရကား "ရေမှန်လျှင် အထက်သို့ ဆန်မြဲမရှိ" ဟူ
သော စကားကို အမြဲ နှလုံးသွင်းထားသောသူ ဖြစ်သောကြောင့် မိမိ
၏ သားသမီးများ မိမိတို့အား မကြည့်ရှုသည်ကို ဝမ်းလည်းမနည်း။
တို့ကို အားမကိုးပေ။

ရွာ့မြောက်ဖက် မြေလွတ်မြေလပ်ကလေးတကွက်ကို ခုတ်ပြီးလျှင်
ချဉ်တောင်ယာကလေး လုပ်ကိုင်စားသောက် နေသည်မှာ လေး
ခြောက်နှစ် ကြာလေပြီ။ ထိုတောင်ယာမှ ထွက်သော သစ်ဥတို့ကို
င်းကာ အဖိုးအို၊ အမယ်ကြီးတို့ နှစ်ယောက်သား စားသောက်
ရှာ၏။ ထမင်းဝရုံသာ ရ၏။ အဝတ်အစားဝတ်ရန်ကား မပို။
တကာက သနား၍ ပေးသော အဝတ်အစားတို့ကိုသာလျှင် အရှက်
ဝတ်စား ရပေသည်။ ချမ်းတုန်း အချိန်များတွင်ကား ခိုက်ခိုက်
ခြုံစရာကလည်း စောင်မရှိ။ မိုးတွင်းအခါတွင် ပိုးလောင်းကောင်


www.burmeseclassic.com

www.burmeseclassic.com

ခြင်အများဝိုင်းအုံကာ ကိုက်ခဲကြခြင်းကို ခံကြရရှာ၏။ ခြင်ထောင်
မဝယ်နိုင်ရှာကြပေ။

မိမိတို့ ပိုင်နက်ဖြစ်သော ဥယျာဉ်တောင်ယာကလေးအတွက်
အပ်သော အခွန်တော် သုံးကျပ်ကို မပျက်ပင် ကြိုးစားကာ ဆော
ရှာပေသည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ်က တိုက်စာရေး ကိုယ်တော
မြဘ်က အဘယ်အကြောင်းကြောင့်မသိ။ဦးသာရမလုပ်မကိုင်၊ မခုတ်
မထွင်သောမြေကိုပါထည့်သွင်း၍ အခွန် စည်းကြပ်သောကြောင့်
ခွန်တော် ၁ဝိ-ကျလေပြီ။ ဦးသာရဘို့ လင်မယား အကျပ်ကြုံတော့၏
အခွန်တော်မဆောင်နိုင်။အကျိုးကား ထိုယာကလေးကို အစိုးရပြန်
သိမ်းလိုက်လေတော့သတည်း။ မကြာမီ နှင်စာလာ၏။ အခြား
စရာကလည်း မြေမရှိသောကြောင့် ထိုယာထဲမှာပင် ခိုကပ်ကာ နေ
ရှာပေ၏။ အတန်ကြာလျှင် တရားအစွဲခံရသဖြင့် ဒဏ်ငွေ သုံးကျ
ဆောင်ရလေသည်။ ရွာထဲမှလူများ စု၍ပေးလိုက်သောကြောင့်သ
ထောင်ဒဏ်မှချမ်းသာခွင့်ရလေသည်။

ဦးသာရ၏ အဖြစ်အပျက်ကို ကြားသိရသော မောင်လူအေး
ကား သနား၍မဆုံးပြီ။ နေ့တိုင်းပင် အားလပ်သော အခါများတွ
ဦးသာရအား မိမိ၏စခန်းသို့ ခေါ်ကာ စကားပြောပေ၏။ လက်ဖ
ရည် သောက်ချိန်တွင် လက်ဖက်ရည်ကိုတိုက်၏။ ထမင်းစားချိန်တ
ထမင်းကျွေး၏။ လက်ဖက်ရည်တခွက်၊ ထမင်းတနပ်၊ နှစ်နပ်စာ
မောင်လူအေးအတွက် မထူးခြားသော်လည်း ဦးသာရ၏ အဘ
ကား များစွာ ထူးခြားလှပေသည်။ ဦးသာရအား ကြေးတိုင်
ထောက်က လက်ဖက်ရည်တိုက်ကြောင်း၊ ထမင်းကျွေးကြောင်း
တင်းမှာ ရွာထဲတွင် ချက်ခြင်း ပျံ့နှံ့၍သွား၏။ ဦးသာရ အိမ်ပြ
သွားသောအခါ သတင်းလာရောက်မေးမြန်းကြသော သူတို့မှာ ပြ
လျက်နေလေသည်။ ဝန်ထောက် လက်ဖက်ရည်၊ ဝန်ထောက်ထမ





ကိုစားခဲ့ရသော ဦးသာရကြီးမှာ ရွာထဲတွင် အတော်ပင် ထင်ပေါ်
ကျော်ရှိ၍လာလေသတည်း။ ဦးသာရကား မောင်လူအေးအား ကျေး
ဇူးတင်၍ မဆုံးတော့ပြီ။

ပျံချီရွာကလေးတွင် ကိုးရက် ဆယ်ရက်ခန့် စခန်းချပြီးနောက်
ရွှေပေါက်ရွာသို့ သွားရန် စီမံရပြန်၏။ ဦးသာရကား အတော်ပင်ဝမ်း
နည်းရှာပေသည်။ သို့သော် ပျံချီရွာမှ ထွက်ခွါမည့်နေ့တွင် ဦးသာရ
ပေါ်မလာချေ။ အဘယ်ကြောင့်နည်း။ ဝမ်းနည်းသောကြောင့်ပင်
လော။ဂရုမစိုက်သောကြောင့် ပင်လော။ ဦးသာရအား နှုတ်ဆက်ရန်
ခေါ် လွှတ်လိုက်ပါလည်း ဦးသာရ အိမ်တွင်မရှိပေ။ ရှောင်များနေ
လေရော့သလားဟု သို့လောသို့လော တွေးတော ဒွိဟ မောင်လူအေး
စိတ်ထဲတွင် ဖြစ်မိပေ၏။

ညနေခင်း လေးနာရီထိုးသောအခါ မောင်လူအေးတို့လူစုလည်း
ရွှေပေါက်ရွာသို့သွားရန် လှေဆိပ်သို့ ဆင်းကြကုန်၏။ လှေများပေါ်
တွင် ပစ္စည်းများတင်ပြီး၍ လှေထဲသို့ မောင်လူအေး ဆင်းမည် အလုပ်
တွင် ရွာ့မြောက်ဖက်မှ ဦးသာရကြီး ပြေးလာသည်ကို မြင်ကြရလေ
သည်။ မကြာမီ မောင်လူအေး အနားသို့ရောက်၏။ မောကြီးပန်းကြီး
နှင့်ပင်။ လက်ထဲတွင်လည်း ပုလင်းတလုံး။ ဘာပုလင်းပါလိမ့်။ ပျား
ရည်ပုလင်းဖြစ်ပါသည်။ မိတ်ဆွေတယောက်ထံမှ ငွေတကျပ်ကိုချေး
ငှားလျှင် နံနက်စောစောကပင် ခြောက်မိုင်ခန့်အကွာ ကျောက်ဖျာရွာ
မှ ငွေတကျပ်ပေး၍ ဝယ်လာသော ပျားရည်ပုလင်းဖြစ်၏။ ထိုပျား
ရည်ပုလင်းကို ဝန်ထောက်မင်းအား ကျေးဇူးတင်လှသဖြင့် လက်
ဆောင်ပေးရန် ဖြစ်ပါသည်။ ဩော်- ဦးသာရ၊ ဦးသာရ ကျေးဇူး
သိတတ်ပါပေ၏။

မောင်လူအေးသည် ဦးသာရ၏ ပျားရည်ပုလင်းကို အသို့လျှင်
ရက်ပါအံ့နည်း။ ကျေးဇူး သိတတ်စွာနှင့် ပေးသည်ကို မယူဘဲငြင်


www.burmeseclassic.com

 www.burmeseclassic.com 

ပယ်လိုက်မည်ဆိုလျှင်လည်း ဦးသာရကြီး စိတ်မကောင်း ဖြစ်ေ
မည်။ မောင်လူအေး အကျပ်တွေ့တော့၏။ ထိုအကျပ်ထဲမှ လ
မြောက်ရန် နည်းတနည်းသာ ရှိလေသည်။ ယင်းကား ဦးသာရ
ပျားရည်ပုလင်းကိုယူပြီးလျှင် သူ့အား ငွေသုံးကျပ်ပေးခြင်းပင်တည်
ဦးသာရကလည်း ကျေနပ်၊ မောင်လူအေးကလည်း အားရ၍ သွား
လေ၏။ ဤစားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ဖြစ်နေသော အဖိုးကြ
သည် အစိုးရ လခစားဖြစ်သော ဝန်ထောက်အား ပျားရည် လ
ဆောင် ပေးနိုင်လောက်သော စေတနာမှာ ထူးဆန်းပေစွဟူ၍ စိ
ကူးယင်းနှင့်ပင် ပျံချီရွာမှ ထွက်ခဲ့သတည်း။

နေဝင်ချိန်တွင် ရွှေပေါက်ရွာသို့ ရောက်ကြကုန်၏။ ဦးကျော်
၏ဉယျာဉ်အတွင်း သရက်၊ ပိန္နဲ၊ ကနစိုးပင်များအောက်တွင် ရွက်ထ
တဲဆောက်ကာ စခန်းချနေကြပြန်၏။ လူသူ အရောက်အပေါက်နည်း
အလွန်ခေါင်လှသော ကရင်ရွာကလေး ဖြစ်သောကြောင့် ဝန်ထော
မင်းရောက်သည်ကြားလျှင် တရွာလုံးပင် လာရောက်ကြည့်ရှုကြ
၏။ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် ပုလုကွေးလေး ပုခက်တ
ကလေးများပင် ပါလေသည်။ တကဲ့ပွဲကြီး ကျနေတော့၏။

နောက်တနေ့နံနက်တွင် သမာဓိလေးယောက်နှင့် မောင်လူ
ကင်းဆင်းသွားလေသည်။ ထိုသမာဓိအားလုံးမှာ ရိုးသားသူချ
ဖြစ်သောကြောင့် မြေမျိုးခဲ့ရာ၌ အမှန်အကန် ရရုံမျှမက လွယ်လ
လွယ်ကူလှပေ၏။ ထိုသမာဓိ လေးယောက်အနက် အသက် ၆၀-ကျေ
ခန့်ရှိ အဖိုးကြီး တယောက်လည်း ပါလေသည်။ ထိုအဖိုးကြီးအ
မောင်လူအေး မျက်စိကျပြန်လေပြီ။ ဤသို့ မျက်စိကျသည့်အတိ
ထိုအဖိုးကြီးအား တောင်မေး မြောက်မေးနှင့် တလမ်းလုံး လျှော
၍ မေးလာခဲ့လေသည်။

အဖိုးကြီး၏ အမည်ကား ဦးရွှေလှအောင် ဖြစ်လေသည်။



ည်မှာ ရခိုင်နာမည်နှင့် တူသောကြောင့် မေးကြည့်ရာ အသက် ၁၆-
ာ်အရွယ်ကတည်းကပင် ရခိုင်တောင်ရိုးကို ဖြတ်ကျော်လာပြီးလျှင်
ဤကရင်ရွာတွင် လာရောက်နေထိုင်ကြောင်း ပြောပြသဖြင့် သိရှိရ
လသည်။ ရခိုင်တောင်ရိုးမှ ထွက်လာကတည်းက မိမိနေရပ်သို့ တခါ
အခါက်မျှ ပြန်၍ မရောက်တော့ပြီ။ ဤကရင်ရွာကလေးတွင်ပင်
ပ်ကိုင်စားသောက်၍ ကြီးပြင်းလာသူတည်း။ ကရင်စကားကို သွက်
က်လက်လက်ကြီး ပြောဆိုနိုင်သောကြောင့် ကရင်ပင် ဖြစ်နေလေ
၊ သို့သော်ရခိုင်စကားကိုကား တလုံးကောင်း နှလုံးကောင်း မှတ်မိ
သေးသည်။

ဦးရွှေလှအောင်ကား ငယ်စဉ်ကပင် သားမယားမယူ။ လူပျိုကြီး
ဝနှင့်ပင် ပျော်မွေ့လာသူတည်း။ ယခုအခါတွင် သားထောက်
မီးခံ မရှိသောကြောင့် မိမိ ယာကလေးကို တီထွင်ကာ တယောက်
ည်းနေထိုင်ရရှာ၏။ မိမိယာမှထွက်သော အသီးအနှံတို့၏ တန်ဖိုး
ာ အခန့်ဆောင်လောက်ရုံသာ ရှိလေသည်။ စားသောက်ရန်ကား
းပေစွ။ သို့ဖြစ်လျှင် ဦးရွှေလှအောင် အဘယ်သို့ စားသောက်
နပါသနည်း။ ကရင်ရွာသူကြီးနှင့် ရွာသားများက စောင်မကြည့်ရှု
ောင့်ရှောက်၍ထားသောကြောင့် အစားအသောက်အတွက် မပူပင်
ရှာပေ။သို့ရာတွင်ရွာသူရွာသားများမှာလည်းချမ်းသာကြွယ်ဝသော
များ မဟုတ်ကြသောကြောင့် အဝတ်အစားအတွက် မထောက်ပံ့
င်ကြလေရကား ဦးရွှေလှအောင်တွင် ပုဆိုးတထည်နှင့် နံငယ်
င်းတခုသာရှိပေ၏။ သို့အတိဒုက္ခရောက်နေရရှာသော်လည်း မိမိရပ်
 သို့ ပြန်လိုသော ဆန္ဒကား ရှိသေးသည်။ ရခိုင်တောင်ရိုး မိမိရွာက
လေးသို့ လေယာဉ်ပျံစီးကာ သွားရောက်ချင်သည်ဟု ရယ်စရာစကား
ပြောကြားရှာလေသည်။ မည်သူသည် မိမိ၏ချက်မြှုပ်နေရပ်ကို မပြန်
င်ဘဲ ရှိပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆင်းရဲနေသည့်အထဲတွင် လဲရာသူခိုးထောင်းဆိုသည့်စကား
ပုံအရ ဦးရွှေလှအောင်၏ ဥယျာဉ်ကလေးအတွက် မြေစာ နှစ်ရှ
ထွက်လာလေသည်။ ဦးရွှေလှအောင် အသို့လျှင် ထိုမြေစာနှစ်ရှက
ရွေးနိုင်ပါအံ့နည်း။ အပူမီး လောင်ရှာတော့၏။ သို့သော် စားစ
မရှိစေကာမူ လျော်စရာ ကားရှိရမည်။ အခွန်မဆောင်ပြန်လျှင် အ
ရောက်မည်ဖြစ်ခြင်းကြောင့် ရွာသူကြီး ဦးကျားကပင် သူ၏အစ
စိုက်၍ဆောင်လိုက်သောကြောင့် ချမ်းသာခွင့်ရ၍ သွားလေသည်။
ဤအကြောင်းကို ကြားသိရသောအခါ မောင်လူအေးလည်း မိ
ဝတ္တရား ရှိသည့်အတိုင်း အမှန်သို့ ရောက်စေရန် ရှင်းလင်း၍ ပေ
၏။ ဦးရွှေလှအောင်ကား ကျေးဇူးတင်၍ မဆုံးပြီ။ ဦးသာရကြီးကဲ့
ပင် မပြုတ်မပြတ် မောင်လူအေး၏ ရှက်ထည်တဲရှိရာသို့ လာပြီးလျှ
မောင်လူအေးနှင့် ထွေရာလေးပါး စကားစမြည် ပြောလေ့ရှိလေသည်
တယောက်နှင့် တယောက် အကျွမ်း ဝင်သွားကြလေသတည်း။
မောင်လူအေးရောက်၍ သုံးရက်မြောက်သော ညနေခင်းတွ
ခပ်ပျင်းပျင်းရှိသည်နှင့် တဲရှေ့ထွက်ကာ ဝတ္ထုစာအုပ်တအုပ်ကို ဖတ်နေ
ခိုက် ဦးရွှေလှအောင် ပေါက်၍လာလေ၏။ မောင်လူအေး အနားတွ
ထိုင်ကာ မိမိ၏လုံချည် အိတ်ထောင့်ထဲမှ ကြက်ဥ ခြောက်လုံးတို့
ထုတ်၍မောင်လူအေးအနားတွင်ချရှာ၏။ မိမိမွေးထားသော ကြက်
ကြီး၏ ဥများဖြစ်လေသည်။ ထိုဥများကို သားဖောက်ရန် ရည်ရွယ်
၍ ထားသော်လည်း ယခုမှာကား မောင်လူအေးအား ကျေးဇူးတ
လှသောကြောင့် လာရောက်ကာ လက်ဆောင်ပေးခြင်းဖြစ်လေသည်
ထိုကြက်ဥများကို အသို့လျှင် မောင်လူအေး ယူရက်ပါအံ့နည်း
ဦးရွှေလှအောင်ကို သနားမိ၏။ သူ၏ ကြက်မကြီးကို ကရုဏာသက်
လေသည်။ သို့ရာတွင် ဤမျှဆင်းရဲနေသော ဦးရွှေလှအောင်၏ သ
တရားကိုရင်း၊ ကျေးဇူးသိတတ်သော တရားကိုရင်း မချီးမွမ်းဘဲ မ



င်တော့ပြီ။ လောကတွင် ဆင်းရဲလေလေ၊ ကျေးဇူးသိတတ်လေလေ
ဖြစ်သည်မှာ ဓမ္မတာပင် ဖြစ်သည်ဟူ၍လည်း တွေးမိ၏။ ဆင်းရဲသူတို့
ကား ကိုယ်ချင်းစာတတ်ကြလေသည်။ ချမ်းသာသူတို့ကား ကိုယ်ချင်း
စာတတ်ဟုဆိုလျှင် မှားမည်မထင်။
အတိဒုက္ခရောက်နေသော ဦးရွှေလှအောင်က ကျေးဇူးသိတတ်နေ
လျှင် ဝန်ထောက် မောင်လူအေးက ပို၍ပင် ကျေးဇူး သိတတ်ရပေ
သည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေနှစ်ကျပ်-နှင့် ဦးရွှေလှအောင်အား ကျေးဇူး
ပြန်ဆပ်ရုံမျှမက သူ၏ကြက်ဥများကိုလည်း ပြန်၍ပေးလိုက်လေသည်။
ဦးရွှေလှအောင်ကား နားမလည်၊ မကျေနပ်၊ ဤဝန်ထောက်အဘယ်
ကြောင့် မိမိသဒ္ဓါ၍ ပေးသော ကြက်ဥများကို ပြန်၍ ပေးရသနည်း။
မောင်လူအေးက အကျိုးအကြောင်းကို ပြန်၍ ရှင်းလင်းလိုက်သော
အခါကျမှ ကျေနပ် သွားလေသတည်း။ ဩော်- မရှိဆင်းရဲသူများ
အဘယ် ကျွေးချင်၊ မွေးချင်ရှိပါကလား။ ကျေးဇူးသိတတ်ကြပေစွ။

၁၂၉၆-ခု၊ တပေါင်းလ။



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်လက်မဲ့

ဤခေတ်သည် အလုပ် လက်မဲ့ ပေါသော ခေတ်ကြီး ပါတကား
အစိုးရ အမှုထမ်းများ အလုပ် လက်မဲ့ ဖြစ်ကြ။ သူဌေးတိုက်ကြီ
တို့တွင် စာရေး လုပ်နေသူများ အလုပ်လက်မဲ့ ဖြစ်ကြ။ ကူလီမျာ
အလုပ်လက်မဲ့ ဖြစ်ကြနှင့် ဂွအကျကြီး ကျနေကြလေပြီ။

အလုပ် အကိုင် ရှိပြီးသူတို့ပင် အလုပ်လက်မဲ့ ဖြစ်ကြရလျှ
အလုပ်မရသေးသော သူတို့ အလုပ်ရရန်ကား မည်မျှ ခဲယဉ်းပေမည
နည်း။ ဝိဇ္ဇာဘွဲ့ရသူတွေ၊ သိပ္ပံဘွဲ့ ရသူတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြ
ပြီ။ ဥပစာတန်း စာမေးပွဲ အောင်သူတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြ
ပြီ။ ဆယ်တန်းစာမေးပွဲအောင်သူတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြပြီ
ခုနစ်တန်း အောင်မြင်သူတို့ အဖို့ကား အသို ဆိုဘွယ်ရာ ရှိတော
အံ့နည်း။

မြန်မာပြည်ရှိ ကျောင်းပေါင်း များစွာတို့တွင် ပညာသင်ကြ
လျက် နေကြသည့် သောင်းပေါင်း များစွာသော ကျောင်း သာ
တို့ အဖို့ အလုပ်ကား စဉ်းစား၍ပင် မပေါ်ပြီ။ ဤအလုပ် လက
မဲ့တည်း ဟူသော ပင်လယ်ကြောတွင် မျောပါ၍ နေကြကုန်သေ
သူတို့အား အဘယ်မေခလာသည် လာ၍ ကယ်တင် ပါအံ့နည်း
အလုပ် ရှာယင်းပင် ပျက်စီး နစ်မွန်း ကြရတော့မည်လော။

မောင်လူအေးကား မိမိတွင် အလုပ် လက်ကိုင် ရှိသော်လည
အလုပ် လက်မဲ့ ဖြစ်နေကြသော မိတ်ဆွေများ၊ ဆွေမျိုး တော်စ
သူများ အတွက် တွေးတောပူပန် မိလေသည်။

ယနေ့ ညနေ ကုက္ကိုဝရွာမှ မဲဇလီရွာသို့ သွားရန် အလို့ငှါ ရ
ကုန်မှ လာသော ရေဝတီ မီးသင်္ဘောကို မောင်လူအေး စောင့်စ





၍ နေ၏။ လေးနာရီထိုးလျှင် သင်္ဘော ပေါက်၍ လာလေသည်။ သင်္ဘောဆိုက်သည်နှင့် တပြိုင်နက် ပစ္စည်း များကို တင်ပြီးလျှင် သင်္ဘော အထက်ထပ် ပဋ္ဌမခန်းထဲတွင် ဝင်၍ ထိုင်၏။ ထိုအခန်းထဲတွင် အသက် ၂၀-ခန့် သနားကမား လုလင်ပျို တယောက် ပါလာလေသည်။ ဝတ္ထုစာအုပ် တအုပ်ကို ဖတ်၍ နေ၏။

ကုက္ကိုဝရွာမှ သင်္ဘော ထွက်လာ၍ အတန်ကြာလျှင် ထိုလုလင်ပျိုနှင့် မောင်လူအေးတို့ စကား ပြောစ ပြုကြလေသည်။ ထို့ ထက် အတန်ကလေး ပို၍ ကြာပြန်လျှင် စကား လက်ဆုံကျနေကြလေတော့သတည်း။

သူတို့ နှစ်ယောက် ပြောကြားကြသော စကား များကို နားထောင် ကြည့်ကြစမ်းပါ။ အလုပ် လက်မဲ့ အကြောင်း ဖြစ်ပါသည်။

"မောင် ဘယ်က လိုက်လာသလဲ။"

"ရန်ကုန်က လိုက်လာပါတယ်။"

"ဪ- ကျောင်းကိစ္စထင်ပါရဲ့။"

"မဟုတ် ပါဘူး၊ အလုပ်သွားရှာတာပါဘဲ။"

"ရခဲ့ရဲ့လား။"

"ဘယ်ရမလဲ။ကျွန်တော်ဆယ်တန်းအောင်တာ လေးနှစ်ရှိပါပြီ။ အခုတောင် အလုပ်ရှာလို့ မရသေးဘူး။ အလုပ် ရှာရတဲ့ စရိတ်လဲ တော်တော် ကုန်ပါပြီ။ အိမ်က မိဖများလဲ သိပ်ညည်း တာဘဲ။"

"မောင်လိုချင်တာက ဘာအလုပ်မျိုးလဲ။"

"ဘာ အလုပ်ဘဲ ဖြစ်ဖြစ်၊ အလုပ် ဆိုယင် ပြီးတာဘဲ။ အခုတော့ ဆယ်တန်း အောင်ပြီး အလုပ်မရှိ။ မိဖတွေရဲ့ပစ္စည်းတွေကို ထိုင်စားနေတာ တော်တော်ကြာပြီ။ အားလဲ နာစရာဘဲ။"

"လခ ဘယ်လောက် ရမှ လုပ်မယ်လို့ စိတ်ကူးထားသလဲ။"

"လခ ဘယ်လောက် ရရ လုပ်မယ်ခင်ဗျာ။ ကုန်ကုန် ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com


မယ်။ လခ မရတောင် အကူစာရေးကလေးဘဲ လုပ်ရ လုပ်ရ ကိစ္စ မရှိပါဘူး။ ကျွန်တော့် မိဖရဲ့ ပိုက်ဆံနဲ့ စားပြီး လုပ်မယ်။ အလုပ်ရှိတယ်ဆိုယင် တော်ပါပြီ။ ဂျပိုးလို့ သူတကာက ဆိုတာ အခံရဆိုးလွန်းလို့။"

"မောင်ရင် အလုပ် သွားရှာတာ၊ ရန်ကုန် အပြင် ဘယ်မှာများ သွားရှာသေးသလဲ။"

"ရန်ကုန် အပြင် ဘယ်မှာ အလုပ်ရနိုင်ပမလဲ။ ရန်ကုန်မှာတောင် အလုပ် ရှာလို့ မရမှဖြင့် တခြားမှာတော့ ဝေးပါရော။"

"တောရွာ များမှာကော အလုပ် သွားရှာ သေးသလား။"

"ဟာ မဟုတ်တာ။ တောရွာမှာ အလုပ် သွား ရှာလို့ ဘယ်ရမလဲ။"

"မောင်ရင် တို့လို အင်္ဂလိပ်စာတတ်၊ မြန်မာစာတတ် ကလေးတွေအတွက် ကျုပ် အလုပ် ရှာပေးမယ်။ လုပ်မလား။"

"အောင်မယ် လုပ်ချင်တာပေါ့ဗျာ။ လခ ဘယ်လောက် ရရ လုပ်ပမယ်။ ကျေးဇူးကိုလဲ မမေ့ပါဘူး။"

"လက်ဦး တော့ဖြင့် လခ အစိတ်လောက်ဘဲ ရမယ်။ နောင်တော့ တစတစ နေရာ ကျမှာဘဲ။"

"အခုလို တွေ့ရတာ ကျွန်တော့်ကို နတ် သိကြား မ တာဘဲလို့ ထင်ပါတယ်။ ဘာ အလုပ်ပါလဲ ခင်ဗျာ။"

"ကျုပ်ပြောတဲ့ အလုပ်က ပင်လဲ မပင်ပန်းဘူး။ ဘယ်သူ့ကိုမှလဲ မကြောက်ရဘူး။ ကုသိုလ်လဲရတယ်။ သို့ပေမဲ့ လုပ်ချင်တဲ့ လူတွေက ရှားတယ်။"

"အောင်မယ် ကျွန်တော် လုပ်ချင်ပါတယ်ခင်ဗျာ။ အဲသည်အလုပ်ကိုသာ ပေးပါ။ ဘယ်လောက်ဘဲ ပင်ပန်း တော့ လုပ်ပမယ်။အလုပ်ကိုသာ ရပါစေ။ "



"ကောင်းပြီ။ အလုပ် ရပြီလို့သာ မှတ်လိုက်ပေတော့။"

"အဲသည် အလုပ်ဟာ ဘာ အလုပ်ဆိုတာ မသိရဘူးလား ခင်ဗျာ။"

"ဆရာ အလုပ် မောင်ရင်ရဲ၊ ဘယ့်ကလောက် ကောင်းတဲ့ အလုပ်လဲ။"

"ကျွန်တော်လဲ လုပ်ချင်ပါတယ်။ အမျိုးသားကျောင်းမှာလား။ အစိုးရကျောင်းမှာလား။"

"အဲသည် ကျောင်းတွေက အလုပ်ဟာ တယ်မလွတ်လပ်လှဘူး။ လုပ်ချင် သည့်တိုင်အောင်လဲ နေရာလပ် ရှိမှာ မဟုတ်ဘူး။"

"ဒါဖြင့် ဘယ်မှာ ဆရာ လုပ်ရမှာလဲ။"

"အင်းမ ဆိုတဲ့ ရွာကို သိသလား။"

"သိပါတယ်။"

"အဲသည် ရွာမှာ အိမ်ခြေ ၁၀၀ လောက် ရှိတယ်။ ကျောင်းတကျောင်းမှ မရှိဘူး။ ဘုန်းကြီးကျောင်းတော့ဖြင့် တကျောင်းရှိရဲ့။ သို့ပေမဲ့ အဲသည်ကျောင်းမှာ ကလေးတွေကို စာမသင် ဘူးတဲ့။ သည်ရွာမှာ ရှိကြတဲ့ ကလေးတွေဟာ က-ကြီး၊ ခ-ခွေးကို ပုတ်ကြီးလောက် ရေးပြတာတောင် မသိဘူးတဲ့။ ဒါကြောင့် ရွာက လူကြီးတွေ ညည်းနေ ကြတယ်။ ရွာသူ ရွာသားတွေ စုပြီး ကျောင်း တကျောင်း ထောင်ချင်လို့တဲ့။ မောင်ရင်နဲ့ အခန့်သင့်တာဘဲ။"

"ကျွန်တော်တို့ ဆယ်တန်းပညာ သင်ထားတာ သည်လို အလုပ်မျိုးနဲ့ ကိုက်ပမလား။ မနဲဘူးလား။"

"ဘာဖြစ်လို့ နဲရမှာတုံး။ စာရေး လုပ်တာထက်တော့ ကောင်းသေးတယ်။ မောင်ရင်က ဘာအလုပ်မျိုး မဆို လုပ်မယ်လို့ ခုဘဲ ပြောတာ မေ့သွားပလား။"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တော့ ဟုတ်ပါရဲ့။ ကျွန်တော်က လခစား အလုပ်ကို ဆိုတာ။ အခု ပြောတဲ့ နုံချာချာ အလုပ်မျိုးကို ဆိုတာ မဟုတ်ဘူး။"

"အောင်မယ်လေးဟဲ့ လူ။ သည်အလုပ်မျိုးကို နုံချာတယ်လို့ ထင်ယင် ဘယ်အလုပ်ကို လုပ်တော့မလဲ။ ကျောင်းသား အနည်းဆုံး ၅၀-လောက်ရမယ်။ တယောက်အတွက် တလ ငါးမူးပေးမတဲ့။ တလ အစိတ်ဆိုတာ သေချာပေါက်ပေါ့။ စပါးပေါ်တဲ့အခါ၊ ငါးခြောက် ငါးပိပေါ်တဲ့ အခါ လာပို့ကြအုံးမယ်။ ဝါင်ဝါကျွတ် ဆိုယင်လဲ လာကန်တော့ ကြအုံးမယ်။ ပုဂံစ လုံကွင်းစတော့ ရမှာဘဲ။ တရွာလုံးမှာလဲ မောင်ရင် တယောက်ဘဲ အင်္ဂလိပ်စာတတ် ရှိတယ်ဆိုတော့ ဘယ်နေရာမှာမဆို မောင်ရင့်ကို လာတိုင်ပင် ကြရမယ်။ အရေးအကြောင်း ရှိယင် မောင်ရင့်ကိုဘဲ လျှောက်လွှာတို့ ဘာတို့ကို လာအရေး ခိုင်းရမယ် မဟုတ်လား။ အမှုအခင်း ဖြစ်လာလို့ ရှိယင်လဲ မောင်ရင့်ဆီ လာပြီး နှီးနှောကြရမယ်။ မောင်ရင့်လို အင်္ဂလိပ်စာတတ် တယောက် ရောက်သွားမယ် ဆိုယင် ရွာသူ ရွာသားတွေမှာလဲ မျက်စိနား ပွင့်လင်းလာကြမယ် မဟုတ်လား။ မောင်ရင့် ဩဇာ ဘယ်လောက် ရှိမယ်ဆိုတာကို စဉ်းစား ကြည့်စမ်း။ မောင်ရင် ပြောသမျှ ရွာသားတွေ လိုက်နာ ကြရမယ်။ တလ ငွေ ၅၀- ဆိုတာ အနည်းကလေးပေါ့။ နေရာတကာမှာ မောင်ရင် မပါယင် ပြီးမလား။ သည်ရွာမှာ နေလို့ အနေအထား ကျသွားယင် အနီးအနားရွာများက မောင်ရင့်ထံမှာ အကြံဉာဏ် လာတောင်း ကြရမယ်။ ဉာဏ်ပူဇော်ခတွေလဲ ရမယ် မဟုတ်လား။ ရွာသားတွေအပေါ်မှာ ဩဇာ ရှိလာတယ်ဆိုယင် မောင်ရင် စားဖို့ သောက်ဖို့ ဆိုတာ ဘယ်ကုန်တော့မှာလဲ။ ရွာမှာ နေတယ်ဆိုတော့ သုံးဖို့၊ စွဲဖို့ဆိုတာလဲ ဘာမှ ကုန်မှာ မဟုတ်ဘူး။ ဝတ်ဖို့ စားဖို့ ဆိုတာလဲ မကုန်ဘူး။ ရတဲ့ ပိုက်ဆံကို စုမိအုံးမယ်။ အဲသည် စုမိတဲ့ ငွေနဲ့ လယ်ကလေးဝယ်၊ ဥယျာဉ်ကလေးဝယ်





နဲ့ လေးငါးနှစ်အတွင်းမှာ မြေပိုင်ရှင်တောင် ဖြစ်နိုင်တယ်။ ဘယ့်ကလောက် ကောင်းတဲ့ အလုပ်လဲ။ ရန်ကုန်မှာ စာရေး သွားလုပ်နေမယ်ဆိုယင် ဘယ်တော့မှ လူတလုံး ဖြစ်မှာ မဟုတ်ဘူး။ မောင်ရင်တို့ တတွေဟာ အမှားကို အမှန်ထင်နေလို့ အလုပ်လက်မဲ့ဖြစ်နေကြတာပေါ့။ အလုပ် မရှိတဲ့နေရာမှာ အလုပ်သွားရှာလို့ ဘယ်တော့ ရမှာတုံး။ အလုပ်ရှိမဲ့ နေရာမှာတော့ မရှာချင်ကြဘူး။"

"အခု ပြောပြတာ ဝမ်းသာစရာပါဘဲ။ သဘော ပေါက် စရာလဲ ကောင်းပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ သင်ထားတဲ့ ပညာနဲ့တော့ မကိုက်လှဘူး။ နောက်ပြီးတော့လဲ တောရွာမှာ နေလို့ မဖြစ်ဘူး ထင်တယ်။"

BURMESE CLASSIC .com

"ဒါကတော့ မောင်ရင့် သဘောပေါ့။ မောင်ရင်က မြို့မှာ နေပြီး အလုပ် လက်မဲ့ ဖြစ်နေဟာကို ကြိုက်ယင်လဲ အခု ပြောတဲ့ အလုပ်ကို မလုပ်နဲ့။ ကျကျ နန အလုပ်နဲ့ အကိုင်နဲ့ နေချင်လို့ရှိယင်တော့ အခု ပြောတဲ့ အလုပ်ဟာ အကောင်းဆုံးဘဲ မောင်ရင်။ အခုခေတ်မှာ အလုပ် ရှာနေကြတဲ့ လူတွေဟာ စန္ဒဂုတ်စစ်တိုက်တာလို့ မြို့ကြီးကိုသာ အရင်ဝင်ပြီး စီးကြတယ်။ ရွာသိမ် ရွာငယ်များကိုတော့ မေ့နေ ကြတာဘဲ။ နိုင်ငံခြားက လာတဲ့ တရုပ်၊ ကုလားတွေကတော့ မြို့ကြီးများကို လက်လွှတ်ပြီး ရွာသိမ် ရွာငယ်များကို ဝင်ပြီး စီးကြတယ်။ ရွာသိမ် ရွာငယ်တွေက စုဆောင်းလို့ ငွေတော်တော်ကလေး တောင့်လာတော့မှ မြို့ကြီးတွေမှာ တက်ပြီး ကုန်ဆိုင်ကြီးတွေကို ဖွင့်ကြတာ မောင်ရင်လဲအသိပါဘဲ။"

"အခု ပြောတာတွေကတော့ အဟုတ်အမှန်ချည်းပါဘဲ။ သို့ပေမဲ့ ကျွန်တော်တို့ အင်္ဂလိပ် စာသင်ထားတာက မခက်နေပေဘူးလား။ ဘာမဟုတ်တဲ့ ကျောင်းဆရာ အလုပ် ကလေးကို သွားလုပ်မယ် ဆိုယင် ရှက်စရာ မကောင်းဘူးလား။"

www.burmeseclassic.com

www.burmeseclassic.com


"လာဘဲ လာသေးရဲ့။ ဘာလို့ ရှက်ရမှာလဲ။ ဒါဖြင့် အင်္ဂလိပ်စာ သင်ယင် အလုပ်လက်မဲ့ဖြစ်ရတော့မယ် ဆိုသလို ကျနေပြီ။ ဆရာ အ လုပ်ထက် ဘာအလုပ်က မြတ်သေးလို့လဲ။"

"နေပါအုံးခင်ဗျာ။ ကျွန်တော် တခု မေးပါရစေ။"

"မေးပါ။ မေးပါ။"

'အဲသည် ကျောင်းကို အစိုးရက အသိအမှတ်ပြုမတဲ့လား။ ဒိစတြိတ် ကောင်စီကကော အထောက်အပံ့ ပေးမတဲ့လား။"

"အစိုးရက အသိအမှတ် ပြုချင်ပြု၊ မပြုချင် နေ။ ဒိစတြိတ် ကောင်စီက ထောက်ပံ့ချင်ပံ့၊ မပံ့ချင်နေ။ ကိုယ်အလုပ်ရတာ သာ လိုရင်းမဟုတ်လား။ ကိုယ် လစဉ် ကျောင်း လခ ရတာသာ လိုရင်း မဟုတ်လား။ ကျောင်းသားကလေးတွေ စာတတ်တာသာ လိုရင်းမဟုတ်လား။ သူတို့က အသိအမှတ်ပြုယင်တောင် လွတ်လပ် ခွင့်ကို ထိခိုက်အုံးမယ်။ ဘယ်သူမှ ဝင်မရှုပ်ဘဲ ကိုယ်ထင်တာကို သင်ကြားရယင် ကိုယ်ထင်သလို နေရယင် အကောင်းဆုံးဘဲ မဟုတ် လား။ မောင်ရင်တို့ စိတ်က တယ်ခက်တာကို။"

"ခက်တာ မဟုတ်ဘူး ခင်ဗျ။ အစိုးရက အသိအမှတ် ပြုတဲ့ ကျောင်းမှ မျက်နှာရှိတယ်။ ဒိစတြိတ် ကောင်စီက ထောက်ပံ့တဲ့ ကျောင်းမှ လူရိုသေတယ်။"

"မောင်ရင် တယောက်လဲ ခက်တော့တာဘဲ။ မျက်နှာရှိတာ တွေကိုသာ လိုက်နေတာကို။ အကျိုးရှိမယ်၊ မရှိဘူး ဆိုတာကို တော့ မကြည့်ဘူး။ ဒါကြောင့်လဲ အင်္ဂလိပ်စာတတ် အလုပ်လက်မဲ့ တွေ မြန်မာပြည်မှာ များနေတာ ထင်ပါရဲ့။ ဒီလိုဖြင့် အင်္ဂလိပ် စာ မတတ်တာကဘဲ ခပ်ကောင်းကောင်း။ အင်္ဂလိပ်စာတတ်တာ အလုပ်လက်မဲ့ဖြစ်အောင် လုပ်တာနဲ့အတူတူဘဲ။"

"မှန်ပါတယ်။"



ဤသို့ စကားကောင်းလာယင်း သဘောသည် မဲဇလီရွာ၌ ဆိုက် ကပ်လေ၏။ မောင်လူအေးတို့လည်း နှုတ်ဆက်ကြပြီးလျှင် အသီး သီး ဆင်းသွားကြလေသတည်း။

၁၂၉၆-ခု၊ ပဌမဝါဆိုလ။



www.burmeseclassic.com

www.burmeseclassic.com


# လူမိုက်

"လူမိုက်" ဆိုသောစကားမှာ လူကောင်း လူလိမ်မာတို့၏ နားတွင် အလွန်ပင်ခါး၏။ လူမိုက် အချင်းချင်းတွင်ကား ထိုစကားမှာ ဂုဏ်ပုဒ်ကြီးတခု ဖြစ်လေသည်။ ထို့ကြောင့် "ငါမိုက်တယ်ကွ ငါ့ထက်မိုက်တဲ့လူရှိယင် ထွက်ခဲ့ကြ။ ဗိုလ်မထားဘူး" ဟူ၍ ဂုဏ်လုပ်ကာ ကြိမ်းပသော အသံများကို မကြာမကြာ ကြားရဘူးလေသည်။ လူမိုက်တို့၏ အကြားတွင် ထူးထူးချွန်ချွန် မိုက်သော သူမှသာလျှင် ထင်ပေါ်၏။ ဂုဏ်ရှိ၏။ ကြီးပွါး၏။ လူလိမ္မာ တယောက်သည် လူမိုက်တို့၏ အလယ်တွင် အဘယ်မှာလျှင် တင့်တယ်နိုင်ပါအံ့နည်း။

ထို "လူမိုက်" ဆိုသော ဂုဏ်ထူးကြီး ဘွဲ့ထူးကြီးကို ရရန်မှာလည်း လွယ်ကူသောအရာ မဟုတ်ပေ။ "ငါမိုက်တယ်" ဟူ၍ လူတကာရှေ့တွင် ကြွားရုံမျှနှင့် လူမိုက်ဘွဲ့ထူးကို မရနိုင်။ ဝေးလှသေး၏။ လူမိုက်ဘွဲ့ထူးကို ရရန်ကား သူတကာကို အကြောင်းမဲ့သက်သက် ဆဲရေးဝံ့ရမည်။ ရိုက်ပုတ်ဝံ့ရမည်။ ဓားဖြင့် ထိုးဝံ့ရမည်။ ဆဲရေး၊ ရိုက်ပုတ်၊ ဓားဖြင့် ထိုးခြင်းတို့ကိုလည်း ပြုလုပ်ဘူးရမည်။ မိမိလည်း သူတကာ၏ အဆဲ၊ အရိုက်၊ အထိုး၊ အခုတ်တို့ကို ခံဝံ့ရမည်။ ခံလည်း ခံဘူးရမည်။ အချုပ်ခံဝံ့၊ ထောင်အကျ ခံဝံ့၊ တကျွန်းအပို့ ခံဝံ့ရမည်။ ခံလည်း ခံဘူးရမည်။ လူတယောက်၏ အသက်ကို ပုရွက်ဆိတ်၏ အသက်လောက်မျှ မထင်မမှတ်ရ။

ဆိုခဲ့ပြီးသော ဂုဏ်ထူးများနှင့် ပြည့်စုံသော သူမှသာလျှင် လူမိုက်ဘွဲ့ထူးကို ခံယူ အသုံးပြုနိုင်လေသည်။ အစိုးရကပေးသော ဘွဲ့ထူးများကား အစိုးရမင်း၏ အမှုတော်ကို သက်စွန့် ကြိုးပမ်းကာ ထမ်းဆောင်သောကြောင့် ရသောဘွဲ့ထူးများ ဖြစ်ပေ၏။ လူမိုက်ဘွဲ့ထူးကား မိမိတို့ လူမိုက် အချင်းချင်းက တစိမ့်စိမ့်တွေး ကြောက်သောကြောင့် မပေးချင့် ပေးချင်နှင့် ပေးလိုက်ရသော ဘွဲ့ထူးကြီး ဖြစ်လေသည်။

ထိုဘွဲ့ထူးကို ရသောသူမှာ စားရချောင်ပေပြီ။ သောက်ရချောင်ပေပြီ။ နေထိုင်ရ ချောင်ပေပြီ။ အဘယ့်ကြောင့်ပါနည်း။ "မိုက်ကြေး"ကိုတောင်း၍ ရသောကြောင့်ပေတည်း။ ထိုမိုက်ကြေးမှာ အစိုးရကို ပေးရသော ပျာတာကြေး၊ အမြတ်တော်ကြေး၊ အညွန့်တော်ကြေးတို့ထက်ပင် အကောက်ခံရ လွယ်ကူပေသေး၏။ အမြတ်တော်ကြေးတို့ကို မပေးသေးဘဲ ဆိုင်းထားမည်ဆိုက ဆိုင်းထားနိုင်လေသည်။ မိုက်ကြေးကိုမူကား အကြွေးထား၍ မရပေ။ ချက်ခြင်းပေးရမည်။

လူမိုက်ဘွဲ့ထူးကို ရထားသူတယောက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားမည်ဆိုလျှင် ဟိုလူက လက်ဖက်ရည်သောက်ပါဦး။ သည်လူက လက်ဖက်ရည် သောက်ပါဦးနှင့် ဆူညံ၍ နေလေပြီ။ ထိုလူမိုက် လက်ဖက်ရည်သောက်ပြီးလျှင် ဆိုင်ထဲတွင် သုံးလေးခွန်း ဆဲလိုက်သေး၏။ လက်ဖက်ရည်ဆိုင်ရှင်ထံမှ တမူး၊ တမတ်စသဖြင့် မိုက်ကြေးတောင်းလိုက်သေး၏။ ပြီးတော့မှထွက်၍သွားလေသည်။ ထမင်းစားချိန် ကျပြန်လျှင် ကျွေးမည့်သူတွေ့ မရှား၊ ပုလိပ်များကပင် မိတ်ဖွဲ့၍ ထားကြရပေသည်။ ဤကား လူမိုက်ဘွဲ့ထူးကို ရထားသူတို့၏ တန်ခိုးပေတည်း။

ဝါးရုံတန်းရွာ ဦးထွားသည် လူမိုက်ဘွဲ့ကို ရထားသူ ဖြစ်ပေသည်။

သူ၏နေရာကို မည်သူမျှ မယူဝံ့သေး။ ယူရန် ကြံပင် မကြံဝံ့ကြချေ။ ဝါးရုံတန်းရွာ တဝိုက်တွင် ဦးထွားဆိုလျှင် သိမ့်သိမ့်တုန်



www.burmeseclassic.com

www.burmeseclassic.com


အောင် ကြောက်ကုန်ကြ၏။ သူနှင့်တုပ၍ မည်သူမျှ မမိုက်ဝံ့ကြ
ချေ။ အသက်ကား ၆၀- ကျော်ပြီ။ အသားမဲမဲ၊ မျက်နှာပြဲပြ
နှာတံပေါပေါ၊ အရပ်ပုပု၊ မျက်လုံးစူးစူး၊ နှုတ်ခမ်းမောက်မောက်
ဆံပင်တိုတို။ ဤမျှနှင့် သူ၏ ပုံပန်း ပေါ်လောက်ပေပြီ။
အဘယ်သို့သော သတ္တိထူးကြောင့် ယင်းလူမိုက်ဘွဲ့ကို ဦးထွ
ရပါသနည်း။ ဦးထွားငယ်ငယ် အသက် ၃၀- အရွယ်တုန်းက ေ
လယ်ကြောင်တောင်စွန် မောင်ဆောင်တို့ ညီအစ်ကို နှစ်ယောက်
အား ဆောင်ဓားဖြင့် ခုတ်သတ်ခဲ့ဘူးလေသည်။ ထိုလူသတ်မှုအတွက်
တကျွန်းသို့ ရောက်ခဲ့ဘူး၏။ တကျွန်းမှ လွတ်သည်မှာလည်း လေ
ငါးနှစ်ခန့် ကြာလေပြီ။ ယခုတိုင် မိုက်တုန်းပင်။
တကျွန်းမှ ပြန်ရောက်သည့်နေ့မှ အစပြု၍ ရွာထဲတွင် ရှိသမ
သော သူတို့အား လူဟူ၍ပင် မထင်။ ထက်လှအောင် သွေးထာ
သော ဆောင်ဓားတလက်ကို ကိုင်ပြီးလျှင် "ငါတကျွန်းပြန်ကွ၊ လ
တယောက်ကို ခုတ်သတ်ဝံ့တဲ့အကောင်။ တကျွန်းမှာ ငါ့သူငယ
ချင်းတွေ အများကြီး ရှိတယ်။ အခုပြန်သွားရပေမဲ့ ကိစ္စမရှိဘူး
ဟု ဆိုကာ တအိမ်တက် တအိမ်ဆင်း ဂုဏ်ယူလျက် နေပေ၏
တရွာလုံး မည်သူမျှ ဦးထွားအား မကြောက် မနေဝံ့တော့ပြီ
ယခင် လူသတ်မှုတွင် သက်သေခံခဲ့ကြသော သူတို့သည်၎င်း၊ သူ
၏ ဆွေမျိုးများသည်၎င်း မည်သို့ ရောက်ကုန်ကြသည်မသိ။ ကြက
ပျောက်၊ ငှက်ပျောက်၊ ပျောက်ကုန်ကြလေပြီ။ ဦးထွားကား တ
ခိုးကြီးမားပါပေ၏။
ထိုတကျွန်းပြန်ဘွဲ့ထူး၊ လူမိုက်ဘွဲ့ထူးကြီးတို့သည် ဦးထွားအာ
ထမင်းကျွေး၍ ထားကြပေသည်။ ထမင်းချက်ချိန်ကြ၍ ဆန်မ
လျှင် အိမ်နားနီးချင်းတို့ ထံတွင် ဆန်သွားချေး၏။ မပေးမေ
ဝံ့ကြ။ ပေးလိုက်ပြန်လည်း ပြန်၍ရမည်မဟုတ်။ ဤကား "မို



ကြေး"ပင် ဖြစ်လေသည်။ ဟင်းချက်စရာ မရှိလျှင် အင်းသားကြီး ဦးရွှေသောင်တို့ ထံမှာ ငါးသွားတောင်းပြန်၏။ မပေးမနေဝံ့ကြ။ ပေးကြရသည်သာတည်း။ ဟင်းချို ချက်စရာမရှိပြန်လျှင် ဆယ်အိမ်ခေါင်း ဦးလူမောင်၏ သမီးကလေး မယ်ထွေးက ဗူးသီးကိုလာ၍ ပို့ရရှာ၏။

မိုက်ကြေးမပေးဘဲ နေမိသူတို့ကား ဒုက္ခ တမျိုးမျိုးနှင့် မုချ တိုးပေလိမ့်မည်။ အိမ်ရှေ့တွင် စိုက်ထားသော ဗူးပင်များသော်လည်း အခုတ်ခံရမည်။ လှူသော်လည်း ပါးနား အရိုက်ခံရမည်။ နွားသော်လည်း ပြန်ပေးအလုပ်ခံရမည်။ မည်သူသည် ဦးထွားအား မကြောက်ဘဲ နေဝံ့ပါအံ့နည်း။

ရွာ၌ ပွဲခံသောအခါ၌လည်း ဦးထွားမပါလျှင် မပြီး။ ဦးထွားထံ လာ၍ တိုင်ပင်ကြရ၏။ ဦးထွားက အငှါးခိုင်းသော ပွဲကို ငှါးကြရလေသည်။ ရုပ်သေး ဆိုလျှင် ရုပ်သေး၊ ဇာတ်ဆိုလျှင် ဇာတ်၊ အငြိမ့်ဆိုလျှင် အငြိမ့်။ ဦးထွား၏ အလိုကို မလွန်ဆန်ဝံ့ကြပေ။

တခါတုန်းက ဦးထွား အငှါးခိုင်းသောပွဲကို မငှါးမိသောကြောင့် ပွဲထွက်၍မျှ မကြာသေးမီ ဦးထွား ပွဲထဲဝင်ကာ ဆိုင်းဘောကို ဓားဖြင့် ထိုးဖောက်သောကြောင့် ပွဲပျက်ခဲ့၏။ မည်သူမျှ မလှုပ်ဝံ့ချေ။ ဤရွာတွင် ဦးထွားမှတပါး အခြား လူမိုက် မရှိ။ သူသာလျှင် လူမိုက်။ သူသာလျှင် တကျွန်းပြန် ဖြစ်လေသည်။

ရွာ၏ နယ်နိမိတ် အတွင်း၌ ကျွန်းနှုပေါ်လာလျှင် သူကြီးမင်းနှင့် သမာဓိတို့က ရွာသားတို့အား မြေကို ခွဲဝေ ပေးလေ့ ရှိကြကုန်၏။ မကျေနပ်သူတို့က ဦးထွားထံ အယူခံဝင်ကြလေပြီ။ ဦးထွားလည်း မိမိ၏ ဆောင်ဓားကို ကိုင်ကာ ယင်းမြေနုရှိရာသို့ အယူခံဝင်သူတို့နှင့် အတူ ထွက်ခဲ့၏။ ရောက်လျှင် ထိုသူတို့အား မိမိတို့ ကြိုက်ရာမြေကို ယူကြဟုပေးခဲ့လေသည်။ လူမိုက်၊ တကျွန်းပြန် တည်းဟူသော ဘွဲ့နှစ်

www.burmeseclassic.com

www.burmeseclassic.com


ဘွဲ့ပိုင်ရှင်ဦးထွား၏ စီမံချက်ကို မည်သူ လွန်ဆန် ဝံ့ပါအံ့နည်း။ မည
သည့် ရုံးသို့သွား၍ အယူခံ ဝင်ဝံ့ပါအံ့နည်း။ တချက်လွှတ် အမိန့်ရ
ရထားသော ဦးထွားပေတည်း။

သူကြီးမင်းလည်း ဦးထွားအား ခပ်ကြောက်ကြောက်ပင်။ ဦး
ထွားနှင့် အလိုက်သင့်သာလျှင် ပေါင်းသင်းကာ နေလေသည်။ ယ
မိမိ၏ အာဏာကို ပြလျှင် မနက်ဖြန် မိမိ၏ ကိုယ်နှင့် ဦးခေါင်းတို့မှ
အိုးစားကွဲတော့မည်။ ထိုကြောင့်လည်း ဦးထွားအား အလိုက်
ထိုက် ပေါင်းသင်း ဆက်ဆံခြင်းကို ပြုနေပေသည်။ ရွာသူ ရွာသား
မှာ ဦးထွားအား သူကြီးမင်းထက်ပင် ပိုမို၍ ရိုသေကြ၏။ ကြော
ရွံ့ကြ၏။ အားကိုးကြ၏။

သူခိုးပေါက်စ၊ လူမိုက်ပေါက်စ၊ ခါးပြပေါက်စကလေးတို့အာ
အခါပေး လုပ်နေသည်မှာ ဦးထွားပင် ဖြစ်လေသည်။ ခိုးရာပါပစ္စည်း
တိုက်ရာပါ ပစ္စည်းများကို ထုခွဲပေးနေသည်မှာလည်း ဦးထွားပ
မဟုတ်ပါလော။ လုပ်သေနတ်များကိုလည်း ထိုသူခိုးပေါက်စ၊
မိုက်ပေါက်စ၊ ခါးပြပေါက်စတို့အား ငှါးကြံပေးသေး၏။

ခိုးရာပါ ပစ္စည်း၊ တိုက်ရာပါ ပစ္စည်းများ ဦးထွား၏ လက်ထဲ
ရောက်သွားလျှင် အမှုများ မပေါ်တော့ပြီ။ အဘယ်သို့ ထုခွဲလိုက်
သည် မသိ။ ပုလိပ်များ လာရောက် စုံစမ်းသောအခါ သူကပင်
လျှိုလုပ်ကာ သတင်းပေးလိုက်သေး၏။ မကြာမီ ဦးထွား အမြ
ကတ်သောသူများ လက်ထိပ်များနှင့် ပါသွားကြရလေသည်။ နာ
မည်ကြီးလည်း ကြီးလောက်ပေသည်။

ဦးထွားနှင့် ဆွေမျိုး တော်စပ်သော သူတို့မှာလည်း ဦးထွား
အရှိန်ကြောင့် အစားရချောင်၊ အနေရချောင်ရုံမျှ မက မျက်နှာကြ
လျက် နေကြကုန်၏။ မည်သူမျှ သူတို့အား ရန်မစဝံ့။ ဟိုလူက ခေါ်
ချင်၊ သည်လူက ခေါ်ချင်။ ဟိုအိမ်က ကျွေးချင်၊ သည်အိမ်က ကျွေ

ချင်နှင့်ပင်။ ဦးထွား၏ ‘လူမိုက်’ အရောင်ကြောင့် တဆွေလုံး၊ တမျိုး
လုံး ပါးပြောင်နေကြလေပြီ။

ဦးထွား၏ မယားကြီး မရွှေစာမှာ ဦးထွားတကျွန်းမှ မပြန်ရခင်
ကပင် သေခဲ့၏။ သမီးရွှေပုံ၊ ရွှေစုံ တို့သာ ကျန်ရစ်ခဲ့ကြ လေသည်။
သူတို့မှာလည်း အိုးတွေ၊ အိမ်တွေနှင့် ဖြစ်နေကြကုန်ပြီ။ ညှိုးညှိုး
ယယ်ယယ်နှင့် နေထိုင်ကြရရှာကုန်၏။ ဦးထွား တကျွန်းမှ ပြန်ရောက်
သည့်နေ့မှ အစပြု၍ သူတို့တတွေမှာလည်း စီးပွါးလမ်း ဖြောင့်ကြပြီး
လျှင် ရွှေတွေ ငွေတွေနှင့် ဖြစ်နေကြကုန်၏။ (ဩော်-မတရားသော
အလုပ်များ တယ် စီးပွါးလမ်း ဖြောင့်ပါကလားကရို။)

ဦးထွား တကျွန်းမှ ပြန်ရောက်၍ မကြာမီပင် မယားတယောက်
ကို ယူပြန်၏။ အသက်ကား ၄၀-နီးပါး။ အမည်ကား ဒေါ်ဆင့်။
သမီးကလေး မြစိန် ဆိုသူလည်း ပါလာလေသည်။ မြစိန်မှာ သနား
စရာ၊ အသက်ကား ၁၆-နှစ်သာ ရှိသေး၏။ ဦးထွားမှာ သည်ယုန်
ခြင်း၍ သည်ချုံထွင်ခြင်းဖြစ်လေသည်။ ဒေါ်ဆင့်နှင့် ညား၍ လေးလ
မျှ မကြာမီပင် မြစိန်ကလေးကို သိမ်းပိုက်လိုက်ပြန်၏။ ဒေါ်ဆင့်က
လည်း ကျေကျေနပ်နပ်၊ မြစိန်ကလည်း ကျေကျေနပ်နပ်၊ ဦးထွား
ကလည်း ကျေကျေနပ်နပ်၊ သူတို့သုံးဦးသားမှာ အင်မတန်ပျော်ရွှင်နေ
ကြလေသည်။ မကြာမီအတွင်းမှာပင် မြစိန်၏ လက်တွင် ရွှေလက်
ကောက်တွေ အပြည့် ရောက်နေပေ၏။ “မြစိန် ကုသိုလ်ကောင်းတာ
ပဲ” ဟု အိမ်နားနီးချင်းတွေက တီးတိုးစကား ပြောကြားကြသေး
သည်။ (လောကကြီး ပျက်စီးလေပြီတကား။)

ယခုအခါတွင်ကား ဒေါ်ဆင့်တွင် နှစ်-နှစ်ခွဲခန့် သားကလေးတ
ယောက်၊ မြစိန်တွင် နှစ်-နှစ်ရွယ် သမီးကလေးတယောက် တွဲလောင်းတွဲ
လောင်းနှင့် ဖြစ်နေကြလေပြီ။ ပျော်လည်း ပျော်ကြ၏။ ကျေလည်း
ကျေနပ်ကြ၏။ သမီးနှင့်မအေ တလင်တည်းယူထားကြသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com


စကားများရန် အကြောင်းမမြင်။ မိမိတို့၏လင်မှာလည်း နွယ်နွယ်မဟုတ်။ ဘွဲ့ထူး၊ ဂုဏ်ထူးကြီးတွေနှင့် လင်ပေ။ ရှာနီး ပတ်ဝန်းကျင်တွင် နာမည်ဟိုးဟိုးကျော်နေသောလင်ပေ။ ဒေါ်ဆင့်တို့ သားအမိစိတ်ဘွင် ပျော်ရွှင်၍ မဆုံးပြီ။ (တော်လဲ တော်ကြပါပေရဲ့။)

တရံခါသော် မြစိန်သည် မောင်ဘိုးဝ စိုက်၍ထားသော ပဲခင်းမှ ပဲလှမ်းများကို ဆွတ်ကာ ရောင်းစား၏။ မောင်ဘိုးဝ အဘယ်မှာလျှင် ခံနိုင်ပါအံ့နည်း။ မိမိ၏ ပဲများကို မတရား ဆွတ်ခူးခြင်းကို မပြုရန် ပြောဆိုဘိ၏။ လူမိုက်ကြီးကတော် အမျက်တော်ရှလေပြီ။ ချက်ခြင်းပင် မောင်ဘိုးဝ၏ စကားမှာ ဦးထွား၏ နားသို့ ပေါက်၍ သွား၏။ ဦးထွား၏ မျက်စောင်းကား အကြောင်းသုံးပါးကို ရွေးလေ့မရှိ။ ချက်ခြင်းပင် မိမိ၏ မယားနှစ်ယောက်၊ သမီးရွှေစုံ၊ ရွှေပုံတို့ကိုပါ ခေါ်ကာ မောင်ဘိုးဝ၏ မြေပေါ်သို့ ရောက်လာကြကုန်၏။ လက်ထဲတွင်လည်း ဆောင်မားကြီးမှာ တပြောင်ပြောင်၊ တလက်လက်နှင့် နေလေသည်။ မောင်ဘိုးဝတို့ကား အဘယ်မှာလျှင် ဦးထွားနှင့် တဖက်ဝံ့ကြပါအံ့နည်း။ မောင်ဘိုးဝ စိုက်၍ ထားသော ပဲပင်များကို ဖျက်ဆီးလိုက်ကြလေသည်။ မောင်ဘိုးဝတို့မှာ ကြည့်၍သာ နေကြရရှာပေ၏။ ဤမျှနှင့် ဦးထွား မကျေနပ်သေး။ မောင်ဘိုးဝအား ဆောင်မားကြီးဖြင့် ခုတ်ရန် လိုက်သေး၏။ မောင်ဘိုးဝ သေပြေး ရှင်ပြေးပြေးရလေသည်။

နောက်တနေ့တွင် လျှောက်လွှာ တစောင်ကို ကိုင်ကာ မောင်လူအေး၏ ရုံးသို့ မောင်ဘိုးဝ ရောက်လာ၏။ မျှားမကြာမီ ထိုအမှုကို မောင်လူအေး ဝါးရုံတန်းရွာ၌ သွား၍ စစ်ဆေးလေသည်။ သက်သေအများ မောင်ဘိုးဝဖက်မှ ထွက်ကြကုန်၏။ ထိုသူတို့ကား ဦးထွားကို ချုပ်ထားတော့မှ အဟုတ်အမှန်ကို ထွက်ဝံ့ကြလေသည်။ အကယ်၍သာ ဦးထွားအား မချုပ်ထားမှုကား အဘယ်သူသည် မောင်ဘိုးဝဖက်မှ သက်သေလိုက်ဝံ့ပါအံ့နည်း။ သူ့အား ချုပ်ထားသောကြောင့် မည်သို့မျှ မလုပ်နိုင်သော်လည်း ဦးထွားမှာ မာန်စောင် တတင်းတင်း၊ မျက်စောင်းတခဲခဲနှင့် နေ၏။

ဦးထွား ကံခေသောကြောင့်လား မသိ။ မည်သူမျှ ဦးထွားဖက်မှ သက်သေ မထွက်ကြချေ။ ဦးထွားမှာ လူမိုက်တို့၏ စံပျော်ရာ နန်းတော်သို့ မြန်းရလေတော့မည်။ မသွားမီကလေးမှာပင် "ထောင်ကိုငါမကြောက်ဘူး။ ထောင်ကို မကြောက်လို့ လူမိုက် လုပ်နေတာပေါ့။ တကျွန်းကတောင် ပြန်လာတဲ့ လူဘဲ" ဟူ၍ မိမိ၏ ဂုဏ်ထူးများကို ချီးကျူးလျက် နေတော့သတည်း။

ဤလူမျိုးကို ဆုံးမနိုင်သောသူ၊ ဆုံးမနိုင်သော ဥပဒေ၊ ဆုံးမနိုင်သော တရားတို့သည် အဘယ်မှာ ရှိကြပါသနည်း။ သိလိုလှ၏။

၁၂၉၆-ခု၊ ဒုတိယဝါဆိုလ။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံ

အရှေ့ ရွာသူကြီး၏ အိမ်ကား ပန်းလှိုင်မြစ်ကမ်းပါးတွင် တည်
လေသည်။ ရွာအတွင်း၌ ဆောက်ထားသော အိမ်မဟုတ်။ ရွာ
အစွန်အဖျားတွင် ဆောက်ထားသော အိမ်ဖြစ်၏။ အနီးအနားတွ
အိမ်တလုံး နှစ်လုံးသာ ရှိလေသည်။ ထိုသူကြီးအိမ်မှာ ကြီးကြီးကျ
ကျယ် ခမ်းခမ်းနားနားအိမ်မဟုတ်။ ခပ်ငယ်ငယ်၊ ခပ်ကျဉ်းကျဉ်း
သက်ကယ်မိုး၊ ဝါးကပ်ကာသော အိမ်ကလေး ဖြစ်လေသည်။

အိမ်၏ ပတ်ဝန်းကျင်တွင်ကား သရက်ပင်၊ ငှက်ပျောပင်၊ သဘော
ပင်တို့နှင့် စည်စည်ကားကား သားနားလှပေ၏။ သူကြီး၏ အိမ်
ချာသလောက် သူ၏ ဥယျာဉ်မှာ သာယာလှပေသည်။

သူကြီးမင်း ဦးအောင်ရကား ဗုဒ္ဓဘာသာ ကရင် အဖိုးကြီ
ဖြစ်၏။ ဗုဒ္ဓဘာသာတရားတော်ကိုလည်း များစွာ ခေါက်မိလေသည်
သုံးထပ်တိုက်၊ လေးထပ်တိုက်တို့တွင် နေရခြင်းထက် မိမိ၏ဥယျာဉ်
တွင်း အိမ်နုံနုံချာချာကလေး၌ နေရခြင်းက မြတ်သည်ဟု အယူရှိ၏
ဦးအောင်ရကား ရောင့်ရဲလွယ်ခြင်း တရားကို အမြဲ လက်ကိုင်ထား
တည်း။

အထက်တွင် ဖော်ပြပြီး ဖြစ်သော သူကြီးမင်း၏ အိမ်သို့ မော
လူအေး ရောက်၍လာသောအချိန်ကား ငါးနာရီ ထိုးပြီးပြီ။ နေ
မဝင်သေးသော်လည်း သစ်ပင်များ အုပ်နေသောကြောင့် ထိုနေ
တွင် နေရောင် မရှိချေ။ သို့သော် လင်းကား လင်းနေသေး၏။ ပန်
လှိုင်မြစ်ထဲတွင်လည်း ရေတက်စပြုလေပြီ။

မောင်လူအေးသည် သူကြီးမင်း၏ အိမ်ပေါ်သို့ မတက်သေး
အိမ်ရှေ့ မြစ်ကမ်းနဖူး မြက်ခင်းလဲ့လဲ့ပေါ်တွင် ခင်းထားသော ပက





လက်ကုလားထိုင်ပေါ်၌ထိုင်ကာ ထွေရာလေးပါးတို့ကို စဉ်းစားလျက်
နေ၏။ မိမိ၏ရှေ့ ပန်းလှိုင်မြစ်ထဲတွင် လှော်ကာ သွားကြကုန်သော
လှေကလေးများ၊ ခတ်၍ သွားကြကုန်သော သမ္ဗန်ကလေးများကို
ငေးမောကာ ကြည့်မိလေသည်။

သမ္ဗန်ကိုခတ်ယင်း သီချင်းတကြော်ကြော် ဆိုသွားသူများ၊ လှေ
လှော်ယင်း ပျော်ပါးစွာ စကားပြောသွားသူများကို အားကျမိပေ၏။
သူတို့ကား အပူအပင် ကင်းပုံရကြပေသည်။ မိမိကား ထိုသူတို့ကဲ့သို့
မပျော်ပါးနိုင်ပါတကား။ အဘယ့်ကြောင့်ပါနည်း။ တင်းတိမ် ရောင့်
ရဲလွယ်ခြင်း စိတ်ထားမရှိသောကြောင့် ဖြစ်ပါသည်။ ကြီးပွါးရေး
မဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်းတို့ကို ဖတ်ပြီးလျှင် ကြီးပွါးချင်၏။ တိုး
တက်ချင်၏။ ကြီးပွါး တိုးတက်ရန်လည်း ကြိုးစားလျက် နေလေ
သည်။ ယခုလက်ရှိ နယ်ပိုင်အလုပ်နှင့် တင်းမတိမ်နိုင်သေး။ အရေးပိုင်
ဖြစ်ချင်သေး၏။ ခရိုင်မင်းကြီး ဖြစ်ချင်သေး၏။ ငါးထောင်စား
ဖြစ်ချင်သေး၏။

ဤသို့ စိတ်ထားရှိသောသူကား အဘယ်မှာလျှင် ရောင့်ရဲတင်း
တိမ် လွယ်ပါအံ့နည်း။ ရောင့်ရဲခြင်း ကင်းသောသူကား အဘယ်မှာ
လျှင် ချမ်းသာကွက်ကို နင်းမိနိုင်ပါအံ့နည်း။ ချမ်းသာကင်းသော
သူကား လူနုံ၊ လူချာပေတည်း။

ဤသို့စဉ်းစားကာ တရားရနေသည်မှာ အတော်ပင်ကြာလေပြီ။
မိမိ၏အနားတွင် အဖိုးအိုတယောက် လာ၍ ရပ်လိုက်သော အခါ
ကျမှ စဉ်းစားခန်း ပြတ်သွား၏။

ထိုအဖိုးအို၏ ပုံပန်းကို တတ်နိုင် သလောက် ဖော်ပြပါဦးမည်။
သေသေချာချာ ရှုကြပါကုန်လော့။

သူမှာ သွားတချောင်းမျှ မရှိပါ။ ပါးရေ၊ နဖူးရေများ တွန့်
နေလေပြီ။ အကြောပြိုင်းပြိုင်း ထလျက်နေလေပြီ။ ဦးခေါင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်မရှိ။ ပြောင်လျက်နေလေသည်။ ကိုယ်တွင် အင်္ကျီဝတ်မထားချေ။ ရင်ပတ်နှင့် ကျောတွင် ဆေးမှိုးထိုးထားသောကြောင့် ရဲလျက်နေ၏။ ခါးတွင်ကား ပိတ်ဖြူကို ဆီးထားလေသည်။ ခြေတွင်ကား ဖိနပ်မပါချေ။

ထိုအဖိုးအိုကား မောင်လူအေး၏အနားတွင် လာ၍ရပ်ပြီးလျှင် "မောင်ရင်ဘယ်သူတုံး။ ဘာလုပ်နေတုံး" ဟု မေး၏။

"ဩော်၊ ကျွန်တော်လား ဝန်ထောက်ဆိုပါတော့၊ အခုဘဲ သည်ရွာကို ရောက်လာပါတယ်။ ခပ်အေးအေးရှိတာနဲ့ ထိုင်နေတာပါဘဲ" ဟု မောင်လူအေးက ဖြေလေသည်။

"အဉ်း....သည်နေရာဟာ တယ်အေးတယ်။ ကျုပ်လဲ ညနေတိုင်း သည်မှာ လာထိုင်တယ်။"

"ဘကြီးက သည်ရွာကဘဲလား။"

"အဉ်း- ဟုတ်တယ်။"

"အသက်ဘယ်လောက်ရှိပလဲ။"

"အသက်လား၊ ၆၆- နှစ်ရှိပြီ။ ၉ - ခုသားဟာကိုး။"

"ဘကြီးမျက်စိမမှုန်သေးဘူးနော်။"

"အေး....မမှုန်သေးဘူး။ နားလဲမထိုင်းသေးဘူး။ သွားတွေကတော့ ကျိုးတယ်ကွဲ။ တချောင်းမှ မရှိတော့ဘူး။"

"ဘကြီးမြန်မာလား။ ကရင်လား။"

"ကရင်ဘဲ။"

"ကရင်ဆိုပေမဲ့ ဘကြီးစကားပြောတာ မြန်မာနဲ့မခြားပါဘူး။"

"ဘာခြားမလဲ။ ငယ်ငယ်ကတည်းက မြန်မာစကားကို ပြောလာတာကလားကွယ်။"

"ဘကြီး သည်ရွာမှာဘဲ မွေးသလား။ တခြားရွာက ပြောင်းလာသလား။"





"အဉ်း.... သည်ရွာမှာမွေးတယ်။ သည်ရွာချက်မြှုပ်ပေါ့။"

"ဒါဖြင့် သည်ရွာအကြောင်း ဘကြီး ကောင်းကောင်း သိမှာပေါ့နော်။ ရှေးတုန်းက ဘယ်လိုနေကြတယ်။ ဘယ်လိုထိုင်ကြတယ်။ ဘယ်လိုစားသောက်ကြတယ် ဆိုတာတွေကို ကြားချင်စမ်းပါဘိတော့ ဘကြီးရယ်။"

"ကြားချင်ယင် ပြောရတာပေါ့ကွယ်။ ကျုပ်တို့ငယ်ငယ်တုန်းက သည်ရွာမှာ လူနေအိမ်ခြေ များများစားစားမရှိသေးဘူး။ သည်တဝိုက်ဟာ ကိုင်းတောကြီးပေါ့။ ကျားတွေတောင် ရှိတယ်။"

"ဘကြီးမြင်ဘူးလား။"

"မြင်ဘူးတာပေါ့မောင်ရယ်။"

"ပြောစမ်းပါအုံး ဘကြီးရဲ့။ ဘယ်လိုမြင်ဘူးတာတုံး။ လူတွေကို လာဆွဲလို့လား။ တော်တော်ကြောက်စရာ ကောင်းမှာဘဲနော်။ ဘကြီးတို့က မခုခံကြဘူးလား။"

"အဉ်း....... ကျုပ်မြင်ဘူးတာက ရန်ကုန် တိရစ္ဆာန်ရုံမှာ မြင်ဘူးတာဘဲ။"

"ဩော်...." (ပွဲ့းလျက်။)

"သည်တဝိုက်က ကိုင်းတောကြီးထဲမှာ ကျားတွေရှိပေမဲ့ တခါမှတော့ မမြင်ဘူးပါဘူး မောင်ရင်ရယ်။ အခုတော့ဖြင့် ကိုင်းတောကြီးလဲ မရှိတော့ဘူး။ ကိုင်းတောတွေကို ထွင်ပြီး လယ်တည်ကြတာကိုး။ ကျုပ်တို့ငယ်ငယ်ဘုန်းကတော့ ကမ်းနားတလျှောက်မှာသာ ကိုင်းတောတွေကိုထွင်ပြီး ဗူးတို့၊ ဖရုံတို့၊ မုန်လာတို့ကို စိုက်ကြတယ်။ ငှက်ပျောခြံတွေလဲ မနည်းဘူး။ နေ့တိုင်းလိုလိုဘဲ ရန်ကုန်က လှေကြီးတွေနဲ့လာပြီး ဝယ်ကြတယ်။ ဟာ - ဟိုတုန်းက ကျုပ်တို့လက်ထဲမှာ ပိုက်ဆံ ဘယ်ပြတ်မလဲ။ မီးရထား၊ မီးသင်္ဘောတွေကလဲ မပေါ်သေး။ ကျုပ်တို့ဆီက အသီးအနှံတွေကို ရန်ကုန်ကို တင်ကြရ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ဈေးတော်တော်ရသကွဲ။ အခုတော့ မီးရထား၊ မီးသင်္ဘောတွေ ပေါက်လို့ အမြို့မြို့က သစ်သီးဝလံတွေကို ရန်ကုန်တင်ကြတော့ ကုန်ဈေးမရှိဘူးပေါ့။ ကျုပ်တို့ ငယ်ငယ်တုန်းကတော့ ဗူးသီး၊ ဖရုံသီး တွေကို ရန်ကုန်ထောင်ထဲ သွင်းကြရတယ်။ အင်မတန် နေရာကျတာကလား။ အခုတော့ ထောင်ထဲမှာ စိုက်ပြီး အပြင်မှာတောင် ထွက်ရောင်းနေကြပြီ မဟုတ်လား။ ဒါကြောင့် ကျုပ်တို့တောင်သူ လယ်လုပ်တွေဟာ အားကြီး ဂွကျကုန်တာပေါ့။ စပါးစိုက်ပြန်တော့ လဲ ဈေးကမရှိ။ ကြာယင် ငတ်ကုန်ကြတော့မှာဘဲ။”

“ဘကြီးတို့ ရန်ကုန်ကို မကြာမကြာ ရောက်ကြမှာပေါ့နော်။”

“မကြာမကြာဆို၊ တပေါင်းလတိုင်း ရောက်ကြတာကလား မောင်ရင်။ ရွှေတိဂုံဘုရားပွဲ သွားကြသကွဲ။ တယ်ပျော်သကွယ်။ တို့များ သည်က လှေကြီး၊ လှေငယ်တွေနဲ့ တသီတတန်းကြီး သွားကြတာပေါ့။ လမ်းထဲမှာလဲ ပျော်စရာကြီးပါဘဲ။ ရွာ တရွာရွာ ရောက်မှဖြင့် စခန်းချပြီး ထမင်းချက်စားကြ။ သီချင်းဆိုကြ၊ ကကြ နဲ့ပေါ့။ ရန်ကုန်ရောက်ပြန်လဲ အင်မတန် ပျော်တာဘဲ။”

“ဘကြီးတို့ ငယ်ငယ်တုန်းက ရန်ကုန်ဟာ အခုလိုဘဲလား။ ဘယ် လိုနေသလဲ။”

“ဟာ - အခုလို ဘယ်ဟုတ်မလဲ။ အခုတိုက်ကြီး၊ တာကြီးတွေ နေရာမှာ အရင်တုန်းက သင်ပန်းပင်တွေ၊ ခရာဆူးချုံတွေနဲ့ပေါ့။ မြို့တွင်းကို ရောက်အောင် တော်တော်သွားရသေးတယ်။ ကမ်းခြေ မှာလဲ တန်တားကောင်းကောင်း၊ ဆိပ်ကမ်း ကောင်းကောင်း မရှိ ဘူး။ ရွှံတွေ၊ နွံတွေပါဘဲ။”

“ဘကြီးတို့ ဘုရားဖူးတက်နေကြတော့ လှေတွေကို ဘယ်မှာ ထားခဲ့ကြသလဲ။”

“လှေဆိပ်မှာပေါ့။ လှေဆိပ်မှာ အစောင့်တွေရှိတယ်။ လှေ တစင်းကို စောင့်ခ-တကျပ်ပေးရသကွဲ။ ဘုရားမှာဘယ်လောက်ဘဲကြာ ကြာ၊ ပြန်လာတဲ့အခါ အစောင့်ကို ငွေတကျပ်ပေးယင်ပြီးတာဘဲ။”

“အဲသည် အစောင့်တွေဟာ လှေတွေကို ခိုးမပြေးဘူးလား။”

“ဟာ - ဟိုတုန်းက အခုလို အလိမ်အကောက်တွေ မများသေး ဘူး။ သူခိုးဓားပြတွေဆိုတာ ဘယ်ရှိမလဲ။ တယ်ရှားသားကြတယ်။ ဘကြီးတို့ နှစ်တိုင်းသွားကြတာ ဘယ်တော့မှ လှေမပျောက်ဘူး။”

“ဘုရားပွဲမှာကော လူစည်ရဲ့လား။”

“အဦး .... သိပ်စည်တာဘဲ။ သူ့လူအုပ်နဲ့၊ သူ့လူအုပ်နဲ့ကွဲ။ ဘုရား ပတ်ဝန်းကျင်မှာဝိုင်းပြီးထမင်းချက်ပြုတ် စားသောက်နေကြတာပေါ့။ တယ်ပျော်စရာ ကောင်းကြတာကလား မောင်ရင်။ လှေမပေါက် တဲ့အရပ်က လူတွေကတော့ လှည်းတွေနဲ့လာကြတယ်။ လှည်းဝိုင်း ကြီးဟာလဲ မပြောပါနဲ့တော့။ သိပ်ကြီးတာဘဲ။ ကျုပ်တို့က ဖရုံ သီး၊ ဖရဲသီး၊ ဗူးသီးတွေကို ယူသွားကြပြီး ဘုရားဖူးလာသူတွေကို ဝေတယ်။ တခြားအရပ်က လာတဲ့လူတွေကလဲ သူတို့မှာပါလာတဲ့ စားစရာ သောက်စရာတွေကို ဝေတာပေါ့။ ဈေးဆိုင်တွေဟာလဲ မ နည်းပါဘူး။ အဝတ်ဆိုင်တွေ၊ အစား အသောက်ဆိုင်တွေ၊ စုံလို့ သာ နေတော့တာဘဲ။ ပွဲတွေဆိုဘာလဲ တခြိမ့်ခြိမ့်နဲ့။ တယောက် ယောက်မှာ ငွေသုံးလေးဆယ်လောက် ပါသွားကြသကွဲ။ ဘုရားပွဲက ပြန်လာယင် လက်ထဲမှာ တပြားမှ မကျန်တော့ဘူး။ သို့ပေမဲ့ ကိစ္စ မရှိဘူး။ ရွာပြန်ရောက်လို့ ကုန်တွေကို ရောင်းလိုက်တယ်ဆိုယင်မကြာ ခင် သည်ငွေတွေကို ပြန်ရတာဘဲ။”

“ဟိုတုန်းက ဘုရားပွဲတွေမှာ ရန်ခိုက်ဒေါသတွေ မဖြစ်ကြဘူး လား။ ပုလိပ်များ မစောင့်ကြပ်ကြဘူးလား။”

“ဘယ်ကလာပြီး ရန်ဖြစ်ကြမတုံး။ ပျော်ကြလွန်းလို့မှ ရန်ဖြစ် ဖို့ သတိမရကြဘူး။ တယောက်နဲ့တယောက် ဆွေမျိုးတွေလိုဘဲ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်လူစုကို ကိုယ်ထိန်းပြီး သွားကြတာကလား။ ဘယ်ကပုလိပ်မှ လာမစောင့်ရဘူး။ ဘုရားဖူး တသိုက်တသိုက်မှာ ယောကျ်ားကတ ယောက်၊ နှစ်ယောက်။ မိန်းမတွေ၊ မိန်းကလေးတွေက လေးငါး ဆယ်ယောက် ပါတာကလား။ သူတို့ကို ဘယ်သူမှ လက်ဖျားနဲ့ တောင် မတို့ဘူး။"

"ဘကြီးတို့လက်ထက်က ပိုးပန်းတာတွေကော မရှိဘူးလား။"

"ဟာ- ဘယ့်နှယ်ပြောပါလိမ့်။ ဒါကတော့ ဘယ်ကင်းမလဲ။ပိုး ကြ။ ပန်းကြတာပေါ့။ ကျုပ်တို့လဲ ပိုးပန်းကြတာဘဲ (ပြုံးလျက် ပြော)။ ဘယ်လွတ်နိုင်မလဲ မောင်ရင်ရယ်။ ကျုပ်တို့ လက်ထက်က မဆိုထားနဲ့ ကမ္ဘာဦး ကတည်းက ပိုးပန်းလာကြတာကလား။ ပိုး ကြ ပန်းကြရအောင်လို့ ဘုရားပွဲကို သိပ်သွားကြတာပေါ့။ တယ် ပျော်တယ် မောင်ရင်ရေ့။ လွမ်းသေးသကွယ်။"

"ဘုရားပွဲကိုအသွား လမ်းထဲမှာ ပျော်ပုံတွေကို ပြောပါအုံး။"

"ဘုရားမရောက်ခင် လမ်းထဲမှာ ပျော်စရာကြီးပါဘဲ။ မြန်အောင်၊ ဟင်္သာတ၊ ဇလွန်၊ အဖျောက်၊ စကားကြီး၊ မနှူး၊ ညောင်တုံးက ဘုရားဖူးတွေဟာ လှေတွေလှေတွေနဲ့ စုန်ပြီး ဆင်းလာကြတာပေါ့။ လှေတွေမှာ အလံတွေထိုးလိုက်လို့။ တလမ်းလုံးလဲ သံချပ်တွေထိုး၊ ဗုံတောင်တွေကိုတီး။ သီချင်းတွေဆို။ ကလိုက။ ခုန်လိုခုန်။ လက်ခုပ် တီးလိုတီးနဲ့ ပျော်စရာကြီးပေါ့။ ကျုပ်တို့ရဲ့ရွာတွေကို ရောက်တဲ့အခါ စခန်းချပြီး ထမင်း၊ ဟင်း ချက်စားကြတာပါဘဲ။ ကျုပ်တို့ရွာသား တွေကလဲ ဗူးသီးတို့၊ ဖရုံသီးတို့၊ ဖရဲသီးတို့ကို လှူသပေါ့။ လာသမျှ လူတွေ ယူချင်သလောက်ကို ပေးတာဘဲ။ တချို့ကလဲ ယူသွားကြ တယ်။ တချို့တော့လဲ မယူဘူး။ သည်လိုလှူတာ ကျုပ်တို့တရွာ တည်း မဟုတ်ဘူး။ ရေဝတီမြစ်၊ ပန်းလှိုင်မြစ်တလျှောက်မှာ ရှိတဲ့ ရွာတိုင်းလိုလိုပါဘဲ။"





"တယ်ပျော်စရာ ကောင်းမှာဘဲနော်။ စိတ်အေး၊ လက်အေး၊ အပူအပင်မရှိ၊ တလကိုးသတင်း ဘုရားဖူးသွားနိုင်ကြပေတယ်။"

"ဟုတ်သကွဲ၊ လှေတစင်းတစင်းမှာ အနည်းဆုံး ငွေ -၁၀၀ တော့ ပါတာပါဘဲ။ နို့ပေမဲ့၊ လမ်းထဲမှာ ဘယ်သူမှ မခိုးယူ၊ မတိုက်ယူ ဘူးကွဲ့။ သိပ်အေးတာဘဲ။ အခုခေတ်မှာလိုသာ ဆိုယင် ဘယ်လာ ဝံ့ကြမလဲ။ လမ်းထဲကနေပြီး ခိုးယူ။ တိုက်ယူတာနဲ့ ဘုရားပွဲမရောက် ခင် ပိုက်ဆံကုန်မှာ။ အခုဘုရားပွဲ သွားကြတာတွေက မီးရထားတို့၊ မီးသင်္ဘောတို့နဲ့ဆိုတော့အခုသွား၊အခုရောက်၊ဘယ်မှာပျော်ဖို့အကွက် ရှိသလဲ။ နောက်ပြီးတော့ မီးရထား၊ မီးသင်္ဘောထဲမှာ သံချပ်ထိုး လို့လဲမရ၊ သီချင်း ဆိုလို့လဲမရ၊ က လို့လဲမရ၊ မောင်ရင်တို့ လက်ထက် ဘုရားပွဲသွားတာဟာ ပျော်စရာမကောင်းပါဘူး။"

"ဘကြီးပြောတာဟုတ်တယ်။ ပိုက်ဆံကုန်အကျိုးမရှိပေါ့။"

"အေးဟုတ်ဘယ်" (ရယ်လျက်ပြော)

"ဘကြီးတို့ ငယ်ငယ်တုန်းက နေထိုင်ပုံတွေ၊ အုပ်ချုပ်ပုံတွေ၊ ပွဲ လမ်းသဘင် အကြောင်းတွေကို ပြောစမ်းပါအုံး။"

"ဟာ ပြောမယ် ဆိုယင် ဘယ်ကုန်နိုင်မလဲ။ အများကြီးပေါ့။ နောက်တခါ မောင်ရင် သည်ရွာကို လာမှ ပြောပြမယ်။ အခု မှောင် လာပြီ။ ဝတ်တက်ဖို့ ကိစ္စက ရှိသေးတယ် သွားလိုက်အုံးမယ်နော်။"

"ကောင်းပါပြီ။ ကောင်းပါပြီ။"

အဖိုးအိုလည်း ထွက်သွားလေပြီ။ အလင်းရောင်လည်း ကွယ်လေ ပြီ။ အနီးအနား ဘုန်းကြီးကျောင်းမှ ကုလားတက်သံကိုလည်း ကြား ရလေပြီ။ မောင်လူအေးကား စဉ်းစား၍ ကောင်းတုန်းပင်။

၁၂၉၆-ခု၊ ဒုတိယဝါဆိုလ။

www.burmeseclassic.com

www.burmeseclassic.com



# မြင်းပွဲ

ဤမြင်းပွဲကား ရန်ကုန်မြို့တွင် စနေနေ့တိုင်း ကျင်းပနေသော မြင်းပွဲမဟုတ်ပါ။ အထက်အညာ ဗိုလ်တဲတခု၏ ဝင်းအတွင်း ကျင်းပနေသော မြင်းပွဲ ဖြစ်လေသည်။

ဖောင်တော်ဦး ဘုရားပွဲတွင် မြင်းအမြောက်အမြား ရောက်မည် ဟူ၍ ကြားသောကြောင့် မြင်းတကောင်ကို ဝယ်အံ့ဟု မောင်လူအေး သည် နေအိမ်မှ ထွက်လာပြီးလျှင် ဖောင်တော်ဦးဘုရားနှင့် မနီးမဝေး တွင် တည်ရှိသော ဗိုလ်တဲ၌ စခန်းချလျက် နေ၏။ ဖောင်တော်ဦး ဘုရားတွင် လူစည်ကားသည်ကိုင်း၊ မောင်လူအေး မြင်းကောင်းတစီး ရသည်ကိုင်း မရှုစိမ့်နိုင်သော သိကြားမင်းနှင့် မိုးနတ်သားတို့သည် ဖောင်တော်ဦး ဘုရားပွဲကျင်းပသော အချိန်တွင် မိုးကြီး သည်းထန် စွာရွာသွန်းစေ၏။ သိကြားမင်းနှင့် မိုးနတ်သားတို့၏ပယောဂကြောင့် ဘုရားပွဲကြီးလည်း ပျက်၊ မောင်လူအေးလည်း ဘုရားပွဲသို့ မရောက်ဘဲ ရှိနေခဲ့လေ၏။

ဘုရားပွဲကြီး ပျက်စီး၍ သွားသော်လည်း ဘုရားပွဲကျခါမှ ရောင်းအံ့ဟု ခဲ၍ ထားကြကုန်သော မြင်းပိုင်ရှင်တို့ကား အဘယ်မှာလျှင် စိတ်ပျက်အံ့နည်း။ ဘုရားပွဲသို့ လာမြဲတိုင်း လာကြကုန်၏။ ဘုရား ပွဲတွင် လူမရှိကြောင်းကို သိကြသော အခါကျမှ စိတ်ပျက်ကာ အနီး အနားရွာများတွင် စခန်းချလျက် မြင်းဝယ်လိုသူတို့၏သတင်း နားစွင့် ကာ နားထောင် နေကြလေသည်။

ဤသို့ နားစွင့်ကာ နားထောင် နေကြသော မြင်းရှင်များ၏ နား သို့ မောင်လူအေး မြင်းဝယ်လိုသည် ဟူသော သတင်းသည် အဘယ် နည်းဖြင့် ရောက်သွားသည်မသိ။ ရောက်၍ကားသွားပေသည်။ မောင် လူအေးသည် နံနက်စောစော ကာဖီသောက်ပြီး၍ ဗိုလ်တဲဝရန်တာ တွင် သတင်းစာတစောင်ကိုဖတ်နေခိုက် မြင်းသုံးစီးဖြင့်လူသုံးယောက် ပေါက်လာကြကုန်၏။ အစိုးရ ကိစ္စနှင့် ပတ်သက်၍ လျှောက်ရန် ရှိ သောကြောင့် လာကြသည် ထင်သဖြင့် သတင်းစာကို ဖတ်ယင်း စောင့် စားနေ၏။ အတန်ကလေး ကြာလျှင် ဇီးဖြူပင် သူကြီးမင်းနှင့် လူ သုံး လေးယောက် မြင်းကိုယ်စီနှင့် ပေါက်၍ လာကြပြန်၏။ သူကြီးမင်း မိမိနှင့် တွေ့ချင်သောကြောင့် လာသည်ထင်၍ ဗိုလ်တဲပေါ်သို့ သူကြီး မင်းတက်အလာကိုသာ စောင့်စားယင်း သတင်းစာကို ဆက်၍ ဖတ်နေ ပြန်၏။ မကြာမီ မြင်းဆယ်စီးခန့်နှင့် လူဆယ်ယောက် ပေါက်၍လာပြန် ၏။ သူတို့ အထဲတွင် ဆင်နက်ကျွန်း သူကြီးမင်း ဦးဘသစ်လည်း ပါလာ လေသည်။

အလို-သည်လူတွေ ဘာကိစ္စတွေနှင့်လာကြပါလိမ့်။ ဧကန္တ မြင်း ရောင်းရန် လာကြဟန် တူလေသည်။ မည်သူမျှလည်း ဗိုလ်တဲအပေါ် သို့ တက်မလာ။ သူတို့ တက်မလာလျှင် ငါဆင်းမှ တော်တော့မည်ဟု စိတ်ကူးကာ ဗိုလ်တဲအောက်ထပ်သို့ ဆင်း၍ သွား၏။

ဗိုလ်တဲ အောက်သို့ ရောက်လေသော် ဝင်းအတွင်း မြင်းဖြူ၊ မြင်းနီ၊ မြင်းနက်မှစ၍ အရောင် အမျိုးမျိုး အရွယ်အမျိုးမျိုးတို့နှင့် ပြည့်လျက် နေသည်ကို တွေ့မြင် ရ၏။ ဆင်နက်ကျွန်း သူကြီး ဦးဘသစ်နှင့် စကား ပြောနေခိုက် မြင်းနီတကောင်ကို စီးလျက် ရောက်လာသူကား မြို့ပိုင် ကလေး ဦးဘဟန် ဖြစ်လေသည်။ သူနောက်မှလည်း မြင်းဖြူရှင် နှစ်ဦး၊ သုံးဦး ပါလာသေး၏။

ဦးဘဟန်ကား အညာသားဖြစ်သောကြောင့် မြင်းကျမ်းအတော် အတန် ကျေသူဖြစ်လေသည်။အညာမှာမြင်းပေါသောကြောင့်တည်း။ အကယ်၍ မောင်လူအေး မြင်းကောင်းကို ဝယ်မိက တော်၏။ မြင်းဆိုး ကို ဝယ်မိက ခက်ချေတော့မည်။ ဤသို့ တွေးတောမိသည် အတိုင်း





www.burmeseclassic.com

www.burmeseclassic.com



မောင်လူအေး မြင်းမဝယ်ခင် အရောက်ပြေးလာခြင်းပင်ဖြစ်လေသည်။ ဝမ်းလည်းမြောက်၊ ကျေးဇူးလည်း တင်စရာ ပေပ။ ထိုထက် မကသေး၊ မိမိထက် အဆအရာအထောင်မက မြင်းကျွမ်းကျင်သူ မြင်းပွဲစားဦးဘိုး သာကိုလည်း ခေါ်ခဲ့ပေသေးသည်။ ဤမျှ မြင်းကျွမ်း ကျင်သူ ပုဂ္ဂိုလ်ကြီးများ ရှိပါလျက် မောင်လူအေး မြင်းဆိုးကို ဝယ်မိသည် ရှိသော် မောင်လူအေး ကံခေသောကြောင့်သာ ဖြစ်ရမည်။

မောင်လူအေးနှင့် မြို့ပိုင်ကလေးဦးဘဟန်တို့ စကားကောင်းနေကြ ခိုက် မြင်းရှင် အပေါင်းတို့မှာ ငြိမ်သက်စွာ စောင့်စား၍ နေကြလေ သည်။ ထိုသူတို့စောင့်စားနေကြ၍ အတန်ကလေးကြာခါမှ မြင်းပွဲကြီး စလေတော့သတည်း။

ဤမြင်းပွဲကြီးမှာ ရန်ကုန် မြင်းပွဲတို့ထက် ကောင်း မကောင်းကို ချင့်ချိန်ကြပါကုန်။

လက်ဦးဆုံး မြင်းဖြူမတကောင်ကို အစီးခိုင်း၏။ မြန်မာကုံးနှီးနှင့် ကကြိုး တန်ဆာ အစိမ်းရောင်များကား အလွန်မှပင် လှပကြပေသည်။ မြင်းရှင်မှာလည်း မင်းသားကြီးကဲ့သို့ ခေါင်းပေါင်း ပေါင်းထားသော ကြောင့် မြင်းနှင့်မြင်းရှင် အလွန်မှပင် ပန့်ရလျက် နေကြလေသည်။ ထိုမြင်းရှင်သည် မိမိ၏ မြင်းကို ဗိုလ်တဲပတ်ကာ အကြိမ်ပေါင်း များစွာ စီး၍ ပြရှာ၏။ အခြား မြင်းရှင်တို့ကား ထိုမြင်းကို အသေအချာ စိုက် ကြည့်သူက ကြည့်။ အနီးအနားတွင် ရှိသူအား တီးတိုးစကား ပြောသူ ကပြော။ မောင်လူအေးနှင့် ဦးဘဟန်တို့၏ မျက်နှာကဲကို ခတ်သူက ခတ်လျက် နေကြကုန်၏။ မောင်လူအေးကား မြင်းကောင်းသည် မကောင်းသည်ကို မကြည့်နိုင်။ မြင်းပေါ်မှ လူမှာ ရုပ်သေး... မင်းသားကြီး မြင်းစီးသည်နှင့် တူသည်ကိုသာလျှင် သဘောက... နေလေသတည်း။ နောက်ဆုံးတွင် မြင်းလည်းမော၊ လူလည်း... ချေးတလုံးလုံးနှင့် နေကြတော့မှ မောင်လူအေးက အရပ် ခိုင်း...





သည်။ မြင်းပေါ်မှ လူဆင်းလိုက်သောအခါ မြို့ပိုင်ကလေး ဦးဘဟန် က သည်မြင်းမ နောက်ခြေ ကောင်းကောင်း မသန်ဟု မှတ်ချက်ချ၏။ မြင်းရှင်ခမျာမှာ မျက်နှာပျက်၍ သွားလေသည်။ သို့သော် မည်သို့ မျှ မဆို။

နောက် တကောင်ကို အစီးခိုင်းပြန်၏။ ဤအကြိမ်ကား မြင်း နက်ကြီး ဖြစ်လေသည်။ လှကလည်း လှပါဘိသနှင့်။ ဝလိုက်သည်မှာလည်း လုံးလျက် နေလေသည်။ ကကြိုးတန်ဆာများမှာ ပန်းရောင်၊ အထူး ကြည့်၍ ကောင်း၏။ မြင်းရှင်ကလည်း ရှမ်းဘောင်းဘီ အပြာကို ဝတ် ထား၏။ ရှမ်းဦးထုပ် အပြာကိုလည်း ဆောင်းလိုက်သေး။ အသက်က လည်း ခပ်ငယ်ငယ်။ မောင်လူအေး၏ စိတ်ထဲတွင် ရုပ်ရှင်မင်းသား မောင်ဘတင့် ဗိုလ်ဝလို ဝတ်စား ထားသည်ကို မြင်ယောင်ယောင်နေ လေသည်။ ထိုဗိုလ်ဝနှင့် မြင်းနက်ကြီး တို့လည်း ဗိုလ်တဲကို အကြိမ် ပေါင်း များစွာ ပတ်ခဲ့လေပြီ။ မောင်လူအေး၏ မျက်စိထဲတွင် ကြည့်၍ ကောင်းလွန်းပင်။ နောက်ဆုံး အတော် မောသော အခါကျမှ အရပ် ခိုင်းတော့၏။

မောင်လူအေး ထိုမြင်းနက်ကြီးကို သဘော ကျလေပြီ။ "နေပါဦး နေပါဦး။ သေသေချာချာ ကြည့်ပါဦး" ဟု ဆိုကာ ဦးဘဟန်သည် မြင်းကို အသေအချာ ကြည့်လေသည်။ နောက်ဆုံးတွင် ထိုမြင်း၌ သူ ကောင်ဆွဲ ဗေ့ပါသည်ဟု မှတ်ချက် ချလေသည်။ ထိုဗေ့ကား လူကို ခိုက်တတ်လေသည်။ မောင်လူအေး အဘယ်မှာလျှင် မြင်းနက်ကြီးကို ဝယ်ဝံ့တော့အံ့နည်း။ မြင်းရှင်ကား မကျေ မနပ်။ ချွေးများကို သုတ် နေရှာ၏။

ထို့နောက် တကောင်ကိုအစီးခိုင်းပြန်၏။ ထိုမြင်းကား မြင်းနီမကြီး ဖြစ်လေသည်။ ထွားထွား ကျိုင်းကျိုင်း။ လည်ဆံဖားဖားနှင့် ယခင်က မြင်းများထက်ပင် လှပပေသေးသည်။ ဤမြင်းတွင် ထူးခြားသော



www.burmeseclassic.com

www.burmeseclassic.com



အချက်ကား ကုံးနှီးမပါခြင်း ပင်တည်း။ မြင်းရှင်သည် မိမိ၏ မြင်းကို ကုံးနှီးမပါဘဲ စီး၍ ပြ၏။ ဆိုလိုရင်းကား ကုံးနှီးမပါဘဲ ငြိမ်ငြိမ် စီး၍ ရလျှင် ကုံးနှီးပါလေက အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း ဟူသော ဆိုလိုရင်းပင် ဖြစ်လေသည်။

မြင်းကိုချည်း မကြည့်ပါနှင့်ဦး။ မြင်းရှင်ကိုလည်း သတိထား၍ ကြည့်ကြပါ။ ပါးစပ်တွင် သွားတချောင်းမျှ မရှိ။ အသက်ကား ၄၀-ကျော်သော ရှိသေးသည်။ မျက်မှန်ကိုလည်း တပ်ထားလေသေးသည်။ ဦးခေါင်းက ပြောင်ရသည့်အထဲ မျက်နှာသုတ် ပုဝါကို လည်မှာ ပတ်ထားပြန်၏။ ထိုမြင်းဆရာ ဂိုက်ကျကျ ဟန်ပါပါ မိမိ၏မြင်းပေါ်တွင်၊ ထိုင်နေသည်မှာ ကဏ္ဍိက၏ ဆရာ မောင်ဆန်နှင့် ခပ်ဆင်ဆင် တူပေလိမ့်မည်။ မြင်းပေါ်က စီးသောကြောင့်သာ မောင်ဆန်ဟူ၍ အတပ်မစွဲနိုင်။ အကယ်၍သာ မြင်း၏ အမြီးကို ဆွဲလိုက်မည် ဖြစ်မူ မောင်ဆန်ဟူ၍ လူတကာကခေါ်မည် ဖြစ်လေသည်။ မောင်ဆန်ကို ကြည့်ရသည်နှင့်ပင် မြင်းကိုမကြည့်နိုင်တော့ပြီ။ မြင်းပြိုင်ပွဲကြီးကို ကြည့်နေကြသူတို့လည်း မောင်ဆန်ကို ကြည့်ကာ တဟားဟား တဝါးဝါးနှင့် နေကြကုန်၏။

မောင်ဆန်သည်ငှင်း၊ မြင်းသည်ငှင်း၊ မည်သူ့အားမျှ ဂရုမစိုက်။ မိမိတို့၏ တာဝန်ကိုသာလျှင် ကျေပြွန်အောင် ထမ်းဆောင်သွား ကြလေသည်။နောက်ဆုံး အတော်မောသွားကြသောအခါကျမှ ရပ်လိုက်ကြ၏။ မောင်ဆန်မြင်းပေါ်မှ ဆင်းလိုက်သည်နှင့် တပြိုင်နက် ဦးဘဟန်မြင်းအနားသို့ သွားပြီးလျှင်မြင်းကိုအသေအချာစုံစမ်း လေသည်။ နောက်ဆုံးတွင် ဤမြင်း၌ ဗေဒသင်ဖြူးခင်းရှိသည်ဟူ၍ မှတ်ချက်ချ၏။ ဤဗေဒလည်း ဗေဒဆိုးပင်။ မောင်လူအေး မဝယ်ဝံ့။ ကဏ္ဍိကနှင့် မောင်ဆန်တို့ ဗိုလ်ဘဲ ဝင်းအတွင်းမှ မကျေမနပ် ထွက်သွားကြလေသတည်း။





ထို့နောက် တကောင်ကို အစီးခိုင်း ပြန်၏။ ဤမြင်းကား ဖောင်းဝတ်ဖြစ်လေသည်။ အတော်ပင် ကြွားသော မြင်းဖြစ်၏။ အပြေးလည်း နေရာကျ။ လှလည်းလှ ဆတ်လည်းဆတ်၊ ရိုးပုံလည်း ပေါ်၊ မောင်လူအေး အတော်ပင် သဘောကျ လေသည်။ ထိုမြင်းကို ဝယ်ရန် ဆုံးဖြတ်လိုက်၏။ အကြောင်းကို ဦးဘဟန်အား ပြောကြားပြီးလျှင် ဈေးအဆစ်ခိုင်း လေသည်။ ဦးဘဟန်သည် မြင်း၏ အဖိုးကို မစုံစမ်းမီ မြင်းကို စစ်ဆေးပြန်၏။ ဗေဒဆိုး တခုမျှ မပါ။ နေရာကျပြီ။ ဝယ်ရန်သာ လိုတော့၏။ ဈေးတည့် ပါက မောင်လူအေး၏မြင်း ဖြစ်တော့မည်။

သို့သော် နေပါဦး။ မြင်းပွဲစား ဦးဘိုးသာအား ပြဦးမှ နေရာကျမည်။ ဦးဘိုးသာအား မြင်းကို ပြ၏။ ဦးဘိုးသာလည်း မြင်းကို အသေအချာ စစ်ဆေးပြီးလျှင် ထိုမြင်း၌ ဗေဒမျက်ရည်သုတ် ရှိသည်ဟု မှတ်ချက်ချ၏။ ဗေဒမျက်ရည်သုတ် ပါသော မြင်းကား သခင်ကို ခိုက်တတ်၏။ ကောင်းပြီ။ မောင်လူအေး မဝယ်ဝံ့။

ထို့နောက် တကောင်ကို အစီးခိုင်း ပြန်၏။ ထိုမြင်းလည်း ပြေးပုံ လွှားပုံ၊ ခုန်ပုံ၊ ပေါက်ပုံ အလွန်နေရာကျလေသည်။ ဘာမျှဆိုစရာမရှိ။ လှလည်း လှလေသည်။ ဝလည်း ဝလေသည်။ ကြွားလည်း ကြွားလေသည်။ အသွားလည်း ကောင်းလေသည်။ ဤမြင်းထက် သာသော မြင်းကား ကဏ္ဍိကတစီးသာ ရှိတော့မည်။ မောင်လူအေးလည်း သဘောကျ။ ဦးဘဟန်လည်း သဘောကျ။ သို့သော် ဦးဘိုးသာက သဘောမကျချေ။ ထိုမြင်းတွင် ဗေဒသန်လျက် ပါလေသည်။ ဤဗေဒလည်း ဗေဒဆိုး ဖြစ်၏။ မောင်လူအေးမဝယ်ချင်။

ထို့နောက် မြင်းတကောင် ပြီးလျှင် တကောင်ကို အစီးခိုင်း၏။ မြင်းကောင်းချည်း ဖြစ်လေသည်။ သို့ရာတွင် မြင်းတိုင်းတွင် ဗေဒဆိုး တမျိုးမျိုး ပါသည်ချည်းဖြစ်လေသည်။မြင်း ၃၀- အနက် တကောင်



www.burmeseclassic.com

www.burmeseclassic.com

မွေ့ဆိုး မလွတ်။ အကယ်၍သာ ငွေဆိုးများကို ရှောင်နေမည် ဖြစ်မူ မောင်လူအေးသည် အဘယ် နံ့ရှေအခါ ကာလမှ မြင်းပိုင်ရှင် တ ယောက် ဖြစ်ပါတော့အံ့နည်း။

၁၂၉၇-ခု၊ တပို့တွဲလ



# လှည်းသမား

လှည်းသမားတို့သည် လက်ာဆရာများနှင့် အတူတူပင် ဖြစ်လေသည်။ ဤသို့ဆိုလျှင် လက်ာဆရာများက ကြိုက်ကြမည် မဟုတ်ပေ။ မျက်စောင်းထိုးကြပေလိမ့်မည်။ မေးငေါ့ကြပေလိမ့်မည်။ အ မနာပ စကား ရေးသားကြပေလိမ့်မည်။ သို့သော် ရှင်းပါရစေဦး။ လှည်းသမားတိုင်း လက်ာ မဖွဲ့တတ်သော်လည်း လက်ာဆရာတိုင်းလည်း လှည်းမောင်းတတ်မည် မဟုတ်ပေ။ ထို့ကြောင့် မိမိတို့အား လှည်းသမားများနှင့် နှိုင်းရမလား ဟူ၍ လက်ာဆရာများ ဒေါမဖောင်းကြရာ။

အများအားဖြင့် လက်ာ ဖြစ်ရုံလောက် ရေးသား စပ်ဆိုတတ်ကြသော်လည်း လက်ာကောင်း ဖြစ်ရန် ဖွဲ့ဆိုတတ်သူကား ရှာမှ ရှားသကဲ့သို့ တောသားတိုင်းလိုလိုပင် လှည်းမောင်းတတ်ကြသော်လည်း တကဲ့ကို ကျကျနန လှည်းမောင်းတတ်သူကား ရှာမှ ရှားလှပေသည်။ လက်ာရေးစပ်တတ်သူတိုင်းကို လက်ာ ဆရာဟု မခေါ်နိုင်သကဲ့သို့ လှည်းမောင်းတတ်သူတိုင်းကိုလည်း လှည်းဆရာဟူ၍ မခေါ်နိုင်ပေ။ မွေးကတည်းက ဗီဇပါလာသူမှသာလျှင် လက်ာဆရာကျော် ဖြစ်နိုင်သကဲ့သို့ မွေးကတည်းက ဗီဇပါလာသူမှသာလျှင် လှည်းဆရာကျော် ဖြစ်နိုင်လေသည်။ ဤကို ထောက်ခြင်းအားဖြင့် လက်ာ ဆရာကျော် အခေါ်ခံရရန် မလွယ်ကူသကဲ့သို့ လှည်းဆရာကျော် အခေါ်ခံရရန်လည်း လွယ်ကူသည် မဟုတ်ဟု ဆိုနိုင်လေသည်။

လက်ာဆရာကျော်သည် စိတ်ကူး အခက်အခဲများ၊ စကားအခက် အခဲများကို လိမ်မာစွာ အသုံးပြုတတ်သောကြောင့် သူဖွဲ့ထားသော လက်ာတို့ကို ဖတ်လိုက်ရလျှင် စာဖတ်သူမှာ တမျိုး စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com





တိုးလေသည်။ လှည်းဆရာကျော်မှာလည်း အလွန် ကြမ်းတမ်း၍ ချိုင့်ခွမ်း ကမ်းပါးများ ထူထပ်လှသော လမ်းပေါ်တွင် မိမိ၏ လှည်းကို လိမ်မာစွာ မောင်းတတ်သောကြောင့် လှည်းပေါ်တွင် ပါလာသော သူအား တမျိုးစည်းစိမ် တိုးစေလေသည်။ ကြမ်းတမ်း၍ ချိုင့်ခွမ်းပေါသော လမ်းတွင် ဖြစ်စေကာမူ လှည်းဆရာကျော် တက်၍ မောင်းလိုက်သော် မြေပြင် လမ်းကောင်းတွင် ခရီးသွားရသကဲ့သို့ ဆင်မှတ်ရပေ၏။ လှည်းဦးပေါ့လျှင် ရှေ့သို့ တိုးပေးတန်ပေး၊ လှည်းဦး လေးလာပြန်လျှင်လည်း နောက်သို့ ဆုတ်တန်ဆုတ်၊ တောင်တက်ပြန်လျှင် တမျိုး၊ တောင်ဆင်း ကျပြန်လျှင် တခြား၊ ချိုင့်နားသို့ ရောက်ပြန်လျှင် တလီ။ ဗွက်သို့ ရောက်ပြန်သော် တမျိုးနှင့် အမျိုးမျိုး မောင်းတတ်သော လှည်းဆရာအား မည်သူ မချီးမွမ်းဘဲ နေနိုင်ပါအံ့နည်း။

လှည်းဆရာသည် လှည်းမောင်းရာတွင်သာ လက်ဘဆရာနှင့် တူသည် မဟုတ်။ စကား အသုံးပြုသော နေရာတွင်လည်း များစွာ တူလေသည်။ လက်ဘဆရာ၏ ဝါသနာ၊ လက်ဘဆရာ၏ အလေ့အထ၊ လက်ဘဆရာ၏ သဘောထားတို့မှာ သူ၏ လက်ဘများတွင် ထင်လင်းစွာ ပေါ်နေသကဲ့သို့ လှည်းဆရာကျော် တစုံတယောက်၏ သဘောထား အလေ့ဝါသနာ အမှုအရာတို့မှာလည်း ထိုလှည်းဆရာ လှည်းမောင်းရာတွင် အသုံးပြုသော စကားတို့တွင် ထင်ပေါ်လျက် နေလေတော့၏။ အချို့သော လှည်းဆရာတို့သည် လှည်းမောင်းသောအခါ ရိုင်းရင်း ကြမ်းတမ်းသော စကားတို့ကိုသာ အသုံးပြုလေ့ ရှိကြကုန်၏။ မိမိတို့ လှည်းပေါ်တွင် မည်သူ မည်ဝါ ပါလာသည်ကို အမှုမထားမိကြချေ။ လှည်းပေါ်တွင် ဘုန်းကြီးပင် ပါလာစေကာ၊ အပျိုဆရွယ် မိန်းကလေးများပင် ပါစေကာ၊ မိမိထက် ဂုဏ်ကြီးသောသူပင် ပါစေကာ ဆင်ခြင်ခြင်းမရှိ။ လှည်းပေါ်တက်မိလျှင် ဆဲရေးတိုင်းထွာကာ မောင်းလေတော့၏။ ထိုလှည်းဆရာသည် မိမိမောင်းနှင်နေသော နွားနှစ်ကောင်၌သာလျှင် စိတ်စွဲလမ်းနေသောကြောင့် မိမိဆဲဆိုရေရွတ်နေသည်ကို အမှုမထားမိချေ။ လက်ဘဆရာမှာလည်း ဤနည်းအတူပင် ဖြစ်လေသည်။ မိမိဖွဲ့ဆိုနေသော လက်ဘတွင်သာလျှင် စိတ်ဝင်စားနေသောကြောင့် မိမိအနီးအနားတွင်ရှိနေသောသူတို့အား ဂရုမစိုက်နိုင်။ မိမိ၏လက်ဘသည် မည်သူ့အား ထိခိုက်၍ သွားမည်ဟု အမှုမထားနိုင် ဖြစ်လေသည်။

အချို့သော လှည်းဆရာတို့ကား နွားများကို များစွာ ဆဲရေးတိုင်းထွာခြင်း မရှိသော်လည်း အော်ငေါက်ရေရွတ်ကာ အတင်းအဓမ္မ ရိုက်မောင်း ထောင်းမောင်း ပြုကာ မောင်းလေ့ရှိကြလေသည်။ ထိုသူတို့ကား ဒေါသကြီးသော သူတို့ ဖြစ်ကြကုန်၏။ လှည်းပေါ်တွင် လိုက်ပါလာသော သူတို့သည် ထိုသို့သောလှည်းဆရာမျိုး၏ အကဲကို ချက်ခြင်း ခတ်နိုင်ပေ၏။ အချို့သောလှည်းဆရာတို့ကား ယဉ်ကျေး၊ နူးညံ့သောစကားတို့ကို သုံးကာ နွားများကို ချော့မော့၍ မောင်းလေ့ ရှိကြလေသည်။ ထိုသူတို့ကား သိမ်မွေ့နူးညံ့သောစိတ်ထားရှိကြသော သူတို့ပေတည်း။ အချို့ကား မလျော့မတင်း စောင်းကြိုးညှင်းသို့ မာသည့်နေရာတွင် မာ၊ နူးသည့်နေရာတွင် နူးနူး ပြောဆိုကာ မောင်းနှင်လေ့ ရှိကြလေသည်။ လက်ဘဆရာများတွင်လည်း ဤနည်းနှင်နှင်ပင် ကြမ်းတမ်းသော စကားတို့ကို သုံးသူလည်းရှိ။ နူးညံ့သိမ်မွေ့သော စကား တို့ကို သုံးသူတို့လည်း ရှိ။ မကြမ်း မနူး အလယ်အလတ် စကားတို့ကို အသုံးပြုသော သူတို့လည်း ရှိကြလေသည်။

လက်ဘဆရာကျော်သည် မိမိ ရောက်ဘူးသော တနေရာရာ၏ ရှုမျှော်ခင်းကို လက်ဘဖတ်သူတို့၏ မျက်စိထဲတွင် ကွင်းကွင်း ကွက်ကွက် ပေါ်လာအောင် စပ်ဆိုလေ့ ရှိပေ၏။ လှည်းဆရာကျော်သည်လည်း လှည်းနောက်သို့ မျက်နှာပြုကာ လိုက်ပါလာသော သူ၏ စိတ်တွင်





www.burmeseclassic.com

www.burmeseclassic.com

ကျွင်းကျွင်း ကျွက်ကျွက် ပေါ်လာအောင် လမ်းအကြောင်းကို လှည်း
မောင်းယင်း ထုတ်ဖော်၍ သွားလေ့ ရှိ၏။ မြောက်သို့ ရောက်လျှ
မြောက်သို့ ရောက်မှန်း သိ၏။ တောင်တက်သို့ ရောက်လျှင် တောင်
တက်မှန်း သိ၏။ လှည်းပေါ်တွင် ပါလာသော သူသည် လှည်းဦးကို
ကျောခိုင်း၍ ထားသော်လည်း လှည်းဆရာစကားကြောင့် လမ်း၏
အခင်း၊ လမ်း၏ ပုံပန်းကို ထင်းထင်းကြီး စိတ်ထဲတွင် မြင်၍ သွားတော
၏။ လှည်းဆရာကျော်နှင့် လက်ာဆရာကျော်တို့သည် ရှုမျှော်ခင်းကို
သရုပ်ဖော်ရာ၌ အတူတူပင် ဖြစ်တော့၏။ လက်ာဆရာ၏ ရှုမျှော်ခင်း
ကို စာအုပ်ပုံလုပ် ရိုက်နှိပ်ထားသောကြောင့် ကြာရှည် ခံ၏။ လှည်း
ဆရာကျော်၏ ရှုခင်းကိုကား မည်သူတစ်ယောက်မျှ ဂရုစိုက်ကာ
ပုံနှိပ်ထားခြင်း မရှိသောကြောင့် ခများမှာ ချက်ခြင်းပင် ပျောက်ကွယ
သွားရရှာပေသည်။ သို့ဖြစ်သောကြောင့် လှည်းဆရာကျော်တို့မှာ
လက်ာဆရာကျော်တို့ကဲ့သို့ ကျော်ကြားခြင်း မရှိ၊ ဂုဏ်ကြီးမားခြင်
မရှိ၊ လူအများ၏ ချီးမွမ်းခြင်းကို မခံကြရပေ။ ဤသို့ မဖြစ်စေရာ၊ မှတ
တမ်းတင်ထား ထိုက်သော လှည်းဆရာတို့၏ စကားများကို မှတ်တမ
တင်ထားရန် သင့်လှပေသည်။ ကိုင်း မှတ်တမ်းတင်ကြပါစို့။

မုန်းမြစ်ကမ်းခြေတွင် တည်ရှိသော မုံညင်းခေါ် ရွာသိမ် ရွာငယ
ကလေး တရွာတွင် လှည်းဆရာကျော် မောင်ဘ ဆိုသူ တယောက်သည
ရှိသတတ်။ တရံခါသော် မောင်လူအေးသည် နယ်လှည့်ထွက်ယ
ထိုမုံညင်းရွာသို့ ရောက်၍ လာ၏။ ထိုရွာတွင် တည်းခိုအိပ်ပြီးနောက
မြောက်မိုင်ခန့် ဝေးသော မဲဇလီရွာသို့ နံနက်စောစော ခရီးထွက်ရန်
သောကြောင့် မောင်လူအေးစီးရန် မောင်ဘ၏လှည်းကို သူကြီးမင်းက
စီမံ၍ ပေးလိုက်လေသည်။ မုံညင်းနှင့် မဲဇလီအကြား လှည်းလမ်းကာ
ကြမ်းတမ်းလှ၏။ မုန်းမြစ်ကို မကြာမကြာ ဖြတ်ကျော်ရ၏။ မုန်းမြ
ကမ်းဘေး ကျောက်တုံး၊ ကျောက်ခဲများ အကြားလည်း သွားရ၏





ချုံပွက်များကိုလည်း ကျော်ရ၏။ မြောက်ကမ်းပါးများကိုလည်း ဖြတ်
ကူးရ၏။ မြေပြင်တွင်လည်း သွားရ၏။ ဖုံထူထပ်သော နေရာ၊ သဲပေါ
သောနေရာများတွင်လည်း သွားရ၏။ ဤလမ်းဆိုး၊ လမ်းကြမ်းကြီး
တလျှောက် မောင်ဘသည် နံနက်စောစော မြောက်နာရီအချိန်တွင်
မိမိ၏နွားဝါ နှစ်ကောင်ကသောလှည်းကို မောင်းနှင်လာခဲ့၏။ မောင်
လူအေးကား လှည်းဦးကို ကျောခိုင်းကာ မြေတွဲလွဲချ၍ လိုက်ပါလာ
၏။ အတန်ကလေးသွားမိလျှင် မောင်ဘ၏ စကားတို့ကို မောင်လူ
အေး နားထောင်မှန်းမသိ နားထောင်လျက် နေတော့၏။ မောင်
ဘ၏ နွားမောင်းပုံကို အောက်တွင် ဖော်ပြ လိုက်ပါအံ့။

"ကိုင်း သွားကြ၊ ဟဲ့ကောင်ကြီး၊ ဘာနှေးနှေး လုပ်နေရတာတုံး၊ အောင်မယ် စောစော စီးစီး သွားရလို့ ပျင်းနေသလား၊ ကြိမ်လုံးနဲ့ချရ မကောင်းဘဲ နေတော့မယ်။ အဲဟုတ်ပြီ၊ သည်လိုမှပေါ့၊ ဟာဒီဖက်က ကောင်ကလေးက ဘာပြုလို့ မဆွဲတာတုံး။ တယ် အချောင်ခိုတာကိုး။ ဟဲ့ တောနွား။ နင့်ကိုပါရိုက်ရမလား။ ကိုင်းမှတ်ကရော (ကြိမ်လုံးနှင့် တချက်ချ၏။) ဟဲ့ လမ်းကသွား။ နင်မျက်စိ မရှိဘူးလား။ ဘာဖြစ်လို့ ဟိုဖက်ကို ဖယ်ဖယ်ပြီး တက်နေရတာလဲ။ အဲမှတ်ကရော့၊ အာမ ကောင်းကောင်း ပြေးတော့တယ်။ သည်လိုလဲ ပြေးကြအုံးမှပ။ မ်း ကောင်းတဲ့ အခါမှာ ပြေးထားတာ ကောင်းတယ်။ တော်တော်ကြာ တောင်ပေါ်တက်ယင် ပြေးနိုင်မှာမဟုတ်ဘူး။ ဟဲ့ကောင်ကြီး ဟိုရှေ့က ဟာ ချိုင့်ကြီး ထင်တယ်။ ဖြေးဖြေး။ အောင်မယ် ပြေးမဲ့ ပြေးတော့လဲ မရပ်ချင်ကြဘူး။ ဖြေးဖြေးလို့ ဆိုတာ မကြားကြဘူးလား။ ကပ်ပေပေ နဲ့ နွားတွေ။ ဖြေးဖြေးကွ ဖြေးဖြေး။ စုတ်စုတ် ....စုတ်စုတ်....(မောင်လူအေး လှည်းရံတိုင်ကို မြဲမြဲကိုင်ထား၏။ လှည်းမှာ အရှိန်သေ၍ သွားလေသည်။ တဖြည်းဖြည်း ချိုင့်ထဲသို့ ရောက်သွား၏။)

ဟုတ်ပြီ။ ကိုင်းပြေးလိုက်ကြအုံး။ လမ်းကောင်း လာပြီ။ အဲအခု

www.burmeseclassic.com

www.burmeseclassic.com

တော့ မပြေးချင်ကြဘူး။ အင်မတန် ခက်တဲ့နွားတွေ။ ကြိမ်လုံးနဲ့ဆော်လိုက်ရ မကောင်းဘဲနေတော့မယ်။ ဟဲ့....ကိုင်း မှတ်ကရော့ (ကြိမ်လုံးနှင့် ဆော်။ နွားများပြေးကြ၏။)

ကိုင်း ရပ်ကြအုံး။ ကျောက်တွေဆီ ရောက်လာပြီ။ အောင်မယ် သည်လိုတော့ မရပ်ချင် ပြန်ဘူး။ ရပ်ခိုင်းယင် ရပ်ကြ။ (ရပ်ကြ၏။) အဦးဖြေးဖြေးသွား။ ခြေချော် သွားမယ်။ နင်တို့ ခြေချော်တာ ကိစ္စမရှိဘူး။ လှည်းမှောက်မှဖြင့် တို့ဒုက္ခရောက်နေအုံးမယ်။ သည်နွားကြီးဟာ ဘာဖြစ်နေသလဲ။ လမ်းကြောင်းကကို မသွားချင်ဘူး။ ဟိုဖြတ်လိုက် သည်ဖြတ်လိုက်နဲ့။ ကိုင်း မှတ်ကရော့။ အခုလို ရိုက်မှ ရတယ်။ စိတ်မှတ်ကို မရှိဘူး။ ဟောဟိုရှေ့မှာ အဆင်းကြီး။ ဖြေးဖြေးသွား။ မြေးဆင်းမယ်များ မကြံနဲ့။ ဖြေးဖြေး-ဖြေးဖြေး (မောင်လူအေး လှည်းရဲတိုင်ကို ကိုင်ရပြန်၏။) ချောင်းကို ဖြတ်ပလားဆို မင်းတို့ တယ် အမြီးခတ်တာကိုး။ ကိုင်း ဘယ်မလဲ အမြီးတွေလာခဲ့ကြ။ ငါကိုင်ထားမယ်။ ဟဲ့ကောင်ကြီး သည်ဖက်က တိမ်တယ်။ ဘယ်အနက်ထဲကို ဆွဲသွားတာလဲ။ ရေစီးနဲ့ ပါသွားယင် အားလုံး သေကုန်အုံးမယ်။ သည်ဖက်ကကောင်လေးကလဲ မဆွဲထားဘူး။ တယ်ခက်တာကိုး။ကိုင်း ရေသောက်ချင်သောက်ကြအုံး။ အဝေးကြီး သွားရအုံးမယ်။ ကိုင်း တော်လိုက်ကြအုံး။ ပိုက်တင်းနေယင် ပြေးနိုင်မှာ မဟုတ်ဘူး။ ရှေ့ချောင်း ရောက်မှသောက်ချင် သောက်ကြ။ ဟဲ့ ဘာလုပ် နေသေးသလဲ။

ဟော ဟိုရှေ့က ကမ်းပါးကြီး ရောက်လာပြီ။ ကောင်းကောင်းထက်ကြ။ မတော် ပြန်ကျလာမှဖြင့် အခက်ဘဲ။ ဟုတ်ပြီ-ဟာ-ဟာ- ရုန်း။ ဟိုဖက်က အကောင်က မရုန်းဘဲကိုး။ ကိုင်း မှတ်ကရော့ (တုတ်နှင့်ချ၏။) ဟုတ်ပြီ။ ဟုတ်ပြီ။ ဟာ လှည်းဦးပေါ့နေတယ်။ ကိစ္စမရှိဘူး။ ဒ ကလေးမှ မရုန်းနိုင်ဘူးလားကွဲ။ (မောင်လူအေး လှည်ဦးဖက်သို့ တိုး ထိုင်၏။)အဲဟုတ်ပြီ ရုန်းလိုက်ကွဲ ရုန်းလိုက်။ သည်လောက်ကလေးကို





ကြောက်လို့။ အဲရောက်ပြီ။ မောကြသလား။ တယ် မောတတ်ရာမကော။ သည်လောက်လေးနဲ့များ မောရတယ်လို့၊ ကိုင်း မြေပြင်ရောက်ပြီ။ ခပ်သုတ်သုတ်ကွဲ။ တော်တော်ကြာ နေပူနေအုံးမယ်။ ပေါင်းလဲ မပါဘူး။

ဟာ သည်လမ်းမှာ တယ်ချုံတွေ ပေါသကိုး။ ဘယ်ဖက်က ဆီးချုံတွေကိုလဲ သူကြီးက အခုတ်မခိုင်းဘူးထင်ပါရဲ့။လှည်းနဲ့တောင်ကောင်းကောင်းမလွတ်တတ်ဘူး။ (မောင်လူအေး ညာဖက်သို့ ရွှေ့၍ ထိုင်၏။) ဟဲ့၊အဦး–သည်လိုလဲ ပြေးကြအုံးမှပေါ့။ ဟဲ့နေကြအုံး။ ခပ်ဖြေးဖြေး။ ဟိုရှေ့ကဟာ ချောက်နဲ့တူတယ်။ ကိုင်း ဖြေးဖြေး ဆင်း။ ဟာကျောက်တွေ တယ်ထူတာကိုး။ တက်လိုက်ကြအုံးကွဲ။ ကြိတ်ပြီးဆွဲ။ သည်လိုနဲ့ မရဘူး။ ကျောက်တုံးတွေ အင်မတန် များတယ်။ ဟာ သည်ကျောက်တွေလောက်ကိုမှ မနိုင်ဘူးလား။ ဆွဲကွာ။ ကြိတ်ဆွဲ။ ဟာမဖြစ်ဘူး။ မဖြစ်ဘူး။ ကျောက်တုံးကြီးက တယ်ကြီးတာကိုး။ (မောင်လူအေး လှည်းပေါ်မှဆင်းပြီးလျှင်လှည်းကိုတွန်းပေး၏။)အဲအပေါ် ရောက်ပြီ။ မောကြသလား။ ချောင်းကူး ရောက်တော့ ရေသောက်ကြ။ မဝေးတော့ဘူး။ မဲဇလီတောင် နီးနေပြီ။ ရှေ့က ချောင်းကလေးကို ကျော်လိုက်ယင်ရောက်တော့မယ်။

ဤသို့ လှည်းဆရာ၏ စကားကို နားထောင်ယင်းနှင့်ပ[illegible]မဲဇလီသို့ ရောက်တော့သတည်း။ မောင်ဘသို့သော လှည်းသမား မောင်းသည့် လှည်းကို စီးရသည်မှာ စည်းစိမ်ရှိလှပေ၏။ လင်္ကာ ဆရာသည် ရှမျှော်ခင်း၏ သာယာပုံကို လင်္ကာဖွဲ့ဆိုသကဲ့သို့ မောင်ဘသည်လည်း မဲဇလီလမ်း၏ ပုံပန်းကို လှည်းမောင်းယင်း ဖော်ပြသော ဟူ၏။

ဂန္ထလောက ၁၂၉၇-ခုဝါခေါင်လ။



www.burmeseclassic.com

www.burmeseclassic.com

# အညာဘုရားပွဲ

အညာ ဘုရားပွဲကား ဘုရားပွဲလည်း ဖြစ်၏။ ဈေးပွဲကြီးလည်း ဖြစ်လေသည်။ အညာတွင် ဘုရားပွဲသွားကြသည်မှာ ဘုရားလည်း ဖူးယင်း၊လိပ်ဥလည်း တူးယင်း၊ လိပ်မကြီးကိုလည်း ဖမ်းယင်း သွားကြ ခြင်း ဖြစ်၏။ ဘုရားလည်း ဖူးရ၊ ပျော်လည်း ပျော်ပါးကြ၊ ဈေးလည်း ရောင်းရ၊ တချက်ခုတ် သုံးချက် ပြတ်သော အညာဘုရားပွဲများပေ တည်း။

အညာတွင် ဘုရားပွဲသွားသူတို့သည် မိမိတို့၌ ရောင်းရန် ရှိသော အရာဝတ္ထုများကို ယူဆောင်သွားကြပြီးလျှင် ဆိုင်များ ခင်းကျင်း၍ ရောင်းချ ကြလေသည်။ တဦးတွင် ပါလာသော ပစ္စည်းကို တဦးက ဝယ်နှင့်၊ပစ္စည်းများကို ဘုရားပွဲ၌ ဖလှယ်လေ့ရှိကြလေသည်။နံနက်ခင်း တွင် အရောင်း အဝယ် လုပ်ကြပြီးနောက် ညနေမိုးချုပ်လျှင် ပွဲကြည့်သူ ကြည့်၊ ဘုရားဖူးသူ ဖူး၊ လှည့်လည် ကြည့်ရှုသူ ကြည့်ရှုနှင့် နေကြ လေသည်။

အညာ ဘုရားပွဲကား ဘုရားပွဲနှင့် ဈေးကို တွဲ၍ထားသောကြောင့် တလကိုးသီတင်း စည်ကားလေ့ ရှိလေသည်။ ရွှေစက်တော် ဘုရား ပွဲမှာ တလကျော်ကျော် နှစ်လနီးပါး စည်ကား၏။ ကျောင်းတော်ရာ မြသလွန်၊ ကုသိန္နာရုံ ဘုရားပွဲတို့ကား ဆယ်ရက်ထက်မနည်း စည်ကား လေသည်။

စလင်း ကုသိန္နာရုံဘုရားပွဲကား ကဆုန်လဆန်း ၈-ရက်၊ ၉- ရက်မှ စ၍ လပြည့်ကျော် ၉-ရက်၊ ၁၀-ရက် တိုင်အောင် စည်ကား လေသည်။ ဘုရားပွဲကို စသည့်နေ့ကတည်းက စလင်း မျူနီစီပယ်ဈေး တဈေးလုံး ဘုရားပွဲသို့ ရောက်သွား လေသည်။ ဈေးဆိုင် တဆိုင်မျှ ဈေးအတွင်း၌





မရှိတော့ပြီ။ ဈေးတံခါးကို ပိတ်၍ ထားရ၏။ ကုန်ကုန် ပြောရလျှင် ဈေးအတွင်း၌ ခွေးများ၊ ကျီးများပင် မရှိ။ သူတို့လည်း ဘုရားပွဲသို့ ရောက်ကုန် ကြပြီဟု ထင်ရ၏။ ဈေးဝယ်လိုသူများ နံနက်တိုင်း ညနေ တိုင်း ဘုရားပွဲသို့သာ သွား၍ ဝယ်ကြရလေသည်။ မျူနီစီပယ်ဈေးတွင် သာ ဆိုင်များ မရှိသည် မဟုတ်။ဈေးအနီး ကုလားအထည်ဆိုင်၊ တရုပ် ကုန်စုံဆိုင်တို့လည်း ဘုရားပွဲသို့ ရောက်ကုန် ကြလေပြီ။ ဤဆိုင်များ သာမကသေး၊ ကာဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲ ဆိုင် ၊အသုတ်ဆိုင်မှစ၍ မြို့အတွင်း ရှိသမျှသော ဆိုင်တို့မှာ ဘုရားပွဲသို့ ရောက်ကုန်ကြပြီဖြစ်သောကြောင့် တမြို့လုံး တိတ်လျက်သာ နေလေ တော့သည်။ ဘုရားပွဲမှာသာလျှင် ဆူညံနေတော့၏။

အဝေး အနီး ရွာများမှ လာကြသော သူတို့လည်း မနည်းပြီ။ မိုင် ပေါင်း သုံးလေးဆယ်မှပင် လာရောက် ကြလေသည်။ မုန်းကမ်းတ လျှောက် ချင်းတောင်တဝိုက်မှလည်း လာကြကုန်၏။ မိုးတွင်းတွင် စားသောက် သုံးဆောင်ရန် ပစ္စည်း အလုံအလောက်ကို ဤဘုရားပွဲမှာ လာရောက် ဝယ်လေ့ရှိကြလေသည်။ မိမိတို့၌ ရောင်းရန်ရှိသော ပစ္စည်း များကိုလည်း ဤဘုရားပွဲမှာပင် လာ၍ရောင်းကြလေသည်။ ဤဘုရား ပွဲတွင် လိုလေသေး မရှိရ၊ အားလုံး ရနိုင် လေသည်။ အထည် အလိပ်၊ ငါးပိ၊ ငါးခြောက်၊ကြက်သွန်၊ ငရုတ်သီး၊ ဆေး၊ ဖက်၊ ရစ်၊ ထွန်တုံး၊ခြင်း တောင်း၊ ခါးသေးကျောက်၊ ကျောက်ပြင်မှ စ၍ များလှစွာ၏။ ရေ တွက်၍ ပြနေရလျှင် ဆုံးခန်းတိုင် ရောက်နိုင်ဘွယ် မရှိ။ကုသိန္နာရုံဘုရား အေးရှိ ကွင်းပြင်ကြီးမှာ အထူး စည်ကားလျက် နေတော့၏။

ထိုကွင်းပြင်ကြီး အတွင်း ကိုယ့်လူစုနှင့် ကိုယ်၊ လှည်းဝိုင်းကြီးများ ကို ချကာ ချက်ပြုတ်စားသောက် နေကြသည်မှာ ပျော်စရာ ကောင်း လှပေတော့သည်။ စားအိုး စားခွက် များနှင့် လာကြသော သူတို့ပေ တည်း။ အောက် အရပ်တွင် မူကား မော်တော်ဘတ်၊ မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com


ထို့ ကျက်စားရာ နေရာ ဖြစ်သောကြောင့် လှည်းဝိုင်းကြီးများကို ဘုရားပွဲ၌ မမြင်ရတော့ပြီ။ လှည်းဝိုင်းကြီးများအစား မော်တော်ကား၊ မော်တော်ဘတ်စ်ဝိုင်းကြီးများကိုသာလျှင် မြင်ရတော့၏။ အခုသွား၊ အခုရောက်၊ အခုပြန် အညာဘုရားပွဲများမှာလောက်ပျော်စရာကောင်းမည်မထင်။ ကိုယ့်အဆက် ကိုယ့်မက်လုံး ကလေးများနှင့် သွားသူတို့အဖို့ကား မပြောနိုင်ပေ။

တောသူ တောင်သား တို့ကား ဤကုသိန္နာရုံ ဘုရားပွဲအချိန်တွင် ငွေချေး ယူခြင်း၊ အကြွေး ဆပ်ခြင်း၊ လယ်အချုံစာချုပ်ခြင်း၊ ပေါင်နှံခြင်းတို့ကို ပြုလုပ်လေ့ ရှိကြလေသည်။ မြို့တွင် တစုံတရာ ပြုလုပ်ဆောင်ရွက်ရန် ရှိလျှင် ဘုရားပွဲတိုင်အောင် စောင့်ဆိုင်း နေလေ့ရှိကြလေသည်။ ဘုရားပွဲအချိန်ကျမှသာလျှင် ဘုရားပွဲသို့ လာယင်း တပါတည်း ဆောင်ရွက်ဘွယ်ရှိသည်တို့ကို ဆောင်ရွက် သွားကြလေသည်။ ဘုရားပွဲ အချိန်တွင် ဘုရားပွဲမှာ သာလျှင် လူစည်ကားသည် မဟုတ်၊ အစိုးရရုံးများတွင်လည်း လူစည်ကားသည်ပင်။ ရေစစ်စာရေးကား မအားရတော့ပြီ။ ခါတိုင်း တနေ့လျှင် ရေစစ်ရှိ စာချုပ် သုံးလေးစောင် အပြင် မလုပ်ရ။ ဘုရားပွဲအချိန် တွင်ကား တနေ့လျှင် စာချုပ်ပေါင်း ၁၅-စောင်ထက်မနည်း ပြုလုပ်ပေးရလေသည်။ ဘုရားပွဲလာယင်းမှ စာချုပ် ဝင်၍ ချုပ်သွားကြခြင်း ဖြစ်လေသည်။

မောင်လူအေးသည်ဘုရားပွဲအတွင်း တညသ၌ ညစာ စားသောက်ပြီးလျှင်ပြီးခြင်း အဝတ် အစားညစ်ညစ်များကိုဝတ်စားကာတယောက်တည်း ဘုရားပွဲသို့ ထွက်သွားသော ဟူ၏။ ညအခါ၌ ဘုရားပွဲတွင် တောသူ တောသားတို့သာ များသောကြောင့် မောင်လူအေးအား မည်သူမျှ မမှတ် မိချေ။ မိမိတို့ကဲ့သို့ တောသားဟူ၍ပင် သဘောထားကြလေသည်။ တောသားနှင့် မောင်လူအေး၊ မောင်လူအေးနှင့် တောသား၊ တစားတည်း ဖြစ်နေလေပြီ။ မောင်လူအေး ဝမ်းမြောက်မိတော့၏။ လွတ်လပ်ခြင်းကို ရလေပြီ။ တောသား များနှင့် တိုးဝှေ့ခွင့်ကို ရလေပြီ။ တောသားတို့၏ နဂို သဘောထား အပြုအမူများကို တွေ့မြင် ရတော့မည်။

လက်ဦးဆုံး ကြက်တူရွေး ဆပ်ကပ်သို့ ရောက်၍သွား၏။ ဆပ်ကပ်ရှေ့တွင် တောသားများ ဝိုင်းအုံနေကြသောကြောင့် တိုး၍မပေါက်။ ပိုက်ဆံ ပေးနိုင် သူတို့ကား တပဲစီ ပေး၍ ဝင်သွားကုန်ကြပြီ။ ပိုက်ဆံ မပေးနိုင်သော သူတို့မှာမူ ဆပ်ကပ်ရုံရှေ့တွင် ဆွဲထားသော အရုပ်ကားများကို ကြည့်ကာသာလျှင် မှတ်ချက် ချနေကြကုန်၏။

"မူးစေနဲ့ မတ်စေ့ကို ခွဲခြားပြီး ကြက်တူရွေးက ပြနိုင်တယ်ဆိုတာ ဟုတ်နိုင် ပမလား" ဟု အကျီမရှိ၊ ဆံပင်တိုတိုနှင့် လူက မေး၏။

"ဟာ သင်ထားယင် တတ်မှာပေါ့ကွ။ စကား တောင် တတ်သေးတာဘဲ။ ကြက်တူရွေးဆိုတဲ့ အကောင်မျိုးဟာ အင်မတန် လိမ္မာတာကလားကွာ" ဟု မျက်နှာသုတ်ပုဝါ ခေါင်းမှာ ပေါင်းထားသူက ဖြေလေသည်။

"ငါဝင်ကြည့် စမ်းချင်ပါဘိတော့ကွာ ပိုက်ဆံ မရှိလို့" ဟု ပဌမလူကပြော။

"မထူး ပါဘူးကွာ" ဟု ဒုတိယ လူကဆို။

ဤသို့ တောသား နှစ်ယောက် စကား ဆိုနေကြခိုက် အနားတွင် "ဝါး" ခနဲ ကလေးငိုသံကို ကြားရ၏။ အမေလုပ် သူက "မနက်ဖြန်မှ ကြည့်ငါ့သား၊ မမိုက်နဲ့၊ မနက်ဖြန်မှ ကြည့်" ဟု ကလေးကို နှစ်သိမ့် စေလေသည်။

ကြက်တူရွေး ဆပ်ကပ် ရှေ့တွင် တောသား များနှင့် တိုးလားဝှေ့လား လုပ်နေပြီးနောက် လှည်းဝိုင်းများ ချထားရာ ဖက်သို့ ထွက်လာခဲ့ပြန်၏။

ထိုလှည်းဝိုင်းများ ချထား ရာတွင်ကား လှည်းပေါင်း ရာ



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ရာထက် မနည်းပြီ။ အလွန် စည်ကားလှပေ၏။ ထိုအဝိုက်တွင် လဲရောင် အပြင် အခြားမီးဟူ၍ မရှိ။ လှည်းဝိုင်း တဝိုက်တွင် ဟိုဖြတ်လိုက်၊ သည်ဖြတ်လိုက်နှင့် တောသား တောသူတို့၏ ပြောကြားသော စကားတို့ကို နားထောင်၏။

အချို့မှာ ထမင်း စားယင်း နေ့ခင်းက အရောင်း အဝယ်များ အကြောင်းကို ပြောကြား နေကြကုန်၏။ ဟိုဖက် အနားတွင်ကား ညက ပွဲတွင် လူပြက်များ၏ ပြက်လုံးတို့ကို ဖောက်သည်ချနေသောကြောင့် တဝါးဝါးနှင့် ရယ်နေကြလေသည်။ အောင်မယ် ဟိုမှောင်ရိပ်သစ်ပင်အောက်က လှည်းသမား တရေးထိုးနေလိုက်တာ တယ်နားထောင်လို့ ကောင်းပါကလား။ တယောက်တည်း အလွမ်း သယ်နေထင်ပါရဲ့။ သူ့ လက်သံ သာသလောက် သူ့ရုပ်ရည်က ညစ်စုတ်လှပါတကား။ ဟိုဖက်နားက အမယ်ကြီးမှာကား ဖက်ဖြူ ဆေးလိပ်ကြီးကို ဖွာယင်း စည်းစိမ် ယူနေ၏။ ဘယ်သူနှင့်မျှ စကား မပြော။ တဖက်သော နေရာတွင်ကား မိန်းမကြီး တယောက်သည် ဆယ်နှစ်ရွယ်သမီးကလေးအား အရုပ် ဝယ်ပေးမည် ဆိုကာ ညာ၍ အနင်းခိုင်းနေပေသည်။ အောင်မယ်၊ ဟောဟိုဖက်က အဖိုးအိုနှင့် မြေးကလေးတို့မှာ ဘာလုပ်နေကြပါလိမ့်။ မြေးကလေးက ထမင်းခူးကျွေးနေ၏။ အဖိုးအိုကား အသက် ၇၀-ကျော်၊ မြေးကလေးမှာ ၁၁-နှစ်ခန့်။ သူတို့မြေးအဖိုး အပြင် မည်သူမျှ သူတို့နားတွင် မရှိ။ မြေးအဖိုး နှစ်ယောက် စကားတတွတ်တွတ်နှင့် နေကြလေတော့သည်။ ဤအဖိုးကြီးကား မိမိအား ကူညီထောက်ပံ့မည့် သား သမီး ကြီးကြီးမားမား ရှိဟန်မတူ။ သည်မြေးကလေးနှင့် လုပ်ကိုင် စားသောက်လာပုံ ရ၏။ အဖိုးကြီးကား အရွယ်လွန်ပြီ။ မြေး မိန်းကလေးကား အရွယ်မရောက်သေး။ မိဖနှင့် အတူတကွ နေထိုင်ရသော မိန်းကလေးတို့ကား ပျော်တုန်း ပါးတုန်း ကစားတုန်း။ ဤမိန်းကလေးကား အဖိုးအိုကြီးကို





လုပ်ကျွေးနေရရှာပေသည်။ ဤမြေးအဖိုးတို့ကား နောင် မည်သို့ စခန်းသွားကြပေဦးမည်နည်း။

ဤလှည်းဝိုင်းကြီးမှ ထွက်လာပြီးလျှင် ရုပ်ပွဲသို့ ရောက်ခဲ့ပြန်၏။ စောသေးသောကြောင့် ရုပ်ပွဲရှေ့တွင် လူများစွာ မရှိသေးပေ။ ရုံထဲတွင်ကား ဆိုင်းဆရာများ ဆူညံစွာ ဆိုင်းတီးကာ ပွဲကြည့်လိုသူတို့ကို ဖိတ်ခေါ်နေလေသည်။ ရုံရှေ့ရှိ ပွဲဈေးဆိုင် သုံးလေးဆိုင်တို့တွင် ထွန်းထားသော ဓာတ်မီးများကြောင့် ရုံရှေ့တဝိုက်တွင် အတော်လင်းလျက်နေ၏။ မောင်လူအေးသည် ရုပ်ပွဲအနီး ပတ်ဝန်းကျင်တွင် မယောင်မလည် လျှောက်၍ သွားလေသည်။ လားလား ရုံဘေးနားတွင် လူတယောက်သည် ကုန်းကုန်း ကုန်းကုန်းနှင့် ဘာလုပ်နေသည်မသိ။ မတရား ကျင့်မည့် သူများပေလော။ ခါးပိုက်နှိုက်ရန် စောင့်စား၍ နေသော လူပေလော။ အခင်းသွားရန် စီမံနေသော သူပေလော။ ထိုနေရာမှာ အတော်မှောင်သော နေရာဖြစ်လေသည်။ မောင်လူအေးသည် မယောင်မလည် ထိုသူအနားမှ ဖြတ်၍ လျှောက်သွားယင်း ထိုသူ၏ အကဲကို ခတ်၏။ မောင်လူအေး ကြားရသည်မှာကား "လက်ထဲ သည်တမတ်ဘဲရှိ၊ သည်တမတ်ဘဲပျောက်၊ တယ်ခက်တာကိုး" ဟူသော စကားပေတည်း။ ဤစကားကို ကြားရသော မောင်လူအေးတွင် စဉ်းစားစရာတွေ များစွာ ပေါ်ပေါက်၍ လာလေသည်။ အကယ်ပင် ပိုက်ဆံတမတ် ပျောက်သွားသောကြောင့် ရှာနေသူပေလော။ မောင်လူအေး အနားလာသောကြောင့် တမင်ဟန်ဆောင်ကာ မောင်လူအေးအား တပတ်ရိုက်လှတ်လိုက်ခြင်းပေလော။ ဤသို့ စဉ်းစားယင်းပင် ထိုနေရာမှ ထွက်ခဲ့သတည်း။

ထို့နောက် ကုသိနာရုံဘုရား ပရဝုဏ်အတွင်းသို့ ဝင်ခဲ့လေသည်။ သီချင်းဆိုကာ ပိုက်ဆံတောင်းနေသော မျက်မမြင် တယောက်၏ အနီးတွင် လူအများ ဝိုင်းလျက်နေသည်ကို မြင်ရ၏။ ထိုသူမှာ ချေး



www.burmeseclassic.com

www.burmeseclassic.com



တလုံးလုံးနှင့် နေလေတော့သည်။ သူပင် သီချင်းဆို၊ သူပင် ပါးစပ်ဆိုင်းတီး၊ သူပင် စည်းလိုက်၊ သူပင် လက်ခုပ်တီး၊ တယောက်တည်း ရှုပ်ယှက်နေ၏။ မမော်ဘဲနေမည်လော။ ရွှေပြည်ကြီး သီချင်းကို ဖွဲ့နွဲ့ကာ ချွဲချွဲပြစ်ပြစ် ဆိုလေသည်။ အချို့က စုတ်သတ်ကြကုန်၏။ သီပေါမင်းတရားအား တမ်းတသောကြောင့် ပေလော။ ထိုသူ၏ အဆိုမှာ ကောင်းသောကြောင့်ပေလောဟု မပြောနိုင်။ သီချင်းကို နားထောင်နေကြသော သူတို့၏ ကျေးဇူးကြောင့် ဆယ်မိနစ်အတွင်း ငွေတကျပ်ခန့် ထိုသူမှာ ရ၍ သွားလေသည်။ အတော်ပင် နေရာကျသော အလုပ်ပါတကား။

ထိုနေရာမှ ထွက်လာပြီးနောက် ဗုဒ္ဓဝင်ကားများကို ရေးဆွဲထားရာ တန်ဆောင်းသို့ သွားပြန်၏။ အစည်ကားဆုံးသော တန်ဆောင်းပေတည်း။ တိုး၍ပင် မပေါက်။ ထိုဗုဒ္ဓဝင်ကားများကား မန္တလေး ပန်းချီကျော် ဦးချစ်မြ၏ ပန်းချီကားများ ဖြစ်လေသည်။ ယသော်ဓရာ မင်းသမီး၏ အပျိုတော်များမှာ ယခုခေတ် အပျိုကလေးများကဲ့သို့ ဆံထုံးကြီးကြီး၊ ဆံမြိတ်တွေ ချလိုက်သေး။ ဝတ်စားထားသည်မှာလည်း အင်္ကျီလက်ရှည်ပင် ဖြစ်စေကာမူ အလွန်ပင် ခေတ်ဆန်လှပေ၏။ မျက်နှာပေါက်များမှာလည်း ခေတ်ဆန်သူ ရုပ် ချောချောကလေးများ၏ မျက်နှာပေါက်များအတိုင်းပင်။ ထိုအရုပ်ကားများမှာ ဓာတ်မီး၏ အရောင်တွင် အလွန်ပင် ပနံရလျက် နေကြလေသည်။ ခေတ်သမား မောင်လူအေးသည် ဦးချစ်မြ၏ လက်စွမ်းကို ချီးမွမ်း၍ မဆုံးတော့ပြီ။

မောင်လူအေးနှင့်အတူ တိုးဝှေ့ကာ ကြည့်ရှုနေကြသော သူတို့ကား မောင်လူအေး၏ မျက်စိမျိုးနှင့် ကြည့်သည် မကြည့်သည်ကို သူတို့ ပြောဆိုနေကြသော စကားဖြင့် အကဲခတ်နိုင်ပေသည်။ မောင်လူအေးနှင့် အနီးဆုံးသော လူသိုက်ကား ခြောက်ယောက်ခန့်ရှိ၏။ အ





မယ်ကြီး သုံးယောက်၊ အသက် လေးဆယ်ကျော် နှစ်ယောက်၊ အပျိုကလေး တယောက်။ အမယ်ကြီးများ စာမတတ်။ အပျိုကလေးက ဖတ်ပြရလေသည်။

အပျို။ ။ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်မည် အပြုတွင် ကြာခြည်ကို မပြီး သားရာဟုလာ၏ မျက်နှာကို ကြည့်နေတဲ့ပုံတဲ့။

အမယ်ကြီး။ ။အဲ့ဒီ—တောထွက်မဲ့ဆဲဆဲတောင် သားကလေး မျက်နှာကို ကြည့်ချင်သေး။ သံယောဇဉ်ကိုး။

အခြား အမယ်ကြီး။ ။သားပစ်၊ မယားပစ်၊ နန်းတော်ပစ်ပြီး တောထွက်နိုင်တာဘဲ တော်လှပြီ။

အခြားတယောက်။ ။ဒါ ဘာဟုတ်သေးသလဲ။ အရှင် မိတ္တေယျ မြတ်စွာဘုရားလောင်းဟာ သူ့ရှေ့မှာ သူ့သားကို ဘီလူးက ကျွတ်ကျွတ်ဝါးစားတာတောင် အားရလှန်းလို့တဲ့။

ထို့နောက် ထိုလူစုသည် အခြားကားများကို ဆက်လက်၍ ကြည့်ယင်း မှတ်ချက်ချသွားလေသတည်း။

သူတို့၏နောက် အသက် ၇၀-ခန့် အဖိုးကြီးနှင့်မြေးကလေး ၁၄-နှစ်ခန့် တယောက် ထိုအနားသို့ ရောက်လာ၏။ သိဒ္ဓတ္ထမင်းသားကဏ္ဍကမြင်းကို စီးပြီး တောထွက်သွားသည်ကို ကြည့်ယင်း အဖိုးကြီးက-

"သည်ပန်းချီဆရာ မြင်းအဆွဲ တယ်ကောင်းတာကိုး။ သူ့မြင်းဟာ ကြော့နေတာဘဲ"။ မြင်းဝါသနာပါသူနှင့်တူရဲ့။

ထို့နောက် အသက် ၂၀-ကျော် လုလင်ပျို နှစ်ယောက်တို့၏ စကားကို နားထောင်ကြပါဦး။

တယောက်။ ။ဟေ့ ဟိုသိဒ္ဓတ္ထ မင်းသား ဝတ်ထားတဲ့ ပုဆိုးအဆင် ကလေးဟာ မကောင်းလားဟေ့။



www.burmeseclassic.com

www.burmeseclassic.com

အခြားတယောက်။ ။ငါမကြိုက်ပေါင်ကွာ။ ဟိုဖက်နားက ကားမှာ ဇီဝက ဝတ်ထားတဲ့ ပုဆိုး အဆင်ကလေးက သာလို့ ကောင်းတယ်။

အခြားသူတို့လည်း မိမိကြိုက်ရာ ကြိုက်ရာ စကားများကို ပြောကြားသွားကုန်၏။ ထိုသူတို့၏ ဝါသနာ မည်သို့ မည်ပုံ ရှိသည်ကို သိရှိရလေသည်။

အတော်ကြာမှ မောင်လူအေး ထိုတန်ဆောင်းမှ ထွက်လာခဲ့လေသတည်း။

ဂန္ထလောက ၁၂၉၈-ခု၊ သီတင်းကျွတ်လ။



# မျိုးရိုး

မောင်လူအေး၊ မောင်လူသေး၊ မောင်လူထွေးတို့ ညီအစ်ကိုသုံးယောက်သည် တယောက်နှင့်တယောက် ၂-နှစ်ကြီး ၂-နှစ်ငယ်အရွယ်တူများကဲ့သို့ ဖြစ်နေကြသည်။

သူတို့ခပ်ငယ်ငယ် ဆယ်နှစ် ၁၂-နှစ်အရွယ်တုန်းက ဆရာကြီးဦးချစ်လှ မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားရလေသည်။ မောင်လူအေးနှင့် မောင်လူထွေးတို့မှာ တယောက်နှင့်တယောက် ပို၍ရင်းနှီးသောကြောင့် ကျောင်းသို့ အတူတူ သွားလေ့ ရှိကြလေသည်။ မောင်လူသေးကား အစ်ကိုကြီးပီပီ ညီငယ်များနှင့် ရင်းရင်းနှီးနှီး နေလေ့မရှိ။

တခါတခါ မောင်လူထွေးမှာ ကျောင်းတက်ရန် ခပ်ပျင်းပျင်းဖြစ်လာလေ့ရှိလေသည်။ အိမ်နှင့် မနီးမဝေး လမ်းဘေးတွင် ပေါက်နေသော မန်ကျည်းပင်ကြီးအောက်သို့ ရောက်သောအခါ မန်ကျည်းပင်ကြီးကိုမှီကာ ရပ်နေလေတော့၏။

မောင်လူအေးက ချော့၍ ခေါ်၏။ မရ။ ငေါက်၍ခေါ်၏။ မရ။ ဆွဲ၍ခေါ်၏။ မရ။ မည်သို့လုပ်၍မျှ မရသောအခါ မောင်လူအေးမှာ ကျောင်းနောက်ကျမည် စိုးသောကြောင့် ထွက်သွားလေတော့၏။ မောင်လူထွေးကား စာအုပ်၊ ကျောက်သင်ပုန်းများကို ပိုက်ကာ မန်ကျည်းပင်ကြီးကိုမှီလျက် မတုန်မလှုပ် ရပ်နေလေသတည်း။

လမ်းသွားလမ်းလာများ သူရပ်နေသည်ကို မြင်လျှင် ပြုံးသွားကြကုန်၏။ သူ ဂရုမစိုက်။ ဈေးသည်များ ရယ်သွား ကြကုန်၏။ သူ အမှုမထား။ အရပ်ထဲက လူပြောင် လူနောက်ကလေးများ သူ့ကို စသွားကြကုန်၏။ သူမဖြုန်။


www.burmeseclassic.com

 www.burmeseclassic.com 

ဤသို့သူရပ်နေ၍ တနာရီခန့် ကြာသောအခါ တစုံတယောက်သောသူ၏ပယောဂကြောင့် သူရပ်နေသည့်အကြောင်း ဖွားဒွေးကြီး၏နားသို့ ပေါက်သွား၏။ ဖွားဒွေးကြီး ကြိမ်လုံးတချောင်းကို ကိုင်ကာ လိုက်လာလေပြီ။

ဖွားဒွေးကြီး အနားသို့ ရောက်သောအခါ ထိုမန်ကျည်းပင်ကြီးနှင့် မနီးမဝေး သစ်ပင်တပင်အောက်သို့ သွား၍ ထိုသစ်ပင်ကိုမှီကာ ရပ်ပြန်၏။

ထိုသစ်ပင်အောက်သို့ ဖွားဒွေးကြီး လိုက်သွားပြန်သောအခါ အခြားသစ်ပင်တပင်သို့ သွားကာ ရပ်ပြန်၏။ ဤသို့ တပင်မှ တပင်သို့ ကူးပြောင်းသွားရာ သစ်ပင်ပေါင်း လေးငါးခြောက်ပင်ခန့် ကျလေပြီ။ မောင်လူထွေးနှင့် ဖွားဒွေးကြီးတို့၏ အဖြစ်အပျက်ကို မြင်ကြသော ရပ်သူရပ်သားတို့ကား မသိမသာအမှုမဲ့အမှတ်မဲ့ ပြုံး၍ နေကြကုန်၏။

တကယ်လု မောင်လူထွေးအား ကျလူဖွားဒွေးကြီးကား အဘယ်မှာလျှင် မှီအောင် လိုက်နိုင်ပါအံ့နည်း။ အတန်ကြာလျှင် ဖွားဒွေးကြီး မောလာ၏။ သူ၏နဖူးမှ ချွေး ဖြိုင်ဖြိုင် ကျဆင်းနေလေပြီ။ မောလာသောကြောင့် ဒေါသထွက်သည်က တမျိုး၊ မြေးမောင်လူထွေးကို မမိနိုင်သဖြင့် ဒေါသ ထွက်သည်က တခြား၊ ဖွားဒွေးကြီးမှာ အမျိုးမျိုး ရေရွတ်နေတော့၏။

နောက်ဆုံးတွင်ကား ဖွားဒွေးကြီး လက်လျှော့ပြီးလျှင် အရပ်ထဲရှိ ကာလသား အပေါင်းတို့အား စစ်ကူတောင်းရရှာလေ၏။ ကာလသားကျော် ကိုဘိုးထိန်တို့၊ ကိုအောင်ဒင်တို့၊ ကိုထွန်းဖေတို့၊ ကိုစံဖေတို့တတွေ မောင်လူထွေးတည်းဟူသော ကျောင်းပြေးကလေးကို ဖမ်းအံ့ဟု ထွက်ပေါ်၍လာကြကုန်၏။

ကာလသားတွေ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် မောင်လူထွေးမှာ ထခင်ကကဲ့သို့ ရပ်တည်ခြင်း နည်းလမ်းကို စွန့်ပစ်ပြီးလျှင်



ပြေးလွှားခြင်း လက်နက်ကို စွဲကိုင်လေတော့၏။ လက်ဦးတွင် ကွင်းပြင်ကြီး ...ီးအတွင်းသို့ ထွက်ပြေးလေသည်။ ကာလသားများ ကွင်းပြင်ကြီး ...တွင်းသို့ လိုက်ဖမ်းကြကုန်၏။ ထိုကွင်းပြင်ကြီးမှ တဖန် ကွေ့ကောက် ...ပြေးပြီးလျှင် ဖူးကားစက်အတွင်းသို့ ဝင်ပြေးပြန်၏။

ကာလသားတတွေလည်း ဖူးကားဝင်းအတွင်းသို့ လိုက်ကြပြန်၏။ ...ရပ်လုံး ဆူညံ၍သာနေလေတော့သည်။ ကာလသားတွေမှာလည်း ...တ်ပါလက်ပါ မောင်လူထွေးအား အမိဖမ်းရန် လိုက်ဟန်မတူ။ ဖွား...ဒွေးကြီးမှ စိတ်ကြေစေတော့ဟူသော သဘောနှင့် အပျော်သက်...သက် လိုက်ဖမ်းကြဟန် တူလေသည်။

ဖူးကားဝင်းအတွင်းသို့ ရောက်သောအခါ မောင်လူထွေး ပြေး...ရာမရှိတော့ပြီ။ ရှေ့မှ သံလွင်မြစ်ကြီး တားဆီး နေသောကြောင့် ...တည်း။ မောင်လူထွေး အမိခံရတော့အံ့။ လက်နက်ချရတော့အံ့။ ...ဤနည်းအားဖြင့် မောင်လူထွေးသည် အမိခံအံ့လော။ အရှုံးပေးအံ့...လော။ လက်နက်ချအံ့လော။

အဘယ်မှာလျှင် အမိခံ။ အရှုံးပေး။ လက်နက်ချအံ့နည်း။ လူအ...ား၏ရှေ့မှာပင် သံလွင်မြစ်ထဲသို့ ခုန်ချပြီးလျှင် မြစ်လယ်ဖက်သို့ ...ကူးပြေးလေသတည်း။

သူ့အား လိုက်ဖမ်းနေကြသော ကာလသားများ ရေကူး၍ လိုက်ဝံ့တော့ပြီ။ အကယ်၍ ရေကူးလိုက်ပါက သူမြစ်လယ်ထဲ ကူး...သွားသဖြင့် မြစ်လယ်ထဲတွင် လက်ပန်းကျပြီးလျှင် ရေနစ်သွားမည်ကို ...ရလေသည်။ ကာလသားများ လက်လျှော့ကာ ချော့၍ခေါ်ကြ...ကုန်၏။ မောင်လူထွေး မြစ်ထဲမှ မတက်။ မြစ်ထဲတွင်သာ ကူးနေလေ...သည်။

ဤသို့ဖြစ်ပျက်နေခိုက် ဖွားဒွေးကြီး ထိုအနီးသို့ ပေါက်လာလေ...၏။ မောင်လူထွေး မြစ်ထဲတွင် ရေကူးနေသည်ကို မြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွား၏။ ကာလသားတတွေအား မိမိတို့ နေအိမ်သို့ ပြန်ကြရန် ဖွားဒွေးကြီး တောင်းပန်ရပြန်၏။ ကာလသားများလှည့်ပြန်၍ အတန်ကလေး ဝေးသွားသောအခါကျမှ မောင်လူထွေး ကုန်းပေါ်သို့ တက်တော့၏။

ကုန်းပေါ်သို့ ရောက်သောအခါ ကမ်းဘေးရှိ သစ်ပင်တပင်ကို မှီကာ ရပ်နေပြန်၏။ ဖွားဒွေးကြီးက ချော့၍ ခေါ်သော်လည်းမရ။ အကယ်၍ မိမိလိုက်သွားလျှင် မောင်လူထွေး ရေထဲခုန်ဆင်းမည်စိုးသောကြောင့် မလိုက်ဝံ့။ ဖွားဒွေးကြီးမှာ အခက် ကြုံလေတော့၏။ ဒေါသကား ထွက်ပါ၏။ မိမိ၏လက်တွင် ပါသော ကြိမ်လုံးနှင့် မောင်လူထွေး၏ ကျောကို စပ်စပ်ကလေး ဆော်ချင်လှ၏။ သို့သော် မည်သို့မျှမတတ်နိုင်ပြီ။ နေအိမ်သို့သာ လှည့်၍ ပြန်လာရလေသတည်း။

တနေ့လုံး မောင်လူထွေး အိမ်သို့ပြန်မလာ။ သူမှီနေသောသစ်ပင်အောက်မှာသာ အချိန်ကို ကုန်လွန်စေ၏။

မနက်စာ တနပ်ကို အငတ်ခံ၏။ ညနေလေးနာရီထိုး၍ ကျောင်းလွှတ်သော အချိန်ကျမှသာလျှင် အိမ်သို့မောင်လူထွေးပြန်၍ လာလေသည်။

ဖွားဒွေးကြီးကား ရိုက်ချင်လှပြီ။ မရိုက်သေး။ မောင်လူထွေး တဖန်ထပ်မံ၍ ပြေးမည်ကို စိုးရလေသည်။ ညစာ စားချိန်ကျလျှင် မောင်လူသေး၊ မောင်လူအေးတို့နှင့်အတူ မောင်လူထွေးကိုပါ ထမင်းထည့်ကျွေး၏။

အားလုံး ထမင်း စားသောက် ပြီးကြသောအခါ ဖွားဒွေးကြီးသည် မောင်လူထွေးမနက်က ပြုမူပုံအကြောင်းနှင့် ပတ်သက်ပြီး မှည့်တွန် တောက်တီးလုပ်လေတော့သည်။ တော်တော်နှင့် မပြီးနိုင်။ ပြောယင်း ပြောယင်း ဒေါသထွက်လာပြီးလျှင် မောင်လူထွေးအား မိမိ၏ ကြိမ်လုံးကြောဖြင့် တချက်နှစ်ချက်ဆော်၏။ မောင်လူထွေးကား မငို၊



ကြိတ်၍ခံ၏။ ပြီးလျှင် အိမ်တိုင်တတိုင်တွင် မှီကာ မတုန်မလှုပ် ရပ်နေလေသတည်း။

တော်တော် ညဉ့်နက်၍ အိပ်ငိုက်လွန်းမက အိပ်ငိုက်သောအခါကျမှ ထိုတိုင်အနားမှာပင် အိပ်ပျော်သွား၏။ ထိုအခါကျမှ အိမ်သားများက သူ့အား သူ့အိပ်ရာသို့ယူသွားပြီး သိပ်ကြလေသည်။ ဤမျှ ဇွဲကောင်းသော မောင်လူထွေးတည်း။

နောက်တနေ့နံနက် ကျောင်းသွားချိန်ကျလျှင် မောင်လူအေးနှင့် အတူတူ ဆိုက်ဆိုက်မြိုက်မြိုက် ကျောင်းတက်ပြန်၏။ အတန်ကြာ၍ ကျောင်းတက်ရန် စိတ်မရှိသောအခါ ယခင်က မန်ကျည်းပင်ကြီး အောက်တွင် ဝင်၍ ရပ်ပြန်၏။

ဤအကြိမ်တွင်ကား ဖွားဒွေးကြီး လက်လျှော့ပြီးလျှင် အမှုမဲ့ အမှတ်မဲ့သာ နေလိုက်၏။တနေ့လုံးထိုမန်ကျည်းပင်အောက်မှာပင်အချိန် ကုန်လွန်စေ၏။ မည်သူရယ်ရယ်။ မည်သူပြောင်ပြောင် ရှမစိုက်။

ညနေ ကျောင်းလွှတ်၍ မောင်လူအေးတို့ ကျောင်းက ပြန်လာသောအခါ မောင်လူအေးနှင့် အတူတူ အိမ်သို့ လိုက်ပြန်လာခဲ့၏။ ဖွားဒွေးကြီးကား မောင်လူထွေး၏ ဓာတ်ကို သိသွားပြီဖြစ်သောကြောင့် မောင်လူထွေးအား ဆိုရုံသာဆို၏။ ရိုက်ကား မရိုက်။ ဖွားဒွေးကြီး လက်လျှော့ရလေသတည်း။

မောင်လူထွေး ထိုမန်ကျည်းပင်ကြီးအောက်တွင် ဝင်၍ ရပ်သည်မှာ တလလျှင် နှစ်ကြိမ်ခန့်ရှိ၏။

ထိုအခါက မောင်လူထွေးသည် ယခုအခါတွင် ဦးလေးထွေးဘဝသို့ရောက်နေလေပြီ။ သူ၏သားမောင်အောင်ကြီးပင် အသက်ဆယ်နှစ် ကျော်နေလေပြီ။ မောင်လူထွေး၏သားကလေးများနှင့် မောင်လူအေး၏ သားကလေးများသည် သူတို့၏ ဝေးနေသည်မှာ ကြာလေပြီ။ သူ၏သားကလေးများသည် သူတို့၏ ပခင်ငယ်လေတုန်းကကဲ့သို့ ကျောင်းမသွားချင်လျှင် သစ်ပင်အောက်

www.burmeseclassic.com

www.burmeseclassic.com

တွင် ဝင်ရပ်ကြသည်။ မရပ်ကြသည်ကိုမသိရ။ သူတို့ဖခင်ကဲ့သို့ ဖွံ့ဖြိုး ကြသည်၊ မကြီးကြသည်ကိုလည်း မသိရပေ။

သို့သော် မောင်လူအေး၏ သားတလေး မောင်လူမွေးကား အသက် ၂-နှစ်မျှ မရှိသေး။ သူ၏ဦးလေး မောင်လူထွေး၏ ဇာတ်ကို ပြနေလေပြီ။ သူလိုသောအရာကို မရသည့်အခါဖြစ်စေ၊ သူမကြိုက် သည်ကို သူတကာက ပြုလုပ်သည့်အခါဖြစ်စေ၊ သူစိတ်နှင့် အခန့် မသင့်သည့်အခါဖြစ်စေ တိုင်တတိုင်မှာ ဖြစ်စေ၊ ထောင့် တထောင့် မှာဖြစ်စေ သွား၍ ရပ်နေလေတော့၏။

မည်သူကခေါ်ခေါ် မရ။ မည်သူကချော့ချော့ မရ။ သူကိုသွား ချီလျှင်လည်း ကျယ်လောင်စွာငို၏။ သူငို၍လွှတ်လိုက်လျှင် ယခင်ရပ် နေရာသို့ ပြေးသွားပြီးလျှင် ရပ်နေမြဲရပ်နေလေသည်။ အိမ်သားများ အမှုမဲ့ အမှတ်မဲ့နေလိုက်သောအခါကျမှ သူ့အလိုအလျောက် စိတ်ပြေ သွားပြီးလျှင် ထိုနေရာမှ ထွက်ခဲ့လေသည်။

ဤအခြင်းအရာကို မြင်သောအခါ မောင်လူအေးသည် မိမိတို့ ငယ်စဉ်က မိမိ၏ညီ မောင်လူထွေး မန်ကျည်းပင်ကြီးအောက်တွင် မကြာမကြာဝင်၍ ရပ်သည်များကို သွား၍ တွေးမိ၏။ မောင်လူမွေး ကြီးပြင်းလာ၍ ကျောင်းထားသောအခါ ကောင်ကလေးသည် သူ၏ ဦးလေး မောင်လူထွေးကဲ့သို့ပင် သစ်ပင် တပင်ပင်အောက်တွင် ဝင်ရပ် နေမည့် အရေးများကိုလည်းတွေးကာ ပြုံးမိသော ဟူ၏။

မောင်လူထွေး၏ဇွဲသည် သူ၏သားသမီးများတွင် ပါလာသည် မလာသည်ကိုကား အသေအချာမသိရ။ မောင်လူအေး၏သားမောင် လူမွေးတွင် ပါ၍လာသည်ကား အမှန်ပင် ဖြစ်လေသည်။ ချောင်းရိုး မြောင်းရိုးတို့သာ တိမ်ကော၏။ လူတို့၏ မျိုးရိုးကား မတိမ်ကော ဟူသော ရှေးလူကြီးတို့၏ စကားသည် မှန်လှပေ၏တကား။

မှတ်တမ်းဝင် စာပေများ - ရွှေဆို၊ ၁-၁၀-၅၄။



# တုပ်ကွေး

တုပ်ကွေးကွေးခြင်း၏ အရသာကို ဤဆောင်းပါးဖတ်သူအပေါင်း တို့ ခံစားကောင်း ခံစားဘူးကြပေလိမ့်မည်။ ကုသိုလ်ကံ မကောင်း သောကြောင့် တုပ်ကွေး၏အရသာကို မခံစားရဘူးသော သူတို့လည်း ရှိချင်ရှိပေလိမ့်မည်။ ထိုသူတို့၏အကျိုးငှါ တုပ်ကွေး၏အရသာ မည် သို့နေကြောင်းကို ရေးသား ဖော်ပြလိုက်ပါမည်။ ကျေးဇူး တင်လိုက လည်း တင်ကြပါကုန်။ ကျေးဇူး မတင်လိုကလည်း နေနိုင်ပါ သည်။

ရာသီဥတု အပြောင်းအလဲတွင် တုပ်ကွေးနတ်ဖမ်းစားလေ့ရှိသည့် အတိုင်း မိုးအကုန်ဆောင်းအကူးတွင် မောင်လူအေးအား တုပ်ကွေး နတ် ဝင်ပူးလေတော့၏။

ပထမဦးတွင် ချောင်းအနည်းငယ် ဆိုး၏။ ထို့နောက် မျက်စိပူ၏။ ထို့နောက်တကိုယ်လုံး ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်း နေ၏။ ထမင်း မစားချင်၊ ဆေးလိပ် မသောက်ချင် ဖြစ်၍လာ၏။ အတန်ကြာလျှင် အိပ်ရာထဲတွင် ဝင်ကွေးချင်သောစိတ် ပေါ်၍ လာလေတော့သည်။ ထိုအခါ၊ အိပ်ရာထဲသို့ ရောက်၍သွားလေသတည်း။

အိပ်ရာထဲသို့ရောက်သောအခါ တမျိုးဆန်းကြယ်လာပြန်၏။ တ ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာရုံမျှမက ကိုယ် လက်တွေလည်း ကိုက် လာလေ၏။ထိုအခါ စောင်ထူထူသုံးလေးထည်ကို ထပ်ကာ ခြုံပြီးလျှင် ကွေးနေလေတော့၏။

ဤအခါ တုပ်ကွေး၏ အရသာပေါ်၍ လာလေသည်။ အလွန် စည်းစိမ်ရှိ၊ အလွန် နှစ်သက်ဘွယ် ကောင်းသော အရသာပေတည်း။ မည်သည့်အရသာမျိုးနှင့်မျှမတူပေ။ စာဖြင့် ရေးပြ၍ရသော အရသာ

www.burmeseclassic.com

မျိုးလည်းမဟုတ်။ နှုတ်ဖြင့်ပြော၍ ရသော အရသာဟူ၍ သာမန် အားဖြင့် ဆိုရပေတော့မည်။

ဤသို့အိပ်ရာထဲတွင်ကွေး၍ ကောင်းတုန်းတွင် မောင်လူအေး၏ စိတ်သည် ကစားစ ပြုလာ၏။ အရက်သမား၏ ဝမ်းထဲသို့ အရက် ဝင်သွား၍ မကြာမီအတွင်း အရက်သမား၏ စိတ်မှာ တမျိုးပျော်ရွှင် လာသကဲ့သို့ မောင်လူအေး၏ စိတ်မှာလည်း တုပ်ကွေး၏ တန်ခိုး ကြောင့် ပျော်ရွှင်လာသလိုလို ဘာလိုလိုဖြစ်၍ လာ၏။ စကား များ ချင်သလိုလို၊ ဘာလိုလို ဖြစ်၍လာ၏။ တော်တော်ကြာလျှင် သူ၏ စိတ်သည် အငြိမ် မနေတော့ပြီ။

ဤသို့ ဟိုစဉ်းစား သည်စဉ်းစား လုပ်နေခိုက် ဂျူဗလီဟော ရုံကြီးအနီးသို့ ရောက်သွား၏။ အဘယ်သို့ ရောက်သွားသည်ဟူ၍ ကား မသိ။ ရောက်၍သွားသည်ကား မှန်ပေသည်။ မောင်လူအေး ရောက်၍ သွားသောအခါကား ဂျူဗလီဟောရုံကြီးတွင် စတုတ္ထအ ကြိမ်မြောက် အစိုးရ သိန်းထီကြီးကို ဖွင့်နေသောအခါ ဖြစ်လေ သည်။

ရုံကြီးအတွင်းမှာရော အပြင်မှာရော လူအမျိုးမျိုးတို့နှင့် ပြည့် ကျပ်လျက်နေလေသည်။ ကုလား၊ တရုပ်၊ ကရင်၊ မြန်မာ၊ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမစုံ၍သာ နေလေတော့သည်။ အပြင်ဖက် နေပူကျဲကျဲကြီးတွင် ထီလက်မှတ်များကို အသီးသီးကိုင်ကာ အောင် ဘာလေနံ့ပတ်ကိုသာ နားထောင် နေကြလေသည်။

မောင်လူအေးလည်း နေပူကျဲကျဲကြီးတွင် ချွေးတလုံးလုံးနှင့် မိမိ ၏ထီလက်မှတ်ကိုင်ကာ ပေါက်စဉ်ဂဏန်းကိုသာ နားထောင်နေလေ သည်။ ဤမျှပေါများသော လူထုကြီးထဲတွင် မိမိ၏ အသိမိတ်ဆွေ တယောက်မျှမပါသည်မှာ ထူးဆန်းသလိုလို ထင်မှတ်မိလေသည်။ သို့ သော် ထိုနေရာသို့ရောက်၍ များမကြာမီအတွင်းမှာပင် အနီးအနား





ရှိလူများနှင့် မိတ်ဆွေဖြစ်သွားပြီးလျှင် ရယ်လားမောလား စကား ပြောကာ အပျော်ကြီး ပျော်နေလေတော့သတည်း။

ဤသို့ စကား ကောင်းနေ၍ ခဏမျှ ကြာသောအခါ "နံပတ် ၁၄၄၆၆၀ အတိတ်ခေတ်စမ်းကွ။ ပေါက်သူအမည် မောင်လူအေးပဋမ ဆုငွေတသိန်း" ဤကျေညာချက်ကို ကြားလိုက်သည်နှင့် တပြိုင် နက်—

"ကော်ပြီကွ၊ အသက်အာမခံကိုယ်စားလှယ်တွေ မလာကြနဲ့။ မော်တော်ကား ကိုယ်စားလှယ်တွေ မလာကြနဲ့။ အလှူခံတွေ မလာ ကြနဲ့၊ လယ်ပေါင်မဲ့လူတွေ မလာကြနဲ့။ ငွေတွေအားလုံး ဘဏ်မှာထား မယ်" ဟူ၍ အော်ကာ လက်ခုပ်လက်ဝါးတီးလိုက်၏။

"ကိုကို-ကိုကို" ဟုခေါ်ကာ ခင်သန်းမြင့်က လှုပ်၍ နှိုး၏။

"ဟင်-ဘာလဲ" ဟု ထူးလိုက်၏။ သို့သော် ဂျူဗလီဟောကား မျက်စိထဲက မပျောက်သေးပေ။

"ကိုကိုဘာတွေ လျှောက်ပြောနေတာလဲ ယောင်နေတာလား။"

"ဟင်-ဘာမှ မပြောရပါကလား" ဟု မောင်လူအေးကပြော၏။

"ကိုကို- အိပ်ပျော်သွားသလား" ဟု မေးပြန်၏။

"မပျော်ပါဘူး။ ဂျူဗလီဟောအစိုးရသိန်းထီ ဖွင့်ရာကို ရောက် သွားသလိုလိုဘဲ။"

"ဟိုဟာ-သည်ဟာတွေကို စဉ်းစားမနေနဲ့ လေ။ အိပ်ပျော်အောင် အိပ်လိုက်ပါလား။ ကိုယ်လက်ကိုက်တာ ဘယ်နှယ်နေသေးသလဲ။ ပရုတ် ဆီလိမ်းပေးမယ်လေ။"

"အဉ်း—အကောင်းသားဘဲ။"

ခင်သန်းမြင့်သည် မောင်လူအေးအား ပရုတ်ဆီလိမ်းပေးယင်း အ သာနှိပ်ပေး၏။ ပြီးလျှင် အိပ်ရာနံဘေး ဆိုဖာပေါ်တွင် ထိုင်ကာ မဂ္ဂဇင်းတအုပ်ကို ဖတ်၍နေ၏။

www.burmeseclassic.com

www.burmeseclassic.com


မောင်လူအေးလည်း ခင်သန်းမြင့်ကို ကြည့်ယင်း စဉ်းစားခ ထုတ်ပြန်၏။

မိမိသည် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဘော ပွဲကိုတခါမျှမကြည့်ဘူးသေးပေ။ ယခုနှစ် ထိုဘောပွဲကို အထက်မြန်မာ ပြည် မန္တလေးမြို့၌ ကျင်းပမည်ဟု သတင်းစာထဲတွင် ဖတ်လိုက်ရ သည်။ ရွှေဘိုနှင့် မန္တလေးဝေးလှသည် မဟုတ်။ ထိုဘောပွဲကို ကြ ဘူးသည် ရှိရလေအောင် ရွှေဘိုမှ မော်တော်ကားဖြင့်သွားကြည့်ရလျှ အလွန်ကောင်းပေမည်။ အထက်မြန်မာပြည်ဖက်မှ နေ၍ သွားမြ လက်ခုပ် လက်ဝါးတီးကာ အားပေးရရန်မှာလည်း ဝတ္တရားရှိ သည်။

ဆိုဖာပေါ်တွင် ထိုင်နေသော ခင်သန်းမြင့်၏ ရုပ်သည် တဖြ ပျောက်ကွယ်၍ သွားပြီးလျှင် ထိုနေရာတွင် လမ်းဝန်ထောက် ဦးသာ ဒုတ်ရောက်နေ၏။ သူ့နားတွင်လည်း ကပ္ပတိန် သိန်းမောင်တို့ ဦး မောင်မောင်တို့တတွေ ရောက်၍ နေလေသည်။

ထိုနေရာမှာ မိမိ၏ အိမ်မဟုတ်တော့ပြီ။ အထက်မြန်မာပြည် ဘောလုံးကစားရာ နေရာဖြစ်နေမှန်းကို သိရလေသည်။ မောင်လူအေး မှာ မိတ်ဆွေတသိုက်နှင့် ရယ်လားမောလားနှင့် နေ၏။ မန္တလေး ဘောလုံးကွင်းကြီးမှာလည်း အထူးစည်ကားလျက်နေလေသည်။

အတန်ကြာလျှင် မောင်လူအေးတို့လူသိုက် မိမိတို့နေရာအသီး သီးတွင် ထိုင်ကာ ဘောလုံးပွဲကိုကြည့်၍နေကြကုန်၏။ အထက်မြန်မာ ပြည်ဖက်မှ ကစားကြသောသူများတွင် မိမိသိဘူးသော လယ်ဝန် ဦးညို၊ မြို့အုပ်ဦးမြရင်၊ သစ်တောဝန်ထောက် မစ္စတာရှုတ်ကွင်း၊ လယ် ဝန်ကလေး ဦးဝင်းတို့ ပါသည်ကို မြင်ရ၏။ အောက်မြန်မာပြည် ဖက်မှာလည်း မိမိသိဘူးသောသူ သုံးလေးယောက် ပါနေလေ သည်။



ဘောပွဲစ၍ ကစားသည်နှင့် တပြိုင်နက် ဦးညိုက ယူပြေးပြီးလျှင် ဦးဝင်းဖက်သို့ ပေးလိုက်၏။ ဦးဝင်းလည်း တအားကုန်ကျုံးလိုက်ရာ အောက်မြန်မာပြည်အသင်း၏ ဂိုးအိုးတွင်းသို့ ဝင်သွားလေသတည်း။ ပရိသတ်ကြီး၏ သြဘာသံကြီးမှာ ဆူညံ၍ သွား၏။ မောင်လူ အေးမှာလည်း အထက်မြန်မာပြည်က နိုင်သည်တကြောင်း၊ ဦးသာ ဒုတ်နှင့် လောင်းထားသောကြောင့် ငွေငါးကျပ် ရမည်တကြောင်းတို့ ကြောင့် နှစ်ထောင်းအားရ ရှိလှသဖြင့် ဂိုးဟူ၍ အသံကုန် အော်ကာ လက်ခုပ်လက်ဝါး တီးလိုက်၏။

"ကိုကို-ကိုကို ဘာတွေ ပြောနေတာလဲ" ဟု ခင်သန်းမြင့်က မောင်လူအေး၏ ကိုယ်ကို လှုပ်၍မေး၏။

"ဟင် ဘာမှမပြောပါကလား" ဟု မောင်လူအေးက ဖြေ၏။

"မပြောဘူးသာဆိုတယ်၊ လက်ခုပ်တွေတီး၊ ပါးစပ်ကလဲ ဘာတွေ ပြောနေတယ်မသိဘူး။"

"ဘာမှတော့ မပြောပါဘူး။ အထက်မြန်မာပြည်နဲ့ အောက်မြန် မာပြည်ဘောပွဲကို ရောက်သွားတယ်။"

"ကိုကိုက အိပ်ပျော်အောင် အိပ်တာမှ မဟုတ်ဘဲ။ ဟိုစိတ်ကူး သည်စိတ်ကူး လုပ်နေတာကိုး။"

"ပျော်အောင် အိပ်တာဘဲ။ ပျော်မှ မပျော်ဘဲဟာ။"

"ဒါဖြင့် နေရာမကျဘူး။ အဖျားဒီဂရီ ယူလေမှဘဲ။"

"သဘောဘဲ။"

ခင်သန်းမြင့်သည် ပြဒါးချိန်ဖြင့် မောင်လူအေး၏ အဖျားကိုယူ ၏။ ယူပြီးသည်နှင့်တပြိုင်နက် မျက်လုံးပြူးသွား၏။ အကြောင်းမူ ကား အဖျားဒီဂရီ ၁၀၄ ထက် ကျော်လွန်နေသောကြောင့်တည်း။

ထို့နောက်ချက်ခြင်းပင် ဆရာဝန်ကို အခေါ် လွှတ်လိုက်၏။ မကြာ မီ ဆရာဝန်ရောက်လာလေသည်။ ဆရာဝန်လည်း မောင်လူအေးအား


www.burmeseclassic.com

www.burmeseclassic.com

စမ်းသပ်ပြီးနောက် ခါးသော ဆေးတွေကို သောက်ရန် ပေး၏။ ထိ
နှုတ်ဆေးတွေကို ပေး၏။ မောင်လူအေး အငြိမ်မနေရတော့ပြီ။

ယခင်က စည်းစိမ်ကလေးနှင့် ကွေးနေရသော စည်းစိမ်များ ပြ
မလာတော့ချေ။ ယခင်က စိတ်ကူးယဉ်သော စည်းစိမ်မျိုးလည်း
ပျောက်ကွယ်၍သွားတော့၏။ အထက်မြန်မာပြည်နှင့် အောက်မြန်မာ
ပြည်ဘောပွဲကိုလည်း မကြည့်ရတော့ပြီ။ အစိုးရသိန်းထီတွင် ပဌမဆု
ရသောကြောင့် ခံစားခဲ့ရသော စည်းစိမ်မျိုးကိုလည်း မခံစားရတော့
ပြီ။ ကိုယ်လက်ကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာ
တို့ကိုသာ ခံစား၍ နေရလေတော့သတည်း။

အကယ်၍ ခင်သန်းမြင့်ကသာ ဆရာဝန်ကို အခေါ်မလွှတ်လိုက်
လျှင် ယခင်ကထက် ဆန်းကြယ်မွန်မြတ်သော စိတ်ကူးစည်းစိမ်မျိုး
ခံစားရမည်မှာ မလွဲတော့ပေ။

မှတ်တမ်းဝင်စာပေများ၊ ရွှေဘို - ၁၂ - ၁၂ - ၃၉



# ဂေါက်သီး

ဂေါက်သီးကား ဂေါက်ပင်က သီးသော အသီးမဟုတ်ပါ။ လက်
ကိုင်တုတ်ကဲ့သို့သော အဖျားကောက်ကောက် တုတ်မျိုးဖြင့် ရိုက်ကာ
တွင်းစိမ်ကစားရသည့် ကွမ်းသီးလုံးခန့်ရှိသောလုံးကလေးကိုဆိုသည်။

မောင်လူအေး ပြည်ရွှေဘိုသို့ရောက်စက လယ်ဝန်ဦးညိုတို့၊ သစ်
တောဝန်ထောက် ဦးရှတ်ကွင်းတို့၊ ဂေါက်သီးရိုက် ကစားကြသည်ကို
အားကျသောကြောင့်တကြောင်း၊ သူတကာက စ ားစပ်မိ၍ အ
ညောင်းပြေ အညာပြေ ညနေရှိုးကပြန်လျှင် မည်သည့် ကစားမျိုးကို
ကစားပါသလဲဟု မေးလျှင် ဂေါက်သီးကစားပါသည်ဟု ဟန်လုပ်ကာ
ဖြေနိုင်ရန်လည်း တကြောင်း၊ ဤအကြောင်း နှစ်ကြောင်းတို့ကြောင့်
မောင်လူအေးသည် ဂေါက်သီးရိုက်ရန်တုတ်ကောက်တစုံနှင့်ဂေါက်သီး
ခြောက်လုံးတို့ကို အကြွေးရသဖြင့် ဝယ်ယူလိုက်လေသတည်း။

ဂေါက်သီးပိုင်ရှင်၊ ဂေါက်သီးတုတ်များ၏ ပိုင်ရှင် ဖြစ်လာသော်
လည်း တလမှာမှ တခါ ဂေါက်သီးရိုက်သောကွင်းသို့ မရောက်ခဲ့ချေ။
ယင်းမစ္စည်းများကို အလှကြည့်ရန် ဝယ်ထားသည်နှင့် တူလှပေတော့
သည်။ မိတ်ဆွေများက ထိုပစ္စည်းများကို မြင်သွားကြသောအခါ
မောင်လူအေးမှာ တကယ့်ဂေါက်သီးဆရာကြီးဟု ထင်မှတ်သွားလေ့ရှိ
လေသည်။ ဤသို့ထင်မှတ်သွားကြသည်ကိုပင် အသား ကာ တိတ်
ဆိတ်စွာနေခဲ့၏။

သို့နှင့် ဂေါက်သီးကစားခြင်းကို တော်စွာလျော်စွာ လုပ်လာခဲ့
သည်မှာ လပေါင်းများစွာ ကြာခဲ့လေသည်။ ဂေါက်သီးနှင့် ဂေါက်သီး
ရိုက်သောတုတ်ခများတို့မှာ မျက်နှာ ငယ်စွာနှင့် ထောင့်တထောင့်တွင်
နေခဲ့ကြရသည်မှာလည်း ကြာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com


တခါသော် မောင်လူအေးတို့ အိမ်သားတတွေ ရတနာပုံနေပြည်တော်သို့ အလည်အပတ် ရောက်သွားကြကုန်၏။ ရတနာပုံနေ မိတ်ဆွေကြီး ဦးသာဒုတ်မှာ ဂေါက်သီးကစားခြင်း၌ ဝါသနာ အပါကြီး ပါနေပြီဖြစ်ကြောင်းကို တွေ့ရ၏။

ထမင်းစားယင်းလည်းဂေါက်သီးအကြောင်း၊ ညှော်သည်နှင့် စကားပြောယင်းလည်း ဂေါက်သီးအကြောင်း၊ အားနေ၍ စာဖတ်ပြန်လည်း ဂေါက်သီးအကြောင်း ရေးထားသော စာအုပ်ကို ဖတ်။ အပြင်ထွက်သွား၍ ပြန်လာလျှင်လည်း ဂေါက်သီးရိုက်သော တုတ်သစ်တချောင်း နှစ်ချောင်းကို ဝယ်ခဲ့။ နံနက်စောစောခြောက်နာရီ အိပ်ရာမှ ထသည်နှင့်တပြိုင်နက် ဂေါက်သီးကွင်းထဲသို့ ရောက်သွားတော့၏။

ညနေရုံးမှ ပြန်ရောက်သည်နှင့် တပြိုင်နက် ဂေါက်သီးရိုက်သော ကရိယာများကိုယူကာ ဂေါက်သီးကွင်းထဲသို့ ရောက်သွားတော့၏။ စားလည်း သည်စိတ်၊ အိပ်လည်းသည်စိတ် ဖြစ်နေလေတော့သတည်း။ ဦးသာဒုတ်ကား ဇွဲကောင်းသူဖြစ်၏။ တခုတခုကို လုပ်မိမှဖြင့် မလျှော့တမ်း လုပ်တတ်သူတည်း။ သူကား ဂေါက်သီးအတွက် အရူးကြီး ရူးနေလေပြီ။

ဦးသာဒုတ်ချည်းမဟုတ်။ ရတနာပုံနေ မောင်လူအေး၏ မိတ်ဆွေ အားလုံးလိုလိုပင် ဂေါက်သီးစွဲနေလေပြီ။ ကပ္ပတိန် သိန်းမောင်တို့ ပုလိပ်မင်း ဦးကျော်မြင့်တို့၊ မီးရထား စက်ခေါင်းမင်း ဦးရှိန်းတို့ တတွေလည်း ဂေါက်သီး ရူးနေကြကုန်၏။ နံနက်တိုင်း ညနေတိုင်း ဂေါက်သီးကွင်းတွင် သူတို့တတွေ၏ ခြေရာနှင့် ရှုပ်နေလေတော့သည်။

မောင်လူအေး ရတနာပုံသို့ အလည်ရောက်ခိုက်တွင် ဂေါက်သီးဆရာများ၏ခေတ်ကူးသွားပြီးလျှင် ဂေါက်သီးရိုက်ချင်သော စိတ်များ တဖွားဖွား ပေါ်ပေါက်၍လာ၏။ ထိုသို့ ပေါ်ပေါက်လာသည့်အတိုင်း





မိတ်ဆွေများနှင့် နံနက်တိုင်း၊ ညနေတိုင်း ဂေါက်သီး တလုံးကြေးလောင်းတမ်း ရိုက်လေတော့၏။

နံနက်တိုင်းညနေတိုင်း ရိုက်နေကြသောကြောင့် အကျင့်ရပြီးသားသူတို့အား တလမှာမှ တခါလောက် ရိုက်လေ့ရှိသော မောင်လူအေးသည် နိုင်အောင် အဘယ်စွမ်းနိုင်ပါအံ့နည်း။ ဂေါက်သီး လေးလုံးမျှ ရှုံးခဲ့လေပြီ။ မောင်လူအေး အဘယ်မှာကျေနပ်နိုင်အံ့နည်း။ အတော်ပင်စိတ်ပျက်နေ၏။ သူ၏ဂေါက်သီးတုတ်များထည့်သော လွယ်အိတ်ကိုလွယ်ကာ မော်တော်ကားသမား မောင်ငယ်မှာလည်း မိမိ၏သခင် အရှုံးကြီးရှုံးသည်ကို အဘယ်မှာလျှင် ကြည့်ရက်ပါအံ့နည်း။

ရတနာပုံမှ မြည်ရှေဘိုသို့ အပြန်လမ်းထဲတွင် "ငါသည် နေပြည်တော်သား မိတ်ဆွေများကို ဂေါက်သီးရိုက်ရာတွင် မနိုင်လောက်သမျှကာလပတ်လုံး ရတနာပုံသို့ မလာတော့ပြီ။ မြည်ရှေဘိုတွင်ဂေါက်သီး အရိုက်ကျင့်တော့အံ့။ နေပြည်တော်နေ မိတ်ဆွေများကို နိုင်လောက်သော အခြေသို့ရောက်မှ ရတနာပုံသို့ အလည်သွားတော့မည်" ဟု ဆိုကာ အဓိဋ္ဌာန်ကိုပြု၏။

အိမ်သို့ရောက်သည်နှင့် တပြိုင်နက်၊ ဂေါက်သီး အကြောင်းရေးသားထားသော စာအုပ်ကို ကောက်၍ ဖတ်၏။ ထိုစာအုပ်တွင် ညွှန်းသောအချက်များကို မြဲမြဲစွဲစွဲ မှတ်လေသည်။ အိပ်ရာထဲဝင်သောအခါတွင်လည်း ဂေါက်သီးအကြောင်း စဉ်းစားယင်း အိပ်ပျော်သွားလေသတည်း။ ခင်သန်းမြင့်က မည်သို့မျှမပြော။ အသာ အကဲခတ်ကာ သည်လူတော့ ဂေါက်သီးရူးပြီ ဟူ၍သာ စိတ်ထဲက ဆိုနေဟန်ရှိ၏။

နောက်တနေ့နံနက်စောစောခြောက်နာရီမထိုးမီမောင်လူအေးနှင့် သူ၏မော်တော်ကားသမား မောင်ငယ်တို့သည် ဂေါက်သီးကွင်းထဲတွင် ရောက်နေကြကုန်၏။ ပဌမတွင်းကို စိမ်ရန် ရိုက်တော့မည်ပြင်သောအခါ ညကဖတ်ထားသော စာအုပ်က ညွှန်းသည့်အတိုင်း စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com


"ဂေါက်သီးကိုကြည့်၊ ဘယ်လက်ကိုတန်းတန်းထား၊ ဘယ်ခြေကိုကွေး" ဟု သုံးကြိမ်တိုင်တိုင် ဂါထာကိုရွတ်၏။ ဤသို့ရွတ်ပြီးနောက် အညွှန်းအတိုင်းရိုက်လိုက်ရာ အတော်ခပ်လှမ်းလှမ်းသို့ ဂေါက်သီးကလေးမှာ ဖြောင့်တန်းစွာ ပြေးသွား၏။

မောင်လူအေးနှင့် မောင်ငယ်တို့ အတော် အားရသွားကြလေသည်။ မောင်လူအေး၏ စိတ်ထဲတွင် သွေးကြီးမိ၏။ ယခင်ကအတိုင်း ဆက်လက်၍ ရိုက်သွားရာ လေးချက်နှင့် ပဉ္စမတွင်းကို စိမ်မိလေသတည်း။

ထိုအခါ မောင်လူအေးမှာ သွေးကြီးသွားပြီးလျှင် "ဟိုနေ့က မန္တလေးမှာ သည်လိုသာ ရိုက်မယ်ဆိုယင် နေရာကျမှာဘဲကွာ" ဟု မောင်ငယ်အား လှမ်း၍ပြောလိုက်၏။

"သည်လိုသာဆိုယင် ကပ္ပတိန် သိန်းမောင်တို့၊ ဦးသာဒုတ်တို့ တော့ အပျော့ပေါ့" ဟု မောင်ငယ်က ထောက်ခံလိုက်လေသတည်း။

ယခုကား ဒုတိယတွင်းကို စိမ်ရန် ရိုက်တော့အံ့။ မောင်လူအေးသည် ယခင်ကရွတ်သော "ဂေါက်သီးကိုကြည့်၊ ဘယ်လက်ကိုတန်းတန်းထား၊ ဘယ်ခြေကိုကွေး" ဆိုသော ဂါထာကို သုံးကြိမ်ရွတ်ပြန်၏။ ဤသို့ရွတ်ပြီး ရိုက်မည် အလုပ်တွင် –

"သည်လိုသာဆိုယင်ကိုသာဒုတ်တို့တော့အပျော့ပေါ့" ဟုသွားတွေးမိ၏။ ဤသို့လည်း တွေးမိ ဂေါက်သီးကိုလည်း ရိုက်တော့သတည်း။

စိတ်အာရုံမှာ ဂေါက်သီးတွင် စိုက်မနေဘဲ ဦးသာဒုတ်ဆီရောက်သွားသောကြောင့် ဂေါက်သီးကို ချက်ကောင်းမမှန် မြေကြီးကို အားကုန်နှံလိုက်သောကြောင့် ဂေါက်သီးခမျာမှာ ဆယ်ပေခန့်သာ သွားနိုင်ရှာသတည်း။

မောင်လူအေးကား များစွာ ဒေါသ ထွက်မိတော့၏။ ဒေါသထိချုပ်တည်းကာ ရိုက်ပြန်၏။ ဘယ်လက်ကို ဆန့်တန်းထားရမည်ကိုမေ့ပြီး ရိုက်မိသောကြောင့် ဂေါက်သီးကို မထိဘဲ ဗလာကြဲနေလေတော့သည်။ ယခင်ကထက်ပင် ပို၍ ဒေါသထွက်လာပြန်၏။ ထိုဒေါသကို ချုပ်ကာ ရိုက်ပြန်၏။ အနီးအနားရှိ ချုံတောထဲသို့ ဂေါက်သီးရောက်သွား၏။ မောင်လူအေး စိတ်အပျက်ကြီး ပျက်လေပြီ။ ယခင်က သွေးကြီးခဲ့သည်လည်း လွင့်စဉ်၍ သွား၏။

နောင်မှတဖန် အားခဲကာ ရိုက်ရာ အချက်ပေါင်းဆယ်ချက် ရိုက်မိမှ ဂေါက်သီးသည် ဒုတိယတွင်းထဲသို့ ရောက်သွားလေသည်။

ဤသို့ ဒေါသထွက်ချည်၊ စိတ်ပျက်ချည်၊ သွေးကြီးချည်၊ အခံရခက်ချည်နှင့် ရိုက်သွားသည်မှာ တွင်းပေါင်း ၁၂-တွင်းတို့ကို စိမ်ပြီးခဲ့၏။ ပြီးလျှင် မော်တော်ကားပေါ် တက်ကာ အိမ်သို့ ပြန်ခဲ့သတည်း။

အိမ်ထဲသို့ ဝင်သွားသောအခါ ခင်သန်းမြင့်က သရော်သလိုလို လုပ်ကာ ပြုံး၏။ မောင်လူအေး ဂရုမစိုက်၊ ဂေါက်သီး အကြောင်းကိုသာလျှင် စဉ်းစား၍နေလေသည်။

ရုံးသွားချိန်ရောက်၍ ရုံးသို့ ထွက်သွားသော်လည်း ရုံးတွင် ဂေါက်သီးအကြောင်း စဉ်းစားကာ အလုပ် လုပ်သဖြင့် အချို့ အလုပ်များမှာ အမှားမှား အယွင်းယွင်း ဖြစ်သွားလေသည်။ ထိုအခါ…"တော့ လောကမှာ ရုံးမှ ထူးသကွ" ဟု ဆိုကာ မိမိ၏ အမှားကို ဖြေဖျောက်၏။

ညနေလေးနာရီ ထိုးသည်နှင့် တပြိုင်နက် ရုံးမှ ဆင်းကာ ဂေါက်သီးကွင်းကိုပြေး၏။ နေပူကျဲကျဲကြီးတွင် မောင်ငယ်နှင့် နှစ်ယောက်သား ကြဲနေကြကုန်၏။ မောင်လူအေးက ရိုက်၊ မောင်ငယ်က တုတ်ကို ကမ်းပေး၊ ဂေါက်သီးပျောက်လျှင်ရှာ၊ မှောင်၍ ဂေါက်သီးကို မမြင်တော့မှ ဂေါက်သီးကွင်းမှ ပြန်လာကြလေသတည်း။

ရေမိုးချိုး၊ ညစာစားပြီးသောအခါ ဂေါက်သီး အကြောင်း ရေးထားသော စာအုပ်ကို ဖတ်ပြန်၏။ ထိုစာအုပ်ကို ဖတ်နေယင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com


ကူးပေါက်လာပြီးလျှင် ဂေါက်သီးရိုက်သော တုတ်တချောင်းကို အိတ်မှ ထုတ်ကာ အိပ်ခန်းထဲသို့ ဝင်သွား၏။

အိပ်ခန်းထဲရှိ ကိုယ်လုံးပေါ် မှန်ရှေ့သို့ ရောက်သောအခါ စာအုပ်တွင် ပါသော ညွှန်းချက် အတိုင်း ကိုင်ကာ ဂေါက်သီးရိုက်သော တုတ်ကို လွဲလေ၏။ ဤသို့ လွဲလိုက်ရာ မျက်နှာကြက်မှ တွဲလောင်းကျနေသော ဓာတ်မီးလုံးကို သွား၍ မှန်သောကြောင့် "ဂွမ်း" ခနဲမြည်ကာ ကွဲ၍ ကြမ်းပြင်ပေါ်သို့ ကျလာ၏။ အိပ်ခန်းတခန်းလုံးလည်း မှောင်အတိ ကျသွားလေသတည်း။ ဧည့်ခန်းတွင် ထိုင်နေကြသော ခင်သန်းမြင့်တို့တတွေ ကြားသဖြင့် အလန့်တကြား ပြေးလာပြီးလျှင် အခန်းဝမှနေ၍ အကြောင်းကို မေးကြ၏။

"ဘာမှ မဖြစ်ပါဘူး။ ဂေါက်သီးတုတ်နဲ့ ဓာတ်မီးကို သွားရိုက်မိလို့" ဟု မောင်လူအေးက လှမ်းကာ ဖြေ၏။

"တယ်လဲ ရူးတာကိုး" ဟု ဆိုကာ ခင်သန်းမြင့်က ရေရွတ်၏။

မောင်လူအေး မည်သို့မျှ မဆို။ ကုပ်ကုပ်-ကုပ်ကုပ်နှင့် အခန်းထဲမှ ထွက်လာပြီးလျှင် ဂေါက်သီးတုတ်ကို သူ့နေရာမှာ သွားထားလေသတည်း။

နောက်တနေ့လည်း ယခင်နေ့ကကဲ့သို့ပင် နံနက်ရော ညနေရော ဂေါက်သီးကွင်းသို့ ဆရာတပည့်နှစ်ယောက် သွားကြပြန်၏။

ဤသို့ နေ့စဉ် ရက်ဆက် သွားကြ၍ ဆယ်ရက် မြောက်သောနေ့ ညစာစားပြီးနောက်၊ ခင်သန်းမြင့်တို့ နောက်ဖေးခန်းတွင် စကားပြောနေခိုက်၊ ဧည့်ခန်းထဲတွင် မောင်လူအေး တယောက်တည်း ဂေါက်သီးအရိုက် ကျင့်ပြန်၏။ ဤသို့ကျင့်ရာ ကြမ်းပြင်ကို မှန်လိုက်သဖြင့် "ဒိုင်း" ကနဲ မည်သွားလေသတည်း။

ဧည့်ခန်းထဲတွင် ခင်းထားသော ကော်ဇောမှာလည်း ပေါက်



သွား၏။ ခင်သန်းမြင့် ပြေးထွက်လာပြီး မေးသောအခါ ဟုတ်တိုင်းမှန်ရာကို ပြောလိုက်ရရှာ၏။ ခင်သန်းမြင့် ဆူပြန်၏။

မောင်လူအေးမှာ အခက်ကြုံနေလေပြီ။ ဂေါက်သီးကိုလည်း မစွန့်နိုင်။ ခင်သန်းမြင့်၏ ဆူပူခြင်းကိုလည်း မခံချင်။ သို့ဖြစ်သောကြောင့် အကြံတခုကို ထုတ်၏။

ထိုအကြံကို ထုတ်ပြီးသည်နှင့် တပြိုင်နက်၊ ခင်သန်းမြင့်အား ဂေါက်သီး ကစားရန် ဆွယ်တရားဟော၏။ ဂေါက်သီး ကစားခြင်းသည် မြန်မာ မိန်းမများနှင့် အလွန်တော်ကြောင်း။ ပင်လည်း မပင်ပန်း။ ငွေလည်း မပျက်။ ကျန်းမာခြင်းလည်း ဖြစ်။ သို့ဖြစ်သောကြောင့် ခင်သန်းမြင့်လည်း ဂေါက်သီး ရိုက်သင့်ကြောင်း အာပေါက်အောင် နေ့စဉ် ဟော၏။ ဤသို့ ဟောဖန်များလတ်သော် ခင်သန်းမြင့် စိတ်ပါလာ၏။

များမကြာမီ အတွင်း မောင်လူအေးနှင့် ခင်သန်းမြင့်တို့ကို မနက်တိုင်း ညနေတိုင်း ဂေါက်သီးကွင်းတွင် မြင်ရလေသတည်း။

နှစ်ယောက်စလုံး စွဲနေကြလေပြီ။ ဂေါက်သီးကွင်းမှ ပြန်လာသောအခါလည်း အိပ်ခန်း၊ ဧည့်ခန်းထဲတွင် အစမ်း ရိုက်နေကြကုန်၏။ ခင်သန်းမြင့်၏ ပယောဂကြောင့် ခုတင်တိုင် တတိုင်လည်း ပိန်သွားလေပြီ။ မောင်လူအေး၏ ပယောဂကြောင့် တံခါးမှန်တချပ်လည်း ကွဲသွားလေပြီ။

သို့သော် တယောက်ကို တယောက် အပြစ်မဆိုကြ။ ကျေနပ်နေကြလေသည်။ မတော်တဆ ထိတာဘဲဟု ဆိုကာ ပြုံးနေကြကုန်၏။

ဤသို့ ရူးဖန်များလတ်သော် မောင်လူအေး၏ ညာဖက် နံတောင်းမှာ ကွေးရလွန်းလှ၍ အောင့်စပြုလာ၏။ သို့သော် လက်မလျှော့သေး။ တေပေကာ ရိုက်တုန်းပင်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တော်တော်နာလာ၏။ သို့သော် ဂရုမစိုက်၊ နောင်နာလွန်းမက နာလွန်းလှမှ နံနက်အတွက် လက်လျှော့လိုက်ပြီးလျှင် ညနေဖက်သာ သွားတော့၏။ ပြန်လာကြသောအခါ ခင်သန်းမြင့်က ရေနွေးကျပ်ပူ ထိုးပေးရရှာလေသည်။ နှစ်ဦး သဘောတူ အလုပ်ကို လုပ်ရခြင်းကား အဟောသုခံ ဩော်-ချမ်းသာစွ။

မှတ်တမ်းဝင်စာပေများ-ကျွန်းလှ၊ ၄ - ၄ - ၄၀။



# မောင်ငယ်နှင့်ခွေး

မောင်ငယ်သည် မောင်လူအေး၏ နဝမမြောက် ဖြစ်သော မော်တော်ကား မောင်းသမား ဖြစ်လေသည်။ မောင်ငယ်၏ နောင်တော် ဖြစ်ကြကုန်သော မော်တော်ကား မောင်းသမား ရှစ်ယောက်တို့ကား အမျိုးမျိုး အစားစား ဖြစ်ကြကုန်၏။ အချို့မှာ အ လွန်းသည်။ အချို့မှာ လည် လွန်းသည်။ အချို့မှာ ပျင်းလွန်းသည်။ အချို့မှာ ညစ်ပတ်သည်။ အချို့မှာ ကြွေးထူသည်။ အချို့မှာ စပေါ်တောင်းလွန်းသည်။ အချို့မှာ မော်တော်ကား စက်ကို ကလိ လွန်းသည်။ အချို့မှာ မော်တော်ကားကို အပြင်းမောင်းတတ်သည်။ အချို့မှာ တတ်ယောင်ကား လုပ်တတ်သည်။ အချို့မှာမောက်မာလွန်းသည်။ အချို့မှာ မော်တော်ကား မောင်းယင်း ဆေးလိပ်သောက်တတ်သည်။ အချို့မှာ အရက်မူးတတ်သည်။ အချို့မှာ ခေတ်ဆီကို သောက်တတ်သည်။ ဤသို့သော အကြောင်း ကြောင်း တို့ကြောင့် မောင်ငယ်၏ နောင်တော်များမှာ တယောက်ပြီးလျှင် တယောက် အသီးသီး အလုပ် ပြုတ်ကြရရှာလေသည်။

မောင်ငယ်ကား မောင်လူအေး ထံတွင် မော်တော်ကား မောင်းနေသည်မှာ သုံးနှစ် နီးပါး ရှိလေပြီ။ ဤကို ထောက်ခြင်းအားဖြင့် မောင်ငယ်တွင် အထက်ဖော်ပြရာပါ အပြစ်များ မရှိကြောင်း ထင်ရှား၏။ သို့သော် သူ၌လည်း အပြစ်လုံးလုံး မကင်းပေ။ မောင်ငယ်တွင် ခွေးများကို မော်တော်ကားဖြင့် ဝင်၍တိုက်လိုသောဆန္ဒ ကြီးစွာ ရှိ၏။ သူမော်တော်ကားရှေ့မှ ခွေးများ ဖြတ်သွားသည် ရှိသော် မည်သည့် အခါမျှ ချမ်းသာခွင့် မပေးချေ။

ခွေးများကို ချမ်းသာခွင့် မပေးသည်မှာ မောင်ငယ်တယော

www.burmeseclassic.com

www.burmeseclassic.com



တည်း မဟုတ်။ မော်တော်ကား မောင်းသမားအားလုံးပင် ဖြစ်၏။ သို့ဖြစ်သောကြောင့် မောင်ငယ် တယောက်တည်းကိုသာ ရွေး၍ အပြစ်တင်ရန် မသင့်ပေ။ မော်တော်ကားပေါ်သို့ ရောက်လိုက်သည်နှင့် တပြိုင်နက် ခွေးအစရှိသော တိရစ္ဆာန်တို့ကို မဆိုထားဘိ၊ မော်တော်ကား ဘေးလမ်းပေါ်တွင် လျှောက်၍ သွားကြကုန်သော လူတို့ကိုပင် အမှု မထားကြတော့ပေ။ လှည်းများ၊ ရထားများ၊ စက်ဘီးများ၊ ဆိုက်ကားများကိုလည်း ရှိသည်ဟူ၍ပင် မထင်မှတ်ကြ။ မိမိတို့၏ မော်တော်ကားများရှေ့တွင် သွားလာနေကြကုန်သော လှည်း၊ရထား၊ စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်နေသူများသည် မိမိတို့ လာသည်ကို မြင်လျှင် တမုဟုတ်ခြင်း လမ်းလယ်မှ ဖယ်ခွါရှောင်တိမ်း ပေးစေချင်ကြကုန်၏။ အကယ်၍ ထိုသူတို့ နှေးကွေး နေကြလျှင် မော်တော်ကားပေါ်မှ ကိုယ်တော်တသိုက်တို့သည် အော်လိုအော်၊ ငေါက်လိုငေါက် လုပ်ကြကုန်၏။ မော်တော်ကား များဖြင့် ဝင်တိုက်မယောင် ပြုကြကုန်၏။ ခများလှည်းသမား၊ မော်တော်ကား သမား၊ ဆိုက်ကားသမား၊ လမ်းလျှောက် သူများမှာ အသာ ငုံ့ခံနေကြရရှာလေသည်။ သတ္တိကောင်းသူ တယောက်တလေက မခံရပ်နိုင်သောကြောင့် ဆဲဆိုရေရွတ်သော်လည်း ကိုယ်တော်မြတ်များ မကြားကြ။အတော်ပင်ဝေး သွားကြလေပြီ။ သူတို့၏ စိတ်တွင် လမ်းကြီး လမ်းငယ် အသွယ်သွယ် တို့မှာ သူတို့၏ ကိုယ်ပိုင် ပစ္စည်းများ ဖြစ်သည်ဟူ၍ ထင်မှတ် နေကြလေရော့ သလား မပြောတတ်။ အခွန်တော်ကို သူတို့ချည်း ပေးသည်ဟူ၍များ အယူ ရှိနေကြလေသလား မသိ။

လှည်းသမား၊ ရထားသမား၊ လမ်းလျှောက် သူများ အပေါ်တွင် ဤမျှ အထင်အမြင် သေးကြကုန်သော သူတို့သည် ခွေးများအပေါ်၌ မည်မျှ အထင်အမြင်သေးကြမည်ကိုကား ရေးသားနေရန်ပင် လိုတော့မည် မဟုတ်။ခွေးများသည် မော်တော်ကား သွားရာလမ်းများပေါ်သို့



လာရန် အခွင့်အရေး တစုံတရာမျှ မရှိဟူ၍ အယူရှိကြကုန်၏။ ဤမျှ မကသေး။ ခွေးများသည် လောကကြီးတွင် ပေါ်ပေါက် ထွန်းကား လာရန်ပင် အကြောင်းထူး တစုံတရာမရှိဟူ၍ ထင်မှတ် ကြလေသည်။

ခွေးများကလည်း မိမိတို့၏ ဘိုးစဉ် ဘောင်ဆက်က ရခဲ့ ကြသော အခွင့် အရေးတို့သည် မိမိတို့လက်မှ လွတ်သွားမည်ကို များစွာ စိုးရိမ် သောကြောင့် ထိုအခွင့် အရေးတို့ကို အခါမလပ် တွင်တွင်ကြီး အသုံး ပြုနေကြကုန်၏။ ခွေးဖြူ၊ ခွေးမဲ၊ ခွေးဝဲစားမှ အစ ခွေးကြီး၊ ခွေး ကလေး၊ခွေးထီး၊ ခွေးမ၊ခွေးပိန်၊ ခွေးနာ၊ ခွေးဗလာချာ အဆုံးရှိသော ခွေးအပေါင်းတို့မှာ လမ်းတဏှာတွင် ကျင်လည်ကျက်စား၍နေကြလေ သည်။ လူအလွန် စည်ကား၍ မော်တော်ကားများ ရှုပ်ထွေး လှသော လမ်းများမှာပင် သူတို့ကို မြင်ရ၏။ လမ်းကြီး လမ်းငယ် အသွယ်သွယ် တို့မှာ သူတို့၏ ကျင်လည်ရာ လောကကြီးဟူ၍ အတည် ပြုထားကြ ဟန် တူလေသည်။ မော်တော်ကား မောင်းသမားတို့က မော်တော် ကားများဖြင့် ကြိတ်၍ နေ့စဉ်နှင့် အမျှ အတုံးအရုံး သေနေကြသော် လည်း ခွေးအပေါင်းတို့ကား တဗိုလ်ကျလျှင် တဗိုလ်တက် နေကြသည် သာတည်း။ ဤနည်းအားဖြင့် မော်တော်ကား သမားတို့ကလည်း အရှုံးမပေး။ခွေးအပေါင်းတို့ကလည်း အရှုံးမခံဘဲ စစ်ပွဲကြီးကို ကျင်းပ လာခဲ့ ကြသည်မှာ မော်တော်ကားပေါ်စ အခါကတည်းက ဖြစ်လေ သည်။ ယခု ထက်တိုင် ဤစစ်ပွဲကြီးမှာ မပြီးသေး၊ နောင်မည်မျှ ကြာ အောင် တိုက်ခိုက် ကြဦးမည် မသိ။ ခွေး လောကကြီးတွင်လည်း ခွေးတပ်သားတို့မှာ နည်းသွားသည် မရှိ။ တနေ့တခြား တိုးပွါးလျက် သာ နေတော့သည်။ မော်တော်ကား လောကကြီးမှာလည်း ဤနည်း အတိုင်းပင်တည်း။

မောင်ငယ်မှာ မော်တော်ကား သမား ဖြစ်သည့် အတိုင်း မော် တော်ကား သမားတို့ ဖက်မှ စစ်ကူမည်မှာ မမွှတာပင်။ မောင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



သည် မောင်လူအေးထံသို့ ရောက်၍ သုံးလမျှ မကြာသေးမီ ခွေးသုံးကောင်တို့ကို မော်တော်ကားဖြင့် ကြိတ်ခဲ့လေပြီ။ ခွေးလောကကြီးတွင် အတော်ပင် စိတ်မချမ်းသာ ဖြစ်မည်မှာ ယုံမှားဘွယ် မရှိပေ။ ခွေးလောကကြီးတွင်သာ မဟုတ်၊ အကြိတ်ခံရသော ခွေးတို့၏ ကျယ်လောင်စွာ ငိုကြွေးသံကို ကြားရသော မောင်လူအေးမှာလည်း စိတ်မချမ်း မသာ များစွာ ဖြစ်ရလေသည်။ ဤသို့ စိတ်မချမ်းမသာ ဖြစ်သောကြောင့် ခွေးများကို မကြိတ်ရန် မောင်ငယ်အား အဖန်ဖန် ပြော၏။ မရ။မကြာမကြာလည်း ကြိမ်းမောင်း၏။ မရ။ တခါတခါလည်း အလုပ်မှ နုတ်ပယ် ပစ်မည်ဟု ဆို၏။ မရ။

နောက်ဆုံးတွင် မောင်လူအေး အကြံကောင်းတခုကို ရလေသည်။ ထိုအကြံကို ရသည်နှင့် တပြိုင်နက် မောင်ငယ်အား အနားသို့ ခေါ်ပြီးလျှင် ဤသို့ ဆို၏။

"မောင်ငယ်၊ သင်သည် ခွေးတို့၏ အသက်ကို ပရှက်ဆိတ်တို့၏ အသက်လောက်မျှ ပမာမထား။ သင် မော်တော်ကားဖြင့် ကြိတ်သောကြောင့် ခွေးပေါင်းများစွာ အသက်ရှုံးဆုံး ခဲ့ကြရလှလေပြီ။ သင့်အား ခွေးများက ဝိုင်း၍ ကိုက်မည်ဆိုလျှင် သင်ကြိုက်ပါ မည်လော။ သင် မော်တော်ကားဖြင့် ကြိတ်လိုက်သော ခွေးများ၏ ငိုကြွေး အော်ဟစ်သော အသံကို ငါမကြားနိုင်။ မကြားလို။ မကြားရက်။ ယနေ့မှ စ၍ သင် ခွေးတကောင်ကိုကြိတ်လျှင် သင့်အား ငွေတကျပ်ဒဏ်တပ်မည်။ ကြား၏လော။ မြဲမြဲ မှတ်ထားလော့။"

ဤသို့ မောင်လူအေးသည် တင်းမာလှစွာသော အမိန့်ကို ထုတ်ဆင့်လိုက်၏။ ထိုအမိန့်ကို ကြားရသော မောင်ငယ်မှာ မျက်နှာအပျက်ကြီး ပျက်၍ သွားလေသည်။ သို့သော် စကား တခွန်းကိုမျှ မပြောပါဘဲ ဆိတ်ဆိတ်သာလျှင် မောင်လူအေး၏ အပါးမှ ထွက်ခွါ သွားလေသည်။





မောင်လူအေး၏ အမိန့်ကို ခွေးများသာ ကြားသိကြမည် ဆိုလျှင် မည်မျှ ဝမ်းမြောက်ကြမည်နည်း။ ခွေးလောကကြီးမှာသာသတင်းစာ၊ မဂ္ဂဇင်းများ ထွန်းကားနေပါမူ ထိုသတင်းစာတို့က မောင်လူအေးအား ကြီးမားလှစွာသော စာလုံးကြီးများဖြင့် ချီးမွမ်းစကား ရေးသား ကြမည်မှာ မလွဲပေ။ မောင်လူအေး၏ ဓာတ်ပုံ အမျိုးမျိုးတို့ပင် ထိုခွေးသတင်းစာများတွင် ပါလာကောင်း ပါလာ ပေလိမ့်မည်။ ခွေးလောကကြီးမှာသာအစည်းအရုံးကြီးများရှိပါမူ ခွေးလောကလုံးကျွတ် အစည်းအဝေးကြီးများကို ခေါ်ကာ မောင်လူအေးအား သြဘာ ပေးကြမည်မှာ အမှန်ပင် ဖြစ်တော့သည်။ ခွေးမျက်နှာကြီးတို့၏ သမီးချော ခွေးမတမ်းမကလေးများက မောင်လူအေးအား ပန်းကုံးစွပ်ကာ ချီးမြှင့်ကြမည်မှာ ကေန်ပင် ဖြစ်တော့သည်။ သို့သော် ခွေးလောကကြီးတွင် သတင်းစာ မဂ္ဂဇင်း ကလည်း မရှိ။ အစည်းအရုံးကလည်း မရှိလေရကား မောင်လူအေး၏ အမိန့်မှာ ခွေးလောကကြီးတွင် ထင်ပေါ်ခြင်း မရှိခဲ့ပေ။ ထိုအမိန့်ကို မောင်လူအေးနှင့် မောင်ငယ်တို့မှ တပါး မည်သူမျှ မသိ ဖြစ်ချေသည်။

အဆိုပါ အမိန့်ကို ထုတ်ဆင့်ပြီးနောက် သုံးလေးရက်ခန့် အကြာတွင် မောင်လူအေးနှင့် မောင်ငယ်တို့သည် မော်တော်ကားဖြင့် ခရီးထွက်ကြကုန်၏။ မြို့အစွန်နားသို့ ရောက်သောအခါ တောမှ စပါးတိုက်လာကြကုန်သော လှည်းတန်းကြီးနှင့် တွေ့ကြလေသည်။ ထိုလှည်းများနှင့် အတူ လိုက်ပါလာသော ခွေးတကောင်သည် ယောင်တီးယောင်တနှင့် လမ်းအလယ်မှ လျှောက်၍ လာပေ၏။ မောင်ငယ်က မော်တော်ကား၏ အရှိန်ကို သတ်ကာ မော်တော်ကား၏ "ဟွန်း" ကို အကြိမ်ကြိမ် မှုတ်လေသည်။ ထိုခွေးတောသားမှာ ဂရုမစိုက်။ မော်တော်ကား ဖက်သို့ပင် မလှည့်။ လှည်းများဖက်သို့သာ မျက်နှာ မူကာ ယောင်တီး ယောင်တနှင့် ရပ်နေပြန်လေသည်။ ခါတိုင်း ဖြစ်မူ ထိုခွေး



www.burmeseclassic.com

www.burmeseclassic.com



တောသားမှာ မော်တော်ကား ဘီးအောက်တွင် တဂိန်ဂိန်နှင့် နေလေပြီ။ မော်တော်ကား၏ ဘီးများမှာလည်း ထိုခွေး၏သွေးကို သောက်ကြရလေပြီ။ ယခုမှာကား မောင်ငယ်သည် မော်တော်ကားကို အရှိန်သတ်ကာ အံကြိတ်၍ နေလေသည်။ သူ၏ စိတ်ထဲတွင် မခံသိ မခံသာ ဖြစ်နေပေ၏။ ဒဏ်ငွေတကျပ်ပေးကာ ထိုခွေးမိုက်၊ ခွေးအအား ဝင်၍ ကြိတ်လိုက်လိုသော ဆန္ဒမှာ ပေါ်၍လာ၏။ သို့သော် ထိုငွေတကျပ်သည် သူ၏ သားသမီးတို့၏ ခုနစ်ရက်စာ မုံ့ဖိုးဖြစ်သည်ကို သတိရလာသဖြင့် ယခင်က စိတ်ကူးကို ကြိုးစား ဖျောက်လိုက် ရရှာလေသည်။ ဤသို့ "တက်ရပိမ့်လော၊ ရပ်ပိမ့်လော" ဟု ချီတုံ ချတုံ ဖြစ်နေသည့်အခိုက် ခွေးရှင် လူညီးသမားသည် မိမိလူညီးပေါ်မှဆင်းကာ မောင်းသောကြောင့် ထိုခွေးမိုက်မှာ လမ်းဘေးသို့ဆင်း၍ ပြေးလေသတည်း။ သည်အခါကျမှ မောင်ငယ်သည် မော်တော်ကားကို ဆက်၍ မောင်းသွားလေသည်။ သို့သော် ထိုခွေးမိုက်ကို မကြိတ်လိုက်ရသောကြောင့် မကျေ နပ်ပေ။ နှုတ်က တိုးတိုးရေရွတ်ကာ လာ၏။ ထိုသို့သော ခွေးမိုက်အား လက်လျှော့ကာ အရှုံးပေးခဲ့ရလျှင် မည်သည့် မော်တော်ကား မောင်းသမားသည် ကျေနပ် နိုင်ပါအံ့နည်း။

ထိုနောက် များမကြာမီ မောင်လူအေးနှင့် မောင်ငယ်တို့ ခရီးထွက်ကြပြန်၏။ တမိုင်ခန့် သွားမိလျှင် လမ်းပေါ်တွင် ကစားနေကြသော ခွေး သားအမိတို့နှင့် ရင်ဆိုင် တိုးနေပြန်လေပြီ။ မောင်ငယ်သည် မော်တော်ကားကို အရှိန်သတ်ကာ "ဟွန်း" ကိုမှုတ်၏။ ခွေးမကြီးသာ လမ်းဘေးသို့ ဆင်း၍ ပြေး၏။ ခွေးသားကလေးတို့ကား လမ်းဘေးသို့ ဆင်းပြေးရမှန်း မသိကြ။ ကြောက်အား လန့်အားနှင့် လမ်းပေါ်တွင် ပြားပြား ဝပ်နေကြကုန်၏။ မောင်ငယ် စိတ်ဆိုးလေပြီ။ သို့သော် မည်သို့မျှ မတတ်နိုင်၊ သူတို့တတွေအား အရှုံးပေးကာ မော်တော်ကားကို ရပ်လိုက်ပြီးလျှင် "ဟွန်း" ကို ကျယ်လောင်စွာ အကြိမ်ကြိမ်မှုတ်၏။

ခွေးကလေးတို့မှာ လမ်းပေါ်တွင် တိုး၍သာ ဝပ်နေကြလေတော့သည်။ သူတို့၏ နေရာများမှ ရွေ့ပင်မရွေ့။ ဒဏ်ငွေတကျပ် ပေးကာ ထိုခွေးကလေးတို့ကို ဝင်၍ ကြိတ်လိုက်ချင်၏။ သို့သော် ထိုငွေတကျပ်သည် သူတို့လင်မယား သားအမိအား ထမင်း လေးငါးနပ် ကျွေးနိုင်သည်ကို သတိ ရပြန်သောကြောင့် မော်တော်ကားပေါ်မှ ဆင်းကာ ထိုခွေးကလေးတို့ကို လမ်းဘေးသို့ ပြောင်းရွှေ့ပေးရ ရှာ၏။ ပြီးမှ မော်တော်ကားကို ဆက်လက်၍ မောင်းသွား ရှာလေသည်။ သူ၏ မျက်နှာသည် နီရဲ၍ နေ၏။ သူ၏ နှုတ်ခမ်းများသည် စူထွက်၍ နေလေသည်။

ထိုခွေးကလေးတို့အား အရှုံးပေးရပြီးနောက် တလခန့် ကြာပြန်သောအခါ မောင်ငယ်နှင့် ခွေးတို့၏စစ်ပွဲကို ကြည့်ရပြန်၏။ အချိန်ကား နံနက်စောစော နေထွက်ခါစအချိန် ဖြစ်လေသည်။ မောင်လူအေးတို့၏ မော်တော်ကား လာနေသော လမ်းအလယ်တွင် ခွေးနက်တကောင်သည် စိတ်ချ လက်ချ အိပ်ကာ နေပူစာလှုံနေ၏။ သူ့ အနီးသို့ ရောက်သောအခါ မောင်ငယ်က မော်တော်ကား "ဟွန်း" ကို မှုတ်၏။ ထိုခွေးနက်မှာ မှုန်ပင်မဖွင့်။ ထိုအခါ မောင်ငယ်က "ဟွန်း" ကို အဖန်တလဲလဲမှုတ်ပြန်၏။ ထိုခွေးကိုယ်တော်မြတ်မှာ အသာခေါင်းကိုထောင်ကြည့်ပြီးလျှင် အိပ်မြဲတိုင်းအိပ်နေပြန်၏။ ခွေးများ၏ကမ္ဘာ့ရန်သူဖြစ်သောမောင်ငယ်ကို မဆိုထားဘိ ခွေးများဖက်မှ ရှေ့နေလိုက်ခဲ့သော မောင်လူအေးပင် သည်းမခံနိုင်တော့ပြီ။ သည်ခွေးစွာကို ဝင်ကြိတ်လိုက်ပါတော့လားဟု ဆိုလိုက်ချင်သည်။ ယခင်က ထုတ်ဆင့်ထားသောအမိန့်ကို သတိရသဖြင့် မဆိုဝံ့ချေ။ သို့သော် မောင်ငယ်က သူ၏သဘောအလျောက် ထိုခွေးကို ဝင်ကြိတ်ပါမူ ဒဏ်ငွေတကျပ်ကိုမတပ်ဟူ၍ ဆုံးဖြတ်လိုက်လေသည်။ ကြိတ်လိုက် ပါတော့လား။ သည်လောက် စွာတဲ့ခွေးကို ကြိတ်လိုက်ပါတော့ဟူ၍ တိုးတိုးရေရွတ်နေလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com



မောင်ငယ်ကိုလည်း ရှုကြပါဦး။ ခွေးများ၏ရှေ့တွင် အကြိမ်ကြိမ် ဂုဏ်နိမ့်ခြင်းခံခဲ့ရသော မောင်ငယ်မှာ ဒေါသ ထွက်လှသောကြောင့် ကိုယ်လုံး ဆတ်ဆတ် တုန်နေလေသည်။ ထို စွာလှသော ခွေးကို ကြိတ်လျှင် ဒဏ်ငွေတကျပ် အရိုက်ခံရမည်ကို တွေးမိ၏။ ထိုငွေ တကျပ်၏ တန်ခိုးကြီးကြောင်းကိုလည်း သိ၏။ သို့သော် ထိုစွာလှ သောခွေးမျိုးကို ကြိတ်လိုက်ရလျှင် တကျပ်မှာ နှစ်ကျပ်ပင် တန်သည် ဟုဆုံးဖြတ်ကာ စက်ကုန်ဖွင့်ပြီးလျှင် ထိုခွေးစွာကို ဝင်၍ ကြိတ်လေ တော့၏။ မောင်လူအေးရော၊ မောင်ငယ်ပါ အတော်ပင် ကျေနပ်သွား ကြလေသည်။ သို့သော် ခွေးကို တိုက်မိသော အသံ၊ ခွေး၏အော်သံတို့ ကို မကြားရသောကြောင့် မောင်လူအေး လှည့်ကြည့်လိုက်သောအခါ "ငါကဲ့သို့အရှောင်ကောင်းလှသော ခွေးကို ဝင်တိုက်လို့ ဘာရမလဲ" ဟု မဆိုသော်လည်း ဆိုသည့်ပုံနှင့် ရပ်ကာ ကြည့်နေသော ခွေးကိုမြင်ရ သော မောင်လူအေးမှာ မည်မျှ အခံရ ခက်ပေမည်နည်း။

ဂန္ထလောက ၁၃၀၂-ခု၊ တပေါင်းလ။



# သင်းတို့နှစ်ကောင်

မောင်လူအေးမှာ စာရေးစားပွဲတွင် အမှုတွဲတွေနှင့် အလုပ်များ လျက် နေလေသည်။ သင်းတို့ နှစ်ကောင်ကား ဘာမျှမသိ၊ ဘာမျှ နားမလည်၊ မောင်လူအေး စာရေးနေရာ စားပွဲ အနီးတွင် ကိုက်တမ်း လိုက်တမ်း ကစားနေကြကုန်၏။ အချိန်ကား ကိုးနာရီခန့် ရှိပေလိမ့် မည်။

သင်းတို့ နှစ်ကောင် ဆိုရာ၌ အာမိတ်နှင့် လေ့ဇော ခေါ်သော ချင်း ခွေးကလေး နှစ်ကောင်တို့ကို ဆိုလို၏။ အာမိတ်၊ လေ့ဇော ဟူသော အမည်တို့မှာ အဓိပ္ပါယ် မရှိသော ရှင်ဦးအမည် မဟုတ်၊ အဓိပ္ပါယ် ရှိသော နိမိတ္တက အနွတ္ထ အမည်များ ဖြစ်ကြလေသည်။ အာမိတ် ဆိုသည်မှာ စည်တုတ္တရာနယ် ဝက်ကြီးရွာသူကြီးအပိုင် ချင်း ရွာကလေး တရွာ၏ အမည် ဖြစ်၏။ လေ့ဇော ဆိုသည်မှာလည်း ထိုနည်းတူ ချင်းရွာကလေးတရွာ၏ အမည် ဖြစ်လေသည်။ ထိုချင်း ရွာကလေးများသို့ နယ်လှည့်ထွက်ရာတွင် တောင်းယူခဲ့သော ချင်း ခွေးကလေးများ ဖြစ်ကြသောကြောင့် ထိုရွာကလေးများ၏ အမည် ကို စွဲ၍ ပေးထားသော အမည်များပေတည်း။

သင်းတို့ကို တောင်းခဲ့စဉ်က အာမိတ်မှာ ဆယ်လက်မခန့်သာ မြင့်၍ လေ့ဇောမှာ ခြောက်လက်မခန့်သာ မြင့်ပေလိမ့်မည်။ ပုလု ချော့လေး ငယ်ငယ်ကလေးများ ဖြစ်ကြကုန်၏။ အာမိတ်မှာ နှစ်လ သား။ လေ့ဇောကား တလကျော်ကျော်၊ တလခွဲသမီးခန့် ရှိပေလိမ့် မည်။ ယခုကား အာမိတ်မှာ ခွေးပျိုကြီး ဖားဖား။ လေ့ဇောမှာ ခွေးမတမ်းမကြီး ဖားဖား ဖြစ်နေကြလေပြီ။ ငယ်ရုပ်တွေ ပျောက် ပြီးလျှင် ကြီးရုပ်တွေ ရောက်နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com


သူတို့၏ အသွေးအမွေးကို ရေးသားရန် လိုပေသေး၏။ အာမိတ်၏ အသွေးမှာ အညိုရောင်၊ လေ့ဇော၏ အသွေးကား အညိုရောင်တွင် အဖြူကွက်များ ရှိ၏။ ထိပ်တွင် ကြာကလေးနှင့် တမျိုးကြည့်၍ ကောင်းလေသည်။ အာမိတ်မှာ အမွေးဖားဖား။ လေ့ဇောကား အမွေးမဖား။ အမြီးသာလျှင် ဖွားဖွားကြီးနေ၏။ အာမိတ်မှာ နှာ ရှုက်ကုပ်ကုပ်၊ မျက်နှာဝိုင်းဝိုင်း၊ လေ့ဇောကား မျက်နှာသွယ်သွယ်၊ နှားရှုက်ထောင်ထောင်၊ ဝက်ဝံမျက်နှာနှင့် ခပ်ဆင်ဆင်တူ၏။ သင်းတို့ နှစ်ကောင်မှာ မည်သည့်နေရာ တကွက်မျှ မဘူကြပေ။

အကျင့်စာရိတ္တ၊ သဘောထားများလည်း တကောင်နှင့် တကောင် ဆန့်ကျင်ဖက်ကြီး ဖြစ်နေကြသည်ကို တွေ့မြင်ရ၏။ အာမိတ်သည် ကြောက်တတ်၏။ သဘောကောင်း၏။ သို့သော် စိတ်အနည်းငယ် တိုလေသည်။ လေ့ဇောကား သတ္တိရှိ၏။ ခေါင်းမာ၏။ ဇွဲကောင်း၏။

အာမိတ်မှာ တခုခုလန့်စရာ၊ ကြောက်စရာရှိလျှင် သခင့်အနားက မခွါ၊ အမြီးကိုသာလျှင် ကုပ်၍ ထားလေတော့သည်။ ပိုးကောင်ကလေးကို မြင်လျှင်လည်း လန့်တော့၏။ ခွေးကြီးများ အဝေးတွင် အချင်းချင်း ကိုက်နေကြသည်ကို မြင်လျှင်လည်း လန့်လေတော့၏။ တံခါးပိတ်သံကြားလျှင်လည်း လန့်တော့၏။ လေ့ဇောကား ဤသို့မဟုတ်။ ဘာကိုမျှ မကြောက်။ သေနတ်သံကိုပင် အမှုမထား။ ဂရုမစိုက်။ မတုန်မလှုပ်ချေ။

ဇွဲကောင်းခြင်းတွင် လေ့ဇော၏ ခြေဖျားပင် အာမိတ်မမှီ။ ကြောက်တတ်သူသည် ဇွဲကောင်းခဲ၏။ အာမိတ်အား ခေါ်လိုက်လျှင် ငေါက်ခနဲ ထလာပြီးလျှင် သခင်၏ အနီး၌ ထိုင်၏။ တခွန်းခေါ်၍ မလာသည်ရှိသော် တချက်ငေါက်ရုံနှင့် လာလေတော့သည်။ လေ့ဇောကား ဤသို့ မဟုတ်။ ခေါ်လိုက်ပေမင့် သူစိတ်လိုမှ လာလေသည်။ သူစိတ်မလိုလျှင် မည်သို့ပင် ချော့၍ ခေါ်စေကာ၊ မည်သို့ပင် ငေါက်၍ခေါ်စေကာ နေရာမှ မထ။ ခေါ်သူကို အဖက်ပင် မလုပ်။ နောက်ဆုံးတွင် ခေါ်သောသူ၊ ငေါက်သောသူတို့က လက်လျှော့ကြရလေသည်။

အာမိတ်အား ရိုက်သည်ကို မဆိုထားဘိ၊ ကြိမ်လုံးဖြင့် ရွယ်သည်ကိုပင် ကြောက်ရွာလွန်း၍ ပြားပြားဝပ်နေဘိ၏။ လေ့ဇောကား မည်သို့ပင် အရိုက်ခံရစေကာမူ အမှုပင်မထား။ ဖြုန်ပင်မဖြုန်။ အာမိတ်အား တချက်ရိုက်လိုက်ရုံနှင့် အော်၍ မဆုံးတော့ပြီ။ လေ့ဇောအား ကြိမ်လုံးဖြင့် ဆယ်ချက်ပင်ဆက်၍ ဆော်စေကာမူ အော်မည်ဝေးစွ အသံပင်မထွက်။ ကြိတ်၍သာ ခံလေသည်။

သင်းတို့နှစ်ကောင်တွင် အခြားထူးခြားသည့် အချက်များပင် ရှိသေး၏။ အာမိတ်သည် စိတ်မှတ်မရှိ။ သူ့အား ရိုက်လိုက်၊ ငေါက်လိုက်သော်လည်း ထိုရိုက်လိုက် ငေါက်လိုက်သော သူတို့အား ဒေါသမထွက် ရန်ငြိုးမထား၊ ချက်ခြင်းပင် စိတ်ပြေ၍သွား၏။ အခုရိုက် အခုပင်ခေါ်လိုက်သော် အမြီးကလေးကို နန့်ကာနန့်ကာ ချစ်ခင်သော အမူအရာနှင့် ထိုရိုက်သောသူ၏ အနားသို့ လာရှာပေသည်။ စိတ်ထဲတွင် ဒေါသကို မြဲမြဲစွဲစွဲ မထားပေ။ လေ့ဇောကား ဤသို့မဟုတ်။ သူ့အား ရိုက်လိုက်၊ ငေါက်လိုက်သောသူအား တော်တော်နှင့် အခဲမကျေ။ တရက်နှစ်ရက် တိုင်အောင် ထိုရိုက်သောသူ၏ အနားသို့ မကပ်တော့ပြီ။ မည်သို့ပင် ခေါ်ခေါ် အရေးပင်မလုပ်၊ စိတ်မှတ်ကြီးလေသည်။

အာမိတ်မှာ သတ္တိကြောင်သူ ဖြစ်လေရကား အိမ်ဝင်းအတွင်းမှ အပြင်ပသို့ မထွက်ဝံ့ချေ။ ဝင်းအပြင်ဖက်တွင် သွားလာနေကြသော လူများ၊ ခွေးများ၊ နွားများကို ကြောက်ရှုံရှာပေသည်။ လေ့ဇောကား မည်သူကိုမျှ ဂရုမစိုက်။ အချက်ရလျှင် အပြင်အပသို့ထွက်

www.burmeseclassic.com

www.burmeseclassic.com


သည်သာတည်း။ မြင်မြင်သမျှကို ဟောင်လေတော့၏။ မောင်လူအေးတို့၏အလစ်တွင် လေ့ဇောက ခေါင်းဆောင်သောကြောင့် ခမျာအာမိတ်ကြီးမှာ အိမ်ဝင်းအပြင်ဖက်သို့ မထွက်ဝံ့ထွက်ဝံ့နှင့် ထွက်ရှာ၏။ မောင်လူအေးတို့ မြင်သွားလျှင် အိမ်ဝင်းအတွင်းသို့ ပြေးဝင်ကာ ကြောက်ရှာလှန်း၍ မျက်နှာချို သွေးလေတော့သည်။ သူ့အား မောင်လူအေးတို့ အဘယ် ရိုက်ရက်တော့အံ့နည်း။ လေ့ဇောကား မောင်လူအေးတို့ကို မြင်သော်လည်း အမှုမထား။ ခေါ်သော်လည်း မလာ။ ခေါက်သော်လည်းမရ။ တုန်းဖေတို့သွားဖမ်းတော့မှ တန်းလန်းတန်းလန်းနှင့် ပါလာတော့၏။ မောင်လူအေးတို့က စိတ်ဆိုးဆိုးနှင့် ရိုက်သော်လည်း ငုံ့၍သာ ခံလေသည်။ အတော် ခေါင်းမာသော ခွေးမှုကလေးပေတည်း။ အာမိတ်မှာ အသက်လည်းကြီး။ အရွယ်လည်း ကြီးသောကြောင့် ခေါင်းဆောင်စရာရှိလျှင် သူသာခေါင်းဆောင်ရန် သင့်၏။ ယခုကား သူ့သက် အသက်လည်းငယ်၊ အရွယ်လည်းသေးသော လေ့ဇော၏ ခေါင်းဆောင်ရာကို လိုက်နာရရှာ၏။ သဏ္ဍာန်ကြောင်သူတို့၏ ဓမ္မတာပေတည်း။

အာမိတ်သည် သခင်ကို ခင်တွယ်၏။ သခင်မရှိလျှင် နေမထိထိုင်မတတ်ဖြစ်၏။ သခင် သွားလျှင် လိုက်ချင်သောကြောင့်ဆူညံစွာ အော်ဟစ်လေ့ ရှိလေသည်။ မောင်လူအေး ရုံးမှ ပြန်သောအခါ၊ ကျောင်းမှ ပြန်သောအခါ များတွင် ခရီးဦးကြိုပြု၏။ ဝမ်းသာ လှသောကြောင့် ခုန်ပေါက်ကာ သခင်၏အပေါ်သို့ တွယ်၍ တက်လေ့ရှိ၏။ လေ့ဇောကား သခင် မည်သို့ပင် သွားသွား ဂရုမစိုက်။

နေအိမ်ဝင်းအတွင်းသို့ လူစိမ်းများဝင်လာလျှင် အာမိတ်မကြိုက်၊ ဟောင်လေတော့၏။ လေ့ဇောကား ဤသို့မဟုတ်။ မည်သူကိုမဆို ခရီးဦးကြိုပြုကာ ဝမ်းသာသော အမူအရာကိုပြ၏။ အိမ်ထဲဝင်လာသောသူ၏ ခြေလက်တို့ကို လျှာဖြင့် လျက်ကာ ချစ်ခင်သော အမူအရာကိုပြ၏။ အာမိတ်ကား ဟောင်၍ မဆုံးတော့ပြီ။

အာမိတ်သည် သိက္ခာရှိ၏။ လေ့ဇောကား သိက္ခာမရှိ။ အာမိတ်သည် အိမ်ပေါ်မှာသာလျှင် အနေများ၏။ လူအနားမှ ခွါလေ့မရှိ။ ဝင်းအတွင်း ပြေးလွှားကစားသော်လည်း မကြာမီမှာပင် ပြန်၍ တက်လာလေ့ရှိ၏။ လေ့ဇောကား အိမ်အောက်သို့ ဆင်းရသည်နှင့် တပြိုင်နက် မီးဖိုချောင်သို့ရောက်သွား၏။ တုန်းဖေတို့ ရိုက်၍ လွှတ်လည်းမရ။

စားသောက်ရာတွင် အာမိတ်မှာ ဣန္ဒြေရရ စားသောက်လေ့ရှိ၏။ လေ့ဇောကား ဣန္ဒြေ အနည်းငယ်မျှမရှိ။ သူတို့ အသီးသီးအတွက် ဇလုံကလေးတခုစီနှင့်ထမင်းကျွေး၏။ ကျွေးသည်နှင့်တပြိုင်နက် လေ့ဇောမှာ ကတိုက်ကရိုက် ပျာရိပျာရာနှင့် ရှိသမျှသော ဟင်းတို့ကို ကုန်အောင် စားသောက်လိုက်လေတော့၏။ အာမိတ်မှာ မူကား ဟိုလှည့်သည်လှည့်နှင့်ပင် စ၍မစားသောက်ရသေးပေ။ လေ့ဇောသည် မိမိ၏ဇလုံထဲမှ ဟင်းဖတ်များကို စားသောက် ပြီးသည်နှင့် တပြိုင်နက် အာမိတ်၏ဇလုံထဲမှ ဟင်းဖတ်များကို သွား၍နှိုက်ပြန်၏။ အာမိတ်မှာ စိတ်ကောင်းနေသည့်အခါ အနိုက်ခံ၏။ စိတ်တိုနေသည့်အခါ ကိုက်၍ လွှတ်လေ့ရှိလေသည်။ ဤသို့အာမိတ်သည် လေ့ဇော၏နိုင်ထက်စီးနင်း ပြုခြင်းကို မခံရလေအောင် မောင်လူအေးမှာ အမြဲ လေ့ဇောအား တားဆီးရလေသည်။

ညစာ စားသောက်ပြီးကြလျှင် မောင်လူအေးတို့နှင့်အတူတူ အိမ်ပေါ် ထပ်သို့ တက်ကာ နှစ်ကောင်သား ခုန်ပေါက် ပြေးလွှား ကာ တဗြုန်းဗြုန်းနှင့် နေကြလေတော့၏။ ကိုက်တမ်းလည်း ကစားလေ့ရှိကြလေသည်။ အာမိတ်ကိုက်သောအခါ ညာညာတာတာ မြည်းညင်းစွာကိုက်လေ့ရှိ၏။ လေ့ဇောကိုက်သောအခါမူကား တအားတုန်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်သောကြောင့် အာမိတ်ခမျာမှာ အလွန်နာရှာလေသည်။ အော်မှသာ လွှတ်လိုက်လေ့ရှိ၏။ ဤသို့ ကစားကြသော အခါများတွင် အာမိတ်မှာ လေ့ဇောအား အမြဲအရှုံးပေးရရှာ၏။ အာမိတ်ကြီးသည် လေ့ဇောအပေါ်၌ အလွန်သည်းခံရှာပေသည်။

နေ့လယ်တွင် တနေ့လုံး သိုးအောင် အိပ်လေ့ရှိကြလေသည်။ အာမိတ်၏အမွေးမှာ သိုးမွေးကဲ့သို့ ထူထပ်နေသောကြောင့် ပူတုန်း အိုက်တုန်းအခါတွင် အတော်ပင် နေမတတ် ထိုင်မတတ်ဖြစ်၏။ ပူလွန်းမက ပူသောအခါ ခင်သန်းမြင့် သနပ်ခါးလိမ်းရာနေရာသို့သွားပြီးလျှင် သနပ်ခါးသွေးရန်ထားသော ရေပန်းကန်ကို မှောက်၍ ပစ်လေသည်။ ကြမ်းပေါ်တွင် ရေစိုသွားသောအခါကျမှ ထိုနေရာတွင်ထိုး၍အိပ်လေတော့သတည်း။ အာမိတ်ကပေမင့် ဉာဏ်အကောင်းသား။ သို့သော် သူ့ရေပန်းကန်ကို မှောက်ရမလားဟု ခင်သန်းမြင့်က ဒေါဖောင်းသောအခါ အာမိတ်ကြီးခမျာမှာ နေစရာမရှိတော့ပြီ။ သေတ္တာကြို သေတ္တာကြားထဲဝင်ကာပုန်း၊ မောင်လူအေး၏ ခြေကြားထဲဝင်ပုန်းနှင့် သနားစရာ ကောင်းလှ၏။

အာမိတ်မှာ ဂုဏ်ဒြေသိက္ခာရှိပြီးလျှင် ရိုးသားသောကြောင့် မောင်လူအေး၏အချစ်တော်ဖြစ်၏။ ခင်သန်းမြင့်ကမူကား လေ့ဇောခွေးဆိုးမကလေးကို အာမိတ်ထက်ပို၍ ချစ်လေသည်။ ဆိုးသောကြောင့် ပို၍ချစ်သည်ဟုဆို၏။ သားသမီးရှိကြသော မိဖတို့မှာလည်း ဤနည်းအတိုင်းပင်ဖြစ်လေသည်။ တေပေသော သားသမီးတို့အား မိခင်လုပ်သူတို့က ပိုမို၍ချစ်ခင်လေ့ရှိ၏။ ရိုးသားဖြောင့်မတ်၍ ကောင်းမွန်သော သားသမီးတို့ကိုမူကား ဖခင်က ပိုမို၍ ချစ်ခင်လေသည်။ မိခင်တို့သည် ဖခင်တို့ထက် သနားတတ်သော စိတ်ထား ပိုမိုကြီးမားသောကြောင့် ဖြစ်ဟန်တူ၏။

မောင်လူအေး ထမင်းကျွေးသောအခါ အာမိတ်၏ ဇလုံထဲတွင် ဟင်းကို ပိုမို၍ထည့်၏။ ခင်သန်းမြင့် ကျွေးသော အခါမူကား လေ့ဇော၏ ဇလုံထဲတွင် ဟင်းဖတ် ပိုမို၍ များလေသည်။ မေတ္တာရှိရာ ဟင်းဖတ်ပါခြင်းပေတည်း။

ဤ ချင်းခွေးကလေး နှစ်ကောင်တို့၏ ပုံပန်းသဏ္ဌာန် အကျင့်သိက္ခာတို့ အကြောင်းကို သိကြရလေပြီ။ ထိုနှစ်ကောင်အနက် တကောင်ကောင်ကို ပေးမည်ဆိုလျှင် ဤဆောင်းပါးကို ဖတ်သူသည် မည်သူကို ယူမည်နည်း။

ဂန္ထလောက ၁၂၉၇- ခု၊ နတ်တော်လ။





www.burmeseclassic.com

www.burmeseclassic.com

# အချစ်မီး

အာမိတ်နှင့် လွှဗောတို့ကို ချင်းတောင်မှ ယူခဲ့သည်မှာ ကိုးလကျော် ဆယ်လနီးလာလေပြီ။ ထိုကိုးလကျော် ဆယ်လနီးပါးအတွင်း သူတို့နှစ်ကောင်မှာ ဘာမျှအပူအပင်မရှိ။ စားချိန်တန်စားရ။ သောက်ချိန်တန် သောက်ရ။ ကစားချိန်တန် ကစားရ။ အိပ်ချိန်တန် အိပ်ရ။ အပျော်ကြီး ပျော်ခဲ့ကြလေပြီ။ မည်သူ ဘာဖြစ်ဖြစ် သူတို့တပဲသားမျှ ဂရုမစိုက်ကြချေ။ သူတို့ကဲ့သို့ လွတ်လပ်သောစိတ်မျိုး၊ သူတို့ကဲ့သို့ ပျော်ရွှင်သောစိတ်မျိုး၊ သူတို့ကဲ့သို့ အပူအပင်ကင်းသော စိတ်မျိုးကို လိုချင်စမ်းပါဘိတော့ဟု မောင်လူအေးက ခင်သန်းမြင့်အား ခဏခဏ ပြောကြားဘူး၏။

ယခုကား အာမိတ်နှင့် လွှဗောတို့သည် ယခင်ကကဲ့သို့ အပူအပင်မကင်းကြတော့ပြီ။ သူတို့နှစ်လုံးသားအတွင်း အချစ်မီးကဝင်၍ တောက်နေလေပြီ။ ပျော်ရွှင်ခြင်း ကင်းနေကြလေပြီ။ ပူပင်သောက များ ရောက်နေကြလေပြီ။ ယခင်က ဖျတ်ဖျတ်လတ်လတ် ပြေးလွှား ကစားမြဲ ရှိသော မလွှဗောမှာ ယခုအခါ ခွေကာ ယိုင်နေလေပြီ။ မောင်အာမိတ်ကား မလွှဗောလောက်မဖြစ်။ အဖိုတို့သည် အမတို့ထက် အချစ်၏ လောင်ကျွမ်းခြင်းကို ပိုမိုသည်းခံနိုင်ကြောင်း ထင်ရှား၏။

လွှဗော၏ အချစ်ကို သိမ်းကျုံးကာ ယူလိုက်သူကား အာမိတ် မဟုတ်ချေ။ မောင်လူအေးတို့၏ အိမ်နောက်ဖေး အစေခံ တန်းလျားတွင် ခိုကပ်ကာစားနေသော ခွေးနက်ကြီး ဖြစ်လေသည်။ ထိုခွေးနက်ကြီးမှာ အာမိတ်လောက် အဘယ်မှာလှပါအံ့နည်း။ သို့သော် အာမိတ်ထက် ခွန်အားဗလသန်စွမ်း၏။ အကင်းပါး၏။ အဆွယ်ကောင်း၏။





ထို့ကြောင့် ထိုခွေးနက်ကြီးအပေါ်တွင် လွှဗော မေတ္တာသပ်လိုက်ဟန် တူလေသည်။

ဤကဲ့သို့ ပါလရာ ခွေးနက်ကြီးနှင့် လွှဗောတို့ ချစ်ကြိုက်ကြ၍ မကြာမီပင် ထိုအကြောင်း ခင်သန်းမြင့်၏နားသို့ ပေါက်သွားလေ၏။ ခင်သန်းမြင့်မှာ မျှားစွာ မကျေမနပ်ဖြစ်လေတော့၏။ မိမိဂရုစိုက်ကာ ကောင်းစွာ ကျွေးမွေးပြုစုထားသော လွှဗောသည် အုတ်ကြားမြက် ပေါက်၊ ကာလေကလွှင့် ပါလရာ ခွေးနက်ကြီးနှင့် အဘယ်ကြောင့် သွား၍ကြိုက်ရပါသနည်း။ လွှဗောကိုလည်း ဒေါသထွက်။ ခွေးနက်ကြီးကိုလည်း မျက်မာန်ပွါးလျက်နေ၏။ ခွေးနက်ကြီး အိမ်နားမကပ်ဝံ့အောင် ဈေးထဲမှ ပြောက်အိုးများကိုဝယ်ကာ ဖောက်၏။ ခမျာခွေးနက်ကြီးမှာပြောက်အိုးသံကြားလျှင် ကြောက်လွန်းလှသောကြောင့် သေပြေးရှင်ပြေး ပြေးရှာ၏။ သို့သော် ဝေးဝေးသို့မသွားနိုင်ရှာ။ အချစ်တည်းဟူသော ခေတ်ငွေက လှုံဆော်သောကြောင့် ကြောက်ကြောက်နှင့်ပင် ခင်သန်းမြင့်အလစ်တွင်အိမ်အောက်မှလာ၍ ချောင်းရှာ၏။ လွှဗောခမျာမှာလည်း ခင်သန်းမြင့်က အခန်းတခန်း ထဲတွင်လှောင်ထားသောကြောင့် နေမထိ ထိုင်မတတ်။ ဟိုဖက်ပြေး လိုက်။ သည်ဖက်ပြေးလိုက်။ အော်လိုက်ဟစ်လိုက်နှင့် "မောင်တော်" ခွေးနက်ကြီးအား အသံပေးရှာလေသည်။ လွှဗော၏အသံကိုကြားရသော ခွေးနက်ကြီးမှာ အိမ်အောက်ဖက်တွင် မနေတတ်တော့ပြီ။ ဝင်းခြံထဲ ပတ်၍ပြေးလိုက်၊ လှေကားအောက်မှ လာမျှော်လိုက်နှင့် ဖြစ် နေရှာပေ၏။ သို့သော် ခင်သန်းမြင့်ကို မြင်လိုက်သည်နှင့် တပြိုင်နက် တင်ပါးနှင့်ဖဝါး တသားတည်းကျအောင် ပြေးလေတော့သတည်း။ ပြောက်အိုးကို ကြောက်ပေသကိုး။

ဤကဲ့သို့ အခန်းထဲတွင် လှောင်ထားသောကြောင့် မိမိ၏အသက်ပူး ခွေးနက်ကြီးနှင့် မတွေ့ရသောအခါ လွှဗောမှာ ခွေကာယိုင်အောက်



www.burmeseclassic.com

မှိုင်ချရှာ၏။ အစာကျွေးလည်း မစားတော့ပြီ။ လက်ဖက်ရည် ကော်ဖီတိုက်လည်း မသောက်တော့ပြီ။ ယခင်ကကဲ့သို့ အာမိတ်နှင့်လည်း မကစားတော့ပြီ။ လှမ်းနှာကျကာ ကြမ်းပြင်တွင်လှဲ၍ နေရှာတော့၏။ လွှဇောအ၏ အဖြစ်အပျက်ကို မြင်ရသောအခါ အာမိတ်မှာလည်း ယခင်ကကဲ့သို့ မရွှင်ပျတော့ပြီ။ ယခင်ကကဲ့သို့ လွှဇောအား သွား၍ မစတော့ပြီ။ သူလည်း တမှိုင်မှိုင်နှင့် နေတော့၏။ အာမိတ် မှိုင်သည်မှာ လွှဇောအတွက်ချည်း မဟုတ်၊ သူ့အတွက်လည်း ပါလေသည်။ သူလည်း အိမ်နောက်ဖေး စစ်တန်းထဲမှ ခွေးပိန်ကလေး တကောင်နှင့် ရည်းစား ဖြစ်နေလေသည်။ ခင်သန်းမြင့်က သဘောမတူ။ လွှဇောနှင့် အာမိတ်တို့ ကံတူအကျိုး ပေးနေကြလေပြီ။

ဤသို့ လှမ်းနှာကျ၍ သုံးလေးရက်ကြာသော် လွှဇောမှာ အတော်ပင်ပိန်ချုံး၍သွား၏။ လွှဇော၏ အဖြစ်အပျက်ကိုမြင်သောအခါ ခင်သန်းမြင့် သနားစပြုလာ၏။ သို့သော် ခွေးနက်ကြီးနှင့်ကား မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်။ အကြံကောင်းတခု ရလာသည့်အတိုင်း လွှဇောနှင့်အာမိတ်တို့ကို သံကြိုးတချောင်းတည်းနှင့် ချည်ကာ ဝင်းအတွင်းတွင် လွှတ်၍ထား၏။ လွှဇောကတရားခံ အာမိတ်ကား တရားခံကိုဖမ်းလာသော ပုလိပ်နှင့်တူလှပေသည်။ အိမ်အောက်သို့ လွှတ်လိုက်သည်နှင့် တပြိုင်နက် လွှဇောက နောက်ဖေး တန်းလျား ခွေးနက်ကြီးရှိရာသို့ပြေးလေ၏။ အာမိတ်က ပေကပ်ကပ် လုပ်ကာ လှဲအိပ်လိုက်လေသည်။ လွှဇောတန်းလျားသို့မရောက်နိုင်။ ခွေးနက်ကြီးလည်း မောင်လူအေးတို့အိမ်နားသို့ မကပ်ဝံ့ရှာပေ။ တခါတခါ အာမိတ်ကပါ အလိုတူအလိုပါ လွှဇောနှင့်အတူအစေခံတန်းလျားသို့ ပြေးသည်ဖြစ်အံ့။ ခင်သန်းမြင့်က အိမ်ပေါ်မှနေ၍ ဝေါက်လိုက်လျှင် အာမိတ်ကြီးမှာ မနေဝံ့ အိမ်ဖက်သို့ ဝေါက်ခနဲကွေ့၍ ပြန်လာရှာ၏။ လွှဇောကား ရှုန်းကန်ရုန်းကန်နှင့် လိုက်ပါရလေသည်။ တရားခံကို





ပုလိပ်ဖမ်းလာသည်နှင့် တူလှပေသည်။ လွှဇော၏ရည်းစား ခွေးနက်ကြီးကား အဝေးမှနေကာ အာမိတ်အား စားမယောင် ဖြစ်နေလေပြီ။

တခုသောည မောင်လူအေးတို့ အိပ်ပျော်နေကြခိုက် သန်းကောင်ကျော်အချိန်တွင် လွှဇောသည် အတက်အဆင်းရှိ တံခါးကလေးကို ကျော်ကာ အိမ်အောက်ထပ်သို့ဆင်း၏။ ခါတိုင်းမူကား လွှဇောမကျော်နိုင်။ ယခုမှာမူအချစ်၏ဇောကြောင့်ကျော်နိုင်ဟန်တူလေသည်။ အိမ်အောက်ထပ်သို့ ရောက်သောအခါ တံခါးများကို ခေါင်းနှင့်တိုက် လက်နှင့်ပုတ်သောကြောင့် မောင်လူအေးနှင့် ခင်သန်းမြင့်တို့ အိပ်ရာမှလန့်၍ နိုးကြကုန်၏။ လက်နှိပ်ဓာတ်မီးကို ခေါင်းအုံးအောက်မှ ယူကာ နှစ်ယောက်သား အိမ်အောက်ထပ်သို့ ဆင်းလိုက်ကြလေသည်။ အာမိတ်လည်း နောက်မှပါလာ၏။ ခင်သန်းမြင့်က လွှဇောအား အပေါ်ထပ်သို့ ခေါ်ဆောင်လေသည်။ လွှဇော မလိုက်ချင် ရုန်းကန်ရုန်းကန်လုပ်နေ၏။ မောင်လူအေးက လွှဇောအခင်းသွားချင်သောကြောင့် အပြင်ထွက်ချင်ဟန် တူသည်ဟု၍ပြော၏။ ခင်သန်းမြင့်ကား များစွာမသင်္ကာသောကြောင့် အာမိတ်အား ပုလိပ်အဖြစ်ဖြင့် သံကြိုးနှင့် တွဲကာ အပြင်သို့ လွှတ်ပြီးလျှင် တံခါးဝတွင် စောင့်စားနေကြကုန်၏။ ချမ်းကလည်းချမ်း။ အိပ်ကလည်းငိုက်။ သည်ခွေးတွေအတွက် ဒုက္ခရောက်ရပေသည်။

လွှဇောတို့လည်း အပြင်ရောက်၊ ခွေးနက်ကြီးလည်း ဘယ်ကပေါက်လာသည်မသိ၊ လွှဇောအနားသို့ ရောက်လာတော့၏။ ခင်သန်းမြင့် လက်ထဲတွင် ကြိမ်ဖက်အိုး မရှိခိုက် ဖြစ်သောကြောင့် မည်သို့မျှမတတ်နိုင်၊ ခွေးနက်ကြီးသည် လွှဇောကို သွေးဆောင်ကာ အတင်းခိုးပြေးလေတော့၏။ လွှဇောလည်း ခွေးနက်ကြီးနောက်မှ ကောက်ကောက်ပါအောင်ပြေးလေသတည်း။ ပုလိပ်အဖြစ်ဖြင့် ထည့်

www.burmeseclassic.com

လိုက်သော အာမိတ်ကလည်း ကိုယ့်လူ သူ့ဖက်သား ဖြစ်သွားပြီးလျှင် ယောက်ဖနောက်မှလိုက်၍ပြေး၏။ ခင်သန်းမြင့် မည်သို့မျှမတတ်နိုင်၊ အာမိတ် အာမိတ် လေ့ဇောလေ့ဇောဟု၍ အော်ကာသာကျန်ရစ်၏။

သို့သော် ဤသို့ မိမိတို့၏ ကိတ္တိမသမီးအား အုတ်ကြွားမြှက်ပေါက် ပါလရာ ခွေးဝင်စားက ခိုးပြေးရပါမည်လားဟု ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီးလျှင် မာတ်မီးကိုထိုးကာ ကောက်ကောက်ပါအောင်ပြေးလိုက်၏။ မောင်လူအေးကလည်း မနေနိုင်တော့ပြီ။ ခင်သန်းမြင့်နှင့်အတူ ထွက်၍လိုက်ရ၏။ ငင်းအပြင်ဖက် ပေသုံးလေးဆယ်လောက်ရောက်သောအခါ သူတို့အား တွေ့ရ၏။ ခင်သန်းမြင့်က အာမိတ်အား ငေါက်၍ခေါ်လိုက်ရာ အာမိတ်ကြီးမှာ ကြောက်ပြီးသားဖြစ်သောကြောင့် မနေဝံ့တော့ပြီ။ ခင်သန်းမြင့်ရှိရာသို့ အမြီးကုပ်ကာ ကြောက်ရွံ့စွာ ပြေးလာ၏။ လေ့ဇောလည်း တန်းလန်းတန်းလန်းနှင့် ပါလာရရှာလေသည်။ ခွေးနက်ကြီးကား လေ့ဇောအားပြေး၍ဆွဲရတော့မလို၊ ရပ်ပြီးဘဲနေရတော့မလို၊ အတော်ပင် စိတ်အိုက်နေရှာ၏။ ခင်သန်းမြင့်က လေ့ဇောအား ချော့၍ ခေါ်လာသောအခါ ခမျာခွေးနက်ကြီးမှာ ဒေါသဖြစ်ကာ ဟောင်၍မဆုံးတော့ပြီ။ အဦး–အချစ်မီးဆိုတာ တယ်လောင်ကျွမ်းပါကလားဟု မောင်လူအေး တွေးတောမိလေသတည်း။

အိမ်အတွင်းသို့ ရောက်လာကြသောအခါ မောင်လူအေးက သူတို့သဘောအတိုင်းပင် ရှိပါစေတော့ဟု ခင်သန်းမြင့်အား ပြောရှာ၏။ ခင်သန်းမြင့်က သဘောမတူနိုင်။ သူတို့ချစ်ကြိုက်သည်မှာ ကိစ္စမရှိ။ တော်တော်ကြာ အမျိုးမစစ် ပါလရာကလေးတွေမွေးလာလျှင် မကြည့်နိုင်၊ မကြည့်ရက်၊ ပစ်နိုင်မှာလည်းမဟုတ်ဟု ခင်သန်းမြင့်က ပြန်ဖြေသောအခါ ဒါလဲ ဟုတ်ဟုတ်တဲ့ဟု မောင်လူအေး တွေးတောမိပြန်လေသည်။





ချင်းတောင်မှ အာမိတ်နှင့် လေ့ဇောတို့ကို ယူလာခဲ့စဉ်က သင်းတို့နှစ်ကောင် ကြီးပြင်းလာသောအခါ နေရာချမည်ဟု ခင်သန်းမြင့် စိတ်ကူးထားခဲ့၏။ ယခုမူကား လေ့ဇောကလည်း ပါလရာနှင့် ရည်းစားဖြစ်၊ အာမိတ်ကလည်း ပါလရာနှင့် ရည်းစားဖြစ်၊ သူတို့အချင်းချင်းကား တကောင်နှင့်တကောင် မောင်နှမကဲ့သို့ ငါးရာနှစ်ဆယ် ရှစ်သွယ်သော အချစ်မျိုးဖြင့် ရိုးရိုးချစ်နေကြလေသည်။ ခင်သန်းမြင့်အဘယ်မှာလျှင် သဘောကျ နိုင်ပါအံ့နည်း။ ခင်သန်းမြင့်၏စိတ်ထဲတွင် သင်းတို့နှစ်ကောင်ကို ဆင်စီး၍ မြင်းရံတာကို မြင်ချင်၏။ သင်းတို့ကား ထင်တိုင်းမပေါက်ကြချေ။

အာမိတ် လေ့ဇောတို့ကား ခေတ်သမားများ ဖြစ်ကြကုန်၏။ လူကြီးများ သဘောတူသည်ကို အလိုမရှိ။ မိမိတို့ ချစ်သူနှင့်သာ အတူနေချင်ကြလေသည်။ ကမ္ဘာလောကကြီးအတွင်းတွင်ရှေးသမားနှင့်ခေတ်သမား သဘောမတူနိုင်ကြချေ။ ခေတ်သမားက ကောင်းသည်ထင်သောအရာကို ရှေးဟောင်းတို့က သဘောမကျနိုင်။ ရှေးဟောင်းတို့ သဘောကျသောအရာကို ခေတ်သမားတို့က နှာခေါင်းရှုံ့ကြကုန်၏။ ခေတ်သမားများ အရွယ်လွန်၍ ရှေးဟောင်းများဖြစ်လာလျှင် သူတို့ထက် ခေတ်ဆန်သူတို့က သူတို့၏ အထင်အမြင်ကို မနှစ်သက်နိုင်ဖြစ်ကြပြန်၏။ ဤနည်းအတိုင်းသာလျှင် ကမ္ဘာလောကကြီးအတွင်း ဆူဆူညံညံတကျက်ကျက်နှင့် ဖြစ်ခဲ့လေသတည်း။ ယခုလည်းဖြစ်ဆဲ၊ နောင်လည်းဖြစ်မည်ပင်။

ဂန္ထလောက ၁၂၉၈-ခု ပြာသိုလ။



www.burmeseclassic.com

www.burmeseclassic.com

# ကလေးတို့အဖေ

ချိဘုး၊ ဒိုင်းအစရှိသော ငါးပွင့်ဆိုင်ကလေးတို့ကို လေ့ဇောမွေးဖွားသည်မှာ အတော်ကြာလေပြီ။ အာမိတ်သည် ကလေးတို့ အဖေဖြစ်လာသည်မှာလည်း တော်တော်ပင် ကြာလေပြီ။ အာမိတ်မှာ ငယ်ငယ်တုန်းက လှတ်လှတ်လပ်လပ် နေလာခဲ့သော်လည်း ကလေးတို့အဖေ ဖြစ်လာသောခါ တာဝန်တွေအတော်ပို၍ လာ၏။ ရှေးအခါထက်လည်း ပိုမို၍ကြံ့ခိုင်ရလာလေသည်။

လေ့ဇောသည် သားသမီးများကို အာမိတ်လောက် ခင်မင်ပုံမရ။ ကလေးများ ငယ်ငယ်နို့စို့တတ်တုန်း အရွယ်ကသာလျှင် ဂရုစိုက်ကာ နို့ချိုကျွေးလေသည်။ ကလေးများကို သူတကာယူမည် ကြောက်လေသည်။ ကလေးများ တော်တော်ကြီးပြင်းလာ၍ နို့ဖြတ်သောအခါတွင်မူကား ကလေးတို့ကို များစွာ ခင်မင်ခြင်း မရှိပေ။ ကလေးတို့ မိခင်ဖြစ်သောကြောင့် အနားသွားကာ ပလူးကြသော်လည်း လေ့ဇောဂရုမစိုက်၊ စိတ်ရှုပ်ဟန် ရှိလေသည်။ တခါတခါ ကလေးတို့ကို ကိုက်လွှတ်လေ့ရှိ၏။ အများအားဖြင့် ကလေးတို့နှင့် အတူတူနေလေ့မရှိ။ အိမ်နောက်ဖေး အစေခံတန်းလျားအနီး ကုက္ကိုပင်ကြီးအောက်တွင် ခွေးနက်ကြီးအနားမှာ အိပ်နေရလျှင် ကျေနပ်ပေပြီ။ စားချိန်သောက်ချိန် ကျမှသာလျှင် ကလေးတို့နှင့် အတူရောနှောကာ လာရောက် စားသောက်လေ့ရှိလေသည်။

အာမိတ်ကား လေ့ဇောကဲ့သို့ ကလေးတို့ကို ဥပေက္ခာပြုမထားပေ။ ကလေးတို့ကို စောင့်ရှောက်ရန် တာဝန်မှာ အာမိတ်အပေါ်တွင် လုံးလုံးလျားလျား ကျရောက်နေလေပြီ။ ညနေထမင်းစားသောက်ပြီးလျှင် အိမ်ရှေ့မြက်ခင်းပေါ်တွင် ကလေးများလိုက်တမ်း ပြေးတမ်း





ကစားနေရာတွင် အာမိတ်ပါ၏။ ဝင်းအပြင်ဖက်တွင် ခွေးများဖြတ်သွားသောအခါ ကလေးများကို ရန်မူမည် ထင်သောကြောင့် အာမိတ် အတင်းလိုက်လေ့ရှိလေသည်။ ကလေးများအနီးသို့ မျက်နှာစိမ်းလူများသွားလျှင် အာမိတ် ဟိန်းလေတော့၏။ ကလေးများကို ရန်မူမှာ အာမိတ် လွန်စွာကြောက်လေသည်။

မောင်လူအေးတို့ အိမ်နှင့် မနီးမဝေးတွင် ဇော်ဂျီမြစ် စီးဆင်းနေလေသည်။ မနက်စောစော မောင်လူအေးတို့ အိပ်ရာမှမထမီ ဇော်ဂျီမြစ်ကမ်းနဖူးသို့ ကလေးများကိုခေါ်သွားပြီးလျှင် ရေစပ်တွင် ငါးစောင့်နေကြသော ဗျိုင်းတို့ကို လိုက်ဖမ်းလေ့ရှိလေသည်။ မောင်လူအေးတို့ အိပ်ရာမှထ၍ ကာဖီသောက်ချိန်ကျတော့မှ သူ့သားသမီးများနှင့်ပြန်လာလေသည်။ တကိုယ်လုံး ရွှံ့တွေ ပေ။ ရေတွေစိုလျက်နေကြကုန်၏။ မောင်လူအေးတို့မြင်လျှင် အာမိတ်ကြီးသာလျှင် အကြိမ်းမောင်းခံရလေသည်။

မောင်လူအေးတို့ အိမ်ဝင်းခြံပေါ်တွင် ပြေးလွှား ကစားနေကြသောရှဉ့်ကလေးများကို လိုက်ရန် ကလေးများအား သင်ကြားပေးသည်မှာလည်း အာမိတ်ပင်ဖြစ်၏။ ရှဉ့်ကလေးများ ဝင်းခြံပေါ်တွင် ပြေးသွားသည်ကိုဇင်း၊ သစ်ကိုင်းတကိုင်းမှ တကိုင်းပေါ်သို့ သစ်ပင်တပင်မှ တပင်ပေါ်သို့ ခုန်ဆင်းကြသည်ကိုဇင်း မြင်လျှင် အာမိတ်ကြီးက ရှေ့ဆောင်ကာ လိုက်လေတော့၏။ ကလေးများ အာမိတ်နောက်မှ ပြေးလိုက်ကြလေသတည်း။

ကလေးများကို စောင့်ရှောက်ရန်ဇင်း၊ သွန်သင်ဆုံးမရန်ဇင်းလေ့ဇောသည် အာမိတ်အား လုံးလုံးကြီးလွှဲအပ်ထားပြီးလျှင် ခွေးနက်ကြီးနှင့် တကောင်၏မျက်နှာကို တကောင်ကြည့်ကာ ကြည်ဖြူစွာ နေ၏။ ဤကဲ့သို့ အာမိတ်ကြီး၏ အုပ်ထိန်းခြင်းဖြင့်သာလျှင် ကလေးများသည် တနေ့တခြား ကြီးပြင်း၍ လာကြရလေသည်။ ကာလပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာမျာ း ရေးသားသကဲ့သို့ နာရီကို နေ့စား နေ့ကို လစားလာသည်နှင့်ပင် ချို၊ ဘူး၊ ဒိုင်းတို့သည် ခွေးပျိုများ ဖားဖား ဖြစ်နေကြလေပြီ။ လေ့ဇောလောက်နီးပါး ရှိနေကြပြီ ဖြစ်သောကြောင့် တခါတခါ ဘူးနှင့် လေ့ဇောကိုပင် မောင်လူအေးတို့မှားလေ့ရှိကြလေသည်။ ကလေးများသည် အာမိတ်၏ အုပ်ထိန်းခြင်းဖြင့် ကြီးပြင်းလာကြသောကြောင့်လား မသိ။ အာမိတ်ကိုသာ ပိုမို၍ ချစ်ကြလေသည်။ လေ့ဇောကိုမူကား များစွာ မချစ်ကြ။ လေ့ဇောအနားကို များစွာ မကပ်ကြ။ လေ့ဇောကလည်း အကပ် မခံလို။

ကလေးများ အပိုင်းအရိုင်း ကြီးပြင်းလာကြပြီဖြစ်သောကြောင့် သူတို့၏ထမင်းအိုးလည်း တနေ့တခြား ကြီးမား၍လာလေသည်။ အာမိတ်နှင့် လေ့ဇော နှစ်ကောင်တည်း ရှိစဉ်ကမူကား သူတို့အတွက် ထမင်းသက်သက်မချက်။ မောင်လူအေးတို့ စားသည့်အထဲကပင်ကျွေးလေသည်။ သူတို့အတွက်ပါ ပိုပြီးလျှင် ထွန်းဖေတို့က ချက်ကြရလေသည်။ဟင်းဆို၍လည်း အထူးမချက်။ မောင်လူအေးတို့စားသောဟင်းကိုပင် ကျွေးလေသည်။

ဘူးတို့၊ ဒိုင်းတို့ ကြီးပြင်းလာသောအခါ ခွေးတပ်ကြီးတစု တိုးလာပြီဖြစ်သောကြောင့် သူတို့အတွက် ထမင်းတအိုး သပ်သပ် ချက်ကျွေးရလေသည်။ ဆန်ကောင်းကောင်းကို မကျွေးနိုင်။ ဆန်ကွဲနှင့် အမဲရိုးတို့ကို ကျိုပြီးလျှင် တကောင်လျှင် သံဇလုံတခုကျစီနှင့် ထည့်ကျွေးလေသည်။ တလတလလျှင် ဆန်ကွဲဖိုးပင် အတော်ကုန်လေသည်။ သူတို့တတွေ အတွက်ကပေမင့် တလလျှင် ဆန်ကွဲဖိုး အမဲရိုးဖိုး တော်တော်ကုန်ကျ၏။ မောင်လူအေး၏ စိတ်ထဲတွင်ကား အာမိတ်တို့ သားအဖတတွေကို ကျွေးမွေးရသည်မှာ အလှူပေးသည်ဟူ၍ သဘောထား၏။ စေတနာ ထားတတ်လျှင် ကုသိုလ်ရမည်မှာ အမှန်ပင် ဖြစ်တော့သည်။ သုံးထောင်ကုန် လေးထောင်ကုန် အလှူမလုပ်နိုင်သော မောင်လူအေးကား ဤအလှူမျိုးနှင့်ပင် ကျေနပ်ရရှာတော့၏။

မောင်လူအေးတို့အိမ်တွင် ခွေးတပ်ကြီးရှိသောကြောင့် အိမ်ဝင်းအတွင်းသို့ ဝင်ဝံ့သူ ရှားလေသည်။ မျက်နှာစိမ်းတယောက်ဝင်လာလျှင် ခွေးဟောင်သံတွေမှာ ဆူညံ၍သာနေလေတော့သည်။ တခါတရံ ထမင်းကျန်၊ ဟင်းကျန်များကိုလိုက်လံရှာဖွေ စားသောက်လေ့ရှိသော ခွေးဝင်စားများ ဝင်းအတွင်းဝင်လာမှဖြင့် ထိုခွေးများ မချမ်းသာတော့ပြီ။ အာမိတ်က ခေါင်းကိုဝင်ဆွဲလိုက်။ ဘူးက အမြီးကိုဝင်ဆွဲလိုက်။ ဒိုင်းက ဝင်ဆွဲလိုက်နှင့်ပင် ထိုခွေးမှာ အတော်ဒုက္ခရောက်လေသည်။ မောင်လူအေးတို့က ဝင်ပြီးတားတော့မှ ရပ်သွားကြလေတော့သည်။ ဤသို့အပြင်အပမှလာသော ခွေးများကို ကိုက်ဆွဲလိုက်သောနေရာတွင် အရေးကြီးက သေနီးရာ ဆိုသကဲ့သို့ လေ့ဇောလည်း ပါဝင်လေ့ရှိလေသည်။ လေ့ဇော၏ ခြေလှမ်းကို အမြဲစောင့်ကြည့်နေသော ခွေးနက်ကြီးလည်း ပါလေတော့၏။ အာမိတ်နှင့် ကလေးတွေ ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ခွေးနက်ကြီးသည် ဂရုမစိုက်။ လေ့ဇောကိုမူကား မျက်စိအပြတ်မခံ။ လေ့ဇော သွားလျှင် သွားခြင်း။ လေ့ဇော အိပ်လျှင် အိပ်ခြင်း။ လေ့ဇော ပြေးလျှင် ပြေးခြင်း။ ခွေးနောက်ပိုးကြီးဟူ၍ဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။ လေ့ဇောထံတွင် မျက်နှာရအောင် အလွန်လုပ်တတ်သော ကြာသမား ခွေးနက်ကြီး ပေတည်း။ အာမိတ်ကား ခွေးနက်ကြီးကဲ့သို့ ကြာသမားမဟုတ်။ ဣန္ဒြေ ရရ။ ခပ်တည်တည် နေလေသည်။ ယောကျ်ားပီသပါပေ၏။ သို့သော် လေ့ဇောကမူကား ယောကျ်ားပီသသော အာမိတ်ကြီးကို များစွာ မနှစ်သက်။အရေးမလုပ်။ကြာသမားခွေးနက်ကြီးကိုသာလျှင် အရေးလုပ်လေ့ရှိ၏။ သို့သော် အာမိတ် ဂရုမစိုက်။

မောင်လူအေးတို့အိမ်နှင့် မနီးမဝေးရှိ မြို့မ ရာဇဝတ်ဝန်ထောက်





www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စိန်၏ အိမ်တွင်လည်း ခွေးတပ်တတပ်ရှိလေသည်။ ထိုခွေးတပ်ကြီးတွင် ခွေးကြီးခွေးငယ် ငါးကောင်၊ ခြောက်ကောင် ခန့် ရှိပေလိမ့်မည်။ မောင်လူအေးတို့ ရောက်စက မောင်လူအေးတို့ အိမ်တွင် အာမိတ်နှင့် လေ့ဇော နှစ်ကောင်သာ ရှိသောကြောင့် ဦးကျော်စိန်၏ ခွေးတပ်တော်သားတို့သည် အာမိတ်တို့ကို ပမာမခန့်လုပ်ကြ၏။ ခွေးနက်ကြီးကပါ မျက်နှာလို မျက်နှာရ လေ့ဇောတို့ဖက်မှ ပါသော်လည်း ဦးကျော်စိန်၏ ခွေးတပ်က ကြီးသောကြောင့် အာမိတ်တို့မှာ အညှို့ခံနေကြရလေသည်။ တခါတခါအာမိတ်တို့၏ပိုင်နက်ဝင်းအတွင်းသို့ ဝင်လာပြီးလျှင် အာမိတ်တို့အားဟိန်းလိုက်၊ ဟောင်လိုက်နှင့် လုပ်ကြလေသည်။ အာမိတ်တို့ကား မိမိတို့၏ ပိုင်နက်အတွင်းသို့ ကျူးကျူးကျော်ကျော်ဝင်လာရပါမည်လားဟုဒေါသအမျက် ခြောင်းခြောင်းထွက်ကြပြီးလျှင် အတင်း ပြေးလိုက်ကြလေတော့၏။ ဦးကျော်စိန်၏ ခွေးတပ်တော်သားတို့၏ အရေအတွက်က အားကောင်း နေကြသောကြောင့် ပိုင်နက်ထဲမှ ထွက်မသွားကြဘဲ အမှုမဲ့အမှတ်မဲ့ မထီလေးစားလုပ်နေကြလေသည်။ အာမိတ်တို့ကား ထိုခွေးတပ်သားတို့၏ အနားရောက်သောအခါ အားမဘန်သောကြောင့် မာန်ကိုလျှော့ကြပြီးလျှင် ဟိုလုပ်မယောင် သည်လုပ်မယောင်နှင့်လုပ်ကာ လှည့်ပြန်လာကြရရှာကုန်၏။ မည်မျှ အသည်းနာကြမည်နည်း။ ခွေးများသည် မိမိတို့၏ ပိုင်နက်ကို အလွန် အရေးပေးလေ့ ရှိကြကုန်၏။ အာမိတ်နှင့်လေ့ဇောတို့ မျက်နှာသေကလေးများနှင့် လှည့်ပြီးအိမ်တွင်းသို့ ဝင်လာကြသည်ကို မောင်လူအေးမြင်လျှင် များစွာသနားမိတော့၏။

ယခုကား ဘူးတို့၊ ချီတို့၊ ဒိုင်းတို့ ကြီးပြင်းလာကြပြီဖြစ်သောကြောင့် အာမိတ်နှင့် လေ့ဇောတို့မှာ အတော်ပင် အထောက်အခံရကြလေသည်။ အာမိတ်တို့၏ တပ်က ဦးကျော်စိန်၏ ခွေးတပ်ထက် အားကောင်းလာလေပြီ။ တနေ့သောအခါ အာမိတ်ကြီးက ခေါင်း





ဆောင်ကာ ဦးကျော်စိန်တို့ အိမ်ဖက်သို့ ထွက်သွားကြလေသည်။ ပဌမသော် ဦးကျော်စိန်၏ ခွေးတပ်သားများ ပြေး၍ လိုက်ကြလေသည်။ သို့သော် အာမိတ်တို့၏ ခွေးတပ်ကြီးကို မြင်လိုက်ရသောအခါ အတော်လန့်သွားကြဟန်တူလေသည်။ အာမိတ်တို့အနားသို့ မကပ်ဝံ့ကြချေ။ ထိုအခါကျမှ အာမိတ်တို့သည် ဦးကျော်စိန်တို့၏ ပိုင်နက်အတွင်းသို့ဝင်ကာ ခလှဲ့စားချေလေတော့၏။ ဦးကျော်စိန်၏ ဝင်းခြံတိုင်များကို စေ့အောင် ကျင်ငယ်ရည်ဖြင့် လိုက်၍ ပန်းတော့၏။ ဦးကျော်စိန်၏ ခွေးတပ်သားများလည်း အခဲမကျေ ဖြစ်ပြီးလျှင် အတော်အခံရဆိုးနေကြလေသည်။ သို့သော် အာမိတ်တို့က အားကောင်းနေကြသောကြောင့်သာ ငုံ့ခံနေကြရလေသည်။ အာမိတ်တို့တစုလည်း ခလှဲ့စားချေကြပြီးလျှင် မိမိတို့ ပိုင်နက်သို့ ပြန်လာကြလေသည်။ ထိုနေ့မှ အစပြု၍ မည်သူ့ ပိုင်နက်ကိုမျှ မည်သူ ကျူးကျော်ခြင်းမပြုဘဲ စစ်ပြေငြိမ်းကာ အေးချမ်းစွာ နေကြလေသတည်း။

အာမိတ်သည် မိမိ၏သခင်များကို ခင်မင်သကဲ့သို့ သားသမီးတို့ကိုလည်း သခင်များအား ခင်မင်စေချင်သည်။ မောင်လူအေး ရုံးမှပြန်လာလျှင် အိမ်ပေါက်ဝမှ ထွက်၍ အမြဲကြိုလေ့ရှိလေသည်။ သားသမီးများလည်း အာမိတ်၏အတုကို လိုက်ပြီးလျှင် ဆီး၍ ကြိုကြကုန်၏။ မောင်လူအေးလည်း ဝမ်းသာလှသဖြင့် အားလုံးကို ခေါ်ပြီးလျှင် အိမ်ထဲသို့ ဝင်၏။ တပျော်တပါးကြီးပေပလေ။ လေ့ဇောကား မည်သည့်အခါမျှမောင်လူအေးကိုကြိုဆိုလေ့မရှိ။စိတ်ပျက်စရာအလွန်ကောင်း။

အာမိတ်သည် ငယ်ငယ်ကနှင့်မတူ၊ တစတစ ခွေးရည်လည်၍လာ၏။ အကင်းပါး၍လာ၏။ အလိုက်သိ၍လာ၏။ ဝင်းအတွင်းသို့ညစ်ညစ်စုတ်စုတ် အဝတ်အစားများကို ဝတ်စား၍လာသူကိုမြင်လျှင် ကိုက်မယောင်။ ဟပ်မယောင်ပြုလေသည်။ ကုလား သူတောင်းစားများ မဝင်ဝံ့ကြ။ အလိုက်သိတတ်သော အာမိတ်ပါတကား။ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်လွင်လွင်နှင့် ဝင်လာလျှင်ကား ဟောင်ဟိန်းခြင်းကို မပြုရုံမျှမက ခရီးဦးကြိုကိုပင် ပြုတတ်ပေသေးသည်။ လွှဲဇောကား ဤသို့မဟုတ်။ မည်သူကိုမျှ ချမ်းသာမပေး။ နေ့စဉ် ပေါင်မုန့် လာပို့သောကုလားကိုပင် မြင်တိုင်းဟောင်၏။ ဒိုဘီကုလားကိုကား ကြည့်၍မရ။ အမြဲမပြတ်ဟောင်တော့၏။ အကျိုးအကြောင်းကို မသိတတ်သောလွှဲဇောဖြစ်၏။

တနေ့သ၌ မြန်မာပြည်၏ လက်ဦးဆုံး နန်းရင်းဝန် အမတ်ကြီးဒေါက်တာဗမော်နှင့် ပညာရေးဝန်ကြီးချုပ် ဦးသာယာဝတီမောင်မောင်တို့သည် တိုင်းခန်းလှည့်လည်ယင်း မောင်လူအေး၏ နယ်သို့ရောက်ရှိလာ၏။ နယ်အတွင်းရှိ အရာရှိများ၊ နယ်မိ နယ်ဖ များနှင့် နန်းရင်းဝန်၊ ပညာရေး ဝန်ကြီးချုပ်တို့အား မိတ်ဆက်ပေးရန်အလို့ငှါ မောင်လူအေးသည် မိမိ၏အိမ်တွင် ညစာထမင်းကို တည်ခင်းကျွေးမွေးလေသည်။ လူပေါင်း ၂၀-နီးပါးခန့် ရှိပေလိမ့်မည်။ ညစာစားသောက်နေခိုက်၊ ရှုပ်ပွေနေကြမည်ကို စိုးသောကြောင့် အာမိတ်တို့သားအဖတတွေကို နောက်ဖေး အစေခံတန်းလျားတွင် လှောင်၍ထားစေ၏။

ထမင်းစားသောက်ပြီးနောက် ဧည့်ခန်းထဲတွင် စုဝေးကာ ထိုင်ပြီး စကားပြောနေကြခိုက် အာမိတ်ကြီး အခန်းထဲသို့ ဝင်လာတော့၏။ အဘယ်သို့ လွတ်လာသည်မသိ။ မောင်လူအေး အကြံအိုက်နေလေပြီ။ အခန်းထဲမှ နှင်ထုတ်ရမည်လော။ အမှုမဲ့အမှတ်မဲ့ထားရလျှင်ကောင်းမည်လော။ လူစိမ်းများကိုမြင်၍ အာမိတ်ဟောင်မှဖြင့်အရှက်ကွဲတော့မည်။ ဤသို့မောင်လူအေး တွေးနေခိုက် ဧည့်သည်များလည်း စကားပြောခြင်းကို ရပ်လိုက်ကြကုန်၏။ အာမိတ်ကိုက်တတ်သည်မကိုက်တတ်သည်ကို မသိသဖြင့် ကိုက်မှာကို ကြောက်သူကကြောက်ကြဟန်တူ၏။

ဤသို့မောင်လူအေးမှာ အခက်အခဲနှင့် ကြုံနေခိုက်တွင် အာမိတ်သည် ဧည့်သည်တွေ၏မျက်နှာများကို လိုက်ကြည့်ပြီးလျှင် နန်းရင်းဝန်ကြီးအနီးသို့ စိုက်စိုက်၊ စိုက်စိုက်နှင့်သွား၏။ အနားသို့ ရောက်သော်နန်းရင်းဝန်၏ခြေကို တချက် နှစ်ချက် နမ်းကြည့်ပြီးလျှင် နန်းရင်းဝန်ကြီး၏ ခြေရင်းတွင် ဝပ်ကာ ဣန္ဒြေသမ္ပတ္တိနှင့် နေလေ သတည်း။ သည်တော့မှ မောင်လူအေး စိတ်အေးသွားသတည်း။

လူ ၂၀-ခန့်တွင် နန်းရင်းဝန်ကြီးကို အာမိတ် အဘယ်သို့ ရွေးနိုင်ပါသနည်း။ နန်းရင်းဝန်ကြီး၏ တန်ခိုးမှာ ကြီးမားလှသောကြောင့် ပေလော။ အာမိတ်မှာ အကင်းပါးလှသောကြောင့်ပေလော။ ထိုလူ ၂၀-ခန့်အနက် နန်းရင်းဝန်ကြီးမှာ အလှဆုံးသောကြောင့်ပေလော။

ဂန္ထလောက ၁၂၉၉-ခု၊ တန်ခူးလ။





www.burmeseclassic.com

www.burmeseclassic.com



# အာမိတ်

အာမိတ်နှင့် လွှဲဇောတို့ နှစ်ကောင်တွင် အာမိတ်သည် လွှဲဇောထက် သခင်ကိုခင်၏။ သခင်နှင့်ပူးပူးကပ်ကပ်နေလေ့ရှိ၏။ သခင်သွားရာကို လိုက်ချင်၏။ သခင်၏ ပြောစကားကို နားထောင်၏။ တဦးမေတ္တာတဦးမှာ ဆိုသော စကားအတိုင်း မောင်လူအေးတို့ကလည်း အာမိတ်ကို လွှဲဇောထက် ပို၍ ချစ်ခင်လေသည်။

အာမိတ်သည် မောင်လူအေးနှင့်ပူးပူးကပ်ကပ် ပွတ်ပွတ်သတ်သတ် မနေသည်မှာ တနှစ်ခန့်ပင် ကြာခဲ့လေပြီ။ အစာစားချိန်ကျလျှင် မီးဖိုတွင် ထမင်းချက်က ကျွေးသမျှကို စားသောက်ပြီးနောက် နေ့လယ်နေ့ခင်းတွင် အစေခံတန်းလျားတွင် သွားအိပ်လေ့ရှိ၏။ ညအချိန်တွင်ကား အိမ်ရှေ့ဝရန်တာအောက်တွင်အိပ်ကာ အိမ်ကို စောင့်ရှာလေသည်။ မောင်လူအေးနှင့် အာမိတ်တို့မှာ တဦးနှင့်တဦး ခပ်စိမ်းစိမ်း ဖြစ်နေကြ၏။

တခုသောညနေခင်း ညစာစားသောက်ပြီးနောက် အိမ်ရှေ့ဝရန်တာတွင် မောင်လူအေးသည် လက်ဖက်ရည်ကြမ်းကို သောက်ယင်း သတင်းစာတစောင်ကို ဖတ်နေခိုက် အာမိတ်သည် ကုပ်ကုပ်-ကုပ်ကုပ်နှင့် တက်လာပြီးလျှင် မောင်လူအေး အနားတွင် ထိုင်၏။ ထိုအခါ မောင်လူအေးက အောင်မယ် သည်တခါ တယ်ထူးဆန်းပါကလားကွဲ့ အာမိတ်။ ဘယ်ကများ မျက်စိ လည်လာ ပါလိမ့်ဟု ဆိုလိုက်၏။

အာမိတ် ဘာမျှမဆို၊ အသာ အမြီးကလေးကိုလှုပ်၍ နေရှာလေသည်။

“မင်းအယင်ကနဲ့ မတူဘူး။ တို့ကို အင်မတန် စိမ်းကားနေတယ်။ တို့အနားတောင် မကပ်ချင်ဘူး။ အခုများ” ဟု မောင်လူအေးက အသားယူကာ ဆိုပြန်၏။

“သခင် မုသားပြောတာ” ဟု မျက်နှာသေကလေးနှင့် ရုတ်တရက် ပြန်ပြောလိုက်လေသည်။

မောင်လူအေးလည်း အံ့အား သင့်သွားပြီးလျှင် “ဟဲ့ အာမိတ်၊ မင်းဘာပြောတယ်” ဟု ပြန်၍ မေးလေသည်။

“သခင် မုသားပြောတာ” ဟု ထပ်၍ ပြောပြန်၏။

“မဟုတ်ပါဘူး၊ မင်းရှင်းရမည်။ ငါ ဘာမုသား ပြောတာလဲ။”

“သခင့်ကို ကျွန်တော် အယင်ကလို မခင်ဘူးဆိုတာ သခင်မုသား ပြောတာဘဲ။ ကျွန်တော်ဟာ သခင်ကို အယင်တုန်းကအတိုင်းဘဲ။ သခင်ကသာ ကျွန်တော့်ကို အယင်ကလို မခင်တာပါ” ဟုဆိုကာ တခြားဖက်သို့ လှည့်သွား၏။

“ဟဲ့ မဟုတ်ပါဘူး အာမိတ်ရဲ့၊ မင်းငါ့ကို အယင်ကလို ခင်တယ်ဆိုယင် အယင်ကလို ငါ့နားမှာလာပြီး ပွတ်ပွတ်သတ်သတ် ဘာလို့မနေသလဲ။”

“သခင့်နားကို လာသားဘဲ၊ သခင် အနားမှာလဲ ပွတ်ပွတ်သတ်သတ် လုပ်သားဘဲ။ သခင်ကသာ ဂရုမစိုက်တာ။ မောင်မွှေးကို သခင်ရကတည်းက သခင်ဟာ တနေ့တခြား ကျွန်တော့်ကို စိမ်းလာတာဘဲ။ သည်တော့ကျွန်တော်ကလဲ အလိုက်သိပြီး သခင်နား မကပ်တော့ဘူးပေါ့။”

“ဟဲ့-သည်လိုထင်ယင် မင်းမှားသွားတော့မပ အာမိတ်ရဲ့။”

“မမှားပါဘူးသခင်ရယ်။ ကြည့်ပါလား။ အယင်မောင်မွှေးကိုမရခင်ကများ တောသွားယင်လဲ ကျွန်တော်ပါတာဘဲ။ ရိုးသွားယင်လဲ ကျွန်တော်ပါတာဘဲ။ လမ်းလျှောက်သွားယင်လဲ ကျွန်တော်ပါတာဘဲ။ သွားကစားယင်လဲ ကျွန်တော်ပါတာဘဲ။ မောင်မွှေးကိုသခင် ရ





www.burmeseclassic.com

www.burmeseclassic.com

ပြီးတဲ့နောက်တော့ ကျွန်တော့်ကို သခင် ဂရုမစိုက်တော့ဘူး။ သခင်တောသွားမယ်လို့မော်တော်ကားပေါ် တက်တဲ့အခါများ အယင်ကလို မှတ်လို့ ကျွန်တော် တက်လိုက်တဲ့အခါ ကျွန်တော့်ကို သခင်မောင်းချခဲ့တယ်။ သခင်ရုံးက ပြန်လာတဲ့အခါများ လှေကားဝကနေပြီးစောင့်ကာ နှုတ်ဆက်ပေမဲ့ သခင်အမှုမထားဘဲ အိမ်ပေါ် တက်သွားတယ်။ သခင် လမ်းလျှောက်သွားတဲ့အခါ ကျွန်တော်လိုက်မယ် ပြင်သော်လဲ သခင် မခေါ်ဘူး။ မောင်မွေးကို သခင်ရကတည်းက ကျွန်တော့်အပေါ်မှာ သခင် မေတ္တာ ယုတ်လျော့လာတာကိုမြင်လို့ ကျွန်တော် သခင်နဲ့ခပ်ခွါခွါနေတာကို ကျွန်တော် သခင့်အပေါ်မှာ မေတ္တာပျက်တယ်လို့ စွပ်စွဲတာ သခင် မှားပြောတာ မဟုတ်ဘူးလား။”

ဤသို့ အာမိတ်က ဟုတ်တိုင်းမှန်ရာ ဖွင့်၍ ပြောလိုက်သော အခါ မောင်လှအေး အတော်အနေရ ခက်သွားသဖြင့် အတန်ကြာအောင် အာမိတ်အား ပြန်၍မချေနိုင်ဘဲ ရှိနေ၏။ လက်ဖက်ရည်ကြမ်းကို ခရားထဲမှ ငှဲ့ထည့်ယင်း အကြံထုတ်ပြီးလျှင် ပြန်၍ ချေဆိုသည်ကား ဤသို့တည်း။

“မင်းတို့ကို ချင်းတောင်ကငယ်ငယ် ကလေးက တည်းကယူလာပြီး ကောင်းကောင်း မွန်မွန်ပြုစုကျွေးမွေးလာခဲ့တာလဲ မင်းအသိဘဲ။ မင်းကို ဂရုစိုက်ခဲ့တာလဲ မင်းအသိမဟုတ်ဘူးလား။ နို့ပေမဲ့ မောင်မွေးကို ငါတို့ရလာတဲ့အခါမှာ ရင်သွေးဟူကချစ်မဝဆိုတဲ့ အတိုင်းသားကလေးကို ဂရုစိုက်ပေတယ်။ အခုလိုဂရုစိုက်ရတဲ့အတွက် မင်းကို အယင်ကလို ဂရုမစိုက်နိုင်ဘဲ အမှုမဲ့ အမှတ်မဲ့ ဖြစ်ချင်ဖြစ်သွားမယ်။ အကယ်စင်စစ် မင်းကို အယင်ကလို မချစ်လို့ဂရုမစိုက်ဘဲ တမင်သက်သက် နေတယ်လို့ မထင်နဲ့။”

“သခင် ပြောတဲ့အတိုင်း ရှိစေတော့။ မောင်မွေးနှင့် ကျွန်တော် အတူတူ ရှိနေကြတဲ့အခါမှာ....ရင်သွေးဟူက ချစ်မဝဆိုတဲ့စကား အတိုင်း မောင်မွေးကို ပိုပြီး ဂရုစိုက်မိတယ်ဆိုယင် ကိစ္စ မရှိဘူး။ အခုတော့ မောင်မွေး မပါဘဲ သခင်တောသွားတဲ့အခါများ ကျွန်တော့်ကို အယင်ကလို မခေါ်တော့ဘဲ အိမ်မှာ ချန်ခဲ့တာများကို ဘယ်လို အကြောင်း ပြမတုံး။”





ဤသို့ အာမိတ်က မေးလိုက်သောအခါ မောင်လှအေး အတော်ပင် အကြံအိုက်ပြီး တွေနေတော့၏။ အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက်မှ အောက်ပါအတိုင်း ဖြေပြန်၏။

“မင်း မေးတဲ့ အမေးကို ငါအဖြေပေးရမှာ အင်မတန် ခက်နေတော့တာဘဲ။ သည်အဖြေကို ငါလဲ မပေးတတ်ဘူး။ ငါ့စိတ်ထဲမှာ မောင်မွေးကိုလဲ ချစ်တာဘဲ။မင်းကိုလဲအယင်တုန်းကလိုဘဲ ချစ်တာဘဲလို့ ထင်နေတယ်။ နို့ပေမဲ့ ငါ့အပြုအမူတွေကတော့ ငါထင်တဲ့အတိုင်း မဟုတ်ဘူး။ အယင်ကထက် မင်းအပေါ်မှာ ထူးခြားလာတယ်ဆိုတာ မင်းပြောတဲ့ အတိုင်း မှန်တာဘဲ။ စင်စစ်တော့ကွယ် အချစ်ဆိုတာမျိုးဟာ တယောက်အပေါ်မှာသာ မီးကုန်ယမ်းကုန်ချစ်တာမျိုးထင်ပါရဲ့။ နောက် ချစ်မဲ့သူတယောက် ပေါ်လာယင် အယင်က အချစ်ဟာ ရော့သွားတယ်ထင်ပါရဲ့။ ကိုယ့်စိတ်ထဲကတော့ ငါနှစ်ယောက်စလုံးကိုအတူတူ မပို-မလို ချစ်နိုင်တယ်လို့ ထင်ပေမဲ့ အချစ်ဆိုတဲ့ အရာကတော့ ညီတူ ညီမျှမနေဘဲ တယောက်ယောက် ပေါ်မှာ ပိုနေတယ်ထင်ပါရဲ့။ ဒါကြောင့်မို့ အသစ်တွေ့ယင် အဟောင်းမေ့တယ်။ ငါးစိမ်းမြင်ယင် ငါးကင်ကို ပစ်တယ်ဆိုတဲ့ စကားပုံတွေကို ထားခဲ့ကြတာ ထင်ပါရဲ့ကွယ်။”

“သခင်တို့ လူတွေရဲ့ အချစ်စိတ်ဟာ တမျိုးထင်ပါရဲ့။ အပြောင်းအလဲ အင်မတန်မြန်တယ်။ အသစ်တယောက်ကိုချစ်မိမှဖြင့် အဟောင်းတယောက်ကို မေ့တော့တာဘဲ။ကျွန်တော်တို့ ခွေးတွေကတော့ အချစ်မြဲတယ်။ သခင်ဆိုယင် များများ မထားဘူး။ သည်တယောက်ဘဲ။ အသက်ထက်ဆုံး တယောက်ဘဲ ထားတယ်။ သည်သခင်က မကြင်နာလို့


www.burmeseclassic.com

www.burmeseclassic.com

စွန့်သွားတော့မှဘဲ နောက်သခင်ကို ရှာတော့တယ်။ ကျွန်တော်တို့ရဲ့ အချစ်စိတ်ဟာ သခင်တို့ လူတွေရဲ့ အချစ်စိတ်ထက် ခိုင်မြဲမြင့်မြတ်တယ်လို့ဆိုယင် မှား မလား။ ကျွန်တော်တို့ သဘောကတော့ သခင် တယောက် အပေါ်မှာ ချစ်မိမှဖြင့် နောက်တယောက်က ဘယ်လိုဘဲများပြီး ခေါ်ခေါ်၊ ဘယ်လိုချမ်းသာတဲ့ သခင်နဲ့ တွေ့တွေ့ ပဌမ သခင်က မစွန့်သမျှ ကျွန်တော်တို့ကတော့ စွန့်တော့မှာ မဟုတ်ဘူး။”

ဤစကားကို ကြားလိုက်ရသောအခါ မောင်လူအေး အတော်အခံရ ဆိုးသွား၏။ သို့သော် အောက်ပါအတိုင်း ပြန်ဖြေလေသည်။

“ဒါကတော့ကွယ် အပြောရ အခက်သားကလား၊ မင်းငါ့အပေါ်မှာ စွဲစွဲ မြဲမြဲကြီး ချစ်နေတာ သခင်သစ်နဲ့ မတွေ့ဘူးသေးလို့ ဖြစ်ချင်ဖြစ်မယ်။ အချစ်ဆိုတဲ့ အရာဟာ ဘယ်လောက်တောင်ထူးဆန်းတယ်ဆိုတာ ရှေးကပညာရှိတွေရော၊ အခု ကာလ ပညာရှိတွေရော ခွဲခြားဝေဖန်လို့ မရဘူး။ နောင်လဲ ရမှာ မဟုတ်ဘူး။ အချစ် အကြောင်းပြောရမှာ အားကြီး ခက်သကွယ်။ ငါလဲ မပြောတတ်တော့ဘူး။”

ဤသို့ ပြောလိုက်သော အခါ အာမိတ်လည်း အချစ်၏ ဆန်းကြယ်ပုံကို စဉ်းစားကာ ခေတ္တမျှ တွေဝေနေပြီး အောက်ထပ်သို့ ပြန်၍ ဆင်းသွား၏။ မောင်လူအေးလည်း ပက်လက်ကုလားထိုင်ပေါ်တွင် လှဲကာ အချစ်၏ ဆန်းကြယ်ပုံကို စဉ်းစားခန်း ထုတ်လျက် နေသတည်း။

ထိုညမှ လွန်မြောက်၍ ခြောက်ရက်လောက် ကြာသောအခါ ကျောက်ထိုးဆရာက မောင်လူမွေးအား ကျောက်ထိုးပေး၏။ လေး ငါး ရက် ကြာသော အခါ မောင်လူမွေး ဖျားလေတော့၏။ ဖျားရာမှ ဆီးဖက်သို့ လှည့်သွားပြန် လေသည်။ သူ၏ မျက်စိနှစ်လုံးမှာ တစတစ ဝါ၍ လာ၏။ သူ၏ ပါးကလေးများ၊ ခြေဖျား လက်ဖျား ကလေးများ၊ နားရွက်ကလေးများမှာ ဝါ၍ လာကြလေသည်။ နောက်ဆုံးတွင်ကား တကိုယ်လုံး နံ့နွင်းခဲ နံ့နွင်းတုံး ဖြစ်နေလေသတည်း။





အသားဝါရုံတွင် မကသေး။ ကလေးမှာ တနေ့တခြား ညှိုး၍သာလာ၏။ မျက်စိ များကိုလည်း မဖွင့်တော့ပြီ။ အိပ်ရာထဲမှာသာလျှင် ခွေ နေတော့၏။ စိတ်လည်း ကောက်၊ စိတ်လည်းတို၊ အမေမှ လွဲ၍ အနားသို့ မည်သူလာသည်ကိုမျှ မကြိုက်။

မောင်လူအေးနှင့် ခင်သန်းမြင့်တို့ကား စိတ်အပူကြီး ပူနေကြရကုန်၏။ ယခင် ကျန်းမာစဉ်က ပျော်ပျော် ရွှင်ရွှင် ပြေးလွှား ကစားနေသည်ကို မြင်တိုင်း ဝမ်းသာအားရ ဖြစ်လာခဲ့သမျှ ယခု မောင်မွေးမမာသော အခါ စိတ်ပူပန် ဆင်းရဲရလေပြီ။ တညလုံး မအိပ်နိုင်ကြ။ သားကလေး၏ အရိပ်အခြည်ကိုသာလျှင် တကြည့်တည်း ကြည့်နေကြရကုန်၏။

ကလေး ဖျားစကပင် ဆရာဝန် တနေ့ သုံးကြိမ်လာ၍ ကြည့်၏။ ဆရာဝန်၏ ကြိုးစားချက်ကြောင့်ရင်း၊ ရောဂါ၏ အရှိန်ကုန်သွားသောကြောင့်ရင်း ကလေးမှာ တနေ့တခြား လန်း၍ လာလေသည်။ မိဖနှစ်ဦးအို၏ ဝမ်းမြောက်ခြင်းကား ဆိုစရာ မရှိတော့ပြီ။

မောင်လူမွေး မမာမကျန်းဖြစ်နေသော အတောအတွင်းတွင် အာမိတ်သည် မောင်လူအေး၏ ရေချိုးခန်းထဲတွင် အမြဲလာ၍ အိပ်၏။ မောင်လူအေးရေချိုးဝင်၍ သူနှင့် တွေ့သော်လည်း သူ့မှာရွှင်ပျသော အမူအရာကို မပြ၊ ခပ်မှိုင်မှိုင် ဖြစ်နေသည်ကိုသာ မြင်ရလေသည်။ မောင်လူအေးကား ကလေးအတွက် ပူပန်နေရသောကြောင့် အာမိတ်အား အမှုမထားနိုင်။ ထိုနောက် ရက်အနည်းငယ် ကြာလာပြန်သောအခါ အာမိတ်မှာ သိသိသာသာကြီး ပိန်၍ လာသည်ကို မြင်ရ၏။ သို့သော် သူ့အား ဂရုမစိုက်နိုင်သေး။

မောင်လူမွေးအတော်ကလေး ကျန်းမာလာသောအခါ အာမိတ်မှာ လမ်းကောင်းကောင်း မလျှောက်နိုင်တော့သည်ကို မြင်ရ၏။ ထိုအခါကျမှ မောင်လူအေး မျက်လုံး ပြူးသွားလေတော့၏။ သူ့အား


www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း တိုက်နေကျ ဆေးများကို တိုက်၏။ ဂရုတစိုက် ပြုစု၏။ သို့သော် အာမိတ်၏ ရောဂါမှာ ကျွမ်းနေလေပြီ။ ကု၍ မရတော့။ နောက်တနေ့ နံနက်တွင် အာမိတ်၏ အလောင်းကို ရေချိုးခန်းထဲ၌ မောင်လူအေး မြင်ရလေတော့သတည်း။

မောင်လူအေး၏ စိတ်ထဲတွင် အသို့ ဖြစ်သွား မည်နည်း။ ဝမ်းနည်းခြင်း၊ သနားခြင်း၊ လွမ်းဆွတ်ခြင်း၊ နောင်တရခြင်းတို့မှာ မောင်လူအေး၏ ဦးနှောက်အတွင်းမှ ရောပြွမ်း၍ ထွက်ပေါ် လာကြကုန်၏။

အာမိတ် မမာဖြစ်စက မောင်လူမွေးသာ ကျန်းကျန်း မာမာ ရှိနေပါလျှင် အာမိတ်အား ဂရုတစိုက်ဆေးဝါးကုသမည်မှာ မုချပင်ဖြစ်၏။ ယခုမှာ မူကား အာမိတ် မကျန်းမမာ ဖြစ်သည်မှာ မိမိ၏သား မောင်လူမွေးနှင့် တချိန်တည်းကျနေသောကြောင့် သားကလေး၏ ရောဂါ ပျောက်ရေးကိုသာလျှင် ဂရုစိုက်ခဲ့ မိလေသည်။ အာမိတ် ရောဂါရနေသည်ကိုကား သိပင် မသိခဲ့။ အာမိတ် ကံဆိုးခဲ့ပြီတကား။

အာမိတ်၏ အလောင်းကို ကြည့်ယင်း သူ့အား ငယ်ငယ် ကလေးက ချင်းတောင်မှ မုန်းမြစ်ကြောင်း အတိုင်း ဆောင်ယူခဲ့သည်များကိုဎင်း၊ ကျောက်ဆည်နယ် ရဲရမန်း သစ်တောနက်ကြီးအတွင်း နယ်လှည့်ထွက်ရာတွင် အာမိတ်မှာ မိမိနှင့် ထက်ကြပ်မကွာ လိုက်ပါခဲ့သည်ကိုဎင်း၊ တောနက်ကြီး အတွင်း ညအိပ်ရာတွင် ကျားကြောက်သောကြောင့် မိမိ၏ အနားတိုးကာ အိပ်သည်ကိုဎင်း၊ မိမိသွားလေရာတကောက်ကောက်နှင့် လိုက်ခဲ့သည်များကိုဎင်း၊ မိမိ၏ မိတ်ဆွေကောင်း၊ တပည့်ကောင်း ဖြစ်ခဲ့သည်များကိုဎင်း တစိမ့်စိမ့်နှင့် တွေးတော မိသောဟူ၏။

ယနေ့မှ စ၍ အာမိတ်၏ ဇာတ်လမ်းဆုံးပြီ။ ပြည်ဖုံးကား ချလိုက်ကြပါစို့။

**ဂန္ထလောက ၁၃၀၀-ခု၊ ဝါခေါင်လ။**



# မောင်လူမွေး

ကျွန်တော်၏ အမည်မှာ မောင်လူမွေးဖြစ်ပါသည်။ ကျွန်တော်၏ဖခင်မှာ ဦးလူအေး၊ မိခင်မှာ ဒေါ်ခင်သန်းမြင့်တို့ ဖြစ်ကြပါသည်။

ကျွန်တော် ဤလောကကြီးအတွင်းသို့ ရောက်လာသည်မှာ မြန်မာသက္ကရာဇ် ၁၂၉၉-ခု၊ နတ်တော်လဆုတ် ၈-ရက်နေ့ (အင်္ဂလိပ်သက္ကရာဇ် ၁၉၃၇-ခု၊ ဒီဇင်ဘာလ ၂၅-ရက်၊ နာတာလူးပွဲနေ့) တွင်ဖြစ်ပါသည်။ ကျွန်တော် ဤလောကကြီးအတွင်းသို့ ရောက်လာရခြင်း အကြောင်းမှာ လောကဇာတ်ရုံကြီးတွင် ဇာတ်ခင်းကျင်းကပြရန် ဖြစ်ပါသည်။ သို့သော် မည်သို့သော ဇာတ်မျိုးကို မည်သည့်အခါတွင် မည်သို့ကပြရမည်ကို ကျွန်တော်ကိုယ်တိုင်ပင် မသိသေးပါ။ ကံဆိုသော နာမည်ကျော် ဇာတ်ဆရာကြီးက ခိုင်းစေသော ဇာတ်ကို ကပြရပါမည်။

ကျွန်တော် သိသလောက်ဆိုရလျှင် အသောဇာတ်၊ အဆွေးဇာတ်၊ အလွမ်းဇာတ်၊ အပျော်ဇာတ်၊ ကြောက်ဖွယ်ဇာတ် အစရှိသော ဇာတ်မျိုးကို ကပြရပါမည်။ သို့သော် အဘယ်သို့သော အသောဇာတ်၊ အလွမ်းဇာတ်မျိုးကို ကပြရမည်ဟူ၍ကား မသိသေးပါ။ ဇာတ်လမ်းဇာတ်ကွက်များကိုလည်း စီစဉ်ထားခြင်း မရှိသေးပါ။ ကံဇာတ်ဆရာကျော်ကြီးက ညွှန်ကြားချက်အရ အချိန်ကာလ အခွင့်အရေးတို့ကို ကြည့်ပြီးလျှင် ကပြသွားရပါမည်။ ကျွန်တော်၏ သဘောအလိုအားဖြင့် အသောဇာတ်၊ အပျော်ဇာတ်တို့ကိုသာ ခပ်များများ ကပြသွားချင်ပါသည်။ သို့သော် ကျွန်တော်၏အလိုအတိုင်း ကပြရမည် မဟုတ်ပါ။ ကံဇာတ်ဆရာကျော်ကြီး၏ အလိုအတိုင်းသာ ကပြသွားရမည်ဖြစ်ပါသည်။ ကျွန်တော် ဤလောက ဇာတ်ရုံကြီးတွင် နောင် မည်သို့သော ဇာတ်မျိုးကို ကပြရမည်ကို စောင့်၍ကြည့်ရန် တောင်းပန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီးအတွင်းသို့ မရောက်မီက ကျွန်တော်၏ အဖြစ်အပျက်ကလေးများကို ပြောပါရစေဦးခင်ဗျား။

ကျွန်တော်၏မိခင် ဒေါ်ခင်သန်းမြင့်၏ ဝမ်းထဲသို့ ရောက်နေမှန်းကိုသိရသည်မှာ လွန်ခဲ့သော လေးငါးလခန့်အခါက ဖြစ်ပါသည်။ ထိုလေးငါးလ အထက်က အဖြစ်အပျက်ကို ကျွန်တော် မမှတ်မိပါ။ အိပ်ပျော်နေသောသူကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော် မှတ်မိသလောက်ဆိုရလျှင် ကျွန်တော်မှာ မိခင်၏ ဝမ်းထဲက ရေအိတ်ကြီးတလုံးအထဲမှာ ရောက်နေခဲ့ပါသည်။ ထိုရေအိတ်ကြီးအတွင်းမှာ ဝဲဖက်သွားလိုက်၊ ယာဖက်သွားလိုက်နှင့် ပျော်ပါးစွာ နေထိုင်ခဲ့ပါသည်။ စောစောတုန်းက တော်တော်ကလေး ချောင်ချောင်ချိချိ ရှိပါသေး၏။ ကျွန်တော်ရေအိတ်အတွင်း နေထိုင်ရသည်မှာ လက်ဦးတွင် အနှောင့်အရှက် အနည်းငယ်နှင့်မျှ မတွေ့ကြုံရပါ။

ဤကဲ့သို့ ရေအိတ်ထဲမှာ နေခိုက် ဆာလောင် မွတ်သိပ်ခြင်း အနည်းငယ်မျှ မရှိပါ။ အာဟာရ သိဒ္ဓိပြီးသော ဇော်ဂျီများကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော်၌ ပါးစပ်တပေါက် ရှိသော်လည်း ထိုပါးစပ်ကို မည်သို့ အသုံးချရမှန်း မသိသောကြောင့် အတော်ပင် စိတ်အိုက်ခဲ့ပါသည်။ ကျွန်တော်၌ မျက်လုံးလည်း နှစ်လုံး ပါလာပါသည်။ ထိုမျက်လုံး နှစ်လုံးမှာလည်း ရေအိတ်ထဲတွင် အနည်းငယ်မျှ အသုံးမကျပါ။ သူတို့မှာ အားလပ်ခွင့် ယူနေကြပါသည်။ ကျွန်တော်၏နှာခေါင်း နှစ်ပေါက်တို့မှာလည်း မျက်လုံးများကဲ့သို့ပင် အလုပ်လက်မဲ့ဖြစ်နေကြပါသည်။ ကျွန်တော်၏ စိတ်ထဲတွင် ထိုနှာခေါင်းနှစ်ပေါက်နှင့် မျက်လုံးနှစ်လုံးတို့မှာ အပိုသက်သက် ပါလာကြသည်ဟူ၍ ထင်မှတ်မိပါသည်။ ကျွန်တော်၏ ဒွါရ နှစ်ပေါက်တို့မှာလည်း နှာခေါင်း မျက်စိ တို့ကဲ့သို့ပင် အလုပ်မရှိကြဘဲ အငြိမ်းစားဖြစ်နေကြပါသည်။ နားနှစ်ပေါက်တို့လည်း ပါလာသေး၏။ ယင်းတို့လည်း များစွာအလုပ်မရှိကြပါ။ သို့သော်အပြင်ဖက်တွင်ကျွန်တော်၏အကြောင်း ပြောနေသည်ကို ရေအိတ်ထဲမှ တခါတခါ ကြားမယောင်ယောင် နေပါသည်။





လွန်ခဲ့သည့် နှစ်လလောက်က ကျွန်တော်တို့ အိမ်သို့ အင်းစိန်အရေးပိုင် ဦးလှရှိန် ဆိုသူနှင့်ဇနီးတို့ အလည် ရောက်ကြပါသည်။ ဝန်ထောက်ဦးစောဟန် ဆိုသူလည်း သူတို့နှင့်အတူတူပါလာပါသည်။ သူတို့အား ကျွန်တော်၏ဖခင် ဦးလူအေးက ကျွန်တော့်အကြောင်းကို ပြောပြပါသည်။ သူတို့အားလုံးပင် ဝမ်းမြောက်ကြောင်း ပြောကြသောအခါ ကျွန်တော်ကပါ ရော၍ ဝမ်းမြောက်လိုက်ပါသည်။

သူတို့ရောက်ကြသောနေ့တွင် ညစာကို စားသောက်ကြပြီးနောက် ကျွန်တော်၏ဖခင်နှင့် ဦးလှရှိန်၊ ဦးစောဟန်တို့သည် အိမ်အောက်ထပ် ဧည့်ခန်းထဲတွင် စကားများနေကြပါသည်။ ကျွန်တော်၏မိခင်နှင့် ဦးလှရှိန်၏ ဇနီးတို့ကား အိပ်ရာပေါ်မှာ လှဲကာ စကားပြောနေကြပါသည်။ ဤသို့ စကားပြောနေကြရာတွင် ဦးလှရှိန်၏ ဇနီးက ကျွန်တော်၏မိခင်အား "မိန်းကလေးမွေးယင် ကောင်းမယ်။မိန်းကလေးက အမေကို အကူအညီပေးတယ်။ အားလဲထားရတယ်။ မိန်းကလေး မွေးပါစေလို့ ဆုတောင်းတာပါဘဲ။ သူ့ဘိုယောကျ်ားတွေကတော့ ယောကျ်ားကလေးကို လိုချင်ကြမှာပေါ့" ဟုပြောပါသည်။ ကျွန်တော်၏ မိခင်ကလည်း သဘောတူပါသည်။ သူတို့ပြောသောစကားကိုကြားရသောအခါ ကျွန်တော်၏စိတ်ထဲမှာ "ရော ငါဟာယောကျ်ားလား။မိန်းမလား။ဘယ်လိုဟာကို ယောကျ်ားဆိုတာလဲ၊ ဘယ်လိုဟာကို မိန်းမဆိုသလဲ "လို့ တွေးမရသည်နှင့် အကြံအိုက်လျက် နေရပါတော့သည်။

နောက်တနေ့ နံနက်တွင် ဦးလှရှိန်တို့ ပြန်သွားကြပါသည်။ သူတို့ ပြန်သွားပြီးနောက်၊ နှစ်ရက်၊ သုံးရက် ကြာသောအခါ လူတ



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရောက်လာပါသည်။ ကျွန်တော်၏ဖခင်က "လာပါ၊ လာပါ၊ ဒေါက်တာပါဒီ"ရယ်လို့ ခေါ်သံကို ကြားရပါသည်။ ဒေါက်တာဆိုသည်မှာ မည်သို့သော သူနည်းဟူ၍ တွေးတောနေတုန်း သူ၏ခြေသံမှာ ကျွန်တော်၏အနားသို့ နီး၍နီး၍ လာပါသည်။ မကြာမီပင် သူ၏လက်ကြမ်းကြီးနှင့် ကျွန်တော့်ကို လိုက်ဖမ်းနေပါသည်။ ကျွန်တော့်မှာ သူမမိရလေအောင် ရေအိတ်ထဲမှာ ထွက်ပြေး တိမ်းရှောင်ပါသည်။ သို့သော်လည်း ကျွန်တော်၏ ချက်နှင့် အချင်းတို့ကို ဆက်သွယ်ထားသောကြိုးက အနှောင့်အရှက် ဖြစ်နေသောကြောင့် ကျွန်တော့်ကို မိသွားပါသည်။ ကျွန်တော်၏ မျက်စိကို သူ၏လက်ကြီးနှင့် ဖိထားပါသည်။ သူ၏လက်မာမှာကြီးဖြင့်ဖိထားသောကြောင့် ကျွန်တော်၏ ယာဖက် မျက်စိ နုနုငယ်ငယ် ကလေးမှာ အလွန်ပင် နာကျင်သွားပါသည်။ စိတ်ဆိုးဆိုးနှင့် ကျိန်ဆဲမည်ကြံသော်လည်း မည်သို့ကျိန်ဆဲရမှန်း မသိပါ။ ပါးစပ်ဖြင့် ကျိန်ဆဲရမလား။ နှာခေါင်းဖြင့် ကျိန်ဆဲရမလား။ မျက်စိဖြင့် ကျိန်ဆဲရမလား မသိသောကြောင့် အသာငြိမ်ခံနေရပါသည်။ ဒေါက်တာဆိုသောသူမှာ အတော်ကြာအောင်ပင် ဟိုစမ်းသည်စမ်းနှင့် လုပ်နေပါသေးသည်။ ထိုသို့ စမ်းသပ်ပြီးနောက် ကျွန်တော်၏ ရင်ပတ်ကို အဝိုင်းကလေးတခုဖြင့် ဖိထားပြန်ပါသည်။ ကျွန်တော်၏ ဖခင်နှင့် ဒေါက်တာဆိုသူတို့ ပြောဆိုကြသောစကားကို ထောက်သော် ကျွန်တော်၏ နှလုံးသားခုန်သည် မခုန်သည်ကို သိလို၍ နားကြပ်ဖြင့် နားထောင်ကြောင်း သိရပါသည်။

ထိုဒေါက်တာဆိုသူ ပြန်သွားပြီးနောက် ရက်ပေါင်း အတော်ကြာအောင်ပင် အနှောင့်အရှက်မရှိ၊ ရေအိတ်ထဲတွင် ပျော်ပျော်ပါးပါး ကစားနေရပါသည်။ ကျွန်တော်၏ ချက်ကြိုးမှာ အလွန်ပင်ရှုပ်ပါသည်။ လွတ်လွတ်လပ်လပ် မရှိပါ။ အဘယ်ကြောင့် ကျွန်တော့်မှာ ချက်ကြိုးကြီး ပါလာသည်ကို တွေးတော၍ မရနိုင်အောင်ပင်ဖြစ်နေပါသည်။





တနေ့သော် ကျွန်တော်တို့အိမ်သို့ ဆရာမဆိုသူ တယောက် ပေါက်လာပြန်ပါသည်။ သူ့ကို ကျွန်တော်၏ မိခင်က အိပ်ခန်းထဲသို့ခေါ်ပြီးလျှင် အစမ်းခိုင်း ပြန်ပါသည်။ ဆရာမ စမ်းသောအခါ ယခင် ဒေါက်တာဆိုသူ စမ်းတုန်းကလောက် မကြောက်တော့ပါ။ ကျင့်သားရသွားပါပြီ။ ကျွန်တော့်ကိုစမ်းသပ်ပြီးနောက် ဆရာမက ကောင်းပါသည်ဟုဆိုပါသည်။ ကျွန်တော်၏ မိခင်က ယောကျ်ားကလေးလား၊ မိန်းကလေးလားဟု မေးသောအခါ ယောကျ်ားကလေးထင်ကြောင်း၊ သို့သော် အသေအချာ မပြောနိုင်ကြောင်း ပြန်ပြောပါသည်။ ကျွန်တော်၏ စိတ်ထဲတွင် "ယောကျ်ား မိန်းမ" ဆိုသော စကားမှာ အနှောင့်အရှက်ဖြစ်နေပါသည်။ "ငါဟာ ယောကျ်ားလား၊ မိန်းမလား" ဆိုသော ပြဿနာမှာ ကျွန်တော်၏စိတ်ထဲတွင် အမြဲ ကိန်းအောင်းနေပါတော့သည်။

လွန်ခဲ့သည့် တလလောက်က ကျွန်တော်တို့ အိမ်သို့ ဦးသက်စုဆိုသူနှင့် ဒေါ်ခင်သန်းဆိုသူ ဇနီးမောင်နှံတို့ အလည် ရောက်လာကြပါသည်။ ဦးသက်စုက ကျွန်တော်၏ ဖခင်နှင့် စကားပြောနေရာမှ "ခင်ဗျားရဲ့ ကလေးဟာ ယောကျ်ားကလေး ဖြစ်ပါစေဗျာ" လို့ ပြောသောအသံကို ကြားရပါသည်။ ဒေါ်ခင်သန်းက ကျွန်တော်၏ မိခင်နှင့်စကားပြောရာမှာ "မိန်းကလေးဟာ ကောင်းတယ်မြင့်ရ။ မိန်းကလေးဆိုတော့ အမေကို အကူအညီပေးနိုင်တယ်။ မိန်းကလေးဖြစ်ပါစေ" လို့ပြောတာကို ကြားရပြန်ပါသည်။ မည်သူမဆို ကျွန်တော်၏ အကြောင်းကို ပြောကြလျှင် "မိန်းကလေး၊ ယောကျ်ားကလေး" ဆိုသော စကားမပါလျှင် မပြီးတော့ပါ။ ထိုမိန်းကလေး၊ ယောကျ်ားကလေးဆိုသော ပြဿနာမှာ ကျွန်တော်၏အဖို့ တနေ့တခြား ရှုပ်ထွေး၍ လာပါတော့သည်။ "ငါဟာ ယောကျ်ားလား၊ မိန်းမလား" ဟူ၍ နေ့တိုင်းပင် စဉ်းစားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဤလောကကြီးအတွင်းသို့ ရောက်ရန် ၁၅- ရက်ခန့်သာ ကျန်သောအခါ ကျွန်တော်၏ ဖခင်နှင့် မိခင်တို့ အိပ်ခန်းထဲတွင် ကျွန်တော်၏အကြောင်း ဆွေးနွေးကြသည်ကို ကြားရပြန်ပါသည်။

“ဆရာမကတော့ ယောကျ်ားကလေးလို့ ဆိုတာဘဲ။ ယောကျ်ားကလေးဘဲ မွေးပါစေကွယ်” ဟု ကျွန်တော်၏ဖခင်က ဆို၏။

“ယောကျ်ားကလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ချစ်ရမှာဘဲ။ မထူးပါဘူး”ဟု ကျွန်တော့်မိခင်က ပြန်ပြောပါသည်။

“နို့ပေမဲ့ ယောကျ်ားကလေးဆိုတော့ ပိုပြီးကောင်းတာပေါ့။ နေရတကာမှာ အားထားရတာပေါ့ကွဲ။”

“မိန်း ကလေးလဲ အားထားရတာပါဘဲ။ မိန်းကလေးဆိုတော့ အစစအရာရာမှာ အမေကို ကူညီနိုင်တာပေါ့။”

“ဟုတ်ပါတယ်လေ။ နို့ပေမဲ့ မိန်းကလေးနဲ့ ယောကျ်ားကလေးဟာ ဘယ်သူကပိုပြီး စရိတ်ကုန်ကျမယ်ဆိုတာက အရေးကြီးတယ်။”

“ယောကျ်ားကလေးရဲ့ စရိတ်က ပိုကုန်တော့မပေါ့။ ယောကျ်ားကလေး တယောက်ကို ကျောင်းထားရတဲ့ စရိတ်ဟာ နည်းသလား။”

“ကျောင်းထားရတဲ့ စရိတ်ကိုဆိုတာ မဟုတ်ဘူးဗျ။ ကလေးရဲ့ ပင်စင်အတွက် အစိုးရကို ပေးရမဲ့ စရိတ်ကိုဆိုတာ။ မိန်းကလေး ဆိုယင် ပိုပြီး ပေးရတယ်။”

“အဦး ဟုတ်ပေသားဘဲ။ မိန်းကလေးက ဘယ်လောက်လဲ။ ယောကျ်ားကလေးက ဘယ်လောက်လဲ။”

“နေအုံး ပင်စင်ဥပဒေစာအုပ်ကို ကြည့်အုံးမယ်။”

ဤကဲ့သို့ ဆိုပြီးလျှင် ခုတင်အောက်မှ သံသေတ္တာကလေးကို ဆွဲထုတ်သော အသံကို ကြားရပါသည်။

ဤအသံကိုကြားပြီးနောက် ကျွန်တော်၏ ဖခင်က “ယောကျ်ားကလေးတယောက်အတွက် ကိုးကျပ်၊ မိန်းကလေးတယောက်အတွက်





၁၈-ကျပ် အစိုးရကို လတိုင်းပေးရမတဲ့ဗျ။ သည်တော့ ယောကျ်ားကလေးဆိုယင် တဝက် မသက်သာပါလား။ အဲဒါကြောင့် ယောကျ်ားကလေးကို လိုချင်တာပေါ့။”

“အေးဟုတ်တယ်။ ယောကျ်ားကလေးဆိုယင် သာပြီးနေရာကျမယ်။”

ဤသို့ပြောဆိုကြပြီးနောက် အခြားအကြောင်းတွေကို ဆက်လက်ပြောသွားကြပါသည်။ ကျွန်တော်နှင့် မသက်ဆိုင်သည် တကြောင်း “ယောကျ်ားမိန်းမ” ပြဿနာကို တွေးတောနေသည်တကြောင်းတို့ကြောင့် ဆက်လက်ပြီး နားမထောင်တော့ပါ။ “ငါဟာ ယောကျ်ားကလေးဖြစ်ပါစေ” ဟူ၍သာ ဆုတောင်းနေပါတော့သည်။

ထို့နောက်များမကြာမီ ကျွန်တော်နေထိုင်ရာ ရေအိတ်မှာ ယခင်ကကဲ့သို့ ကျယ်ကျယ်ဝန်းဝန်း မရှိတော့ပါ။ ရေအိတ်ထဲတွင် ချောင်ချောင် ချိချိ မနေနိုင်တော့ပါ။ အလွန်တရာမှပင် ကျဉ်းကျပ် လာပါတော့သည်။ ကျွန်တော်၏ ကိုယ်ကာယမှာလည်း ကြီး၍လာပါသည်။ ရေအိတ်ထဲတွင် နေရသည်မှာလည်း ယခင်ကကဲ့သို့ မပျော်တော့ပါ။ အဘယ်သို့ လွတ်လွတ် လပ်လပ် နေထိုင် ရမည့် အကြောင်းကိုသာ စဉ်းစားလျက် နေပါသည်။ တခါတခါ ကျွန်တော်၏ စိတ်ထဲတွင် ရေအိတ်ကြီး၏ အပြင်ဖက်သို့ ထွက်ချင် လာပါသည်။ သို့သော် ထိုရေအိတ်ကြီး၏အထဲမှ မည်သို့ ထွက်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေပါသည်။

သက္ကရာဇ် ၁၂၉၉-ခု၊ နတ်တော်လဆုတ် ၇- ရက်နေ့ညတွင် ရေအိတ်ကြီးထဲမှာ နေထိုင်ရသည်ကို အထူးစက်ဆုပ်၍လာပါသည်။ ရေအိတ်ထဲတွင်မနေတတ်တော့ပါ။ အလွန်တရာမှပင် ကျဉ်းကျပ်နေပါသည်။ မည်သည့် နည်းနှင့်မဆို ထိုကျဉ်းကျပ်လှသော ရေအိတ်ထဲမှ ဖောက်ထွင်းပြီး ထွက်တော့မည်ဟု ဆုံးဖြတ်ပြီးလျှင် ရေအိတ်ကြီးကို ကျွန်

www.burmeseclassic.com

www.burmeseclassic.com


တော်၏ဦးခေါင်းဖြင့်တိုးပါသည်။ ကျွန်တော်၏မိခင်မှာ နာကျင်သောကြောင့် အိပ်ရာမှ နိုးပြီးလျှင် အော်ပါသည်။ မိခင်ကို သနားသောကြောင့် ရပ်လိုက်ပါသည်။ သို့သော် ရေအိတ်ထဲတွင် မနေချင်တော့ပါ။ တဖန်ထပ်ပြီး တိုးပြန်ပါသည်။ မိခင်က အော်ပြန် ပါသည်။ ကျွန်တော်လည်း ရပ်လိုက်ပြန်ပါသည်။ ဤသို့တိုးချည်၊ ရပ်ချည်၊ မိခင်ကအော်ချည်၊ နားချည်နှင့် ဖြစ်နေသောကြောင့် တအိမ်လုံး နိုးကုန်ကြပါသည်။

ရေနွေးအိုးတယ်သူတယ်၊ ဆရာမကိုသွားပြီး ခေါ်သူခေါ်နှင့် ရှုပ်ပွေနေကြပါတော့သည်။ မကြာခင် ဆရာမရောက်လာပါသည်။ ကျွန်တော်၏မိခင်ကို စမ်းသပ်ပြီးနောက် "မမွေးသေးဘူး။ တော်တော်လိုသေးတယ်" ဟု မှတ်ချက်ချပါသည်။ ကျွန်တော်၏ စိတ်ပျက်ခြင်းကား ဆိုဘွယ်မရှိတော့ပါ။ရေအိတ်ထဲမှ အပြင်သို့ ရောက်အောင် အတော်ကြာအောင် အားထုတ်ရမည့်အရေး၊ ကျွန်တော်၏မိခင် နာကျင်ရမည့်အရေးတို့ကို တွေးလိုက်တိုင်း စိတ်မကောင်းတော့ပါ။ သို့သော် ရေအိတ်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေရမည်ကိုကား ကြောက်လှပါတော့သည်။

ကျွန်တော်မှာ မဆုတ်မနစ်သော လုံ့လဖြင့် အပြင်ဖက်သို့ရောက်ရန် အတွင်သာ တိုးနေပါတော့သည်။ ကျွန်တော်တိုးလေ မိခင်အော်လေပင်။ မိခင်အော်သံကို ကြားရ၍ သနားသည်တကြောင်း၊ တိုးရလွန်း၍ မောသည် တကြောင်းတို့ကြောင့် ခဏခဏ နားနေ ရပါသည်။

ထို့နောက် အတော်ကြာလာသောအခါ ဒေါက်တာဆိုသူ ရောက်လာပါသည်။ ဆရာမဆိုသူနှင့်၎င်း၊ ကျွန်တော်၏ ဖခင်နှင့်၎င်း စကားပြောကြပါသည်။ ကျွန်တော့်ကိုလည်း စမ်းသပ်ပါသေးသည်။ ဤသို့စမ်းသပ်ပြီးနောက် "မကြာတော့ပါဘူး" ဟု မှတ်ချက်ချပါသည်။

ကျွန်တော့်မှာ အတော်ပင် အားတက်လာပါသည်။ ကျွန်တော်တိုးနေရသည်မှာ တညနှင့်တနေ့ပင် ကြာပါပြီ။ ကျွန်တော် မည်မျှ မောနေပြီဖြစ်ကြောင်းကို စဉ်းစားကြည့်က သိကြပါလိမ့်မည်။ ကျွန်တော်ပြောပြရန်လိုမည် မထင်ပါ။

ဒေါက်တာဆိုသူမှာ အထက်ပါ မှတ်ချက်ကို ချပြီးနောက် အခန်းထဲမှ ထွက်သွားပြီးလျှင် အပြင်ဖက် အခန်းမှာ ကျွန်တော်၏ ဖခင်နှင့် စကား သွားပြောနေကြပါသည်။ သူအခန်းထဲမှ ထွက်သွားပြီးသည့်နောက် ကျွန်တော်လည်း အားစိုက်ပြီး တိုးပြန်ပါသည်။ ကျွန်တော်၏ မိခင်မှာ ယခင်ကထက်ပင် ပို၍အော်ပါသည်။ ငိုပင် ငိုပါသည်။

ကျွန်တော်ကား ရပ်နားခြင်းမပြုတော့ပါ။ ဆက်ပြီးသာလျှင်တိုးပါတော့သည်။ ကျွန်တော့် မိခင်၏အော်သံ၊ ငိုသံတို့မှာ ဆူညံ၍သာနေပါသည်။ ကျွန်တော်၏ မိခင်အား များစွာ သနားသော်လည်း မရပ်နိုင်တော့ပါ။ ကျွန်တော်မြန်မြန် အပြင်ရောက်လျှင် မိခင်လည်း အနာသက်သာမည်။ ကျွန်တော်လည်း လွတ်လပ်တော့မည်။ ဤသို့တွေးပြီးလျှင် အားကြိုးမာန်တက် တိုးပါသည်။ ကျွန်တော်တို့၏ အတော်ကလေးခရီးရောက်သွားကြောင်းကိုဆရာမသိသွားသောအခါဒေါက်တာဆိုသူကို လှမ်း၍ခေါ်လိုက်သောအသံကို ကြားရပါသည်။ ဒေါက်တာဆိုသူလည်း အပြေးအလွှား အခန်းထဲသို့ ဝင်လာပါသည်။

ဒေါက်တာဆိုသူ ကျွန်တော်၏ မိခင်အနားသို့ ရောက်သည်နှင့် တပြိုင်နက် ရေအိတ် ပေါက်သွားပါသည်။ ရေအိတ်ပေါက်သွားသည်နှင့်တပြိုင်နက် ကျွန်တော်သည် ဒိုင်ဗင်ထိုးပြီးချလိုက်ပါသည်။ ကျွန်တော်၏မိခင် အိပ်ရာပေါ်သို့ မှောက်ရက်ကလေး ကျသွားပါသည်။

ခုတင်ပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် "အနှောင်အဖွဲ့မှလွတ်ပြီ၊ လွတ်ပြီ၊ လွတ်လပ်ခြင်းကိုရပြီ။ ရပြီ "ဟု ဟစ်အော်လိုက်ပါသည်။ ကျွန်တော်၏အသံနှင့် တပြိုင်တည်း ဒေါက်တာပါဒီ ဆိုသူက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို အိပ်ရာပေါ်မှ ကောက်ယူပြီးလျှင် "ယောကျ်ားကလေး" ဟူ၍ အော်လိုက်ပါသည်။ ဆရာဝန်နှင့်တပြိုင်တည်း ဆရာမဆိုသူနှင့် အခြားသူတို့ကလည်း "ယောကျ်ားကလေး" ဟူ၍ ပြိုင်တူအော်ကြပါသည်။ သူတို့ပြောဆိုသံကို ကြားတော့မှ "ဩော်ငါဟာ ယောကျ်ား ကလေးပါလား" ဟူ၍ တွေးတောကာ ဝမ်းမြောက်ကာ "ငါဟာ ယောကျ်ား၊ ယောကျ်ား၊ ယောကျ်ား" ဟူ၍ သုံးကြိမ်တိုင်တိုင် ကြိမ်းပ လိုက်ပါသည်။

ကျွန်တော်၏ အသံကို ကြားရသောအခါ ကျွန်တော်၏ အစ်ကို ကိုအာမိတ်က အခန်းအပြင်ဖက်မှနေ၍ ကျယ်လောင်စွာ ဟောင်လိုက် ပါသည်။ ကျွန်တော် ဤလောကကြီးအတွင်း ရောက်လာသည့်အတွက် ဝမ်းသာ၍ပင် ဟောင်သလော။ ကျွန်တော် ရောက်လာသည်ကို မနာ လိုသောကြောင့်ပင် ဟောင်သလောဟု မပြောတတ်ပါ။ ကိုအာမိတ် နှင့် ကျွန်တော်တို့ နှစ်ယောက် ပြိုင်တူအော်နေခိုက်မှာပင် ဒေါက်တာ ပါဒီက "အချိန်ဘယ်လောက်လဲ" ဟု ကျွန်တော်၏ ဖခင်ကို လှမ်း၍ မေးလိုက်ပါသည်။ ကျွန်တော်၏ ဖခင်က အခန်းအပြင်ဖက်မှ နေ၍ ၈-နာရီမိနစ် ၅၀-ဟူ၍ အော်ပြောလိုက်ပါသည်။

အချိန်ကိုမေးပြီးနောက် ဒေါက်တာပါဒီသည် ကျွန်တော်၏ ချက် ကြိုးကို ကတ်ကျေးဖြင့် ညှပ်ကာ ဖြတ်လိုက်ပါသည်။ အနှောင်အဖွဲ့မှ လုံးလုံးကြီး လွတ်သွားပြီ ဖြစ်သောကြောင့် ဝမ်းမြောက်၍ မဆုံးတော့ ပါ။ ကျွန်တော်၏ ချက်ကြိုးကို ဖြတ်လိုက်ပြီးနောက် ကျွန်တော့်ကို ဆရာမအား လှမ်း၍ ပေးလိုက်ပါသည်။ ဆရာမမှာ ကျွန်တော့်ကို အနီးဖြင့်ပတ်ပြီးလျှင် လက်ဘဖက်တည်းဖြင့် ကိုင်ထားပါသည်။ "တယ် အားကောင်းတဲ့ ဆရာမပါကလား" ဟူ၍ ကျွန်တော့်စိတ်ထဲတွင် ထင် မှတ်မိပါသည်။

ကျွန်တော်၏အနားတွင် ရပ်နေကြသူများကို ကြည့်လိုက်ရာ ကျွန် တော့်ထက် များစွာ ကြီးမားကြသည်ကို မြင်ရပါသည်။ မိခင်၏ဝမ်း ထဲမှာ တုန်းကမူကား အပြင်ဖက်တွင်ရှိကြသော ဒေါက်တာ ပါဒီတို့၊ ဆရာမတို့၊ ဦးလှရှိန်တို့၊ ဦးသက်စုတို့မှာ ကျွန်တော်နှင့် အရွယ်ချင်းတူ ကြမည်ဟု ထင်မိပါသည်။ အပြင်ရောက်သောအခါကျမှ အထင်နှင့် အမြင် များစွာကွာကြောင်းကို သိရပါသည်။

ရေအိတ်ထဲမှာနေစဉ်က မှောင်အတိကျနေပါသည်။ အပြင်ဖက် သို့ ရောက်သောအခါ လင်းနေသည်ကို မြင်ရ၍ များစွာ အံ့သြမိပါ သည်။ ကျွန်တော့် မျက်စိများ၏ အသုံးဝင်ကြောင်းကိုလည်း ယခုမှ သိရပါတော့သည်။ နှာခေါင်းများလည်း အသက်ရှူ နေကြပါပြီ။ "အဉ်း-နှာခေါင်းပေါက်တွေဟာ အသက်ရှူဖို့ပါကလား" ဟူ၍လည်း စဉ်းစားမိပါသည်။

မိခင်၏ ဝမ်းထဲမှာ တုန်းက အလွန်နွေးပါသည်။ အပြင်သို့ရောက် သောအခါ အလွန် အေးသောကြောင့် မနေတတ်ပါ။ ဆရာမဆိုသူက အနီးဖြင့် ထွေးထားသည်ပင် အအေးမပျောက်ပါ။ ဝမ်းထဲမှာနေစဉ် တုန်းက ကျဉ်းကျပ်လွန်း၍ စိတ်ညစ်ရပါသည်။ အပြင် ရောက်လာပြန် တော့လည်း အေးလွန်းသောကြောင့် စိတ်ညစ်ရပါသည်။

ဒေါက်တာပါဒီမှာ ကျွန်တော်၏ မိခင် အနားမှာ ပင် ရပ်နေပါ သေးသည်။ ကျွန်တော့်မှာ မိခင်၏ဝမ်းမှ ထွက်လာရပြီဖြစ်သော်လည်း ကျွန်တော်နှင့် အတူတူ ရေအိတ်ထဲတွင် နေထိုင် ကြီးပွါးလာသော ကျွန်တော်၏အသက်သခင် အချင်းကြီးကား ကျန်ရစ်ခဲ့ပါသေးသည်။ သူထွက်အလာကို ဒေါက်တာပါဒီ စောင့်စားနေဟန်တူပါသည်။

ကျွန်တော်အပြင်ရောက်ပြီးနောက်ဆယ်မိနစ်ခန့်ကြာမှကျွန်တော် ၏ မိတ်ဆွေကြီး ထွက်လာပါသည်။ အချင်း ထွက်လာပြီးနောက် ဒေါက်တာပါဒီက ကျွန်တော်၏ မိခင်အား ဆေးတခွက်တိုက်ပါသည်။ လက်မောင်းတွင်လည်း ဆေးထိုးပေးပါသည်။ ဆရာမကလည်း ကျွန်







www.burmeseclassic.com

www.burmeseclassic.com

တော်၏မိခင်အား ခါးစည်းပေးရပါသည်။ ကျွန်တော်ကားကျွန်တော်၏အဒေါ် ဒေါ်ခင်သီ၏ လက်ထဲသို့ရောက်သွားပါသည်။ ကျွန်တော်မှာ ချမ်းလှသဖြင့် အကြိမ်ပေါင်းများစွာ အော်လိုက်ပါသည်။ ကျွန်တော့်အား အနှီးများဖြင့် ထပ်ပြီးထွေးကြပြန်ပါသည်။ ကျွန်တော်၏ ပါးစပ်မှာ အတော်ပင် အသုံးကျပါကလားဟု အောက်မေ့မိပါသည်။

ကျွန်တော်၏ မိခင်အတွက် ဆောင်ရွက်ပေးကြပြီးနောက် ဆရာမက ကျွန်တော့်ကို ဇလုံတခုထဲမှာ ထည့်ပြီး ရေချိုးပေးပါသည်။ ရေနွေးဖြင့် ချိုးပေးသောကြောင့် တော်ပါသေး၏။ ရေအေးဖြင့် ချိုးပေးမည်ဆိုလျှင် သေဘွယ်ရာသာ ရှိပါတော့သည်။

ကျွန်တော့်ကို ရေချိုးပေးပြီးနောက် ကျွန်တော်၏ ချက်မှ အနာကိုဆေးထည့်ပေးပါသည်။ ထို့နောက် အနှီးတွေဖြင့် အထပ်ထပ်ပတ်ပြီးလျှင် အိပ်ရာကလေးပေါ်မှာ သိပ်ထားပါသည်။ ဤအခါကျမှ နွေးလာသောကြောင့် အတော်ပင် ကျေနပ်သွားပါသည်။

အိပ်ရာပေါ်မှာ ပက်လက်ကလေးနေကာ လောကကြီး၏ ထူးဆန်းပုံကို စဉ်းစားနေခိုက် ကျွန်တော်၏ ဖခင် အခန်းထဲသို့ ဝင်လာပြီးလျှင် ကျွန်တော်၏မိခင်နှင့် စကားတခွန်းနှစ်ခွန်းပြောပါသည်။ ကျွန်တော်၏မိခင်နှင့် စကားပြောပြီးနောက် ကျွန်တော့်ကို စိုက်ပြီး ကြည့်ပါသည်။ ဤသို့စိုက်ကြည့်ပြီးနောက် "မင့်နာမည် မောင်လူမွှေး။ မှတ်ထား" ဟု ပြောပါသည်။

"အော် ငါဟာ ယောကျ်ား၊ ငါ့နာမည်ဟာ မောင်လူမွှေးပါကလား" ဟူ၍ စိတ်ထဲတွင် ဆိုနေယင်း အိပ်ပျော်သွားပါသည်။

ဤကား မောင်လူမွှေး၏ ပဌမအစီရင်ခံစာပေတည်း။

ဂန္ထလောက ၁၂၉၉-ခု၊ တပို့တွဲလ၊ တပေါင်းလ



# ချိတ်ပုံကြော

မောင်လူအေးသည် ညစာ စားသောက်ပြီးလျှင် အိမ်ရှေ့ ဝရန်တာသို့ ထွက်ကာ ပဲလှော်၊ မြေပဲ၊ သကြားလုံး စသော အမြည်းတမျိုးမျိုးနှင့် လက်ဖက်ရည်ကြမ်းကို သောက်လေ့ ရှိ၏။ ဤသို့ လက်ဖက်ရည်ကြမ်းကို သောက်ကာ သတင်းစာ၊ မဂ္ဂဇင်း စာအုပ်များကို ဖတ်ယင်း စဉ်းစိမ်ယူလေ့ရှိ၏။ တခါတခါလည်း ညနေက ဂေါက်သီး ရိုက်ခဲ့သည်များကို စားမြုံ့ပြန်ကာ စဉ်းစိမ်ခံလေ့ရှိ၏။

ဤသို့ ဝရန်တာသို့ ထွက်ကာ စဉ်းစိမ်ခံသော အခါများတွင် သူ၏ သုံးနှစ်သားအရွယ် သားကလေးမောင်လူမွှေးသည်လည်း ပေါက်လာပြီးလျှင် မပီကလာ ပီကလာ ကောက်ကရ စကားများကို ပြောကြားကာ မြေပဲ၊ ပဲလှော်၊ သကြားလုံးများကို ကပ်စားလေ့ ရှိလေသည်။

တခုသောညတွင် ခါတိုင်းကဲ့သို့ပင် ကောင်ကလေးသည် ပေါက်လာပြီးလျှင် မြေပဲများကို ကပ်စားပြီးနောက် ထွေရာလေးပါး ပြောကြားနေခိုက်တွင် မောင်လူအေးအား "ဖေဖေ ချိတ်ပုံကြော" ဟူ၍ဆို၏။ မောင်လူအေး သူ့စကားကို နားမလည်သောကြောင့် "မောင် ဘာပြောသလဲ" ဟုမေး၏။ ကောင်ကလေးက "ချိတ်ပုံကြော" ဟု ထပ်၍ဆိုပြန်၏။ မောင်လူအေး နားမလည်ချေ။ ကလေးအား ထပ်ကာ ထပ်ကာမေး၏။ ကလေးကလည်း ထပ်ကာထပ်ကာ ဖြေလေသည်။ သို့သော်မောင်လူအေးမှာ သားကလေးပြောသော စကား၏ အဓိပ္ပါယ်ကို နားမလည်နိုင်သောကြောင့် သားရော အဖေပါ အခက်ကြုံနေကြရလေတော့သတည်း။

အတန်ကြာမှ အိမ်ထဲတွင် စာဖတ်နေသော ခင်သန်းမြင့်အား

www.burmeseclassic.com



“သားကလေးပြောနေသည်မှာ ဘာလဲ” ဟု လှမ်းမေးလိုက်၏။ ထိုအခါ ခင်သန်းမြင့်က “ကလေးက ဆိတ်ပုံပြောပါလို့ ပြောတာ။ တယ်နားဝေးတာကိုး” ဟု မောင်လူအေးအား အပြစ်ဆို၏။

“မသိပါဘူးဗျာ။ ချိတ်ပုံကြော၊ ချိတ်ပုံကြောဆိုတော့ အဓိပ္ပါယ်ကိုဘယ်ကောက်လို့ ရမတုံး။”

“အခု အဓိပ္ပါယ်ကို သိပြီမဟုတ်လား။ ကိုင်း ပြောလိုက်ပေတော့။”

“ဘာဆိတ်ပုံကို ပြောရမှာလဲ။ ကိုယ်လဲမပြောတတ်ဘူး။ သူ့ကိုဘယ်သူကများ ဆိတ်ပုံပြောဘူးလို့ သူက အပြောခိုင်းနေတာလဲ။”

“ခင်ခင်သီတို့ ပြောတာကြားလို့ အပြောခိုင်းတာ ထင်ပါရဲ့။”

“ဟုတ်ပါပြီ။ ခင်ခင်သီတို့ ပြောတဲ့ ဆိတ်ပုံက ဘာဆိတ်ပုံလဲ။ ကိုယ်မှ ဆိတ်ပုံ မပြောတတ်ဘဲဟာ။”

“မပြောတတ်ယင်လဲ ကြံဖန်ပြီးပြောလိုက်ပါလား။ ကလေးကနားထောင်ချင်လို့ အပြောခိုင်းတာ။”

“ဒါဖြင့်လဲ ပြောရတာပလေ။ လာ-လာ....မွေးလာ။ ဖေဖေ့ ပေါင်ပေါ်မှာထိုင်၊ ဆိတ်ပုံပြောမယ်။”

ဤသို့ဆိုကာ ကလေးကို ပေါင်ပေါ်တွင် တင်ပြီးလျှင် အောက်ပါအတိုင်း ဆိတ်ပုံပြောလေတော့သတည်း။

“ရှေးရှေးတုန်းက မောင်လူအေးဆိုတဲ့ လူတယောက်ရှိတယ်။ သူ့ဆီမှာ မောင်လူမွေးဆိုတဲ့ သုံးနှစ်အရွယ် သားကလေးတယောက်ရှိတယ်။ ဟုတ်တယ် မဟုတ်လား။”

“ဟုတ်တယ်” ဟူ၍ သားကလေးက ဖြေ၏။

“အဲသည် မောင်လူအေးအိမ်မှာ မဟာရန်ဆိုတဲ့ စားပွဲထိုးတယောက်ရှိတယ်။ မောင်သိတယ် မဟုတ်လား။”

“သိတယ်။”





“အဲဒီ မဟာရန်ဆီမှာ မွေးထားတဲ့ ဆိတ်တကောင်ရှိတယ်။ ပန်းပင်တွေကို လာလာစားတဲ့ ဆိတ်ဟာလေ။ သိတယ် မဟုတ်လား။”

“အဉ်း-သိတယ်။”

“အဲဒီဆိတ်ဟာ တနေ့တော့ မာလီရိတ်ထားတဲ့ မြက်တွေကို သွားစားပါရော။ မာလီက သူ့ရောင်းစားဖို့ ရိတ်ထားတဲ့ မြက်တွေကို စားတော့ စိတ်ဆိုးတာပေါ့။ စိတ်ဆိုးတော့ ကြိမ်လုံးကြီးနဲ့ ရိုက်ပါရော။ ဆိတ်ဟာနာလွန်းလို့ ဘအဲ.... ဘအဲ နဲ့ အော်ပြီးပြေးတာပေါ့။ ပြေးပြီးတော့ ဟိုဖက်ဆရာဝန် အိမ်နားက ခြံထောင့်မှာ လှဲပြီးတော့ အိပ်နေတယ်။ သူကောင်းကောင်း လမ်းမလျှောက်နိုင်တော့ဘူး။”

“သူ သေရောလား။”

“မသေပါဘူး။ နာလို့လှဲနေတယ်။ အဲဒီအခါမှာဘဲ မောင်လူအေးတို့အိမ်မှာ မွေးထားတဲ့ “လွှဲဇော” ဆိုတဲ့ ခွေးမကလဲ မီးဖိုထဲကို ဝင်သွားပြီး ထမင်းချက်တရုပ် “တာတ” က ချက်ဖို့လို့ ဝယ်လာခဲ့တဲ့ အမဲသားတွေကို သွားစားပါရော။ တာတက မြင်တော့ အားကြီးစိတ်ဆိုးတာပေါ့။ မီးဖိုထဲမှာရှိတဲ့ ထင်းစကြီးနဲ့ ချတော့ နာလွန်းလို့ အိုင်-အိုင်-အိုင်နဲ့ အော်ပြီး ပြေးပါရော။”

“နာသွားရောလား။”

“ဟာ-နာသွားတာပေါ့။”

“ကောင်းတယ် ကောင်းတယ်။”

“လွှဲဇောဟာ အရိုက်ခံရတော့ နာလွန်းလို့အော်ပြီး ပြေးလိုက်တာ မဟာရန်ရဲ့ဆိတ် လှဲအိပ်နေတဲ့ နေရာကို ရောက်သွားရော။ သည်တော့ကာ ဆိတ်ကမေးတယ်။ “လွှဲဇော လွှဲဇော နင်ဘာဖြစ်လို့ အော်ပြီးပြေးလာတာလဲ။” သည်တော့ကာ လွှဲဇောက “ငါမီးဖိုထဲမှာ အမဲသားသွားခိုးစားလို့ ထမင်းချက် တာတက ရိုက်လိုက်တာကြောင့် ပြေးလာရတယ်လို့ ပြောဘယ်။” နောက်ပြီးတော့လွှဲဇောက “နင်



www.burmeseclassic.com

www.burmeseclassic.com



ကော ဘာဖြစ်လို့ သည်မှာလာအိပ်နေရသလဲ” လို့ ဆိတ်ကိုမေးတယ်။ ဆိတ်က “ငါမာလီရဲ့မြက်တွေကို သွားခိုးစားလို့ ငါ့ကို မာလီရိုက်တဲ့အတွက် ဒီမှာလာအိပ်နေတယ်လို့ ပြောတယ်။”

“သူတို့နှစ်ယောက်လုံး နာနေရောလား။”

“နာနေတာပေါ့။ ဒီလို စကားပြောကြပြီးတော့ ဆိတ်ကပြောတယ်။ “လွှေဇော-လွှေဇော၊ နင်က မာလီရဲ့ မြက်တွေကို သွားပြီးယူခဲ့။ ငါက မီးဖိုထဲက အမဲသားတွေကို သွားခိုးမယ်။ သည်ရောက်တော့ လဲပြီးတော့စားရအောင်” လို့ ဆိုတယ်။ ဒီတော့ လွှေဇောက အားကြီးဝမ်းသာ သွားတာပေါ့။ မနက်ဖြန် မနက်ကျတော့ လွှေဇောက မာလီရိတ်ထားတဲ့ မြက်တွေကို ခိုးပြီး ယူသွားတယ်။ ဆိတ်ကလဲ မီးဖိုထဲက အမဲသားတွေကို ခိုးပြီးယူသွားတယ်။ သူတို့နေရာကိုရောက်တော့ လဲပြီး စားကြတာပေါ့။ စားလိုက်ကြတာ ပိုက်ကြီးတွေ ဟာ တင်းသွားတာဘဲ။ ပိုက်ကြီးတွေတင်းတော့ အိပ်လိုက်ကြတာ ရှူးရှူး ရှူးရှူးနဲ့ နေတယ်။ ”

“မောင်အိပ်သလိုဘဲလား။”

“ဟုတ်တယ် - မောင်အိပ်သလိုပေါ့။ ရှူးရှူး - ရှူးရှူးနဲ့ အိပ်ကြတယ်။ ညနေကျတော့ သူတို့ အိပ်ရာက ထကြရော။ အိပ်ရာကထပြီးတော့ လွှေဇောက အိမ်ရှေ့ဘုန်းကြီးကျောင်းကခွေးတွေ၊ ဆရာဝန်အိမ်ကခွေးတွေ၊ ဆည်အရေးပိုင်အိမ်က ခွေးတွေကို သွားခေါ်တယ်။ ဆိတ်ကလဲ ကုလားတွေအိမ်က ဆိတ်တွေကို သွားခေါ်တယ်။ ညကျတော့ ဆိတ်တွေ ခွေးတွေ အများကြီး လာကြတာပေါ့။ လ ကလဲ အားကြီးသာတယ်။ ပျော်စရာကြီး နေတာဘဲ။”

“သူတို့လာပြီးတော့ ဘာလုပ်သလဲ။”

“သူတို့အားလုံးရောက်တော့ သီချင်းဆိုကြ၊ ဆိုင်းတီးကြ၊ ကကြ၊ အော်ကြနဲ့ ဆူနေတာဘဲ။ ထုံပေထုံ—ထုံပေထုံနဲ့ တီးတဲ့ဆိတ်တွေကတီး





ကြ။ ဘအဲ-ဘအဲနဲ့ဆိုပြီး ကတဲ့ဆိတ်တွေကလဲ ကကြ။ တဝင်းလုံးဆူနေတော့တာဘဲ။ အဲဒီလိုကကြ၊ သီချင်းဆိုကြ၊ တီးကြနဲ့ ပျော်ပါးနေကြတဲ့အခါ၊ သူတို့အထဲက ဆိတ်တကောင်က “မောင်ငယ်ဟာ လူမိုက်ကြီး၊ မောင်ငယ်ဟာ လူမိုက်ကြီး” လို့ အော်လိုက်တယ်။ အားလုံး ဆိတ်တွေခွေးတွေကလဲ သူလိုဘဲ “မောင်ငယ်ဟာ လူမိုက်ကြီး၊ မောင်ငယ်ဟာ လူမိုက်ကြီး” လို့ လိုက်ပြီး အော်ကြတာပေါ့။ ဒီတော့ကာ မော်တော်ကား မောင်းသမားမောင်ငယ်က သူ့အိပ်ရာထဲက နေပြီး ကြားပါရော။ ကြားတော့ သူကောင်းကောင်း စိတ်ဆိုးသွားတာပေါ့။ တခါထဲအိပ်ရာကထပြီး စက်ဘီးစီးပြီး မြန်မြန်ကြီး သူ့အိမ်က ထွက်လာတယ်။ မော်တော်ကား ထားတဲ့ရုံကို ရောက်တော့ မော်တော်ကား စက်တချက်ထဲ နှိုးလိုက်တာ မော်တော်ကားစက်က ဂရူး ဂရူး ဂရူးနဲ့ မြည်တာပေါ့။ မော်တော်ကား စက်နှိုးပြီးတော့ တခါထဲ ဆိတ်တွေခွေးတွေကို မော်တော်ကားနဲ့ လိုက်တိုက်တာဘဲ။”

“ဆိတ်တွေ သေကုန်ရောလား။”

“မသေဘူး။ ခွေးတွေရော၊ ဆိတ်တွေရော အားလုံး ပြေးကုန်ကြတာပေါ့။ အဲဒီပုံ ပြေးနေကြတုန်းမှာဘဲ ဆိတ်သားကလေး တကောင်ကို မောင်ငယ်က မော်တော်ကားနဲ့ တိုက်လိုက်တယ်။ တိုက်လိုက်တော့ ဆိတ်ကလေး ခြေထောက်ကျိုးသွားရော။ ဆိတ်ကလေးဟာ နာလွန်းလို့ ပဲ....ပဲ....ပဲ....ပဲ-နဲ့ အော်လိုက်တာ သနားစရာဘဲ။ ဒီတော့ မောင်လူမွေးဆိုတဲ့ ကောင်ကလေးက အိပ်ရာက နိုးလာတယ်။ ဆိတ်ကလေး အော်နေတာကို ကြားတော့ သနားလွန်းလို့ အိမ်ပေါ်က ဆင်းသွားပြီး ဆိတ်ကလေးရဲ့ ခြေနာကို ပရုတ်ဆီ ထည့်ပေးတယ်။ နောက်ပြီးတော့ ခြေကို အဝတ်တွေနဲ့ စည်းပေးတယ်။”

“ဟုတ်တယ်-ဟုတ်တယ်။”

“နောက် လေးငါးရက်ကြာတော့ ဆိတ်ကလေးရဲ့ ခြေနာဟာ

www.burmeseclassic.com

www.burmeseclassic.com


ပျောက်သွားရော။ ဆိတ်ကလေးဟာ မောင်မွေးကို ကျေးဇူးတင်လွန်းလို့ မောင်မွေးတို့ အိမ်မှာ လာနေတယ်။ မောင်မွေးနဲ့ ဆိတ်ကလေးဟာ သူငယ်ချင်း ဖြစ်သွားတာပေါ့။ မောင်မွေးက ဘယ်ကိုဘဲသွားသွား မောင်မွေးနောက်က ပဲ....ပဲ....ပဲ....ပဲ-နဲ့ အော်ပြီး လိုက်တယ်။ မောင်မွေးနဲ့ ဆိတ်ကလေးဟာ သူတို့ အိမ်ရှေ့က မြက်ခင်းပေါ်မှာ ညနေတိုင်း ကစားကြတာပေါ့။ ဆိတ်ကလေး တော်တော်ကြီးလာတော့ မောင်လူမွေး အဖေ ကိုလူအေးက လှည်းငယ်ငယ်ကလေး တစီးကို လုပ်ပေးတယ်။ ဆိတ်ကလေးက လှည်းကို ဆွဲတယ်။ မောင်မွေးက လှည်းပေါ်က စီးပြီးလိုက်တယ်။ မနက်စောစော ဆိုယင် သူတို့ ရွှေဘို ဈေးထဲသွားပြီးတော့ သကြားလုံးတွေ၊ ချောကလက်တွေ၊ မုန့်တွေကို ဝယ်စားကြတယ်။ ဈေးမှာ အရပ်ထဲက ကောင်ကလေးတွေက မောင်မွေးကို စယင် ဆိတ်က လိုက်ပြီး ခွေ့တယ်။ ကောင်ကလေးတွေ ကြောက်လို့ ပြေးကုန်ကြတာပေါ့။"

"ဟုတ်တယ်....ဟုတ်တယ်။"

"ညနေကျပြန်ယင် မောင်မွေးက လှည်းကလေးကို စီးလို့၊ ဆိတ်ကလေးက လှည်းကလေးကို ဆွဲလို့။ တပ်ကုန်းဖက်ကို ထွက်သွားကြတယ်။ တပ်ကုန်း ရောက်တော့ မောင်မွေးက ဂေါက်သီးရိုက် ကစားတာပေါ့။ ဆိတ်ကလေးက ဂေါက်သီး ထည့်တဲ့ အိတ်ကို လွယ်ပြီး နောက်က လိုက်တယ်။ "ဂေါက်သီး" ရိုက်လို့ပြီးယင် လှည်းကလေးနဲ့ အိမ်ကို ပြန်လာကြတာပေါ့။ အိမ်ရောက်တော့ ခပ်မောမောနဲ့ သံပုရာရည် သောက်လိုက်ကြ။ ထမင်းစားကြ။ မိုးချုပ်တော့ အိပ်ကြ။ မောင်မွေးရော ဆိတ်ကလေးရော အိပ်ပျော်သွားကြရော။ အဲဒါနဲ့ ဆိတ်ပုံလဲ ပြီးရော။ ဖေဖေ ပြောတဲ့ ဆိတ်ပုံဟာ ကောင်းသလား။"

"ကောင်းတယ်။ ဖေဖေ ချိတ်ပုံကြောပါအုံး။"

"ပြောလို့ ပြီးပါပကော။"





"နောက်ပြီးတော့ တခါကြောအုံး။"

"ဟာ- ခက်နေပါပြီ။ တခါပြောပြီးယင် တော်ရောပေါ့။"

"ဖေဖေ ချိတ်ပုံကြောအုံး။"

"ကိုင်း-ကိုင်း နားထောင်။"

ဤသို့ဆိုကာ ထပ်၍ ပြောရပြန်၏။ ဆုံးသောအခါ ကလေးက အပြောခိုင်းပြန်၏။ မောင်လူအေး ပြောရပြန်၏။ သို့နှင့် ထပ်တလဲလဲ ပြောလိုက်ရသည်မှာ လေးကြိမ်တိုင်တော့၏။ နောက်ဆုံး ကောင်ကလေး အိပ်ပျော်သွားတော့မှ မောင်လူအေး လက်ထဲမှ သတင်းစာကို ဖတ်ရလေသတည်း။

မှတ်တမ်းဝင် စာပေများ-ရွှေဘို၊ ၂၇-၉-၇၀။



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်စမ်းပုံပြင်တော်ဝါဒ

မောင်လူအေးတို့၏ သားကလေး မောင်လူမွေးသည် ၂-နှစ်ကျော်ကျော် ၂-နှစ်ခွဲအရွယ်သို့ ရောက်လာလေပြီ။ စကားကို မပီကလာ ပီကလာ ပြောတတ်စ အရွယ် မိဖတို့၏ အပျော်ဆုံး အရွယ်ကလေး ဖြစ်၏။

မောင်လူမွေး၌ ထူးချွန်သော အချက်ကား အစားနှင့် ကစားကို ခုံမင်ခြင်း ဖြစ်၏။ မောင်လူမွေး တယောက်တည်း မဟုတ်၊ ကလေးတိုင်း လိုလိုပင် ကစားနှင့် အစားကို ခုံမင်တတ်ကြလေသည်။ မနက်စောစော မျက်စိနှစ်လုံး ပွင့်သည်နှင့် တပြိုင်နက် သူ၏နှုတ်က လာဦးဆုံး ထွက်သော စကားကား "ဆီးသီးပေး" ဆိုသော စကားပင်တည်း။

အိပ်ရာမှထ မျက်နှာ သစ်ပြီးသည်နှင့် တပြိုင်နက် နွားနို့ဘီစကွတ်နှင့် မုန့်သေတ္တာများကို စားသောက်ပြီးသော်လည်း တင်းမတိမ်သေး။ "ဆီးသီးပေး" "ဆီးသီးပေး" ဟူ၍သာ အော်နေတော့၏။ ဘီရိုထဲမှ တရုပ်ဆီးသီး တထုပ်နှစ်ထုပ်ကို ထုတ်ပေးသော်လည်း မကျေနပ်သေး။ လေး ငါးထုပ် မရမချင်း အော်၏။ ထိုအခါ မိဖဘို့မှာ မနေနိုင်။ တယောက်ယောက်က ထ၍ သူကြိုက်သလောက် ယူပေး ရလေသည်။

ဆီးသီး ထုပ်များကို သူကြိုက် သလောက် ရသည်နှင့် တပြိုင်နက် "အောက်ဆင်းမယ်" "အောက်ဆင်းမယ်" ဟူ၍ အော်လေတော့၏။ သူသဘောအတိုင်း အောက်ရောက်သောအခါ အိမ်ဘေးရှိ သဲပုံတွင် ကစားလေတော့၏။ သဲထဲတွင် လိမ့်၍ ကစားလို ကစား၊ ခေါင်းပေါ်တွင်သဲများကို တင်ကာ ကစားလို ကစား၊ သဲပေါ်ကို ရေဖြင့် လောင်းလိုလောင်း၊ စိတ်ထင်တိုင်း ကြဲနေလေသတည်း။ သူ့တကိုယ်လုံး ရုပ်ရှာမရှိတော့ပြီ။ ဖြစ်ချင်သလို ဖြစ်နေတော့၏။





အတန်ကြာသော အခါကျမှ အိမ်ပေါ်သို့ ခေါ်တင်လာပြီးလျှင် ရေချိုး ပေးရ၏။ ရေချိုး အဝတ်အစား လဲပြီးသည်နှင့် တပြိုင်နက် "ဆီးသီးပေး" "ဆီးသီးပေး" ဟူ၍ အော်ပြန်၏။ ဆီးသီးများကို လိုသလောက် ရသော အခါ "ရေကစားမယ်" "ရေကစားမယ်" ဟု အော်ပြန်၏။ ရေချိုးခန်းထဲသို့ရောက်သော်အခါ ရေကစားပြန်၏။ ထနေ့လုံးသူ့မှာ ကစားခြင်း၊ စားခြင်းနှင့်သာ အချိန်ကုန်လေသည်။ အိပ်ချိန်လည်း ကောင်းကောင်း မအိပ်။ ထမင်းစားချိန် ကျပြန်လျှင်လည်း ထမင်း ကောင်းကောင်း မစားနိုင်။ စည်းပျက် ကမ်းပျက် ဖြစ်နေလေတော့သတည်း။

တနေ့သော် မောင်လူအေး ဤသို့ ဆုံးဖြတ်၏။

"သည်ကလေးကို လွှတ်ထား၍ မဖြစ်တော့ပြီ။ သင့်အား စည်းကမ်းပေးတော့အံ့။"

ဤသို့ မောင်လူအေး ဆုံးဖြတ်ခိုက်မှာပင် ကောင်ကလေးသည် တဖက်သော အခန်းမှ နေ၍ "ဆီးသီးပေး" "ဆီးသီးပေး" ဟု ဆိုကာ ပူဆာတော့၏။ မောင်လူအေး အချက် ရလေပြီ။ ပူဆာနေသော ကလေးအား မိမိ၏ အနားသို့ လာရန် ခေါ်၏။ ကလေးလည်း ဘီရိုထဲမှ တရုပ်ဆီးသီးများကို ယူပေးလိမ့်မည် အထင်နှင့် မိမိဖခင်အနားသို့ ပြေး၍ လာလေသတည်း။

ကလေး မိမိ၏ အနားသို့ ရောက်သော အခါ မောင်လူအေး ဆုံးမစကား ပြောကြားသည်ကား ဤသို့တည်း။

"အခု မောင် ဘာကိုလိုလို့ ငိုနေရတာတုံး။"

"ဆီးသီးပေး" ဟူ၍ ကလေးက တောင်း၏။

"မဟုတ်ဘူး။ ဆီးသီး ဆိုတာမျိုးကို တနေ့လုံး စားနေရတာ မဟုတ်ဘူး။ သိလား။ ထမင်းစားပြီးတဲ့နောက် တလုံးတလေ စားသောက်ရတာ။ အခုတော့ မောင့်မှာ တနေ့လုံး "ဆီးသီးပေး" ဆိုသား

www.burmeseclassic.com

www.burmeseclassic.com


ပေး”နဲ့ ပူဆာနေတော့တာဘဲ။ နွားငြိး လိုက်တာ ပြောစရာ မရှိ၊ ဆီးသီးတွေကို တောင်းတိုင်းပေးကြလို့ စားမြန်တော့ ထမင်း မစားနိုင်ဘူး။ သည်တော့ အာကောင်းမလဲ။ တနေ့တခြား ပိန်ညှော်ကလေး ဖြစ်တော့မယ်။ သိလား။ မောင်ဟာ ဘာမှမသိသေးဘဲကိုး။ အဲဒါ အားကြီးခက်တယ်။ မသိတတ်လို့ သိတတ်တဲ့လူကြီးက ပြောပေမဲ့ မရဘူး။ မောင့်စိတ်ထဲမှာများ လူကြီးတွေဟာ မောင့်လောက် နားမလည်ဘူး။ မသိတတ်ဘူး။ လူအ တွေများ ထင်နေရော့သလား။”

“ဆီးသီးပေး” ဟု ကလေးက ဆိုပြန်၏။

“ဟ မဟုတ်ဘူး။ အခုလို ဆုံးမဩဝါဒ ပေးနေရာမှာတောင် “ဆီးသီးပေး” လုပ်နေသေးတယ်။ လူကြီးက ပြောတာကို နားထောင်စမ်းပါအုံး။ ဆီးသီးတို့၊ မုန့်တို့ကို တနေ့လုံး စားတာဟာ မကောင်းဘူးဆိုတာ မောင် မသိဘူးလား။ ကျန်းမာရေးနဲ့ ဆန့်ကျင်တယ်။ အစားအသောက်ဆိုတာ တနေ့လုံး စားနေရတာမျိုး မဟုတ်ဘူး။ သူ့အချိန်နဲ့သူ စားရတယ်။ အိပ်ချိန်မှာ အိပ်ရတယ်။ စားချိန်မှာ စားရတယ်။ ကစားချိန်မှာ ကစားရတယ်။ အခုတော့ မောင့်မှာ အိပ်ချိန်မှာလဲ ကစားတော့တာဘဲ။ တနေ့လုံး ဆီးသီးကိုတောင်းပြီး တစားတည်း စားနေတော့တာဘဲ။ ထမင်းစားချိန်ကျတော့ ကောင်းကောင်း မစားနိုင်ဘူး။ အဲဒါ ဘာကောင်းသလဲ။”

“ဆီးသီးပေး” ဟု ကလေးက တောင်းပြန်၏။

“ဟဲ့ နေပါအုံး။ ပြောလေ သဲလေ ဖြစ်နေတော့တာဘဲ။ မောင်ဟာ အခု အင်မတန် ဧည်းကမ်းပျက်နေတယ်။ ဖေဖေတို့ ငယ်ငယ်တုန်းက ဖေဖေတို့ရဲ့ အဖွားဖွားဒွေးကြီးဆိုတာ ရှိတယ်။ ဖွားဒွေးကြီးဟာ မနက်စောစော အိပ်ရာက ဖေဖေတို့ ထယင် မုန့်ပျားသလက် ဖြစ်ဖြစ်၊ ဘိတ်မုန့် ဖြစ်ဖြစ် တပြားဖိုး ဝယ်ကျွေးတယ်။ ပိုလို့လဲ မစားရဘူး။ သည်တပြားနဲ့ ကျေနပ်ကြရတယ်။ ထမင်းစားချိန်ကျမှ တခါ ထမင်းစားရပြန်တယ်။ နေ့လယ်ကျတော့ တခါ မုန့် တပြားဖိုး ဝယ်ကျွေးပြန်တယ်။ ညကျ ညထမင်း စားရတယ်။ အဲဒါဘဲ။ တနေ့ကို မုန့်နှစ်ပြားဖိုး စားရတယ်။ ထမင်း နှစ်ခါ စားရတယ်။ အခု မောင့်မှာတော့ သည်လို မဟုတ်ဘူး။ တနေ့လုံး စားနေတော့တာဘဲ။ မစားရယင် အော်ဟစ်ပြီး ပူဆာတယ်။ ဖေဖေတို့ ငယ်ငယ်တုန်းကတော့ အချိန်ကျစားသောက်ပြီးယင် မပူဆာတော့ဘူး။ ပူဆာယင်လဲ အဖွား ဒွေးကြီးက ဝယ်ကျွေးတာ မဟုတ်ဘူး။ အရိုက်တောင် ခံရသေးတယ်။ သည်တော့ ဖေဖေတို့ မပူဆာတော့ဘူးပေါ့။ အခုတော့ မောင့်မှာ စားရ သောက်ရတာလဲ မနည်းဘူး။ ဒါလဲ ပူဆာ နေသေးတာဘဲ။”

“ဆီးသီးပေး” ဟူ၍ ကလေးက တောင်းပြန်၏။

“ဟာ မဟုတ် ပါဘူး။ ခက် နေပါပြီ။ အခု မောင့်မှာ လီမွှော်ချဉ်ဆိုလဲ သောက်တော့တာဘဲ။ မုန့်သေတ္တာဆိုလဲ စားတော့ တာဘဲ။ ဆီးသီးဆိုလဲ တနေ့လုံး စားတော့တာဘဲ။ ကြိုက်မုန့်ဆိုတာလဲ မရှားဘူး။ ဖေဖေတို့ တုန်းကတော့ မုန့်ပျားသလက်။ ဘိတ်မုန့်တို့နဲ့ ကျေနပ်ခဲ့ကြတယ်။ ဖေဖေတို့နဲ့စာယင် မောင်စားတာ ရှစ်ဆ၊ ကိုးဆလောက် ပိုတယ်။ နောက်ဆုံး ကျတော့ ဘာဖြစ်သလဲ။ ဘာမှ မထူးဘူး။ ဖေဖေတို့ကတောင် မောင့်အရွယ်တုန်းက မောင့်ထက် ကျန်းမာသေးတယ်။ သန်စွမ်းသေးတယ်။”

“ဆီးသီးပေး” ဟူ၍ ဆိုကာ ကလေးက ထောက်ခံပြန်၏။

“တယ်ခက်တာကိုး ဆုံးမနေတုန်း တိုးတိုးလာတော့ တာဘဲ။ ဖေဖေတို့ မောင့်အရွယ် တုန်းက အိမ်ပေါ်မှာဘဲ အရုပ်ကလေးတွေနဲ့ ကစားရတယ်။ သဲတို့၊ ရွှံ့၊ ရေတို့နဲ့ ကစားရတာမဟုတ်ဘူး။ ခေါင်းပေါ်မှာ သဲတွေကို တင်ဖို့တော့ ဝေးပါရော။ အခုတော့ မောင့်မှာ မိုးလင်းတာနဲ့ “အောက်ဆင်းမယ်” “အောက်ဆင်းမယ်” နဲ့ အော်။ အောက်ဆင်းရတော့ သဲတွေကို ခေါင်းပေါ်တင်ပြီး ကစားတယ်။ မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com

ထိန်းတဲ့အထိန်းတွေကလဲ မောင့်ကို မတားဝံ့ကြဘူး။ မောင် ထင်သလို မောင်နေတယ်။ ဖေဖေတို့ လက်ထက်တုန်းကတော့ သည်လိုဆိုယင် ဖွားဒွေးကြီး ဆော်လို့ အော်နေရပြီ။ ကြားလား ဖေဖေ ပြောတာ။"

"ဖေဖေ အောက်ဆင်းမယ်" ဟု ဆိုကာ ထောက်ခံ၏။

"ဪ ခက်တဲ့ ခက်သေးတော့တယ်။ နောက်ပြီးတော့ ရှိသေးတယ်။ ဘယ်ကိုဘဲ ဖေဖေတို့ သွားသွား လိုက်ချင်တော့တာဘဲ။ အလကား နေယင်းလဲ 'ပေါ်ပေါ် စီးမယ်' ဆိုပြီး ပူဆာတယ်။ အဲဒါ ဘာကြောင်းသလဲ၊ ခေါ်သင့်တဲ့ နေရာကို သွားယင် ခေါ်မှာပေါ့။ မခေါ်သင့်တဲ့ နေရာကို သွားယင် ခေါ်လို့ ဖြစ်မလား။ လူကြီး ဆိုတာ ကလေးထက် နားလည်တယ် သိလား။ ဘာမှ ဆူပူစရာမရှိဘူး။ အခုတော့ သည်လို မဟုတ် ပါဘူး။ သွားတိုင်း လိုက်ချင်တယ်။ မလိုက်ရယင် ငိုတယ်။ ဆူတယ်။ အဲဒါ ဘာကြောင်းမလဲ။ ဖေဖေတို့ ငယ်ငယ် တုန်းကတော့ မော်တော်ကားလဲ မစီးရပါဘူး။ အခုလို မော်တော်ကား တွေလဲ မများသေးပါဘူး။ တောင်ဝိုင်းကြီးတို့၊ တောင်ဝိုင်းကလေးတို့ ဆိုတာကို သွားယင် လှည်းကြမ်းကြီးနဲ့ သွားရတယ်။ ဖွားဒွေးကြီးက ခေါ်တဲ့ အခါ လိုက်ရတာဘဲ။ မခေါ်တဲ့အခါ အိမ်မှာ နေခဲ့ ရတာပေါ့။ လိုက်မယ် ပူဆာလို့ မရဘူး။ ပူဆာယင် ဝါးခြမ်းနဲ့ ဆော်တယ်။ သိရဲ့ လား။ အခု မောင်ကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ဘယ်သူ ပြောလို့မှ မရဘူး။"

"ဖေဖေ ပေါ်ပေါ် စီးမယ်" ဟု ပူဆာ၏။

"တယ် ခက်သကိုး။ ပြောယင်း ပြောယင်း ဆိုး ဆိုး လာတယ်။ နောက်ပြီးတော့ ဖေဖေတို့ ငယ်ငယ်တုန်းက အသံလွှင့်စက်တွေလဲ မပေါ်သေးဘူး။ သီချင်းစက်ဆိုတာလဲ ပေါ်ခါစ ရှိသေးတယ်။ အခု မောင့်မှာ ညတိုင်း ညတိုင်း "မောင်ခွေးဖို့" ဓာတ်ပြားကို ကြားရတယ်။





"မောင်ခွေးဖို့" သီချင်း စာအုပ်ကို မောင့်ဖို့ ဝယ်ပေးထားတယ်။ နို့ ပေမဲ့ မောင်တခါတည်း ကြည့်တယ်၊ နောက်ပြီး ပစ်ထားတယ် မဟုတ် လား။ အဲဒါ ဘာကြောင်းသလဲ။ ဖေဖေတို့ ငယ်ငယ်တုန်းကတော့ သည် စာအုပ်မျိုး မရှိဘူး။ သည်စာအုပ်မျိုးသာ ရှိမယ် ဆိုယင် ဖေဖေတို့ အင်မတန် ကြိုက်မှာဘဲ။ အခုတော့ မောင့်မှာ သည်စာအုပ်ကို ဘာမှ ဂရုမစိုက်ဘူး။ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်။ စာအုပ်ကို ကြည့်မယ် မှတ်လား။"

"ဖေဖေ ဆီးသီးပေး" ဟု တောင်း၏။

"ခက်တာကိုး။ ပြောနေ၊ ဆုံးမနေတာ မကြားဘူးလား။"

"ဆီးသီးပေး" ဟု ဆိုပြန်၏။

"တယ်နော်။"

"ဆီးသီးပေး။"

"ဘယ့်နှယ်လဲ။"

"ဆီးသီးပေး။"

"ငါမှာ ခက်တော့တာဘဲ။"

"ဆီးသီးပေး။"

"သည်ကလေးကို ဘယ့်နှယ် လုပ်ရပါလိမ့်။"

"ဆီးသီးပေး။"

"ဪ ဒုက္ခ၊ ဒုက္ခ။"

"ဆီးသီးပေး၊ ဆီးသီးပေး၊ ဆီးသီးပေး" ဟူ၍ ဆက်ဆိုကာ ကျယ် လောင်စွာ ငိုလေသတည်း။

မောင်လူအေး မတတ်နိုင် တော့သဖြင့် နေရာမှ ထပြီးလျှင် တ ရုပ်ဆီးသီး နှစ်ထုပ်ကို ယူ၍ပေး၏။ ထိုနှစ်ထုပ်တို့ကို လွှင့်ပစ် လိုက်ပြီး လျှင် "အများကြီးပေး။ အများကြီးပေး" ဟူ၍ အော်နေသော အခါ မောင်လူအေးမှာ ဘီရိုထဲမှ တရုပ်ဆီးသီး ထည့်သော ပုလင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ယူထုတ်ပြီးလျှင် "ကြိုက်သလောက် ယူတော်မူပါ အရှင့်" ဟု ဆိုကာ ပုလင်းကို ကလေးအား ပေး၍ ထွက်သွား လေသတည်း။

သားကို အဖေ မနိုင်၊ တပည့်ကို ဆရာမနိုင်၊ တိုင်းသူ ပြည်သားကို အစိုးရ မနိုင်သော ခေတ်ကြီးပါတကား။

ဂန္ထလောက ၁၃၀၂-ခု၊ ကဆုန်လ။



# နိုက်နိုက်ချွတ်ချွတ်

စကားပြောတတ်ခါစ ကလေးများသည် အလွန် အမေးအမြန်း ထူ၏။ နိုက်နိုက် ချွတ်ချွတ်လည်း မေးမြန်းတတ်ကြကုန်၏။

ဤသို့နိုက်နိုက်ချွတ်ချွတ် မေးကြသောအခါ လူကြီးမိဘတို့သည် စိတ်ရှည်လက်ရှည် နားလည်အောင် ဖြေကြားခြင်းမရှိကြဘဲ၊ မရေမရာ ဖြေကြပြီးလျှင် တိုတိုနှင့်စကားကို ဖြတ်လိုက်လေ့ရှိကြ၏။ ဤသို့တိုတိုနှင့် ဖြတ်လိုက်သောကြောင့် ကလေးများက နားမလည်နိုင်သဖြင့် ထပ်မံ၍ မေးမြန်းကြသောအခါ အော်ငေါက်ကာ လွှတ်လေ့လည်း ရှိကြလေသည်။ သို့ဖြစ်သောကြောင့် ကလေးများတွင် ပေါ်၍လာသော သိချင်စိတ်၊ တတ်ချင်စိတ်၊ စုံစမ်းချင်စိတ်တို့မှာ တစတစယုတ်လျော့၍ သွားကြကုန်၏။

မောင်လူအေး ငါးနှစ်သားအရွယ်တုန်းက ဖွားဖွေးကြီးနှင့် အတူ မမှုကထိက အကျော် ဘုန်းတော်ကြီးတပါး၏ တရားကို နာရန် မဟန် ဘုရားရင်ပြင်တော်ပေါ် သို့ လိုက်ပါသွားလေသည်။ ထိုဘုန်းတော်ကြီး ဟောကြားသော တရားတွင် မြည့်တန်ဆာမဆိုသော စကားတလုံး ပါ၍လာ၏။ ထိုစကားကို မောင်လူအေး နားမလည်ချေ။ တရားပွဲ ပြီး၍ အိမ်သို့အပြန် လမ်းထဲတွင် ဖွားဖွေးကြီးအား မြည့်တန်ဆာမဆို သောစကား၏အဓိပ္ပါယ်ကိုမေး၏။ "မြည့်တန်ဆာမဆိုတာ မိန်းမရှင် ဆိုတာပေါ့ဟဲ့" ဟု ဖွားဖွေးကြီးက ဖြေလေသည်။

မိန်းမရှင်ဆိုသော စကား၏ အဓိပ္ပါယ်ကိုလည်း မောင်လူအေး နားမလည်သောကြောင့် မိန်းမရှင်၏ အဓိပ္ပါယ်ကို မေးပြန်၏။ ဖွား ဖွေးကြီး စိတ်မရှည်တော့ဘဲ "သည်ကောင်ကလေးဟာ နိုက်နိုက်ချွတ် ချွတ် ဘာတွေကို လျှောက်မေးနေတာလဲ-တော်" ဟူ၍ ငေါက်ငိုက်



www.burmeseclassic.com

www.burmeseclassic.com


သောကြောင့် မောင်လူအေးမှာ ထပ်၍ မမေးဝံ့တော့ဘဲ တိတ်၍သွားရှာ၏။ စိတ်ထဲ၌မူကား အနည်းငယ်မျှ ကျေနပ်ခြင်းမရှိချေ။

အနောက်နိုင်ငံများတွင်ကား မြန်မာပြည်မှာကဲ့သို့ မဟုတ်။ ကလေးများ၏ သိချင်၊ တတ်ချင်၊ စုံစမ်းချင်သော စိတ်များကို ချိုးနှိမ်ဖို့ဝေးစွ၊ အထူးပင် အားပေးကြောင်းကို ကြားဘူး၏။ သိလည်း သိဘူး၏။ သို့ဖြစ်သောကြောင့် မိမိ၏အလှည့်သို့ကျလျှင် မိမိ၏သားသမီးများ၏သိချင်၊ တတ်ချင်၊ စုံစမ်းချင်သော စိတ်များကို ကြိုးစားကာ အားပေးအံ့ဟု မောင်လူအေး ဆုံးဖြတ်ထားသောဟူ၏။

မိမိ၏သားကလေး မောင်လူမွေးကား အသက် လေးနှစ် အတွင်း ဝင်လာပြီဖြစ်သောကြောင့် အတော်ပင် စကား ပြောတတ်နေလေပြီ။ အပျိုသင်စ ငှက်ကလေးများကဲ့သို့ အလွန်စကားပြောချင်၏။ အမေး အမြန်းထူလှ၏။ သိချင်တတ်ချင်စုံစမ်းချင်လှပေ၏။ သူ့အမေးအမြန်း ထူလှသောကြောင့် သူ့အမေ၊ သူ့အဒေါ် များ စိတ်မရှည်ကြ။

တခါသော် မောင်လူအေး ရုံးမှ ပြန်လာပြီးနောက် အိမ်ဘေးဖရန်တာသို့ထွက်ကာ သားကလေးမောင်မွေး၊ သမီးကလေး မယ်မွေးတို့နှင့် အတူထိုင်နေ၏။ သမီးကလေးကား ပန်းဆိုသော စကားတလုံးအပြင် မည်သည့် စကားကိုမျှ မတတ်သေး။ မောင်လူမွေးကား ထွေရာလေးပါး ထင်ရာများကို ပြောကြား၍ နေလေသည်။

ဤသို့ပြောကြားနေခိုက် စာကလေး သုံးလေးကောင်တို့သည် အနီးအနား သရက်ပင်ပျိုပေါ် သို့ ပျံတက်လိုက်။ သရက်ပင်အောက် မြေပြောင်ပြောင်ပေါ် သို့ ပျံဆင်းလိုက်နှင့် ဆူညံစွာ မြူးတူးပျော်ပါး နေကြလေသည်။ မောင်လူအေးက သမီးကလေး မယ်မွေးအား ထိုစာကလေးတို့ကို လက်ညှိုးထိုး၍ပြနေ၏။ ထိုအခါ မောင်လူမွေးက "ဖေဖေ-ဖေဖေ စာကလေးတွေဟာ ဘာဖြစ်လို့ ဖိနပ် မစီးသလဲ" ဟု မေးလိုက်၏။



သား၏ အမေးကို ရုတ်တရက်ဖြေရန် ခက်သွားသောကြောင့် "ဘာဖြစ်လို့လဲသားရဲ့" ဟု ပြန်၍ မေးလိုက်၏။

"မောင် မြေကြီးပေါ် ဆင်းယင် မေမေက ဖိနပ်စီးရမယ် ပြောတယ်။ စာကလေးတွေ မြေကြီးပေါ် ဆင်းတော့ ဘာဖြစ်လို့ ဖိနပ် မစီးဘူးလဲ။"

"မောင် မြေကြီးပေါ် ကို ဖိနပ်မပါဘဲဆင်းယင် ခြေအေးမှာစိုးလို့ပေါ့။"

"စာကလေးကကော ခြေမအေးဘူးလား။"

"စာကလေးလဲ အေးမှာပေါ့။"

"နို့ဖြစ်ယင် စာကလေးက ဘာဖြစ်လို့ ဖိနပ် မစီးဘူးလဲ။"

"မောင်က ခြေအေးယင် ဖျားမှာ စိုးလို့ပေါ့။"

"စာကလေးကကော ခြေအေးယင် မဖျားဘူးလား။"

"သူတို့ကတော့ မဖျားဘူး။"

"ဘာဖြစ်လို့လဲ။"

"သူတို့ကတော့ ငှက်ဟာကိုး။"

"ငှက်တော့ ဘာဖြစ်လို့ မဖျားဘူးလဲ။ မောင်ကတော့ ဘာဖြစ်လို့ ဖျားသလဲ။"

"ငှက်ကတော့ တိရစ္ဆာန်ဟာကိုး။"

"တိရစ္ဆာန်ဆိုတာ ဘာလဲ။"

မောင်လူအေး အဖြေရခက်နေပြီ။ အတော်ကလေးကြာအောင် မဖြေသေးဘဲ တွေ၍နေပြီးမှ... "တိရစ္ဆာန်ဆိုတာ ဉာဏ်မရှိဘူး၊ စားဖို့ အိပ်ဖို့ဘဲ သိတယ်။"

မောင်လူမွေး နားမလည်၊ သူ့စိတ်ထဲတွင် ရှုပ်သည်ထက် ရှုပ်၍ သွားလေပြီ။

"ဖေဖေ- ဉာဏ်ဆိုတာဘာလဲ။"


www.burmeseclassic.com

www.burmeseclassic.com


သာ၍ခက်လေပြီ။

"ဥာဏ်ဆိုတာ သိတတ်တာပေါ့ကွဲ့။"

"သိတတ်တယ်ဆိုတာ ဘာလဲ။"

ကြာလေဆိုးလေ ဖြစ်နေသဖြင့် မောင်လူအေး အကျပ်တွေ့နေလေပြီ။

"သိတတ်တယ်ဆိုတာ ညအိပ်ရာ မဝင်ခင် ဘုရားရှိခိုးတာ။ အဖေအမေကို ရှိခိုးတာတွေကို ဆိုတာပေါ့ကွဲ့။ ဖေဖေလဲ သည့်ထက်ရှင်းအောင်မပြောတတ်တော့ဘူး။"

"စာကလေးဟာကော ညကျယင် မောင်တို့လို ဘုရားမရှိခိုးဘူးလား။"

"ဘာရှိခိုးမလဲ။ မရှိခိုးဘူး။"

"ဘာဖြစ်လို့ မရှိခိုးဘူးလဲ ဖေဖေ။"

"တိရစ္ဆာန်မှာကိုး။"

"တိရစ္ဆာန်ဆိုတာဘာလဲ။"

"အခုဘဲ ပြောပြီးတယ် မဟုတ်လား။"

"ပြန်ပြောပါအုံး ဖေဖေ။"

မောင်လူအေးတို့သားအဖ ရှုပ်ထွေးနေကြလေပြီ။ ကံအားလျော်စွာ ခင်သန်းမြင့် ဝရန်တာသို့ ထွက်၍လာ၏။

"အတော်ဘဲဟေ့-မောင်မွေးတို့ မောင်နှမကို သကြားလုံးကလေးတွေ ပေးလိုက်ပါကွယ်" ဟု ပြောလိုက်တော့မှ ကလေး နှစ်ယောက်သတို့၏အမေထံသို့ ပြေးသွားကြကုန်၏။

အကယ်၍သာ ခင်သန်းမြင့် ပေါ်မလာလျှင် မောင်လူမွေးတို့သားအဖ မည်မျှကြာအောင် ရှုပ်ထွေးနေကြမည်မသိ။

ထို့နောက် ဆယ်ရက်ခန့်ကြာသော် မောင်လူအေးတို့အိမ်တွင်မွေးထားသော ကြောင်မကြီးသည် သားကလေးသုံးကောင်ကို မွေး၏။



မောင်လူမွေးမှာ ပျော်၍မဆုံးတော့ပြီ။ ကြောင်သားကလေးတွေ အနားမှ မခွါ၊ ကြောင်မကြီးမှာလည်း သူ့သားကလေးများကို ယူသွားမည်စိုးသောကြောင့် တထိတ်ထိတ်နှင့် နေရှာ၏။ အိမ်သို့လူလာတိုင်း ကြောင်သားကလေးများအကြောင်းကို အားရပါးရ မောင်လူမွေး ပြောပြလေသည်။

ကြောင်သားကလေးတွေကို မွေးပြီးနောက် ၁၅ ရက်ခန့်ကြာသောအခါ ဒေါက်တာ ဒေါ်ရင်မေသည် မောင်လူအေးတို့အိမ်သို့လာ၏။ မောင်လူမွေးသည် မိမိ၏အဖေနား ကပ်ပြီးလျှင် "ဒါဘယ်သူလဲ ဖေဖေ" ဟုမေး၏။

"ဒေါက်တာ ဒေါ်ရင်မေဆိုတာ သူပေါ့ကွဲ့။"

"သူဘာလာလုပ်သလဲ ဖေဖေ။"

"မေမေ့ပိုက်ထဲမှာရှိတဲ့ မောင့်ညီကလေးကို မွေးပေးဖို့ မေမေ့ကို လာကြည့်တယ်။"

"ညီကလေးကို ဘယ်တော့မွေးမလဲ။"

"တလလောက်ကြာယင် မွေးမယ် ထင်ပါရဲ့။"

"မွေးတဲ့အခါ သူက ဘာလုပ်မလဲ။"

"သူက မွေးပေးမှာပေါ့။ ဒေါက်တာမှာကိုး။"

"ကြောင်သားကလေးတွေကို မွေးတုန်းကကော သူကိုဘာဖြစ်လို့မခေါ်ဘူးလဲ။"

မောင်လူအေး အခက်ကြုံပြန်ပြီ။ ချက်ခြင်းမဖြေနိုင်။

"ကြောင်က တိရစ္ဆာန်မှာကိုး" ဟု ဖြေလျှင် "တိရစ္ဆာန်ဟာဘာလဲ။ တိရစ္ဆာန်ကတော့ ဘာလို့ဒေါက်တာမခေါ်သလဲ" ဟု ပြန်၍မေးမည်ကိုသိ၏။ ဤသို့သိသောကြောင့် မည်သို့ ဖြေရမည်ကို စဉ်းစား၍နေ၏။

"မောင်မေးတာ ဖြေပါအုံးဖေဖေရဲ့" ဟု ထပ်၍တောင်းပန်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကြောင်ကတော့ ဒေါက်တာ မခေါ်ပေမဲ့ သူ့အလိုလိုမွေးတာ ဘဲ။"

"မေမေကတော့ကော ဘာဖြစ်လို့ သူ့အလိုလိုမမွေးဘူးလဲ။"

"မေမေလဲ သူ့အလိုလို မွေးချင် မွေးမှာပေါ့။"

"ဒါဖြင့် ဘာဖြစ်လို့ ဒေါက်တာကို ခေါ်သလဲ"

"ဒါကတော့ မောင့်မေမေက သိပ်အစားကြီးတာကိုး။ ဒါကြောင့် ခေါ်ရတာပေါ့" ဟု ထင်မိ ထင်ရာ ဖြေလိုက်၏။

"ဖေဖေ မွေးယင်ကော ဒေါက်တာခေါ် ရမလား။"

"ဖေဖေက ဘယ်မွေးရမလဲ၊ မမွေးပါဘူး။"

"ဘာဖြစ်လို့လဲဖေဖေ။"

"ဖေဖေက ယောကျ်ားဟာကိုး။"

"ယောကျ်ားကတော့ ဘာဖြစ်လို့ မမွေးဘူးလဲ။"

မောင်လူအေး အကျပ်တွေ့ပြန်ပြီ။ မည်သို့ ဖြေရမည်ကို တွေး၍ စဉ်းစားနေ၏။ ဤအခိုက် "အိုက်စ်ခရင်း" ဟူ၍ ရေခဲမုံ့သည် ကုလားက လမ်းမက အော်လိုက်သည်နှင့် "ဖေဖေ ရေခဲမုံ့ စားမယ်" ဟု ပူဆာ၏။ မောင်လူအေး အကြိုက်ကျသွားပြီးလျှင် "အေးအေး ခေါ်လိုက်" ဟု ပြောသည်နှင့် နေရာမှ ထပြေးသွားပြီးလျှင် ရေခဲမုံ့ ကုလားကိုခေါ်၏။ သို့နှင့် မောင်လူအေးမှာ အခက်အခဲမှ လွတ် မြောက်သွားရရှာလေသတည်း။

ဂန္ထလောက ၁၃၀၃-ခု၊ တန်ဆောင်မုန်းလ။



# ဆွေးနွေးခန်း

## (က) တပုဒ်စီအတွက် ဆွေးနွေးခြင်း။

[သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများသည် စာသင်သားတိုင်း အလွယ် တကူ နားလည်နိုင်မည့် စာများ ဖြစ်ကြသည်ဟု ယူဆပါသည်။ သို့ရာတွင် ဤ အခန်း၌ အပုဒ်တိုင်းအတွက် မေးခွန်းများ ထုတ်ထားသည်မှာ၊ ဝတ္ထုဆောင်း ပါး အသီးသီးပါ အရေးကြီးသော အချက်များကို မှတ်မိစေချင်သောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ဝတ္ထုဆောင်းပါးများကို အကြောင်းပြု၍၊ ဇာတ်ဝင်ခန်းတချို့ လောကနှင့်တကွ စာရေးဆရာ၏ စေတနာတို့ကို သတိပြုမိစေချင်သောကြောင့် လည်း ဖြစ်ပါသည်။ ထို့ပြင် စာသင်သားတိုင်းကို တွေးတတ် ကြံတတ်စေချင် သောကြောင့်လည်း ဖြစ်ပါသည်။ ဆရာများကလည်း အထက်ပါ ရည်ရွယ်ချက် များအတိုင်း မိမိတို့ နှစ်သက်ရာ မေးခွန်းများကို ထုတ်နိုင်ကြပါသည်။]

### ၁။ တိုတောရွာ

(၁) ဇာတိရပ်ရွာသို့ ရန်ကုန် တက္ကသိုလ်ကျောင်းသားတဦး ပြန်လာသော အကြောင်းနှင့် ရွာလေး အကြောင်းတို့ကို မည်ကဲ့သို့ ဆက်စပ်၍ ပြပါ သနည်း။

(၂) ရွာလေး အမှုအရာများကို မြင်သောအခါ၊ သိပ္ပံမောင်ဝသည် မည်ကဲ့သို့ တွေးမိသနည်း။ အဘယ့်ကြောင့်နည်း။

### ၂။ စည်းစိမ်

(၁) ဝန်ထောက် မောင်လူအေးသည် သူ၏ အိမ်တွင် လူပျိုကြီး အဖြစ်ဖြင့် မည်သို့ နေထိုင်သနည်း။

www.burmeseclassic.com

(၂) မောင်လူအေးသည် မည်သည့် အချက်ကို အကြောင်းပြု၍၊ အိမ်ထောင်ရေး ပြဿနာကို စဉ်းစားလာမိသနည်း။
(၃) အိမ်ထောင်ပြုရေးနှင့် စပ်လျဉ်း၍၊ မောင်လူအေး၏ စိုးရိမ်မှု ကြောင့်ကြမှုတို့သည် အဘယ်နည်း။

၃။ ဓားပြမှု

(၁) တရားခွင်ဆိုသည်ကား အဘယ်နည်း။ ရေးပြပါ။
(၂) ဓားပြမှုတွင် မောင်လူအေးသည် မည်ကဲ့သို့သော စိတ်နေ သဘောထားရှိသည့် ဝန်ထောက်ပေနည်း။ ရှင်းပြပါ။
(၃) တရားခံ၏ သားငယ် အမူအရာ အနုစိတ်မှုန်းချက်ကို၊ မည်သည့်နေရာများ၌ဖော်ပြခဲ့သနည်း။ အဘယ့်ကြောင့်ဖော်ပြခဲ့သည်ဟုထင်ပါသနည်း။

၄။ ကင်းစောင့်

(၁) "ကင်းစောင့်" သင်္ဘော၏ ဥဩသံကို ကြားကြရသောကြောင့် (က) ရွာရှိ ကလေးသူငယ်တို့၏ စိတ်၌ မည်သို့ ဖြစ်တတ်ကြသနည်း။ (ခ) အချို့သော ရွာသားများ၏ စိတ်၌ မည်သို့ ဖြစ်တတ်ကြသနည်း။ အဘယ့်ကြောင့်နည်း။
(၂) "ကင်းစောင့်" တွင်၊ မောင်လူအေးသည် မည်ကဲ့သို့သော စိတ်နေသဘောထားရှိသည့် ဝန်ထောက်ပေနည်း။ ရှင်းပြပါ။

၅။ အင်းဝ

(၁) "အင်းဝ" တွင် မောင်လူအေးသည် မည်သည့် အရာများကို မြင်ခဲ့၍၊ မည်သို့ တွေးခဲ့သနည်း။
(၂) ထနေရာတွင် စာရေးဆရာသည် မောင်လူအေးကို သရော်ထားသည်။ ရှာကြည့်ပါ။





၆။ မင်းလတ်

(၁) မြန်မာ နိုင်ငံမြေပုံကို ကြည့်၍ "မင်းလတ်" စုန်ဆင်းရာ ဖြစ်သော ဧရာဝတီ မြစ်ကြောင်းရှိ မြို့ကြီးများကို ရှာပါ။
(၂) "သိပ္ပံမောင်ဝသည် သူ့တိုင်းပြည်ကိုရှင်း၊ သူ့လူမျိုးကိုရှင်း ချစ်တတ်သူ ဖြစ်သည်" ဟု မှတ်ချက် ချလျှင် ထိုမှတ်ချက်ကို သင်သဘောတူသလော။ "မင်းလတ်" မှ အကြောင်းယုတ္တိပြ၍ ဖြေပါ။
(၃) ပုဂံမြို့ဟောင်းရှိ ပုထိုးစေတီများကို မြင်သောအခါ သိပ္ပံမောင်ဝသည် မည်သည့် အကြောင်းအချက်တို့ကို တွေးမိသနည်း။

၇။ ဘေဒါ

(၁) မောင်လူအေးသည် မိုးမိ၍ သေနတ်ပါမလာသည်ကို သိသောအခါ မည်သို့ တွေး၍ မည်ဆို ပြုမူပါသနည်း။
(၂) မောင်လူအေးသည် ဘေဒါပင်များ ဆန်တက်လာသည်ကို မြင်သောအခါ စိတ် ကြည်နူးသည်ဟု ထင်သလော။ အဘယ်ကြောင့် ထင်သနည်း။
(၃) ဘေဒါပင်များ၏ အဝတွင် မောင်လူအေးသည် မည်သို့သော ဂုဏ်ကို တွေ့ခဲ့သည်ဟု ထင်ပါသနည်း။

၈။ တရားစာဆယ်

(၁) နယ်ပိုင်ဝန်ထောက်၏ သင်္ဘောသည် ကျွဲခြံရွာသို့ ရောက်လာသောကြောင့် ကျွဲခြံရွာရှိ ဥပဒေကျူးလွန်သူတို့သည် မည်ဆို ဖြစ်ကြသနည်း။
(၂) ကျွဲခြံရွာက ဘိုးချစ်အကြောင်းကို ရေးပါ။

၉။ မြင်းတွေ့

(၁) မြင်းစီးလာသူများ အနက်၊ နယ်ပိုင်မင်း ရှိးစာရေးနှင့် ပျာတာ အကြောင်းရေးပါ။


www.burmeseclassic.com

www.burmeseclassic.com

(၂) နယ်ပိုင်ဝန်ထောက်ဆိုသည်မှာ တရားခွင်၌ အမြဲထိုင်၍ ဆောင်ရွက်ရသူသာ ဖြစ်သလော။ အကြောင်းယုတ္တိပြ၍ ရေးပါ။

## ၁၀။ နယ်ပိုင်မင်း

(၁) နယ်ပိုင်ရုံး၌ ဆူညံလှုပ်ရှား နေကြပုံကို ရေးပြပါ။

(၂) နယ်ပိုင်မင်း၏ စိတ်တွင် အရှုးတရားခံနှင့် အလုပ်ချင်း လဲလိုက်ချင်သော ဆန္ဒပင် ပေါ်လာ၏ဟု ဆိုသည်။ အဘယ့်ကြောင့်နည်း။

## ၁၁။ မရွေးမီ

[ဗြိတိသျှခေတ်ကသော်၊ မြန်မာပြည်သည် ဗြိတိသျှပိုင် အိန္ဒိယ အင်ပါယာ အတွင်းတွင် ပြည်နယ် တနယ် ဖြစ်ခဲ့လေသည်။ ၁၉၃၀ ပြည့်နှစ်လွန်လာသောအခါ၊ မြန်မာပြည်ကို အိန္ဒိယ အင်ပါယာ အတွင်း အိန္ဒိယပြည်နယ်များနှင့် တွဲထားသင့် သလော။ သို့တည်းမဟုတ် ခွဲထားသင့် သလော ဟူသော ပြဿနာ ပေါ်လာလေသည်။ ထိုပြဿနာကို ဖြေရှင်းသော အနေနှင့် မြန်မာပြည်သားတို့၏ ဆန္ဒကို သိလိုသဖြင့် ဒီမိုကရေစီ စနစ်အရ ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဤဝတ္ထု ဆောင်းပါးတွင် အဆိုပါ ရွေးကောက်ပွဲမကျင်းပခင်၊ လုပ်ဆောင်အပ်သော ဗြင်ဆင်မှုများ အကြောင်းကို ရေးထားလေသည်။]

(၁) ခွဲရေး တွဲရေး ရွေးကောက်ပွဲကြောင့် နိုင်ငံရေးခေါင်းဆောင်တို့သည် မည်သို့ ဆောင်ရွက်ကြသနည်း။

(၂) ခွဲရေး တွဲရေး တရားကြောင့် တိုင်းပြည်အတွင်း၌ မည်သို့ မည်ပုံ ဖြစ်လာကြသနည်း။

(၃) အစိုးရ အရာရှိပိုင်းတွင် မည်သို့ ဆောင်ရွက်ကြသနည်း။

## ၁၂။ လေလံပွဲ

(၁) အင်းလုပ်ငန်းဖြင့် အသက်မွေးသူတို့သည် အင်းလေလံပွဲ၌ မိမိတို့ပါဝင်





၍ လေလံဆွဲနိုင်ကြရန် မည်သို့ အဖွဲ့ိုင်အဆိုင် အားထုတ်ကြသနည်း။

(၂) အင်းခွန် မကျေသော ကိုသာလှသည် အင်းလေလံဆွဲရန် မည်သို့ ကြံသနည်း။

(၃) မင်းခင်ကြီး အင်းအတွက် လေလံဆွဲရာတွင် ပန်းဦးကို ချီးမွမ်းမည်လား။ ကဲ့ရဲ့မည်လား။ အဘယ်ကြောင့်နည်း။

## ၁၃။ ပစ္စုပ္ပန္နရုပ်

(၁) တပေကုလားရွှာ ရန်ပွဲသည် မည်သည့်အကြောင်းမှ စတင် ဖြစ်ပွါးသနည်း။

(၂) တပေကုလားရွှာ ရန်ပွဲသည် မည်သို့သော စိတ်ဓာတ်မျိုးကြောင့် ဖြစ်ရသည်ဟု ထင်ပါသနည်း။

(၃) တပေကုလားရွှာက ကျောင်းသားမျိုးသည် သမတ ဖြစ်နိုင်ပါမည်လော။ အဘယ့်ကြောင့်နည်း။

## ၁၄။ ရွာ့ကျက်သရေ

(၁) ဆရာစော၏ ကျောင်းသည် မည်သည့် အရပ်မျိုးက ကျောင်းပေနည်း။ မည်ကဲ့သို့သော ကျောင်းပေနည်း။ ရှင်းပြပါ။

(၂) မောင်လှအေးက မေးသော အခါ ဦးဘိုးထုံးက "တတ်သင့်သလောက်တော့ တတ်တာပါဘဲ" ဟု ပြန်ဖြေသည်။ ထိုအဖြေသည် ကျေနပ်ဖွယ်ကောင်းသလား။ အဘယ့်ကြောင့်နည်း။

## ၁၅။ ရွေးကောက်ပွဲ

(၁) လင်းလွန်းပင်ရွာ၌ ရွာသူကြီး ရွေးကောက်ပွဲကို (က) အဘယ့်ကြောင့် ကျင်းပရပါ သနည်း။ (ခ) မကျင်းပခင် ရွာသူရွာသားတို့ မည်သို့ ပြုမူကြသနည်း။ (ဂ) မည်သူတို့ ယှဉ်ပြိုင်အရွေးခံကြသနည်း။ (ဃ) အနိုင်အရှုံးကို သိအောင် မည်သို့ ပြုကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၆။ နိဗ္ဗာန်ဆော်

(၁) ကုလားတက်သံကြောင့် မောင်လူအေးသည် မည်သည့် အချက်များကို တွေးမိသနည်း။

(၂) ကြေးစည်သံကြောင့် မောင်လူအေးသည် မည်သည့် အချက်များကို တွေးမိသနည်း။

## ၁၇။ ညနေခင်း

(၁) မောင်လူအေး စိတ်ပျက်သော စိတ်ရှုပ်သော အလုပ်များသည် မည်သည့် အလုပ်များပေနည်း။

(၂) "သူ့ဆန့်စား ရဲမှ" ဟု မောင်လူအေး အဘယ်ကြောင့် ဆိုသနည်း။

(၃) ခတ်တက်သံကို ကြားနေရသော မောင်လူအေးသည် တူရိယာနှင့် စပ်လျဉ်း၍ မည်သို့ တွေးသနည်း။

## ၁၈။ စေတနာ

(၁) မောင်လူအေးသည် သက်ကြီး ရွယ်အိုများကို အဘယ်ကြောင့် ချစ်ခင်ထတ်သနည်း။ ရှင်းပြပါ။

(၂) ဦးသာရှ အကြောင်းရေးပါ။

(၃) ဦးရွှေလှအောင် အကြောင်းရေးပါ။

## ၁၉။ အလုပ်လက်မဲ့

(၁) အလုပ်ရှားလှသည်ဟု ယူဆသော လူငယ်၏ အယူအဆသည် မည်သို့နည်း။

(၂) မောင်လူအေး၏ အယူအဆသည် မည်သို့နည်း။

(၃) သူငယ်နှင့် မောင်လူအေးတို့သည် သင်္ချိုင်းအနီး၌ ရှိနေသည်ဆိုကြပါစို့။ သူတို့ နှစ်ဦးအကြောင်းကို သင့်သူငယ်ချင်းအား ပြန်၍ ပြောပြနေတော့ သကဲ့သို့ ရေးပါ။





## ၂၀။ လူမိုက်

(၁) တကျွန်းပြန် ဦးထွား စက်ဆုပ်ဖွယ် ဖြစ်အောင်၊ ဦးထွား၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ကို မည်သို့ ဖွဲ့ထားပါသနည်း။

(၂) ဒုတိယ အကြိမ် ဦးထွား ထောင်ကျပုံကို ရေးပါ။

## ၂၁။ ရွှေတိဂုံ

(၁) ပန်းဆိုင်မြစ်ကမ်းပါးရှိ အရွယ်ရွာအိုကြီးနှင့် သူကြီး၏ ဥယျာဉ်တို့ အကြောင်းကို ရေးပါ။

(၂) ရှေးခေတ်ကာလတပေါင်းလ ရွှေတိဂုံ ဘုရားပွဲအကြောင်း ရေးပါ။

(၃) သူကြီးနှင့် သူကြီး၏ ဥယျာဉ်ကို မြင်ရသဖြင့်၎င်း၊ အဖိုးအို၏ ရွှေတိဂုံ ဘုရားပွဲအကြောင်းကို ကြားရသဖြင့်၎င်း မောင်လူအေးသည် မည်သို့ စဉ်းစားနေသည်ဟု ထင်ပါသနည်း။

## ၂၂။ မြင်းပွဲ

(၁) "မြင်းပွဲ" တွင် မောင်လူအေးသည် မြင်းကို ပို၍ သဘောကျသလား။ မြင်းစီးပြသူတို့ ပို၍ သဘောကျသလား။ အဘယ်ကြောင့်နည်း။

(၂) လာရောင်းကြသော မြင်းများအနက်၊ အားလုံးကို မယ်ချွဲသည်ဖြစ်ရာ အပယ်ခံရသော မြင်းနှစ်ကောင်၏ အပြစ်များကို ရေးပါ။

(၃) မောင်လူအေးသည် မြင်းဝယ်ဖြစ်မည် ထင်သလား။ အဘယ်ကြောင့်နည်း။

## ၂၃။ လှည်းသမား

(၁) မောင်လူအေး လှည်းဖြင့် ခရီးသွားသော လမ်းတွင် မောင်လူအေးသည် မည်သည့် အရာများကို မြင်ခဲ့ တွေ့ခဲ့သည်ဟု ထင်ပါသနည်း။ ရေးပြပါ။



www.burmeseclassic.com

www.burmeseclassic.com



(၂) မောင်လူအေးသည် လှည်းသမားကို သဘောကျသည်ဟု ထင်သလား။ အဘယ့်ကြောင့်နည်း။

(၃) လှည်းဆရာကျော်မောင်ဘာ၏ လှည်းမောင်းကောင်းပုံကို ဖွဲ့လိုသဖြင့် သိပ္ပံမောင်ဝသည် မိမိ၏ ဝတ္ထုဆောင်းပါးတွင် မည်ကဲ့သို့ အစချီခဲ့သနည်း။

## ၂၄။ အညာဘုရားပွဲ

(၁) အညာဘုရားပွဲသည် မည်ကဲ့သို့သော ဘုရားပွဲမျိုးပေနည်း။

(၂) ဘုရားပွဲသို့ လာကြသော တောသူ တောင်သားတို့သည် အရောင်းအဝယ်ပြုကြသည့် အပြင်၊ မည်သည့် အမှုကိစ္စမျိုးတို့ကိုလည်း ဆောင်ရွက်ကြပါသနည်း။

(၃) အဝတ်အစားညစ်ညစ်များကို ဝတ်ဆင်၍ ဘုရားပွဲသို့ လှည့်ပတ်သွားလာခဲ့သော မောင်လူအေးသည် မည်သူတို့ကို တွေ့ခဲ့သနည်း။

## ၂၅။ မျိုးရိုး

(၁) မောင်လူအေးသည် သူ၏ညီ မောင်လူထွေးကိုရင်း၊ ယော်စဉ်ကအဖြစ်အပျက်တို့ကိုရင်း အဘယ်အကြောင်းကြောင့် ပြန်၍ သတိရပါသနည်း။

(၂) မောင်လူထွေး အကြောင်းကို ရေးပြပါ။

## ၂၆။ တုပ်ကွေး

(၁) တုပ်ကွေးများ ဖျားသော အခါ မောင်လူအေး၏ စိတ်တွင် မည်သို့ ဖြစ်သည်ဟု ထင်ပါသနည်း။

(၂) တုပ်ကွေး၏ အရသာ ဆိုသည်မှာ မောင်လူအေးအတွက် မည်သည့် အရာများပေနည်း။ ရှင်းပြပါ။





(၃) အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဆောပွဲတွင် အောက်သား ဇာတိ ဖြစ်သော်လည်း အထက် အညာ၌ အမှုထမ်းနေသော မောင်လူအေးသည် အထက်မြန်မာပြည် ဖက်ကို အားပေးရမည်ဟု ယူဆသောသူ ဖြစ်သည်။ ထိုအယူအဆမျိုးသည် ပြည်ထောင်စု စည်းလုံးရေးအတွက် သင့်ပါသလား။ အဘယ့်ကြောင့်နည်း။

## ၂၇။ ဂေါက်သီး

(၁) မောင်လူအေးသည် ပဌမတွင် ဂေါက်သီး ကစားသမားများကို အဘယ့်ကြောင့်စယ်သည်ဟု ထင်ပါသနည်း။

(၂) မောင်လူအေးသည် နောင်အခါ၌ ဂေါက်သီးတွင် အဘယ့်ကြောင့် စိတ်ဝင်စားလာသနည်း။

(၃) ဂေါက်သီးတွင် စိတ်ဝင်စား လာသဖြင့် မောင်လူအေး၏ အိမ်၌ မည်သို့ ဖြစ်ကြသနည်း။

(၄) ဂေါက်သီးကြောင့် မောင်လူအေးသည် သနားစရာဖြစ်လာသလော။ ရယ်စရာ ဖြစ်လာသလော။

## ၂၈။ မောင်ငယ် နှင့် ခွေး

(၁) မောင်ငယ်သည် မည်ကဲ့သို့သော မော်တော်ကား မောင်းသမားပေနည်း။

(၂) မောင်လူအေး၏ အမိန့်ကြောင့် ခွေးများ ဝမ်းသာကြပုံကို မည်သို့ ဖွဲ့ထားသနည်း။ ထိုအဖွဲ့ကို ဖတ်ရှုရသဖြင့် မည်သူတို့၏ အမူအရာများကို သင်တွေးမိပါသနည်း။

(၃) မောင်လူအေး၏ အမိန့်ကြောင့် မောင်ငယ်သည် မိမိ၏ အလုပ်ကို မည်သို့ ပြုပြင် လိုက်သနည်း။



www.burmeseclassic.com

www.burmeseclassic.com

## ၂၉။ သင်းတို့နှစ်ကောင်

(၁) အာမိတ်၏ သဘောသည် မည်သို့နည်း။

(၂) လေ့ဇော၏ သဘောသည် မည်သို့နည်း။

(၃) မောင်လူအေးသည် အာမိတ်ကို ပို၍ ချစ်သလော။ လေ့ဇောကို ပို၍ ချစ်သလော။ အကြောင်းပြပါ။

## ၃၀။ အချစ်မီး

(၁) အာမိတ်နှင့် လေ့ဇော ပြဿနာနှင့် စပ်လျဉ်း၍ (က) မောင်လူအေး၏ ထင်မြင်ချက်သည် အဘယ်နည်း။ (ခ) ခင်သန်းမြင့်၏ ထင်မြင်ချက်သည် အဘယ်နည်း။

(၂) ထိုပြဿနာကို မည်ကဲ့သို့ ဖြေရှင်း လိုက်ကြသနည်း။

## ၃၁။ ကလေးတို့အဖေ

(၁) ခွေးငယ်များ ဖြစ်ကြသော ချို၊ ဘူး၊ ဒိုင်းတို့ကို အာမိတ် ချစ်တတ်ကြောင်းရေးပါ။

(၂) "အာမိတ်သည် ငယ်ငယ်ကနှင့် မတူ၊ တစတစ ခွေးရည်လည်၍လာ၏" ဟု ဆိုထားရာ၊ အဘယ့်ကြောင့် ထိုသို့ ဆိုထားသည်ဟု ထင်သနည်း။

## ၃၂။ အာမိတ်

(၁) အာမိတ်သည် ကုပ်ကုပ် ကုပ်ကုပ်နှင့် တက်လာ၍ မောင်လူအေး အနီး၌ ထိုင်နေသောအခါ မောင်လူအေးသည် မည်သို့ တွေးနေသည်ဟု ထင်ပါသနည်း။

(၂) မောင်လူအေးသည် အာမိတ်ကို ရှုမဝိုက်သကဲ့သို့ နေလိုက်မိသည်မှာ အဘယ်အကြောင်းကြောင့်နည်း။

## ၃၃။ မောင်လူမွှေး

(၁) မောင်လူမွှေး၏ အစီရင်ခံစာကို အကျဉ်းချုပ်၍ ရေးပြပါ။

## ၃၄။ ချိတ်ပုံကြွ

(၁) မောင်လူအေး၏ ဆိတ်ပုံကို ရေးပြပါ။

(၂) ကလေးနားလည်၍ ကလေးကြိုက်အောင် မောင်လူအေးသည် မည်သည့် အချက်များကို ထည့်၍ ပြောပါသနည်း။

## ၃၅။ ခေတ်စမ်းပုတ္တောဝါဒ

(၁) မောင်လူမွှေးသည် မည်ကဲ့သို့သော ကလေးမေနည်း။

(၂) မောင်လူအေးသည် မည်ကဲ့သို့သော ကလေးဖြစ်ခဲ့ပါသနည်း။

## ၃၆။ နိုက်နိုက်ချွတ်ချွတ်

(၁) မောင်လူမွှေး၏ မေးခွန်းများအနက် သုံးခုအကြောင်းကို ရေးပါ။

(၂) မောင်လူအေးသည် မောင်လူမွှေး၏ မေးခွန်းအခက်အခဲမှ မည်သို့ လွတ်မြောက် လာသနည်း။





www.burmeseclassic.com